
www.burmeseclassic.com

# မိုးကျောက်သူ

ငရဲပြည့်နှလောဓာသော

ဓဇတာဝန်



စာစဉ်(၁)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။



# နိဒါန်း

အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်လာသောပုံပြင်တစ်ပုဒ်ရှိသည်။

ရေပြည်မှ ရေသားများသည် သူတို့အကြီးအကဲ ရေမင်းကြီးမွေးနေ့အတွက်. . . .

သူတို့၏သွေးစက်များ စုပေါင်းကာ ကြက်တူရွေးတစ်ကောင်ဖန်ဆင်းပြီး လက်ဆောင်အဖြစ် ပေးလိုက်ကြသည်။

ရေသားတစ်သိန်း သွေးစက်ပေါင်းတစ်သိန်းဖြင့် ဖြစ်ပေါ်လာသော ကြက်တူရွေးသည် ခုနစ်နှစ်တစ်ကြိမ် လူ့လောကသို့ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ကြက်တူရွေးသည် လောကပေါ်မှရှိရှိသမျှ လျှို့ဝှက်ချက်များကိုထုတ်ဖော်ပြောပြနိုင်သည်ဟု အဆိုရှိ၏။

ထို့ပြင် သူ့အား ဖမ်းဆီးနိုင်ပါက ဖမ်းဆီးနိုင်သူ တောင်းဆိုသောအလိုဆန္ဒသုံးခုကိုဖြည့်စွမ်းပေးနိုင်သည်ဟု အဆိုရှိလေသည်။

ယခု အဆိုပါ ကြက်တူရွေး လူ့လောကသို့ပြန်လည်ထွက်ပေါ်လာရန် ခုနစ်နှစ်ပြည့်မြောက်နေပြီ ဖြစ်ပေသည်။

◈◈◈



## နဂါးမင်း

ဆောင်းအကုန် နွေအကူးကာလဖြစ်သည်။

သာတောင့်သာယာသောနေ့တစ်နေ့ ဖြစ်သည်။

နေရောင်ခြည်များသည် နဂါးမင်း၏ညှော်ခန်းထဲသို့ထိုးကျနေ၏။

လူတစ်ယောက်သည် အလွန်အာဟာရပြည့်ဝသောနံနက်စာများ စားသောက်နေ၏။ ထိုလူကား နဂါးမင်းဟု အမည်တွင်သောသိုင်းသမားတစ်ယောက်ဖြစ်သည်။

သူ့ရှေ့တွင် ကြီးမားသောကုတင်တစ်လုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်၌ မိန်းကလေးတစ်ယောက် အိပ်မောကျနေသည်။

ထိုမိန်းကလေးသည် ပါးလွှာသောအဝတ်အစားများသာ ဝတ်ထားသည်။

သူမ၏ကိုယ်ခန္ဓာသည် သေးသေးသွယ်သွယ်ဖြစ်သည်။

သူမသည် ၁၃-၁၄ ခန့်သာ ရှိမည်ဟု ထင်ရသည်။

ယခု သူမသည် အင်အားချို့နဲ့စွာဖြင့် ကွေးကွေးကလေး အိပ်နေသည်မှာ ထင်ရှားလှသည်။

◈◈◈

နဂါးမင်းသည် သူ၏ပုစွန်ဆံပြုတ်အား စားသောက်ပြီးဖြစ်သည်။

သူသည် ငါးစိမ်း၊ ပုစွန်စိမ်းများကို နှစ်သက်သည်။

၎င်းသည်မှာလည်း သူငယ်ရွယ်တုန်းက ပင်လယ်ဒမြဘဝမှ ရခဲ့သော အလေ့အထ ဖြစ်လေသည်။

ထိုအစားအစာများသည် ခွန်အားသန်စွမ်းနိုင်သည်ဟု သူယုံကြည်သည်။

အသက် ၅၇ နှစ်ရှိသော ယောကျ်ားတစ်ယောက်သည်



သန်မာထွားကျိုင်းသည်မှာ ကျေနပ်ဖွယ်ရာတစ်ခုပင် ဖြစ်လေသည်။

၀၀ နှစ်အတွင်း သူသည် ဒမြတိုက်သည့်အလုပ်များကို လုံးဝ ရပ်နားလိုက်ပြီ ဖြစ်သည်။

လုပ်ငန်းကိုရပ်တန့်ခြင်း မဟုတ်ပါ။ သူကသာ ရပ်နားလိုက်ခြင်းဖြစ်သည်။

သူ့လုပ်ငန်းများကို သူ၏အားထားရသောလက်အောက်ငယ်သားများက ဆက်လက်ထမ်းဆောင်သည် မဟုတ်ပါလော။

◈◈◈

ယခု သူသည် နှစ်ပေါင်းများစွာက တိုက်ခိုက်လုယူရသောပစ္စည်းများဖြင့် ၎င်းပင်လယ်ဂေဟာ အဆောက်အဦအား တည်ဆောက်လိုက်ခြင်း ဖြစ်သည်။

ထိုဂေဟာသည် နန်းတော်တမျှ ကြီးကျယ်ခမ်းနားလှပေသည်။

ဂေဟာ၏ပိုင်နက်အတွင်း အစောင့်အကြပ်များ တင်းကျပ်စွာ ချထားသည်။

ပင်လယ်ဂေဟာ၏ လုံခြုံရေးကို တာဝန်ယူရသော လူ

www.burmeseclassic.com

www.burmeseclassic.com



များသည် သူ့အပေါ် သစ္စာရှိပြီး သိုင်းပညာအလွန်တော်ကြသော လူများပင် ဖြစ်သည်။

ထို့ကြောင့် သူ့အား ရန်လိုသောလူများသည် သူ့မျက်နှာကိုပင် မမြင်တွေ့ရဘဲ အသက်ဆုံးရှုံးရလေသည်။

ထို့ကြောင့်လည်း ယခု အုပ်ချုပ်သူမင်းများသည် မည်သူတစ်ဦးတစ်ယောက်မှ သူ့ထံသို့ လာရောက်ရန်မမူရဲကြပါချေ။

◈◈◈

နေရောင်ခြည်သည် တောက်ပနေသည်၊ ရာသီဥတုသည် သာယာနေ၏။

လေထဲ၌ ပန်းရနံ့များ သင်းကြိုင်နေသည်။

နဂါးမင်းသည် ထိုင်ရာမှထလိုက်ပြီး ကုတင်ရှိရာသို့ဖြည်းဖြည်းလျှောက်သွားသည်။

မိန်းကလေးက ရုတ်တရက် နိုးလာသည်။

သူမသည် နဂါးမင်းအား တွေ့လိုက်သည်နှင့် တစ်ကိုယ်လုံး ကွေးသွားလေသည်။

သူမ၏ မျက်လုံးအစုံတွင် ခံပြင်းခြင်းနှင့် ကြောက်ရွံ့ခြင်းများ အရောင်သန်းနေသည်။



နဂါးမင်းက ပြုံးလိုက်သည်။

"မကြောက်ပါနဲ့ကွာ"

သူမသည် အံကိုတင်းတင်းကျိတ်ပြီး နဂါးမင်းအား စိမ်းစိမ်းကြည့်လိုက်သည်။

နဂါးမင်း၏ ကြမ်းတမ်းပြီး ကြီးမားသောလက်ဝါးသည် သူမ၏ ချောမွတ်သောပါးပြင်သို့ ရောက်ရှိသွားသည်။

မိန်းကလေးက ဒေါသကြီးစွာဖြင့်. . .

"ရှင်. . . ရှင် အသေဆိုးနဲ့ သေရလိမ့်မယ်"

ဟု ကြုံးဝါးလိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

နဂါးမင်းက အားရပါးရ ရယ်မောလိုက်သည်။

"ငါက အသေဆိုးနဲ့သေရမယ် ဟုတ်လား"

သူသည်ရယ်မောရာမှ ရပ်လိုက်ပြီး. . .

"ဒီမှာ ငါရှင်းရှင်းပြောမယ်. . . ဒီအခန်းထဲကို လူမပြောနဲ့ ယင်ကောင်တောင်လာဖို့ မလွယ်ကူဘူးကွ"

သူစကားဆုံးသွားသည်နှင့် သူ့နောက်မှ ရုတ်တရက် လူတစ်ယောက်အသံ ထွက်ပေါ်လာသည်။

"ယင်ကောင်တော့ မပြောတတ်ဘူး. . . ကျုပ်တော့ဝင်လာပြီ"

www.burmeseclassic.com



ရယ်မောသံသည် ရုတ်တရက် ရပ်တန့်သွားသည်။

နဂါးမင်းက ချာကနဲလှည့်လိုက်သည်နှင့် 'ဝမ်းဖုန်း'အား တွေ့မြင်လိုက်သည်။

သူသည် ဗိုက်ရွှဲနေပြီဖြစ်သော်လည်း လှုပ်ရှားမှုက လျှင်မြန်ဖျတ်လတ်သေးသည်။

ဝမ်းဖုန်းသည် သူ့အား အကဲခတ်ကြည့်နေ၏။

အကဲခတ်ပုံမှာ ဝက်သတ်သောလူတစ်ယောက်က ဝက်တစ်ကောင်အားသတ်ရန် အကဲခတ်သည့်အတိုင်းပင် ဖြစ်သည်။

ဝမ်းဖုန်း၏ အဝတ်အစားများပေါ်၌ သွေးများချင်းချင်းနီရဲနေ၏။

သူ့မျက်နှာတစ်ခုလုံးမှာလည်း ဝေဒနာရှင်တစ်ယောက်ကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

နဂါးမင်းမှာ အကြီးအကျယ်တုန်လှုပ်သွားသည်။

သူ့လက်နှစ်ဖက်သည် အေးစိမ့်သွားလေသည်။

သို့သော် သူသည် စိတ်ကိုတည်ငြိမ်အောင်ထိန်းပြီး. . .

"မင်း ဘယ်လိုလုပ်ဝင်လာတာလဲ"

ဟုမေးလိုက်၏။

ဝမ်းဖုန်းက. . .

"ခြေထောက်နှစ်ချောင်းနဲ့ ဝင်လာတာပေါ့"



နဂါးမင်းက အပြင်သို့လှမ်း၍. . .

"ဟေ့လူတွေ ဘယ်မှာလဲကွ"

ဝမ်းဖုန်းက. . .

"အော်မနေစမ်းပါနဲ့ဗျာ. . . ခင်ဗျား အသံဝင်သွားသည့်တိုင်အောင် လူတစ်ယောက်မှ ဝင်လာမှာမဟုတ်ဘူး"

နဂါးမင်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

"အပြင်ကလူတွေ အားလုံးသေကုန်ပြီလား"

ဝမ်းဖုန်းက. . .

"အားလုံးမသေသည့်တိုင်အောင် ပြေးကုန်ကြပြီဗျ"

နဂါးမင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတစ်ယောက်ထဲနဲ့ ဒီလောက်တောင် စွမ်းသလားကွ"

"ကျုပ်မှာ အလွန်ထက်မြက်တဲ့ ပညာတစ်ခုရှိတယ်ဗျ"

နဂါးမင်းက. . .

"ဘယ်လိုပညာမျိုးလဲ"

ဝမ်းဖုန်းက အေးစက်စက်လေသံဖြင့်. . .

"ကျုပ်အသက်ကို အရေးမထားတဲ့ ပညာရပ်မျိုးပါ"

နဂါးမင်းက သူ့စကားကို လက်ခံလိုက်လေသည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရမယ်ဆိုရင် အခု ခင်ဗျား သေရမှာ မဆန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားသေသင့်တာ ကြာပြီ"

နဂါးမင်းက အနည်းငယ်စဉ်းစားလိုက်သည်။

"မင်း ငွေလိုချင်ရင်ပြော. . . ငါ ဘယ်လောက်ပေးရမလဲ၊ ကျုပ်ပေးပါ့မယ်"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

နဂါးမင်းသည် ရှေ့သို့အနည်းငယ်တိုးလိုက်ပြီး. . . .

"နေပါဦး. . . ခင်ဗျားက ဘယ်သူလဲ"

ဝမ်းဖုန်းက အေးတိအေးစက်ဖြင့်ပြုံးလိုက်သည်။

"ကျုပ်ဟာ သေရမှာကို မကြောက်တဲ့ လူတစ်ယောက်ပါ"

နဂါးမင်းသည် အနည်းငယ်စိုးထိတ်လာသည်။

ထိုလူငယ်၏ လက်တွေ့ဆိုးဖောက်ဝင်ရောက်လာသည်ကို ကြည့်ခြင်းအားဖြင့် လိမ်ပြောခြင်းမဟုတ်သည်ကို ယုံကြည်လေသည်။

ဝမ်းဖုန်းက. . .

"ခင်ဗျား သေသင့်တာကြာလှပါပြီဗျာ. . . အခုသေတာတောင် တော်တော်လေး နောက်ကျပါသေးတယ်"

နဂါးမင်းက. . .



"ဒီမှာသူငယ်. . . မင်း ငွေလိုချင်ပြောပါ. . . ကျုပ်ပေးလိုက်ပါ့မယ်"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။ သူသည် နဂါးမင်းမှာ အချိန်ဆွဲနေသည်ဟု အကဲခတ်မိလေသည်။

နဂါးမင်းသည် တိုက်ပွဲအကြိမ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ဖူးသူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် အလွယ်တကူ အရှုံးပေးမဲ့လူစားမျိုး မဟုတ်ပေ။

နဂါးမင်းသည် ခြေထောက်ကို မသိမသာရွှေ့လျားနေရင်း ပြောလိုက်သည်။

"မင်းက ဘယ်သူလဲကွ"

ဝမ်းဖုန်းက. . .

"ကျုပ်ဟာ အသက်ကို ပဓာနမထားတဲ့ လူတစ်ယောက်ပါ"

◈◈◈

ဟုတ်ပါသည်။

ထိုလူငယ်သည် အသက်ကို ပဓာနမထားသော လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သည်။

အသက်ကို ပဓာနမထားသောလူမှသာလျှင် ဤကဲ့သို့ စွန့်စားရဲသည် မဟုတ်ပါလား။

နဂါးမင်းသည် ရုတ်တရက် အသံဟိန်းထွက်လာပြီး ဝမ်းဖုန်းထံသို့ ခုန်အုပ်လိုက်လေသည်။

သူ့လက်ထဲ၌ အလွန်လေးလံသော ဓားကောက်တစ်လက်ကိုင်ဆောင်ထားလေသည်။

ဤထူးဆန်းသောလက်နက်သည် တစ်ချိန်တုန်းက သူ အသုံးပြုခဲ့သော လက်နက်ဖြစ်သည်။

ထိုလက်နက်ကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့သည်မဟုတ်ပါလား။

ယခု သူသည် ဝမ်းဖုန်းခေါင်းပေါ်သို့ မိုး၍ ခုတ်ချလိုက်သည်။

ဝမ်းဖုန်းသည်ခေါင်းငုံ့ခြင်း မပြုပါ။ ရှောင်တိမ်းခြင်းမပြုပါ။

သူ့လက်ထဲမှဓားဖြင့် နဂါးမင်းဝမ်းဗိုက်သို့ တအားထိုးသွင်းလိုက်သည်။

နဂါးမင်း၏ဓားသည် သူ့ခေါင်းပေါ်သို့ ရောက်ရှိသည့်အခါပင်လျှင် သူက မျက်တောင်ပင်မခတ်မိလိုက်ချေ။



သူ့အာရုံကြောများသည် သံမဏိကြိုးများ ဖြစ်နေရော့သလား။

နဂါးမင်းလဲကျသွားသောအခါ သူ့အား အံ့သြစွာဖြင့် ကြည့်နေသေးသည်။

ယင်းလူငယ်သည် တကယ်ပင် အသက်ကိုပဓာနမထားသော လူတစ်ယောက်ဖြစ်သည်ကို သူ ယုံကြည်လာသည်။

ယခု သူ့ဓားကောက်သည် ဝမ်းဖုန်းလက်ထဲသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

နဂါးမင်းက မောဟိုက်စွာဖြင့်. . .

"ကျုပ်မှာ ငွေတွေ အများကြီးရှိတယ်. . . သိမ်းထားတဲ့နေရာကိုလဲ ကျုပ်တစ်ယောက်ထဲသာ သိတယ်၊ ကျုပ်အသက်ကို ချမ်းသာပေးရင် မင်းကိုလိုက်ပို့ပေးမယ်"

သူသည် ငွေနှင့်အသက်ကိုလဲရန် မျှော်လင့်ထားသည်။

ဝမ်းဖုန်းမှာမူ စကားတစ်ခွန်းမှမပြောဘဲ ဓားကောက်ဖြင့် ခုတ်ချလိုက်လေတော့သည်။

အသက်ကိုပင် ပဓာနမထားသောလူတစ်ယောက်သည် ငွေကိုလည်း မက်မောသည်မဟုတ်ပါ။

ကုတင်ပေါ်မှ မိန်းကလေးသည် ထိတ်လန့်တုန်လှုပ်နေရာမှ အောက်သို့ခုန်ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးမင်း၏ ကိုယ်ခန္ဓာအား ရွံ့မုန်းစွာ ခြေထောက်ဖြင့် တန်ကျောက်လိုက်သည်။

ဝမ်းဖုန်းက သူမအား လှည့်မကြည့်ပါ။

သူသည် အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

"အဝတ်အစားလဲလိုက်. . . နောက်ပြီး ငါ့နောက် လိုက်ခဲ့"

◈◈◈

ဟောင်းနွမ်းသောမြင်းလှည်းတစ်စီး. . . အိုမင်းသော မြင်းလှည်းမောင်းသမားတစ်ယောက် . . . .။

ထိုမြင်းလှည်းနှင့်မြင်းသည် နဂါးမင်းပိုင်ပစ္စည်း မဟုတ်ပါ။

ပင်လယ်ဂေဟာ၏ ပစ္စည်းများကို သူက အနည်းငယ်မျှ ယူဆောင်သွားခြင်း မရှိပါ။

သူသည် လုယက်ဖို့ရန် မဟုတ်ပါ။ အများ၏အန္တရာယ်ကို ချေမှုန်းလို၍ ဖြစ်သည်။

သို့သော် သူက နိုင်မည်မနိုင်မည်ဆိုသည်ကိုတော့ သူ မသိပါ။



သူသည် ထိုလူ့တိရစ္ဆာန်နှင့် အသက်ခြင်းလဲဖို့သာ ဆုံးဖြတ်ခဲ့သည်။

မိန်းကလေးသည် မြင်းလှည်းထဲတွင် ငိုကြွေးနေ၏။

ဝမ်းဖုန်းသည် မြင်းလှည်းကို အသာရပ်လိုက်သည်။

သူမ ငိုသံရပ်သွားတော့မှ မေးလိုက်သည်။

"မင်း ဘယ်ကိုသွားချင်လို့လဲ"

မိန်းကလေးကငိုလျက် စကားမပြောပါ။

ဝမ်းဖုန်းက. . .

"မင်း အိမ် ဘယ်မှာလဲ"

မိန်းကလေးက. . .

"ကျွန်မ. . . ကျွန်မ အိမ်မပြန်ဘူး"

ဝမ်းဖုန်းက. . .

"ဘာဖြစ်လို့လဲ"

မိန်းကလေးက. . .

"ကျွန်မ စေ့စပ်ထားပြီးပြီ. . . အခုပြန်သွားရင် သူတို့က ဘယ်လက်ခံတော့မှာလဲ၊ နောက်ပြီး ကျွန်မပြန်ရမှာကို ရှက်ပါတယ်"

သူမသည် ငိုကြွေးပြန်လေသည်။

အတန်ကြာမှ ဝမ်းဖုန်းအား မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်နောက်လိုက်မယ်. . . ရှင့်ရဲ့အိမ်ဖော်ပဲဖြစ်ဖြစ် ကျွန်မလုပ်ပါရစေ"

ဝမ်းဖုန်းက အေးတိအေးစက်ဖြင့်. . . .

"မင်းက ငါ့နောက်လိုက်ရအောင် ငါ ဘယ်သွားမယ်ဆိုတာသိသလား"

မိန်းကလေးက. . . .

"ရှင် ဘယ်ကိုပဲသွားသွား ကျွန်မလိုက်မယ်"

ဝမ်းဖုန်းက. . . .

"ကျုပ် ဘယ်ကိုမှသွားစရာမရှိဘူးကွ"

မိန်းကလေးက. . . .

"ရှင်. . . ရှင့်မှာအိမ်မရှိဘူး ဟုတ်လား"

ဝမ်းဖုန်းက. . . .

"မရှိဘူး"

မိန်းကလေးသည် သူ့အား အကဲခတ်ကြည့်လိုက်သည်။

သူမ၏မျက်လုံးအစုံတွင် ကရုဏာသက်နေသော အရိပ်အယောင် သန်းနေ၏။

သူမသည် ဝမ်းဖုန်းမှာလည်း မိမိကဲ့သို့ သနားဖွယ်ရာကောင်းသော လူတစ်ယောက်ဖြစ်သည်ကို တွေ့ရှိရလေသည်။

ဝမ်းဖုန်းက သူမအား လှည့်မကြည့်ပါ။



သူသည် အိတ်ထဲမှငွေတုံးကလေးများ နှိုက်ယူလိုက်ပြီး မြင်းလှည်းထဲသို့ ပစ်ပေးလိုက်သည်။

ထိုငွေများသည် သူမ နှစ်ပေါင်းကြာမြင့်စွာ နေထိုင်နိုင်သော ငွေသားများ ဖြစ်သည်။

မိန်းကလေးက. . . .

"ဒါ. . . ဒါက ဘာသဘောလဲရှင်"

ဝမ်းဖုန်းက. . . .

"အခုအချိန်ကစပြီး မင်းလမ်း မင်းသွား၊ ငါ့လမ်း ငါသွားတော့မယ်ဆိုတဲ့သဘောပါ"

မိန်းကလေးက. . . .

"ကျွန်မ ဘယ်ကိုသွားရမှာလဲ"

ဝမ်းဖုန်းက. . . .

"ဒါကတော့ မင်းသဘောပါ. . . သွားချင်တဲ့နေရာသွားပေါ့"

သူသည် ယင်းသို့ပြောပြီးသည်နှင့် မြင်းကို တစ်ဖက်သို့လှည့်လိုက်ပြီး ထွက်သွားလေတော့သည်။

မိန်းကလေးသည်ငိုကျွေးရင်း လှမ်းအော်လိုက်သည်။

"ရှင်. . . ရှင့်အသည်းနှလုံးက အတော်မာပါလား"

ဝမ်းဖုန်းက လှည့်မကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝေးနိုင်သလောက် ဝေးအောင်ထွက်သွားသည်။

နောက်ဆုံး မိန်းကလေးငိုသံမကြားရတော့မှ မြင်းလှည်း၏အသံများကိုလည်း မကြားရတော့ အရှိန်ကိုနှေးချလိုက်၏။

နေရောင်ခြည်သည် တောက်ပနေသည်။

သူ၏ ဟန်မူရာကင်းမဲ့သောမျက်နှာပေါ်တွင် အရောင်များထွက်နေ၏။

မျက်ရည်များ၏အရောင်များပင်ဖြစ်သည်။

အလွန်အသည်းမာပြီး အသက်ကို ပဓာနမထားသောလူတစ်ယောက်က အဘယ်ကြောင့် မျက်ရည်ကျနေရပါသနည်း။

◈ ◈ ◈

ညနေ. . . .

ဝမ်းဖုန်းသည် အညံ့ဆုံး စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားသည်။

အညံ့ဆုံးနှင့် ဈေးအပေါဆုံးအရက်ကို သောက်သည်။

အရက်အတော်များများ သောက်ပြီးတော့မှ သူသည် ထိုဆိုင်တွင်းမှ ထွက်လာလေသည်။



အပြင်သို့ရောက်သောအခါ ညဥ့်နက်နေပေပြီ။

လမ်းမပေါ်တွင် လူသူတစ်စုံတစ်ယောက်မှမရှိတော့ပါ။

ကောင်းကင်ပေါ်တွင် လရောင်နှင့် ကြယ်ရောင်များမရှိသဖြင့် မှောင်မဲနေ၏။

သူသည် ခြေလှမ်းယိမ်းယိုင်စွာဖြင့် ခြေဦးတည့်ရာသို့ လျှောက်သွားသည်။

မကြာပါချေ။ သူသည် မြို့ပြင်သို့ ရောက်ရှိလာလေသည်။

သူသည်ဆက်၍ လျှောက်သွားရာ အမှတ်မထင် သုသာန်တစပြင်သို့ ရောက်ရှိသွားလေသည်။

ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်နေသဖြင့် ဝမ်းဖုန်းသည် ထိုသုသာန်ထဲသို့ လျှောက်ဝင်သွားလေသည်။

ရုတ်တရက် အရာဝတ္ထုတစ်ခုသည် အုတ်ဂူများကြားမှ ထပြန်သွားသည်ကို တွေ့လိုက်ရသည်။

ငှက်တစ်ကောင်ဖြစ်သည်။ ထိုငှက်၏လည်ပင်းတွင် ခြူလေးများ ဆွဲထားသည်ကို တွေ့ရသည်။

ငှက်ကလေးထပြန်သွားသဖြင့် ခြူသံလေးများ တချွမ်ချွမ်မြည်ကျန်ရစ်ခဲ့လေသည်။

ထိုခြူသံသည် သာမန်ခြူသံနှင့် လုံးဝမတူချေ။

www.burmeseclassic.com

www.burmeseclassic.com



အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး ကြားရသူအဖို့ စိတ်ချောက်ချားသွားစေနိုင်သည်။

ဝမ်းဖုန်းက ထိုငှက်အား ဖမ်းဆီးရန် ခုန်အုပ်လိုက်သည်။

သို့သော် မမိလိုက်ပါ။ ထိုငှက်သည် သူ့ခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွားလေသည်။

"ချွမ်. . . ချွမ်. . . ချွမ်"

ခြူသံကလေးများသည် ဝေး၍ ဝေး၍သွားလေတော့သည်။

◈◈◈

ဝမ်းဖုန်းသည် ထိုငှက်အား ငေး၍ကြည့်နေစဉ် ရုတ်တရက် အုတ်ဂူကြားမှ လူရိပ်တစ်ခုထွက်ပေါ်လာသည်ကိုတွေ့လိုက်ရပြန်သည်။

ဝမ်းဖုန်းက သေသေချာချာ ကြည့်လိုက်သောအခါ ဆံပင်များဖြူဖွေးပြီး အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုအဘိုးအို၏ခန္ဓာကိုယ်သည် သေးသေးသွယ်သွယ် ပိန်ပိန်ပါးပါး ဖြစ်သည်။



လေပြင်းပြင်းတိုက်လျှင် လွင့်ပါမည့်ဟန် ဖြစ်သည်။

ဤအဘိုးအိုသည် မည်သည့်အချိန်က ရောက်ရှိနေသည်ကို ဝမ်းဖုန်း မသိလိုက်ပါ။

သူထွက်ပေါ်လာသောနေရာသည် ဟောင်းနွမ်းပြိုပျက်နေသောအုတ်ဂူတစ်ခု ဖြစ်သည်။

သူသည် ခေါင်းတစ်လုံးပေါ်တွင် မတ်တတ်ရပ်နေလေသည်။

ထိုအုတ်ဂူသည် ဟောင်းနွမ်းပြိုပျက်နေပြီဖြစ်သော်လည်း ထိုအဘိုးအိုရပ်နေသောခေါင်းမှာ အလွန်သစ်လွင်နေ၏။

ထိုအဘိုးအိုသည် လူသေအလောင်းကနေ အသက်ရှင်၍ ထလာသည်လော။

ဝမ်းဖုန်းသည် မျက်လုံးကိုပွတ်ကြည့်လိုက်သည်။

သူသည်အရက်မူး၍ အကြည့်မှား၍လောဟု သံသယဖြစ်နေ၏။

သို့သော် သူအကြည့်မမှားပါ။

သူ့ရှေ့တွင် ထိုဆံပင်ဖြူဖွေးသောအဘိုးအိုသည် ခေါင်းပေါ်တွင်ရပ်နေသည်ကို တကယ်တွေ့မြင်ရသည်။

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

သူက အနည်းငယ်မျှ မကြောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သရဲလား"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားက လူပေါ့"

အဘိုးအိုက ခေါင်းခါယမ်းပြပြန်သည်။

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားက ဘာလဲ"

အဘိုးအိုက. . . .

"ကျုပ်က လူသေတစ်ယောက်ပါ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားသေပြီး သရဲမဖြစ်သေးဘူး ဟုတ်လား"

အဘိုးအိုက. . . .

"ကျုပ်သေတာမှ မကြာသေးဘဲ. . . သရဲဘယ်ဖြစ်ဦးမလဲ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားသေတာမကြာသေးဘူး ဟုတ်လား. . . ဘာကြောင့် သေတာလဲ"

အဘိုးအိုက. . . .

"လူတစ်ယောက်ကြောင့် သေရတာပါ"



ဝမ်းဖုန်းက. . . .

"အဲဒီလူက ဘယ်သူလဲ"

အဘိုးအိုက. . . .

"မင်းပေါ့"

◈ ◈ ◈

အုတ်ဂူပေါ်မှ အလေ့ကျပေါက်နေသော အပင်များသည် ခြောက်သွေ့ပြီး ဝါကျင့်ကျင့်အရောင်များပင် သန်းနေ၏။

ဝမ်းဖုန်းသည် ရှေ့သို့လျှောက်သွားပြီး ထိုင်ချလိုက်လေသည်။

ထို့နောက် အဘိုးအိုအား မျက်လုံးပြူးကာ စိုက်ကြည့်နေ၏။

သူသည် အတန်ကြာစိုက်ကြည့်သော်လည်း ပီပီပြင်ပြင် တွေ့ရပါချေ။

ထိုအဘိုးအို၏မျက်နှာပေါ်တွင် နှင်းများ အထပ်ထပ်ဝေနေသည်ဟု ထင်ရသည်။

သေကာစလူသည် သေခြင်း၏အငွေ့အသက်များရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု အဆိုရှိသည်။

အတန်ကြာမှ ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ခင်ဗျားကိုကြည့်ရတာ တကယ့်လူသေတစ်ယောက်နဲ့ တူပါတယ်ဗျာ"

အဘိုးအိုက. . . .

"ဟုတ်နေလို့ တူတာပေါ့"

ဝမ်းဖုန်းက. . . .

"ဒီနေရာမှာ တခြားလူလဲမရှိဘဲ ကျုပ်အတွက်နဲ့ခင်ဗျားသေတယ်ဆိုတာ ဖြစ်နိုင်ပါလိမ့်မယ်"

အဘိုးအိုက. . . .

"သိပ်ဟုတ်တာပေါ့"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါပေမယ့် ကျုပ်အတွက်ကြောင့် ဘယ်လိုသေသွားရတယ်ဆိုတာ ကျုပ်မသိတာ ခက်တယ်"

အဘိုးအိုက. . . .

"မင်းက ဘယ်သိမှာလဲ. . . ကိစ္စခပ်များများဟာ မင်းမသိပါဘူး"

ဝမ်းဖုန်းက. . . .



"ခင်ဗျား ကျုပ်ကိုပြောပြနိုင်ပါ့မလားဗျာ"

အဘိုးအိုက. . . .

"တချို့ကိစ္စကို မင်းသိလဲ အကျိုးမရှိတဲ့အတွက် ဒါကြောင့်. . . ."

သူသည်စကားတစ်ပိုင်းတစ်စဖြတ်လိုက်ပြီး ခေါင်းထဲသို့ထိုင်ချလိုက်တာ မျက်လုံးမှိတ်ပြီး လဲလျောင်းလိုက်လေသည်။

ဝမ်းဖုန်းက ထိုင်ရာမှထလိုက်ပြီး ခေါင်းပေါ်သို့သွားရောက်ထိုင်ချလိုက်သည်။

"ဆက်ပြောပါဦးဗျာ"

အဘိုးအိုသည် သက်မဲ့အလောင်းပမာ မလှုပ်မယှက်လဲလျောင်းနေ၏။

ဝမ်းဖုန်းက. . . .

"ကောင်းပြီ. . . ခင်ဗျားပြောမပြရင် ကျုပ် ဒီမှာပဲ ထိုင်နေမယ်"

အဘိုးအိုက မနေနိုင်တော့ပါ။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. . . .

"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

ဝမ်းဖုန်းက. . . .

"(၂၇)နှစ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက. . .

"(၂၇)နှစ်သာရှိသေးတဲ့လူတစ်ယောက်က ဒီကိစ္စကိုမသိသင့်ဘူး"

ဝမ်းဖုန်းက. . .

"ဘာဖြစ်လို့လဲ"

အဘိုးအိုက. . .

"မင်းသိချင်တဲ့ကိစ္စဟာ တခြားကမ္ဘာတစ်ခုရဲ့အကြောင်းတွေပါ"

ဝမ်းဖုန်းက. . .

"တခြားကမ္ဘာတစ်ခု ရှိနေသေးလို့လား"

အဘိုးအိုက. . .

"ရှိတယ်"

ဝမ်းဖုန်းက. . .

"ဘယ်လိုကမ္ဘာလဲဗျ"

အဘိုးအိုသည် အတန်ကြာတိတ်ဆိတ်နေပြီးမှ. . .

"သရဲပေါင်းစုံနေထိုင်သောကမ္ဘာပါ"

ဝမ်းဖုန်းသည် ရယ်ချင်လာ၏။

သို့သော် သူကမရယ်နိုင်ဘဲ ကျောများပင်ချမ်းလာလေသည်။



အဘိုးအိုက စကားဆက်လိုက်သည်။

"မင်းသာ သူတို့အကြောင်းကိုသိရင် အသက်ရှည်ရှည်နေနိုင်မှာ မဟုတ်တော့ဘူး"

သူသည် ဝမ်းဖုန်း၏လက်ကိုဆွဲလိုက်သည်။

သူ၏လက်များသည် အေးစိမ့်၍နေသော်လည်း သူ၏အသံက ထွေးထွေးနွေးနွေးရှိလှပေသည်။

"မင်း အခုမှ(၂၇)နှစ်ထဲပဲရှိသေးတယ်. . . အနည်းဆုံးနှစ်ပေါင်း(၄၀) ထပ်နေနိုင်သေးတယ် မဟုတ်လား"

ဤတစ်ကြိမ် ဝမ်းဖုန်းက အားရပါးရရယ်မောလိုက်လေသည်။

အဘိုးအိုက. . .

"ဘာလဲ. . . ငါလိမ်ပြောနေတယ်လို့ မင်းထင်သလား"

ဝမ်းဖုန်းက. . .

"ခင်ဗျားလိမ်မပြောဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ် . . . ဒါပေမယ့် ခင်ဗျားပြောတာ မှားနေလို့ပါ"

အဘိုးအိုက. . .

"ဘယ်နေရာမှားနေလို့လဲ"

ဝမ်းဖုန်းက သူ၏အင်္ကျီကြယ်သီးကိုဖြုတ်လိုက်ပြီး. . .

သူ၏သန်မာကျယ်ပြန့်သော ရင်အုပ်ပေါ်မှ အမဲစက်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုအား ညွှန်ပြလိုက်သည်။

"ဒါ ဘာလဲဆိုတာ ကြည့်စမ်းပါ"

အဘိုးအိုက. . . .

"မှဲ့. . . ."

ဝမ်းဖုန်းက. . . .

"ဒါမှဲ့မဟုတ်ဘူး"

အဘိုးအိုက. . . .

"အမဲစက်ကလေး"

ဝမ်းဖုန်းက. . . .

"မဟုတ်သေးဘူး"

အဘိုးအိုက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းက ရှင်းပြလိုက်သည်။

"ဒါဟာ အမှတ်အသားတစ်ခုပဲ"

အဘိုးအိုက. . . .

"ဘာအမှတ်အသားလဲ"

ဝမ်းဖုန်းက. . . .

"အသက်ကိုခွဲမယ့် အမှတ်အသားပါ"

သူသည် အဘိုးအိုနားမရှင်းမှုန်းကိုသိ၍ နောက်ဆက်တွဲ ဖြေရှင်းလိုက်လေသည်။



"ဘယ်သူမဆို ဒီအမှတ်အသားရှိရင် သူ့ရဲ့အသက်ဟာ အချိန်မရွေးသေသွားနိုင်တယ်ဆိုတာ ဖော်ပြနေတာပဲ"

အဘိုးအိုက. . . .

"ဒီအမှတ်အသား ဘယ်ကရလာတာလဲ"

ဝမ်းဖုန်းက. . . .

"ငရဲမင်း အဆိပ်အပ်လို့ခေါ်တဲ့ လက်နက်ပုန်းကရလာတာပါ"

အဘိုးအိုက. . . .

"ငရဲမင်း အဆိပ်အပ်ဟုတ်လား"

ဝမ်းဖုန်းက. . . .

"ဘယ်သူမဆို ဒီငရဲမင်းအဆိပ်အပ်ထိမှန်သွားရင် နာရီဝက်အထိ မခံဘူး"

အဘိုးအိုက. . . .

"ဒါဖြင့် မင်း ဒါထိမှန်ထားတာ နာရီဝက်မကတော့ဘူးလို့ထင်တယ်"

ဝမ်းဖုန်းက. . . .

"ဒါကတော့ ကျုပ်ကံကောင်းလို့ပါ. . . သေကာနီးမှ အမားတော်ကြီးယဲ့နဲ့ တွေ့လို့ပါ"

အဘိုးအိုက. . . .

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းကိုကယ်လိုက်တယ် ဟုတ်လား"

ဝမ်းဖုန်းက. . . .

"သူလဲမကယ်နိုင်ပါဘူး. . ဒါပေမယ့် ချက်ချင်းသေမ သွားအောင်တော့ ကုသပေးသွားပါတယ်"

အဘိုးအိုက. . . .

"ဒါဖြင့် မင်း ဘယ်လောက်ကြာကြာခံမှာလဲ"

ဝမ်းဖုန်းက. . . .

"ရက်ပေါင်း(၁၀၀)"

သူသည် ထပ်မံပြုံးလိုက်သည်။

သူ၏အပြုံးသည် ဝမ်းနည်းကြေကွဲသော အပြုံးဖြစ်သည်။

"ဒါကြောင့် ကျုပ် အခု(၂၇)နှစ်ပဲရှိသေးသော်လည်း ရက်ပေါင်း(၁၀၀)ကျော်အောင်တော့ မနေနိုင်တော့ပါဘူး။ အခုလဲ ရက်ပေါင်း(၃၉)ရက် ကုန်သွားပါပြီ"

ရက်ပေါင်း(၁၀၀)တွင် (၃၉)ရက် နှုတ်လိုက်လျှင် (၆၁)ရက်တည်းကျန်တော့သည် မဟုတ်ပါလား။

ပို၍ ရှင်းရှင်းပြောရလျှင် ဝမ်းဖုန်း၏အသက်မှာ နောက်ထပ်(၆၁)ရက်မျှသာ အချိန်ရှိမည်ဖြစ်လေသည်။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။



"ဒါဖြင့် မင်က နောက်ထပ် နှစ်လလောက်ပဲခံတော့မယ် ဟုတ်လား"

ဝမ်းဖုန်းက. . . .

"(၂)လနဲ့(၁)ရက် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်"

လူတစ်ယောက်သည် မိမိမှာ သက်တမ်း(၂)လမျှသာရှိသည်ဟု သိရှိထားသည့်နောက် သူသည် သူ၏အသက်ကိုနှမြောသည် မဟုတ်တော့ပါ။

အသက်မစွန့်ဝံ့စရာ မရှိတော့ပါ။

ထို့ကြောင့် ကုန်ဆုံးခဲ့သော(၃၉)ရက်အတွင်း သူသည် သည်သူကမျှ မလုပ်ဝံ့သောကိစ္စများ မြောက်များစွာလုပ်ခဲ့လေသည်။

ထို့ကြောင့်လည်း အများကမျှ်မှန်းပေမယ့် သွားရောက်ရန်မပြုရဲသောနဂါးမင်းအား သူက သွားရောက်ပြီးသုတ်သင်ရှင်းလင်းခဲ့သည် မဟုတ်ပါလော။

◈ ◈ ◈

ညသည် ပို၍ နက်ရှိုင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် သူ့အား အတန်ကြာကြာကြည့်ပြီးမှ . . . .

"မင်း ခုနက ငှက်တစ်ကောင်မတွေ့လိုက်ဘူးလား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

အဘိုးအိုက. . . .

"ဒီငှက်ဟာ ဘာငှက်လဲဆိုတာ သိသလား"

ဝမ်းဖုန်းက. . . .

"မသိဘူး"

အဘိုးအိုက. . . .

"မင်း ဘယ်သိမလဲ. . . ဒါက ငှက်မှမဟုတ်ဘဲ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘာလဲ"

အဘိုးအိုက. . . .

"သူက ငှက်ရဲ့ကျေးကျွန်ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ငှက်ရဲ့ကျေးကျွန်ဆိုတာ ဘာလဲ"

အဘိုးအိုက. . . .

"ငှက်ရဲ့ကျေးကျွန်ဆိုတာ သွေးကြက်တူရွေးရဲ့ကျေးကျွန်ပါ။ ငှက်ကျေးကျွန်ထွက်ပေါ်လာပြီးရင် သွေးကြက်တူရွေးက မကြာမီ ပေါ်လာပါလိမ့်မယ်"



ဝမ်းဖုန်းက နားမလည်နိုင်တော့ပါ။

"သွေးကြက်တူရွေး ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက. . . .

"သွေးကြက်တူရွေးဆိုတာ ဘာလဲ"

အဘိုးအိုက. . . .

"ပုံပြင်အဆိုအရ သွေးကြက်တူရွေးဆိုတာ သရဲပေါင်း (၁)သိန်းရဲ့သွေးနဲ့ဖန်ဆင်းထားတဲ့ ကြက်တူရွေးတစ်ကောင်ကို ဆိုလိုတာပါ"

အဘိုးအို၏အသံသည် ထူးခြားသျှို့ဝှက်ဆန်းကြယ်လာသည်ဟု ထင်ရလေသည်။

အတန်ကြာမှ ဝမ်းဖုန်းကမေးလိုက်ပြန်သည်။

"သွေးကြက်တူရွေးပေါ်ထွက်လာရင် ဘာလုပ်မလဲ"

အဘိုးအိုက. . . .

"သွေးကြက်တူရွေးဟာ ခုနစ်နှစ်မှတစ်ကြိမ် လူ့လောကကိုဆင်းလာတယ်၊ နောက်ပြီး သူ့မှာ လိုရာပြည့်ဝတဲ့ဆန္ဒသုံးခု ပါလာတယ်ကွဲ့"

ဝမ်းဖုန်းက. . . .

"လိုရာဆန္ဒသုံးခု ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက. . . .

"ဟုတ်တယ်. . . သူ့ကိုသာတွေ့မြင်လိုက်ရင် ဆန္ဒသုံးခု တောင်းခံလို့ရမယ်"

ဝမ်းဖုန်းက. . . .

"ဘယ်လိုဆန္ဒမျိုးမဆို ပြည့်ဝနိုင်တယ် ဟုတ်လား"

အဘိုးအိုက. . . .

"ဟုတ်တယ်. . . ပြည့်ဝနိုင်မယ်"

ဝမ်းဖုန်းက. . . .

"ဒါကပုံပြင်အဆို မဟုတ်လား. . . တကယ်လက်တွေ့ တော့ ဘယ်ဖြစ်ပါ့မလဲ"

အဘိုးအိုက. . . .

"တကယ်လက်တွေ့ဖြစ်နိုင်လို့ ပြောနေတာ"

ဝမ်းဖုန်းက. . . .

"ဟုတ်လား"

အဘိုးအိုက. . . .

"လွန်ခဲ့တဲ့ခုနစ်နှစ်တုန်းက လူတစ်ယောက်ဟာ သွေး ကြက်တူရွေးကို မြင်တွေ့လိုက်တယ်၊ သူ့ရဲ့ဆန္ဒတောင်းလိုက်တာ လက်တွေ့ပြည့်ဝသွားတာကို တွေ့ကြုံခဲ့ရတယ်"

သူသည် ပြောရင်း ပြောရင်း စိတ်ခါတ်တက်ကြွလာ



သေတော့သည်။

ဝမ်းဖုန်းက. . . .

"ဘယ်သူက လက်တွေ့ကြုံဖူးလို့လဲ"

အဘိုးအိုက. . . .

"ကျုပ်ရဲ့ညီအစ်ကိုပါ"

ဝမ်းဖုန်းက. . . .

"အခု သူကော. . . ."

အဘိုးအိုက. . . .

"အခု သေသွားပါပြီ"

ဝမ်းဖုန်းက. . . .

"သူတောင်းတဲ့ဆန္ဒသုံးခုဟာ အသက်ရှင်နိုင်ဖို့ဟုတ် လား"

အဘိုးအိုက. . . .

"မတောင်းခဲ့ဘူး"

ဝမ်းဖုန်းက. . . .

"ဘာကြောင့် မတောင်းတာလဲ"

အဘိုးအိုက. . . .

"အဲဒီအချိန်တုန်းက သူမှာ အလွန်အရေးကြီးတဲ့ ပြဿ နာသုံးခုနဲ့ ရင်ဆိုင်ရလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝမ်းဖုန်းအား စေ့စေ့ကြည့်ပြီး. . . .

"လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းက မြို့စားကြီးရဲ့ဘဏ္ဍာတိုက်အဖောက်ခံရတာကို မင်း ကြားဖူးသလား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ဤအမှုသည် တစ်ချိန်တုန်းက အလွန်ကျော်ကြားသော ဖောက်ထွင်းမှုဖြစ်သည်။

မြို့စားကြီး'ထင်းလန်'ရတနာတိုက်မှာ ရှိသမျှ ကျောက်မျက်ရတနာများသည် တစ်ညတည်းနှင့် ထူးဆန်းစွာ ပျောက်ကွယ်သွားသောအမှု ဖြစ်သည်။

◈◈◈



## လျှို့ဝှက်သောဖောက်ထွင်းမှုကြီး

မြို့စားကြီးအိမ်တွင် ရတနာသိုက်အဖောက်ခံရသည့် ကိစ္စနှင့်ပတ်သက်ပြီး မသင်္ကာဖွယ်ရာအရှိဆုံးနှင့် တာဝန်မကင်းဆုံးသူမှာ မြို့စားကြီးထင်းလန်၏ ဘဏ္ဍာထိန်းကိုးမင်း ဖြစ်သည်။

ဘဏ္ဍာထိန်းကိုးမင်းသည် မြို့စားကြီး၏ လူယုံတော်ဖြစ်သည်။

သူကိုယ်တိုင်လည်း တာဝန်မကင်းဖြစ်မှန်း သိသည်။

အဘိုးအိုက. . .

"ပထမတုန်းက သူ့ကိုယ်သူ သေဖို့ကြံစည်သေးတယ်၊ အဲဒီအချိန်မှာပဲ သူက သွေးကြက်တူရွှေးနဲ့ တွေ့တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် လေပူတစ်ချက်မှုတ်လိုက်သည်။

"ဒါကြောင့် သူ့ရဲ့ပထမဆုံးလိုအင်ဆန္ဒဟာ ရတနာသိုက်က ပစ္စည်းတွေကိုပြန်ရယူလိုရင်း မဟုတ်လား"

အဘိုးအိုက. . . .

"ဟုတ်တာပေါ့"

ဝမ်းဖုန်းက. . . .

"သူ့ဆန္ဒကော ပြည့်ဝသွားသလား"

"သူ သွေးကြက်တူရွေးကိုတွေ့စဉ်တုန်းက ညဥ့်နက်သန်းကောင်ဖြစ်နေပြီ၊ သူက ဆန္ဒတောင်းပေမယ့် စိတ်ထဲမှာမယုံကြည်သေးဘူး"

ဝမ်းဖုန်းက. . . .

"နောက်ကော"

အဘိုးအိုက. . . .

"နောက်တစ်နေ့မှာပဲ ပျောက်ဆုံးသွားတဲ့ရတနာတွေအားလုံး တွေ့ရတယ်လေ"

ဝမ်းဖုန်းက. . . .

"တကယ်ပဲလား"

အဘိုးအိုက. . . .

"တကယ်ပေါ့"



ဝမ်းဖုန်းသည် တစ်ကိုယ်လုံး ကြက်သီးထသွားလေသည်။

အတန်ကြာမှ. . . .

"ဘယ်သူကပြန်ပို့တာလဲ"

အဘိုးအိုက. . . .

"ဝတ်ကောင်းစားလှဝတ်ထားတဲ့ အရှုတ်တစ်ယောက်ပါ"

သူသည်စကားပြောရင်း သူ့မျက်လုံးအစုံတွင် ကြောက်ရွံ့ထိတ်လန့်သောအရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ဝမ်းဖုန်းက. . . .

"အဲဒီလူက ဘယ်ကလဲ"

အဘိုးအိုက အတန်ကြာတိတ်ဆိတ်နေပြီးမှ. . . .

"သူကပြောတော့ ငရဲပြည်ကလာတယ်လို့ပြောတာပဲ"

ဝမ်းဖုန်း တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

အဘိုးအိုက စကားဆက်လိုက်သည်။

"အဲဒီလူက ပြောပြတယ်. . . သူ့လက်အောက်ငယ်သားတစ်ယောက်က သက်တမ်းကုန်ဆုံးတဲ့လူတစ်ယောက်ကိုသွားခေါ်ခိုင်းတာ လူမှားပြီး ဘဏ္ဍာထိန်းကိုးမင်းရဲ့ တစ်ဦးတည်းသောသားကို ဖမ်းယူသွားတယ်၊ ဒါကြောင့် အဲဒီရတနာတွေကို

www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပို့ရတယ်လို့ ပြောပြပါတယ်"

အဘိုးအိုသည်ပြောရင်း နဖူးပေါ်၌ ချွေးများသီးနေ၏။

သူသည် စကားဆက်လိုက်သည်။

"ဒီလူက ရတနာတွေလာပို့ပြီးတာနဲ့ ပျောက်ကွယ်သွားတာပဲဗျ"

ဝမ်းဖုန်းက. . . .

"ကိုးမင်းရဲ့သား တကယ်သေသွားသလား"

အဘိုးအိုက. . . .

"တကယ်ပေါ့. . . ဟိုလူထွက်သွားပြီး မကြာမီမှာ လူတစ်ယောက် အလောင်းကိုလာပို့သွားတယ်"

ဝမ်းဖုန်းက. . . .

"သူ ဘာဖြစ်လို့သေသွားတာလဲ"

အဘိုးအိုက. . . .

"ရေနစ်လို့သေသွားတာ"

ဝမ်းဖုန်းက သက်ပြင်းလေးလေးချလိုက်သည်။

"ကိုးမင်းက ရတနာတွေပြန်ရပေမယ့် သားတစ်ယောက်ဆုံးသွားတော့ ဘယ်စိတ်ကောင်းပါ့မလဲ"

အဘိုးအိုက. . . .

"မြို့စားကြီးကလဲ စိတ်မကောင်းဖြစ်ပြီး သူ့ကိုနှစ်သိမ့်ရတာပေါ့"



"အင်း. . . မြို့စားကြီးကလဲ ပထမတုန်းက သူ့ကိုစိတ်မကောင်းဖြစ်ခဲ့တော့ နှစ်သိမ့်ရတာပေါ့"

အဘိုးအိုက. . . .

"ဒါပေမယ့် ကိုးမင်းက တည်ငြိမ်မှုရှိတယ်. . . ဘာဖြစ်ဖြစ်လဲဆိုရင် သူ့မှာ ဆန္ဒတောင်းပိုင်ခွင့်နှစ်ခု ကျန်သေးတယ်မဟုတ်လား"

ဝမ်းဖုန်းက. . . .

"သွေးကြက်တူရွေးနဲ့ ထပ်တွေ့တယ် ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်. . . မြို့စားကြီးရဲ့ဧည့်ခန်းထဲမှာ တွေ့ပါတယ်"

ဝမ်းဖုန်းက. . . .

"ကိုးမင်းရဲ့ဒုတိယဆန္ဒဟာ သူ့သားကို အသက်ပြန်ရှင်ဖို့တောင်းလိမ့်မယ် မဟုတ်လား"

အဘိုးအိုက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"သူ့အလိုဆန္ဒပြည့်ဝသွားရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက. . . .

"ပြည့်သွားပါတယ်"

သူသည် စိတ်ထဲ၌ ထိခိုက်နေ၍လား မသိ အသံပင် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

"အဲဒီညမှာပဲ လေမုန်တိုင်းကျပါတယ်. . . အဲဒီအချိန်မှာ ကိုမင်းရဲ့သား အလောင်းဟာ ခေါင်းထဲမှာပဲ ရှိသေးတယ် မြို့စားဂေဟာရဲ့ညှော်ခန်းထဲမှာထားတယ်. . . မြို့စားကြီးနဲ့အတူ ဧည့်သည်တွေလဲရှိတာပေါ့"

ဝမ်းဖုန်းက စိတ်ဝင်စားစွာ နားစွင့်နေ၏။

အဘိုးအိုက. . . .

"မြို့စားကြီးကလဲ ကိုမင်းတောင်းလာတဲ့ဆန္ဒ ဖြစ်ပေါ်လာမလားဆိုတာ စောင့်ကြည့်နေတယ်လေ"

ဝမ်းဖုန်းက. . . .

"နောက်ကော"

အဘိုးအိုက. . . .

"ညသန်းခေါင်ရောက်တဲ့အချိန်မှာ ခေါင်းထဲက ရိုက်ထုနေတဲ့အသံကိုကြားတော့တာပဲ၊ သူတို့ခေါင်းအဖုံးကို ဖွင့်လိုက်တဲ့အခါမှာ ကိုမင်းရဲ့သားဟာ အသက်ပြန်ရှင်လာတာကို တွေ့ရတော့တယ်ဗျာ"



ဝမ်းဖုန်းသည်နားစွင့်ရင်း ကျောချမ်းလာလေသည်။

အဘိုးအို၏မျက်နှာသည် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

"ကိုမင်းက သူ့သား အသက်ပြန်ရှင်လာတာတွေ့တော့ ဝမ်းသာသွားတယ်၊ သားကို ခေါင်းထဲကဆွဲထုတ်ဖို့သွားတယ်၊ မြို့စားရဲ့ မယားငယ်တစ်ယောက်က နိမိတ်မကောင်းဘူးဆိုပြီး သူ့ကိုအတင်းဆွဲထားတယ်၊ ကိုမင်းက သူ့ကိုတွန်းလှဲလိုက်တယ်၊ ဒါနဲ့အဲဒီမယားငယ်က ဘာမပြော ညာမပြောနဲ့ ဓားကိုဆွဲထုတ်ပြီး ကိုမင်းကိုသတ်ပစ်လိုက်တာပဲ"

ဝမ်းဖုန်းသည် ယင်းသို့ကြားမိလိုက်သောအခါပို၍ တုန်လှုပ်သွားလေသည်။

အဘိုးအိုက စကားဆက်လိုက်ပြန်သည်။

"ကိုမင်းလဲ သေသွားရော လေမိုးများလဲ တိတ်သွားတော့တာပဲ"

◈◈◈

ဝမ်းဖုန်းသည် သတ္တိနည်းသူတစ်ယောက်မဟုတ်ပါ။ သို့သော် အဘိုးအိုပြောပြသော စကားများကို ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ထိတ်လန့်ချောက်ချားသွားလေသည်။

အတန်ကြာမှ. . . .

"ဒါနဲ့ကိုးမင်းရဲ့သားဟာ အသက်ရှင်လာတာပေါ့"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"အသက်မရှင်တော့ပါဘူး"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

အဘိုးအိုက. . . .

"ကိုးမင်းသေသွားတဲ့နောက် သူ့ရဲ့ဆန္ဒဟာ တစ်ခါထဲကုန်ဆုံးသွားတယ် မဟုတ်လား"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ရတနာတွေကော"

အဘိုးအိုက. . . .

"ရတနာတွေလဲ ထူးဆန်းစွာ ပျောက်ကွယ်သွားတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် သွေးကြွက်တူရွေးပေးတဲ့ဆန္ဒသုံးခုဟာ ကံကောင်းတာမှ မဟုတ်ဘဲ၊ ကံဆိုးတာပဲ"

အဘိုးအိုက. . . .

"ဘာပဲဖြစ်ဖြစ် သူပေးတဲ့ဆန္ဒအတိုင်းတော့ ပြည့်ဝသွား



တယ်မဟုတ်လား"

ဝမ်းဖုန်းက လက်ခံသွားသည်။

အဘိုးအိုက. . . .

"ဒါတွင် ဘယ်ကမလဲ ကိုးမင်းသေသွားပြီးတဲ့နောက် ...မိန်းမလဲ သေသွားတယ်၊ သူ့ကိုသတ်လိုက်တဲ့ မြို့စားကြီးရဲ့ သားငယ်ကလဲ ရူးသွားတယ်ကွ"

ဝမ်းဖုန်းက. . . .

"အင်း. . . သွေးကြွက်တူရွေးဟာ (၇)နှစ်မှတစ်ကြိမ် ...ပြည်ဆင်းလာလို့တော်သေးတာပေါ့၊ ခဏခဏသာ ဆင်းလာ...တော့ လူတွေအားလုံး ဒုက္ခရောက်ကျမှာပဲ"

အဘိုးအိုက. . . .

"သွေးကြွက်တူရွေးကပေးတဲ့ အလိုဆန္ဒများဟာ တန်ဖိုး...ပြီး လဲယူရမယ်ဆိုတာ ကျွပ်နားလည်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ခင်ဗျားက သူ့ကိုတွေ့ချင်သေးသလား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက. . . .

"ခင်ဗျားမှာ အလွန်ခက်ခဲတဲ့ပြဿ ...နဲ့ ရင်ဆိုင်နေရလို့

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်က သူ့ကိုမတွေ့ရရင် သေဖို့ပဲ ... တော့တယ်"

◈ ◈ ◈

ဝန်းကျင်တစ်ခုလုံးသည် နှင်းများဝေနေသည်။

အဘိုးအိုသည် ခေါင်းထဲတွင် တိတ်ဆိတ်စွာ လဲလျောင်းနေပြန်သည်။

"အခု မင်း သွားနိုင်ပါပြီ"

ဝမ်းဖုန်းက. . .

"ကျုပ် မသွားဘူး"

အဘိုးအိုက. . .

"မင်းက ဘာသိချင်သေးလို့လဲ"

ဝမ်းဖုန်းက. . .

"ခင်ဗျားရင်ဆိုင်နေရတဲ့ပြဿနာဟာ ဘာလဲဗျ"

အဘိုးအိုက. . .

"မင်းနဲ့ဘာဆိုင်လို့လဲ"

ဝမ်းဖုန်းက. . .



"ဆိုင်တယ်"

အဘိုးအိုက. . .

"ဘာဆိုင်လို့လဲ"

ဝမ်းဖုန်းက. . .

"ငှက်ကျွန်က ကျုပ်ကြောင့်လန့်ဖျန့်ပြီး ပျံသွားတာ ကျုပ်မှာ တာဝန်ရှိတယ်၊ ဒါကြောင့် ခင်ဗျားရင်ဆိုင်နေရတဲ့ အခက်အခဲတို့ ကျုပ်ကဖြေရှင်းပေးဖို့ တာဝန်ရှိတယ်"

သူသည် ပြုံးလိုက်ပြီး. . .

"ကျုပ်ကလဲ သွေးကြက်တူရွှေးလို ခင်ဗျားကို ဆန္ဒ(၃)ခု ...ချင်မှပေးနိုင်မှာ"

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်၏အသံကိုကြားလိုက်ရသည်။

"ခင်ဗျားရဲ့ပထမဆုံး လိုအင်ဆန္ဒဟာ ဘာလဲဆိုတာ ကျုပ်သိပါတယ်ဗျာ"

◈ ◈ ◈

နှင်းမှုန်များကြားမှ လူတစ်ယောက်သည် ဖြည်းညင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသည်။

ထိုလူသည် ကိုယ်ကျပ်အင်္ကျီ အနက်ရောင်ကို ဝတ်ဆင်ထားလေသည်။

သူသည် ခါးကိုမတ်ထား၍ လျှောက်လာနေခြင်းဖြစ်၏။

သူ့မျက်နှာမှာ ရေခဲတုံးပမာ အေးတိအေးစက်နိုင်လွန်းလှပေသည်။

ဝမ်းဖုန်းက. . . .

"သူ့ရဲ့လိုအင်ဆန္ဒကို ခင်ဗျားသိတယ် မဟုတ်လား"

ထိုလူက. . . .

"သိတယ်. . . သူက ငါမြန်မြန်သေရင် ကောင်းမယ်လို့ ဆန္ဒတောင်းပါလိမ့်မယ်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"သူက ဒီဆန္ဒကို တကယ်ရှိရင် ကျုပ်ကဖြည့်ပေးဖို့ အဆင်သင့်ရှိပါတယ်"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က သူ့ကို မသေစေချင်ပါဘူးဗျာ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"မင်းကိုလဲ မသေစေချင်ဘူး. . . ဘာဖြစ်လို့လဲဆိုရင် မင်းကိုစစ်ချက်တွေ မေးရအုံးမယ်"



ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဘယ်သူလဲ. . . စစ်ချက်မေးရအောင် သူဟာ ဘာတွေလုပ်လို့လဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ကျုပ်နာမည်က 'ထိဟင်း'ပါ"

◈◈◈

ထိဟင်း. . . .

၎င်းနာမည်သည် သိုင်းလောကတစ်ခုလုံး သိထားကြသော နာမည်ဖြစ်သည်။

နေပြည်တော်မှာ ကျော်ကြားသောအာဏာသား(၇)လူ ဆိုးထိန်း(၄)ယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်၏။

သူသည် မတရားမှုကို မုန်းတီးသည်။ ဥပဒေကျူးလွန်သူများအား ဥပဒေ၏ပြစ်ဒဏ်ကိုခတ်သည်။

သူတာဝန်ထမ်းဆောင်နေခဲ့သော ခုနစ်နှစ်အတွင်း အမှုခင်းများစွာ ဖော်ထုတ်နိုင်ခဲ့ပြီး ဒုစရိုက်သားကောင်များကို ထိထိရောက်ရောက် ပြစ်ဒဏ်ခတ်နိုင်ခဲ့လေသည်။

ထိုနာမည်ကြားမိလိုက်သည်နှင့် ဝမ်းဖုန်း၏ဟန်မူယာမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားသည်။

ထိဟင်း၏အမည်ကို သူကြားဖူးသည်။ ထိဟင်းကို မ
မြင်တွေ့ရဘူးသော်လည်း ကြည်ညိုလေးစားမိသည်။

ထိဟင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက ငါ့ကိုသိသလား"

ဝမ်းဖုန်းက. . .

"သိတယ်"

ထိဟင်းက. . .

"မင်းကိုလဲ ငါသိတယ်"

ဝမ်းဖုန်းက. . .

"ဟုတ်လား"

ထိဟင်းက. . .

"မင်းနာမည် ဝမ်းဖုန်းမဟုတ်ဘူးလား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်နာမည် ဒီလောက်ကျော်ကြားနေမှန်း အခုမှသိရ
တော့တယ်"

ထိဟင်းက. . .

"မင်းအရင် နာမည်ကပိုပြီး ကျော်ကြားပါတယ်၊ အရင်
တုန်းက မင်းဟာ ဝမ်းဖုန်းမဟုတ်ဘူး"



ဝမ်းဖုန်းက ရယ်မောရာမှ ရပ်တန့်သွားသည်။

ထိဟင်း. . .

"မင်းနာမည်အရင်းဟာ 'ဝမ်းတုံစိမ်း'ပါ၊ ဓားသမားဝမ်း
တုံစိမ်းဆိုရင် မသိသူ မရှိသလောက်ပါဘဲ"

သူသည် ဝမ်းဖုန်းအား စိုက်ကြည့်လိုက်သည်။

"မင်းက ဘာဖြစ်လို့ နာမည်ပြောင်းလိုက်တာလဲ"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ. . .

"နာမည်ပြောင်းတာ ဥပဒေကျူးလွန်တဲ့စကားလား"

ထိဟင်းက. . .

"အပြစ်မကျူးလွန်ပါဘူး. . . လူသတ်ရင်တော့ ဥပဒေ
ကိုကျူးလွန်တာပေါ့"

ဝမ်းဖုန်းက. . .

"ကျုပ် လူသတ်ခဲ့တယ်ဆိုတာ ခင်ဗျားသိလို့လား"

ထိဟင်းက. . .

"မသိဘူး"

သူသည် ဝမ်းဖုန်းအား စိုက်ကြည့်ပြီး. . .

"ကျုပ်သိထားတာကတော့ နဂါးမင်းနဲ့ သူ့ရဲ့အားထားရ
တဲ့ကိုယ်ရံတော်များ တစ်ညထဲနဲ့ အသတ်ခံရတာကိုပဲ သိလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဝမ်းဖုန်းက. . . .

"သူတို့ကိုသတ်တဲ့လူ ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

ထိဟင်းက. . . .

"ကျုပ်မသိဘူး"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. . . .

"ဒါပေမယ့် ဒီလူကိုတော့ ကျုပ်တွေ့ချင်တယ်"

ဝမ်းဖုန်းက. . . .

"သူ့ကိုဖမ်းမလို့ ဟုတ်လား"

ထိဟင်းက. . . .

"မဟုတ်ဘူး. . . ဒီလူကို ကျုပ်လေးစားလို့ပါ၊ သူက သတ်ထိုက်တဲ့လူကိုသတ်ပြီး ဘာပစ္စည်းမှ ယူမသွားဘူး၊ မိန်းကလေးတစ်ယောက်ကိုလဲ ကယ်တင်ခဲ့တယ်လို့ သိရပါတယ်"

ဝမ်းဖုန်းသည် ထိဟင်းအား စေ့စေ့ကြည့်နေသည်။

ထိဟင်းကလည်း ဝမ်းဖုန်းအား စိုက်ကြည့်နေသည်။

အတန်ကြာမှ ဝမ်းဖုန်းက ပြုံးလိုက်သည်။

"စိတ်ချ. . . တစ်နေ့နေ့တော့ ခင်ဗျား သူ့ကိုတွေ့ရပါလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားပါတယ်"



ထိဟင်းက. . . .

"ကျုပ်လဲ သူ့ကိုစောင့်မျှော်နေပါ့မယ်"

◈◈◈

အဘိုးအိုသည် ခေါင်းထဲ၌ လဲလျောင်းနေသည်။

ဝမ်းဖုန်းက စကားဦးလှည့်လိုက်သည်။

"ဒီအဘိုးကြီးက ခင်ဗျားလာမယ်ဆိုတာ သိထားလို့လား"

ထိဟင်းက. . . .

"ဟုတ်တယ်. . . ကျုပ်က သူ့ကို နောက်ဆုံးရက်ချိန်းပေးထားတယ်၊ သူပြေးလို့မလွတ်ဘူးဆိုတာလဲ သိထားတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျား သူ့ကို ဘာဖြစ်လို့လိုက်ရှာနေရတာလဲ"

ထိဟင်းက. . . .

"စကားတစ်ခွန်း မေးချင်လို့ပါ"

ဝမ်းဖုန်းက. . . .

"ဘာစကားများလဲ"

ထိဟင်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးရဲ့ရတနာတွေဟာ ဘယ်ရောက်သွားသလဲ ဆိုတာ မေးမလို့ပါ"

ဝမ်းဖုန်းက. . .

"ဒီအမှုဟာ (၇)နှစ်တောင် ကြာပြီမဟုတ်လား"

ထိဟင်းက. . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် အမှုမပေါ်မချင်း ဘယ်လောက်ကြာကြာဆက်ပြီး လိုက်ရမှာလဲ"

ဝမ်းဖုန်းက. . .

"သူနဲ့ဘယ်လိုများ သက်ဆိုင်လို့လဲ"

ထိဟင်းက. . .

"သူဟာ ကိုးမင်းမိသားစုထဲက အသက်ရှင်တဲ့လူတစ်ယောက်ဖြစ်လို့ပါ"

ဝမ်းဖုန်းသည် အဘိုးအိုအား လှမ်းကြည့်လိုက်သောအခါ အဘိုးအိုသည် အသက်ရှူပင်ရပ်တန့်သွားသည်ကို တွေ့လိုက်ရလေသည်။

◈ ◈ ◈



အဘိုးအို၏အလောင်းအား မြို့တော်ဝန်၏ဂေဟာသို့ပို့လိုက်ရလေသည်။

အဘိုးအို အဘယ်ကြောင့်သေသည်ဟု စစ်ဆေးရန်ဖြစ်၏။

ထိဟင်းသည် ဆက်၍စုံစမ်းရမည်ဖြစ်သဖြင့် အဖက်ဖက်မှသေချာစွာ စစ်ဆေးရမည် မဟုတ်ပါလော။

◈ ◈ ◈

ဝမ်းဖုန်းကမသွားသေးပါ။

သူသည် အဘိုးအို၏သေဆုံးရသည့် အကြောင်းများကို သိလို၍ ဖြစ်သည်။

အဘိုးအို၏အလောင်းအား သက်ဆိုင်ရာကျွမ်းကျင်သူများက စစ်ဆေးနေ၏။

အလောင်းထားသောအခန်းရှေ့တွင် ကြီးမားသောသစ်

www.burmeseclassic.com

www.burmeseclassic.com



ပင်တစ်ပင်ရှိသည်။

ဝမ်းဖုန်းသည် ထိုသစ်ပင်အောက်၌ထိုင်၍ ရပ်စောင့်နေခြင်းဖြစ်သည်။

ထိဟင်းက. . . .

"အခု. . . မင်းသွားလို့ရသွားနိုင်ပြီ"

ဝမ်းဖုန်းက. . . .

"ကျုပ်မသွားနိုင်သေးဘူး"

ထိဟင်းက. . . .

"ဘာဖြစ်လို့လဲ"

ဝမ်းဖုန်းက. . . .

"ဒီကိစ္စမှာ ကျုပ်ရဲ့တာဝန်ရှိတယ်လို့ ယူဆလို့ပါ"

ထိဟင်းသည် သူ့အား အတန်ကြာစိုက်ကြည့်ပြီးမှ. . .

"မှန်မှန်ပြောစမ်းပါ. . . မင်းက ဘာလုပ်မလို့လဲ"

◈ ◈ ◈

စားပွဲပေါ်မှ အရက်တစ်အိုးနှင့်ရေနွေးကြမ်းတစ်ခရားရှိသည်။

ဝမ်းဖုန်းသည် ထိဟင်းရေနွေးကြမ်းကို အရသာခံ၍



သောက်နေသည်ကိုကြည့်ရင်း အရက်သုံးခွက်ခန့် မော့ချလိုက်သေးသည်။

ထို့နောက် သူက ထိဟင်းအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား အရက်မသောက်ဘူး ဟုတ်လား"

ထိဟင်းက. . . .

"ကျုပ် အမှုလိုက်တဲ့အချိန်မှာ ဘယ်တော့မှအရက်မသောက်ဘူး"

ဝမ်းဖုန်းက. . . .

"အမှုဖော်ပြီးရင်တော့ ဘယ်လောက်သောက်နိုင်သလဲ"

ထိဟင်းက. . . .

"မင်းထက်တော့ မနည်းပါဘူးဗျာ"

ဝမ်းဖုန်းက စားပွဲကိုတစ်ချက်ရိုက်လိုက်သည်။

"ဒါဖြင့် ဒီအမှု ကျုပ်ကို အမြန်ဆုံးပြောပြစမ်းပါ"

ထိဟင်းက ခေါင်းမော့လိုက်သည်။

"မင်းက သူတို့ပြောတဲ့ပုံပြင်ကို ယုံသလား"

ဝမ်းဖုန်းက. . . .

"ဘာပုံပြင်လဲ"

ထိဟင်းက. . . .

"သွေးအစက်(၁)သိန်းနဲ့ ဖြစ်ပေါ်လာတဲ့ သွေးကြွက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရွေးအကြောင်းကို. . . ."

ဝမ်းဖုန်းက. . . .

"လောကပေါ်မှာ တချို့ကိစ္စများဟာ ယုံရလဲခက်. . . မယုံရလဲခက်တယ်ဗျ"

ထိဟင်းက. . . .

"တချို့လူတွေဟာ ဆင်ခြင်သုံးသပ်တဲ့သဘောရှိတော့ ဒီပုံပြင်ကိုယုံကြည်ကြတာပေါ့"

ဝမ်းဖုန်းက. . . .

"ခင်ဗျား မယုံဘူးဟုတ်လား"

ထိဟင်းက. . . .

"နည်းနည်းမှမယုံဘူး"

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး. . . .

"ရာဇဝင်ဘောပြေးမလွတ်ဘူးဆိုတာပဲ ယုံတယ်"

ဝမ်းဖုန်းက. . . .

"မြို့စားကြီးဂေဟာမှာ ရတနာတွေထူးဆန်းစွာ ပျောက်ဆုံးသွားတယ်ဆိုတာ ခင်ဗျားမယုံဘူးလား"

ထိဟင်းက. . . .

"ပစ္စည်းပျောက်ရင်ခိုးတဲ့လူ ရှိရမှာပေါ့"

ဝမ်းဖုန်းက. . . .



"ဒါဖြင့် ဒီရတနာတွေကို လူကခိုးသွားတယ်လို့ ခင်ဗျားဆင်နေတယ် ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"အခု မင်းတို့လူစုတွေဟာ အားလုံးသေကုန်ကြပြီဟုတ်လား"

ထိဟင်းက. . . .

"သူတို့ခိုးပါတယ်လို့ ကျုပ်ကမစွပ်စွဲသေးပါဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘယ်သူလဲ"

ထိဟင်းက. . . .

"တစ်နေ့နေ့တော့ သူကိုဖမ်းမိမှာပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားမှာသဲလွန်စ ရပြီလား"

ထိဟင်းက. . . .

"မရသေးပါဘူး"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ခင်ဗျားအရက်ကို စိတ်ပျော်လက်ပျော်

www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်ရင် ဒီကိစ္စကို အမြန်ဆုံးမေ့ပစ်လိုက်ပါ"

ထိဟင်းက. . .

"ကျုပ်မမေ့နိုင်ဘူး"

ဝမ်းဖုန်းက. . .

"ဘာကိစ္စလဲ"

ထိဟင်းက. . .

"ဘာဖြစ်လို့လဲဆိုရင် ပစ္စည်းတစ်ခုဟာ ကျုပ်ကို အမြတမ်းသတိပေးနေလို့ပါ"

ဝမ်းဖုန်းက. . .

"ဘာပစ္စည်းများလဲ"

ထိဟင်းသည် သူ့အင်္ကျီအိတ်ကို လက်နှိုက်လိုက်ပြီး တဖြည်းဖြည်း လက်ဝါးဖြန့်ပြလိုက်သည်။

သူ့လက်ဝါးပေါ်၌ အလွန်တန်ဖိုးရှိသော ကျောက်စိမ်းတစ်တုံးအား တွေ့မြင်လိုက်ရလေသည်။

ဝမ်းဖုန်းက စိတ်ဝင်စားလာသည်။

"ဒါပျောက်ဆုံးနေတဲ့ ရတနာထဲပါဝင်တဲ့ ပစ္စည်းမဟုတ်လား"

ထိဟင်းက. . .

"ဟုတ်တယ်. . . ဒီကျောက်စိမ်းတုံးဟာ မြို့စားကြီးရဲ့



ဦးထုပ်ပေါ်မှာဆင်ထားတဲ့ ကျောက်စိမ်းတုံးပါ"

ထိဟင်းသည် ကျောက်စိမ်းတုံးအား လက်ဖြင့်ဆုလိုက်ပြီး. . .

"ဒီကျောက်စိမ်းတုံးတောင် လူ့ပြည်မှာရှိသေးရင် ကျန်တဲ့ရတနာတွေဟာလဲ ရှိနေသေးတယ်ဆိုတာ ကျုပ်ယုံကြည်လို့ပါ"

ဝမ်းဖုန်းက. . .

"ခင်ဗျား ဘယ်ကရလာတာလဲဗျ"

ထိဟင်းက. . .

"မန်းထင်ဝေ့ရဲ့လက်ထဲမှာ မိလာတာပါ"

ဝမ်းဖုန်းက. . .

"တစ်ကိုယ်တော်စောရ မန်းထင်ဝေ့ဟုတ်လား"

ထိဟင်းက. . .

"သူပါပဲ"

ဝမ်းဖုန်းက. . .

"အခု သူကော"

ထိဟင်းက. . .

"သူသေသွားပါပြီ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူဟာသိုင်းပညာမခေဘူး... နောက်ပြီး ကိုယ်ဖော့ပညာလဲ အလွန်တော်တယ်... ဘာကြောင့်သေသွားတာလဲ"

ထိဟင်းက...

"သူ အဆိပ်မိလို့သေသွားတာပါ"

ဝမ်းဖုန်းက...

"အဆိပ်မိသွားလို့ ဟုတ်လား"

ထိဟင်းက...

"ဟုတ်တယ်... သူသေသွားတဲ့အခါမှာ ဒီကျောက်စိမ်းတုံးကို တင်းကျပ်အောင် ဆုပ်ကိုင်ထားသေးတယ်"

ဝမ်းဖုန်းက...

"သူက ဒီရတနာတွေကိုတွေ့ရှိလို့ အသတ်ခံရတာတော့ မဖြစ်နိုင်ဘူးလား"

ထိဟင်းက...

"သိပ်ဖြစ်နိုင်တာပေါ့"

ဝမ်းဖုန်းက...

"သူသေကာနီးမှာ ဘာတွေပြောခဲ့သေးလဲ"

ထိဟင်းက...

"စကားတစ်ခွန်းပြောခဲ့ပါတယ်"



ဝမ်းဖုန်းက...

"ဘာစကားများလဲ"

ထိဟင်းက...

"ကြက်တူရွေး..."

◈ ◈ ◈

ဝမ်းဖုန်းသည် အတန်ကြာ ကြောင်အမ်းအမ်းဖြစ်ပြီးမှ မေးလိုက်သည်။

"ကျူပ်သိသလောက်ဆိုရင် ကြက်တူရွေးဟာ ထူးခြားတဲ့ ငှက်တစ်မျိုးပါပဲ"

ထိဟင်းက...

"အင်း..."

ဝမ်းဖုန်းက...

"ဘာပဲဖြစ်ဖြစ် ကြက်တူရွေးတစ်ကောင်ဟာ ဒီအမှုကို ကျူးလွန်နိုင်တယ်လို့ မယူဆနိုင်ဘူး"

ထိဟင်းက...

"ဟုတ်တယ်... မန်းထင်ဝေ့သေဆုံးတဲ့အခါမှာ ဘာကြောင့် ကြက်တူရွေးလို့ပြောတာ အံ့သြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ကြက်တူရွေးဆိုတာ လူတစ်ယောက်ရဲ့နာမည်ပါ"

ထိဟင်းက. . . .

"သူခိုးဓမြများရဲ့စာရင်းထဲမှာ ကြက်တူရွေးဆိုတဲ့လူမရှိ ဘူး"

ဝမ်းဖုန်းက. . . .

"သူက သူချစ်သူရဲ့နာမည်များ ပြောလိုက်သလားမှ မသိဘဲ"

ထိဟင်းက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် စကားမပြောတော့ဘဲ မတ်တတ်ရပ်လိုက် သည်။

ဝမ်းဖုန်းက ဟန့်တားလိုက်ပြီး. . . .

"သူက ကြက်တူရွေးတစ်ကောင်ကိုတွေ့တယ်လို့ ပြော လိုက်တာများလား"

ထိဟင်းက. . . .

"လုံးဝမဖြစ်နိုင်ဘူး"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ထိဟင်းက. . . .



"သူသေကာနီးမှာ တစ်ချိန်လုံး ကျွပ် သွနားမှာထိုင်ပြီး သူ့ကို စစ်ချက်မေးနေတာဗျ"

◈ ◈ ◈

ဝမ်းဖုန်းက. . . .

"သူက ဘာမှမပြောဘူးလား"

ထိဟင်းက. . . .

"မပြောဘူး. . . သူက ကြက်တူရွေး(၂)လုံးထဲ ပြောပြီး သေသွားတာပဲ"

ဝမ်းဖုန်းက အတန်ကြာစဉ်းစားလိုက်ပြီး. . . .

"သူက သေမယ်မှန်းသိလို့ သဲလွန်စရအောင်ထုတ်ဖော် ပြောတာနဲ့တူတယ်"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"မင်း အခုပြောတဲ့စကားဟာ အမှန်ဆုံးပါပဲ"

◈ ◈ ◈

အဘိုးအိုသည် အလောင်းအား (၃)နာရီခန့်ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသော်လည်း သူသေရသည့်အကြောင်းရင်းများကို ရှာဖွေ၍ မတွေ့ရှိပါ။

ဝမ်းဖုန်းက အလောင်းစစ်ဆေးသောအဘိုးအိုအား ကြည့်ပြီး. . . .

"သူက အသက်တော်တော်ကြီးပြီပဲ. . . မျက်လုံးဘယ်ကောင်းပါ့မလဲ"

ထိဟင်းက. . . .

"အလောင်းစစ်ဆေးတဲ့နေရာမှာတော့ သူတို့အထဲမှာဆိုရင် သူဟာအတော်ဆုံးပဲ"

ဝမ်းဖုန်းက ထိုအဘိုးအိုအား သေချာစွာ ကြည့်ပြီး. . .

"ဟုတ်ပြီ. . . သူ့နာမည်က 'လျှိုပေချို' ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လျှိုပေချိုကသာ ဘာမှရှာမတွေ့ရင်တော့ ရှာတွေ့မဲ့သူ မရှိနိုင်တော့ပါဘူး"

နောက်ထပ် ( ၁ )နာရီခန့်အကြာမှ လျှိုပေချိုသည်အလောင်းထားသောအခန်းမှ ထွက်လာလေသည်။

သူသည်မောဟိုက်စွာဖြင့် ပက်လက်ကုလားထိုင်ပေါ်သို့



ထိုင်ချကာ အမောဖြေနေ၏။

ဝမ်းဖုန်းက စိတ်မရှည်နိုင်ဘဲ. . . .

"သူ ဘာကြောင့် သေတယ်ဆိုတာ တွေ့ပြီလား"

လျှိုပေချိုသည် ,မျက်လုံးမှိတ်ထားပြီး အတန်ကြာမှ ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက. . . .

"သူ ဘယ်လိုကြောင့်သေတာလဲ"

လျှိုပေချိုကမျက်လုံးဖွင့်လိုက်ပြီး ထိဟင်းအား ကြည့်လိုက်၏။

"သူအဆိပ်ခတ်ပြီး အသတ်ခံရတာပါ"

ဝမ်းဖုန်းက. . . .

"တစ်ကိုယ်တော်စောရမန်းထင်ဝှေးကိုသတ်တဲ့ အဆိပ်မျိုးလား"

လျှိုပေချိုက. . . .

"ဟုတ်ပါတယ်"

ထိဟင်းသည် ပါးစပ်ပိတ်ထားလိုက်၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ လျှိုပေချိုသည် ထိဟင်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီအဘိုးကြီးရဲ့ပေါင်မှာ ဓားဒဏ်ရာတစ်ခုတွေ့ရတယ်"

ဝမ်းဖုန်းက ကြားဖြတ်လိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ"

လျှိုပေချိုက. . . .

"ဓားဒဏ်ရာဟာ ပေါင်ရဲ့အတွင်းဘက်မှာဖြစ်ဖို့ဆိုတာ မဟုတ်နိုင်ဘူး"

ထိဟင်းက သူ့အား လှည့်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

လျှိုပေချိုက. . . .

"ဒီပေါင်အတွင်းဘက်မှာရှိတဲ့ ဓားဒဏ်ရာဟာ တမင်သက်သက်ပြုလုပ်ထားတဲ့ ဓားဒဏ်ရာဖြစ်တယ်လို့ ကျုပ်ယူဆတယ်"

သူသည်ပြုံးပြီး စကားဆက်လိုက်ပြန်သည်။



"လူတစ်ယောက်ဟာ ပေါင်အတွင်းဘက်မှာ ဘာ့ကြောင့် ဓားနဲ့ခွဲထားရသလဲဆိုတာ စဉ်းစားစရာပဲ"

ထိဟင်းသည် ဆတ်ကနဲ ထလိုက်သည်။

"ဒါနဲ့အဲဒီဓားဒဏ်ရာကို အမြန်ဆုံးခွဲကြည့်ပါ"

◈ ◈ ◈

အဘိုးအိုသည် အလောင်း၏ပေါင်အတွင်းမှာရှိသော ဒဏ်ရာအား ခွဲလိုက်သောအခါ ခိုဥအရွယ်ခန့်ရှိသော ပုလဲတစ်လုံးထွက်လာသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းက အံ့သြသွားသည်။

"ဒါလဲ မြို့စားဂေဟာအိမ်က ပျောက်ဆုံးတဲ့ရတနာပဲလား"

ထိဟင်းက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



မြို့စားဂေဟာ၏ရတနာသိုက်တွင် ရွှေငွေကျောက်သံ ပတ္တမြားများသည် နည်းလှမည်မဟုတ်ချေ။

အထူးသဖြင့် ငွေတုံးများသည် သေတ္တာပေါင်း(၂၀)ခန့် ရှိသည်။

ရတနာသိုက်၏ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း အစောင့်အကြပ်များ တင်းကျပ်စွာ စောင့်နေ၏။

ထို့ကြောင့် မည်သူကမှ တစ်ညတာသောအချိန်တွင် ထိုအစောင့်အကြပ်များမသိအောင် အကုန်လုံးခိုးယူနိုင်မည် မဟုတ်ပါ။

ယင်းသို့တွေးမိလိုက်သည်နှင့် ဝမ်းဖုန်း၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူသည် ထိဟင်းအား စိုက်ကြည့်လိုက်သည်။

"ဒီရတနာသိုက်ကိုဖောက်ထွင်းတဲ့လူဟာ လူမဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်"

ထိဟင်းက. . .



ဝမ်းဖုန်းက. . .

"ဘာစကားများလဲ"

ထိဟင်းက. . .

"ကြွက်တူရွှေး. . . ."

◈◈◈

ဝမ်းဖုန်းသည် အတန်ကြာ ကြောင်အမ်းအမ်းဖြစ်ပြီးမှ [illegible]လိုက်သည်။

"ကျုပ်သိသလောက်ဆိုရင် ကြွက်တူရွှေးဟာ ထူးခြားတဲ့ [illegible]တစ်မျိုးပါပဲ"

ထိဟင်းက. . .

"အင်း. . . ."

ဝမ်းဖုန်းက. . .

"ဘာပဲဖြစ်ဖြစ် ကြွက်တူရွှေးတစ်ကောင်ဟာ ဒီအမှုကို [illegible]လွန်နိုင်တယ်လို့ မယူဆနိုင်ဘူး"

ထိဟင်းက. . .

"ဟုတ်တယ်. . . မန်းထင်ဝှေးသေဆုံးတဲ့အခါမှာ ဘာ[illegible]လို့ ကြွက်တူရွှေးလို့ပြောတာ အံ့သြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ကြက်တူရွေးဆိုတာ လူတစ်ယောက်ရဲ့နာမည်ပါ"

ထိဟင်းက. . . .

"သူ့ခိုးဓမြမျှားရဲ့စာရင်းထဲမှာ ကြက်တူရွေးဆိုတဲ့လူမ ဘူး"

ဝမ်းဖုန်းက. . . .

"သူက သူ့ချစ်သူရဲ့နာမည်များ ပြောလိုက်သလားမှ သိဘဲ"

ထိဟင်းက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် စကားမပြောတော့ဘဲ မတ်တတ်ရပ်လို သည်။

ဝမ်းဖုန်းက ဟန့်တားလိုက်ပြီး. . . .

"သူက ကြက်တူရွေးတစ်ကောင်ကိုတွေ့တယ်လို့ ပြော လိုက်တာများလား"

ထိဟင်းက. . . .

"လုံးဝမဖြစ်နိုင်ဘူး"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ထိဟင်းက. . . .



"သူသေကာနီးမှာ တစ်ချိန်လုံး ကျွပ် သူ့နားမှာထိုင်ပြီး သူ့ကို စစ်ချက်မေးနေတာဗျ"

◈ ◈ ◈

ဝမ်းဖုန်းက. . . .

"သူက ဘာမှမပြောဘူးလား"

ထိဟင်းက. . . .

"မပြောဘူး. . . သူက ကြက်တူရွေး(၂)လုံးထဲ ပြောပြီး သေသွားတာပဲ"

ဝမ်းဖုန်းက အတန်ကြာစဉ်းစားလိုက်ပြီး. . . .

"သူက သေမယ်မှန်းသိလို့ သဲလွန်စရအောင်ထုတ်ဖော် ပြောတာနဲ့တူတယ်"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"မင်း အခုပြောတဲ့စကားဟာ အမှန်ဆုံးပါပဲ"

◈ ◈ ◈

အဘိုးအိုသည် အလောင်းအား (၃)နာရီခန့်ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသော်လည်း သူသေရသည့်အကြောင်းရင်းများကို ရှာ၍ မတွေ့ရှိပါ။

ဝမ်းဖုန်းက အလောင်းစစ်ဆေးသောအဘိုးအိုအား ကြည့်ပြီး. . .

"သူက အသက်တော်တော်ကြီးပြီပဲ. . . မျက်လုံးဘယ်ကောင်းပါ့မလဲ"

ထိဟင်းက. . .

"အလောင်းစစ်ဆေးတဲ့နေရာမှာတော့ သူတို့အထဲမှာဆိုရင် သူဟာအတော်ဆုံးပဲ"

ဝမ်းဖုန်းက ထိုအဘိုးအိုအား သေချာစွာ ကြည့်ပြီး. . .

"ဟုတ်ပြီ. . . သူ့နာမည်က 'လျှိုပေချို'ဟုတ်လား"

ထိဟင်းက. . .

"ဟုတ်တယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လျှိုပေချိုကသာ ဘာမှရှာမတွေ့ရင်တော့ ရှာတွေ့မဲ့သူ မရှိနိုင်တော့ပါဘူး"

နောက်ထပ် ( ၁ )နာရီခန့်အကြာမှ လျှိုပေချိုသည်အလောင်းထားသောအခန်းမှ ထွက်လာလေသည်။

သူသည်မောဟိုက်စွာဖြင့် ပက်လက်ကုလားထိုင်ပေါ်သို့



ထိုင်ချကာ အမောဖြေနေ၏။

ဝမ်းဖုန်းက စိတ်မရှည်နိုင်ဘဲ. . .

"သူ ဘာကြောင့် သေတယ်ဆိုတာ တွေ့ပြီလား"

လျှိုပေချိုသည် မျက်လုံးမှိတ်ထားပြီး အတန်ကြာမှ ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက. . .

"သူ ဘယ်လိုကြောင့်သေတာလဲ"

လျှိုပေချိုကမျက်လုံးဖွင့်လိုက်ပြီး ထိဟင်းအား ကြည့်လိုက်၏။

"သူ့အဆိပ်ခတ်ပြီး အသတ်ခံရတာပါ"

ဝမ်းဖုန်းက. . .

"တစ်ကိုယ်တော်စောရမန်းထင်ဝှေးကိုသတ်တဲ့ အဆိပ်မျိုးလား"

လျှိုပေချိုက. . .

"ဟုတ်ပါတယ်"

ထိဟင်းသည် ပါးစပ်ပိတ်ထားလိုက်၏။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ လျှိုပေချိုသည် ထိဟင်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီအဘိုးကြီးရဲ့ပေါင်မှာ ဓားဒဏ်ရာတစ်ခုတွေ့ရတယ်"

ဝမ်းဖုန်းက ကြားဖြတ်လိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ"

လျှိုပေချိုက. . . .

"ဓားဒဏ်ရာဟာ ပေါင်ရဲ့အတွင်းဘက်မှာဖြစ်ဖို့ဆိုတာ မဟုတ်နိုင်ဘူး"

ထိဟင်းက သူ့အား လှည့်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

လျှိုပေချိုက. . . .

"ဒီပေါင်အတွင်းဘက်မှာရှိတဲ့ ဓားဒဏ်ရာဟာ တမင်သက်သက်ပြုလုပ်ထားတဲ့ ဓားဒဏ်ရာဖြစ်တယ်လို့ ကျုပ်ယူဆတယ်"

သူသည်ပြုံးပြီး စကားဆက်လိုက်ပြန်သည်။



"လူတစ်ယောက်ဟာ ပေါင်အတွင်းဘက်မှာ ဘာ့ကြောင့် ဓားနဲ့ခွဲထားရသလဲဆိုတာ စဉ်းစားစရာပဲ"

ထိဟင်းသည် ဆတ်ကနဲ ထလိုက်သည်။

"ဒါနဲ့အဲဒီဓားဒဏ်ရာကို အမြန်ဆုံးခွဲကြည့်ပါ"

◈ ◈ ◈

အဘိုးအိုသည် အလောင်း၏ပေါင်အတွင်းမှာရှိသော ဒဏ်ရာအား ခွဲလိုက်သောအခါ ခိုဥအရွယ်ခန့်ရှိသော ပုလဲတစ်လုံးထွက်လာသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းက အံ့သြသွားသည်။

"ဒါလဲ မြို့စားဂေဟာအိမ်က ပျောက်ဆုံးတဲ့ရတနာပဲလား"

ထိဟင်းက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



မြို့စားဂေဟာ၏ရတနာသိုက်တွင် ရွှေငွေကျောက်သံ ပတ္တမြားများသည် နည်းလှမည်မဟုတ်ချေ။

အထူးသဖြင့် ငွေတုံးများသည် သေတ္တာပေါင်း(၂၀)ခန့် ရှိသည်။

ရတနာသိုက်၏ ပတ်ပန်းကျင်တစ်ခုလုံးမှာလည်း အစောင့်အကြပ်များ တင်းကျပ်စွာ စောင့်နေ၏။

ထို့ကြောင့် မည်သူကမှ တစ်ညတာသောအချိန်တွင် ထိုအစောင့်အကြပ်များမသိအောင် အကုန်လုံးခိုးယူနိုင်မည် မဟုတ်ပါ။

ယင်းသို့တွေးမိလိုက်သည်နှင့် ဝမ်းဖုန်း၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူသည် ထိဟင်းအား စိုက်ကြည့်လိုက်သည်။

"ဒီရတနာသိုက်ကိုဖောက်ထွင်းတဲ့လူဟာ လူမဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်"

ထိဟင်းက. . .



"ဘာဖြစ်လို့လဲ"

ဝမ်းဖုန်းက. . .

"ဒီလောက်အစောင့်အကြပ်များပြီး ဒီလောက်များပြားတဲ့ပစ္စည်းတွေကို ဘယ်သူကမှ မသယ်နိုင်ဘူးလို့ ကျုပ်ယူဆတယ်"

ထိဟင်းက. . .

"ဒါဖြင့် ဘယ်သူဖောက်ထွင်းတယ်လို့ မင်းထင်သလဲ"

ဝမ်းဖုန်းက. . .

"သရဲတစ္ဆေပဲဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်"

ထိဟင်းက အေးတိအေးစက်ဖြင့်. . .

"မင်းအပြင်သွားရင် ကောင်းမယ်ထင်တယ်. . . အပြင်မှာ လေကောင်းလေသန့်ရတယ်"

ဝမ်းဖုန်းက. . .

"ကျုပ် အဖေးမိမှာကြောက်လို့ပါ"

ထိဟင်းက. . .

"ဒါဖြင့် မင်းသွားလိုရာသွားပေတော့. . . ကျုပ်ဆီမှာ မင်းအတွက် ဘာမှမလိုအပ်ပါဘူး"

ဝမ်းဖုန်းက. . .

"ကျုပ်က ခင်ဗျားကို ဒီအမှုပေါ်လာအောင် အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လို့ပါ"

ထိပတ်င်းက. . . .

"ဆိုစမ်းပါဦး"

ဝမ်းဖုန်းက. . . .

"ခင်ဗျားကို လမ်းညွှန်ပေးမလို့ပါ"

ထိပတ်င်းက. . . .

"မင်းပြောချင်တာကို မြန်မြန်ပြောပါ"

ဝမ်းဖုန်းက. . . .

"မင်းက ငှက်တစ်ကောင်ကိုရအောင်ရှာလိုက်ရင် ဒီအမှုကို အမြန်ဆုံးပေါ်အောင် ဖော်နိုင်ပါလိမ့်မယ်"

ထိပတ်င်းက. . . .

"ဘာငှက်ကိုရှာရမှာလဲ"

ဝမ်းဖုန်းက. . . .

"ကြက်တူရွေး. . . သွေးကြက်တူရွေး"

ထိပတ်င်းက. . . .

"မင်းက ရအောင်ရှာပေးနိုင်လို့လား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

◈◈◈



အမှန်မှာ သူသည် ကြက်တူရွေးကို တစ်ကြိမ်တစ်ခါမှမတွေ့ဘူးသည့်အပြင် ထိုသွေးကြက်တူရွေးအကြောင်းများကို မနေ့ညက စတင်ကြားခဲ့ဖူးခြင်း ဖြစ်သည်။

သို့သော် ထိုစဉ်မှာပင် သူသည် ခြူသံတစ်သံကြားလိုက်ရသည်။

ယင်းခြူသံသည် အလွန်ထူးခြားသော ခြူသံဖြစ်သည်။

ထိုခြူသံကို သူကြားဖူးသည်။

ထို့ကြောင့် သူက ချက်ချင်းထအော်လိုက်သည်။

"ငှက်ကျွန်"

သူ၏အော်သံသည် ထိတ်ထိတ်ပျာပျာဖြစ်သဖြင့် ထိပတ်င်းက သူ့အား အံ့အားသင့်စွာကြည့်လိုက်သည်။

"ငှက်ကျွန်ဆိုတာ ဘာလဲကွ"

ဝမ်းဖုန်းက. . . .

"ငှက်ကျွန်ဆိုတာ သွေးကြက်တူရွေးရဲ့ ရှေ့ပြေးပါလဲ"

ထိပတ်င်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရှေ့ပြေးလဲ"

ဝမ်းဖုန်းက. . . .

"ငှက်ကျွန်ဆိုတာ သွေးကြွက်တူရွေးရဲ့ ကျေးကျွန်ပဲ ငှက်ကျွန်ပေါ်ထွက်လာတာနဲ့ သွေးကြွက်တူရွေးဟာ တစ်ဆင့်တည်း ရောက်လာတတ်တယ်လို့ ပြောပါတယ်"

ထိဟင်းသည် သူ့အား စိုက်ကြည့်နေ၏။

သူ၏ကြည့်ပုံမှာ ထူးဆန်းသော အရာဝတ္ထုတစ်ခုကို ကြည့်နေသည့်အသွင် ဖြစ်သည်။

ဝမ်းဖုန်းကမူ သူ့ကိုမကြည့်ပါ။

"တကယ်လို့များ ကျုပ်က သွေးကြွက်တူရွေးကိုတွေ့ရင် ပထမဆုံးတောင်းလိုတဲ့ဆန္ဒကတော့ မြို့စားကြီးရဲ့ရတနာပျောက်မှုအကြောင်းပါပဲ"

ထိဟင်းက. . . .

"မင်း တကယ်ယုံနေတယ် ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ထိဟင်းက. . . .

"တကယ်လို့များ ကျုပ်က သွေးကြွက်တူရွေးကိုတွေ့ရင် ကျုပ် ဘာကိုဆုတောင်းမလဲဆိုတာ သိလား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။



"ခင်ဗျားက သေပါရစေလို့ ဆုတောင်းဦးမှာလား"

ထိဟင်းက အေးတိအေးစက်ဖြင့်. . . .

"မင်းက ငါပြောမဲ့စကားကိုတောင် သိနေတာကိုး"

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

ထိုစဉ်မှာပင် ခြူသံများကြားလိုက်ရပြန်လေသည်။

ငှက်ကျွန် ပြန်လာပြီဖြစ်သည်။ သူက ဘာကြောင့် ပြန်လာရသနည်း။

သူတို့အား သူ၏သခင်ထံခေါ်သွားရန် ဖြစ်နေ၍လား။

ဝမ်းဖုန်းသည် ခြူသံကြားရာသို့ပြေးသွားသည်။

ထိဟင်းကလည်း ထက်ကြပ်မကွာ လိုက်သွားလေသည်။

ခြူသံများသည် တချွမ်ချွမ်မြည်နေ၏။

ညှိုမဲသောကောင်းကင်ပေါ်တွင် ငှက်တစ်ကောင်သည် အနောက်အရပ်သို့ဦးတည်၍ ပျံသန်းသွားလေသည်။

ဝမ်းဖုန်းနှင့်ထိဟင်းတို့သည် ထိုငှက်နောက်သို့ပြေးလိုက်သွားကြလေတော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် သုသာန်တစပြင်ဖြစ်သည်။

ခြူသံများသည် ထိုနေရာသို့ ရောက်ရှိလာသည်နှင့် ပျောက်ကွယ်သွားလေသည်။

ငှက်တလေးသည် တစပြင်သို့ထိုးစိုက်ပြီး ဝင်ရောက်သွားလေတော့သည်။

ဝမ်းဖုန်းနှင့်ထိဟင်းတို့သည် ကိုယ်ဖော့ပညာအလွန်ကျွမ်းကျင်သော သိုင်းပညာရှင်များ ဖြစ်ကြသည်။

သို့သော် ကိုယ်ဖော့ပညာသည် ငှက်ကဲ့သို့တောင်ပံနှင့်ပျံသည် မဟုတ်ပါ။

ထို့ကြောင့် ငှက်ကဲ့သို့ပျံသန်းနိုင်ခြင်းမရှိပါ။ ငှက်ကဲ့သို့လျင်မြန်နိုင်ခြင်းမရှိပါ။

သူတို့သည် တစပြင်သုသာန်သို့ ရောက်ရှိသွားသောအခါ ခြူသံလုံးဝမကြားရတော့ပါ။

ငှက်၏အရိပ်အယောင်များလည်း လုံးဝမတွေ့ရတော့



ပါ။

❖ ❖ ❖

တစပြင်သုသာန်တွင်း၌ မြေပုံများနှင့် အရိုးစုများကိုသာ တွေ့ရသည်။

ကောင်းကင်တခွင်လုံး ညှိုမဲနေသည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း နှင်းများဝေနေသည်ဟု ထင်ရလေသည်။

ဤကဲ့သို့ ရာသီဥတုနှင့် အချိန်အခါမျိုးတွင် သွေးကြွက်ရွေးပေါ် ထွက်လာတတ်သည် မဟုတ်ပါလား။

ထို့ကြောင့် ဝမ်းဖုန်းနှင့်ထိဟင်းတို့သည် ထိုနေရာ၌ပင် ရပ်၍ စောင့်နေကြလေသည်။

အုတ်ဂူများပေါ်တွင် မြက်ပင်များ အလေ့ကျပေါက်နေသည်။

လူသားတစ်ယောက်သည် သူ့အသက်ရှင်သန်စဉ်က တင့်တယ်ချမ်းသာကြွယ်ဝပါစေ၊ မည်မျှ ဂုဏ်သိက္ခာနှင့်ပြည့်ပါစေ သေဆုံးသွားသောအခါ အခြားလူတို့အရိုးစုသာ ကျန်ရစ်ခဲ့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဟင်းသည် အုတ်ဂူပေါ် တွင်ထိုင်နေစဉ် ရုတ်တရက် ပင်ပန်းပြီး နွမ်းနယ်သည့်အရသာများ ခံစားရလေသည်။

ဝမ်းဖုန်းက. . .

"ခင်ဗျား အခု ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ်နားလည်ပါတယ်"

ထိပ်ဟင်းက. . .

"ဟုတ်လား"

ဝမ်းဖုန်းက. . .

"ခင်ဗျား ငယ်ငယ်ထဲက ဒီအလုပ်ကိုလုပ်ခဲ့တယ် ဟုတ်လား"

ထိပ်ဟင်းက. . .

"အင်း. . ."

ဝမ်းဖုန်းက. . .

"ခင်ဗျား အမှုထမ်းခဲ့တာ အတော်ကြာသွားပြီ. . . ခင်ဗျားလက်ထဲမှာသေတဲ့လူလဲ နည်းမှာမဟုတ်ဘူး"

ထိပ်ဟင်းက. . .

"ကျုပ်က မသေသင့်တဲ့လူကို မသတ်ပါဘူး"

ဝမ်းဖုန်းက. . .

"ဘာပဲဖြစ်ဖြစ် လူသတ်တာ လူသတ်တာပဲ"



ထိပ်ဟင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုန်းက. . .

"ခင်ဗျား ဒီအလုပ်လုပ်မိတာနဲ့ အနားယူချင်တာတောင် နေနိုင်ဘူးမဟုတ်လား"

ထိပ်ဟင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုန်းက. . .

"ခင်ဗျား အနားယူတာနဲ့ ခင်ဗျားကို လိုက်သတ်မယ့်သူ နည်းမှာ မဟုတ်ဘူး"

ထိပ်ဟင်းက ခေါင်းမော့လိုက်သည်။

"ဒါကြောင့် ကျုပ်က သွေးကြက်တူရွေးနဲ့တွေ့ရင် ပထမ ဆုံးဆုတောင်းရမှာက ကျုပ် အမြန်ဆုံး သေရဖို့ပဲ"

ဝမ်းဖုန်းသည် ရုတ်တရက် ထိပ်ဟင်းနောက်သို့ကြည့်လိုက်သည်။

သူ့မျက်နှာတစ်ခုလုံးမှာ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားသည်ကို တွေ့ရလေသည်။

ထိပ်ဟင်းသည် နောက်သို့လှည့်ကြည့်မည်အပြုတွင် ဝမ်းဖုန်းက သူ့အားထိတ်ထိတ်ပျာပျာဖြင့် တန့်တားလေသည်။

"နောက်လှည့်မကြည့်နဲ့. . . ဘယ်တော့မှလှည့်မကြည့်

www.burmeseclassic.com



သို့သော် သူနောက်ကျသွားလေပြီ။

ထိဟင်းသည် နောက်သို့လှည့်ကြည့်လိုက်လေသည်။

သူ့နောက်တွင် ခြောက်သွေ့သော သစ်ပင်တစ်ပင်ရှိသည်။

သစ်ပင်ပေါ်၌ ကြက်တူရွေးတစ်ကောင် နားနေ၏။

တစ်ကိုယ်လုံး နီရဲနေသောကြက်တူရွေး ဖြစ်သည်။

ထိဟင်းသည် ထိုသွေးကြက်တူရွေးအား တွေ့ရသည်နှင့် သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် ပျော့ခွေသွားပြီးလျှင် နောက်သို့ ပက်လက်လန်လဲကျသွားလေသည်။

◈ ◈ ◈

ဝမ်းဖုန်းသည် တစ်ကိုယ်လုံးအေးစိမ့်သွားသည်။

“ယား. . . .”

သူသည် ယင်းသို့အော်ပြီး ထိုင်ရာမှထခုန်လိုက်သည်။

ထိုသွေးကြက်တူရွေးအားဖမ်းရန် ပြေးသွားသည်။

သို့သော် ကြက်တူရွေးက တစာစာအော်ရင်း ပျံသန်းသွားလေသည်။

ထိုစဉ်မှာပင် လှသံတစ်သံကြားလိုက်ရသည်။



“မင်းတို့နှစ်ယောက် ကျုပ်ကို တစ်ချိန်ထဲ တွေ့တဲ့အတွက် အခု သူကတော့ ဆန္ဒတစ်ခုတော့ ပြည့်ဝသွားပါပြီ၊ ဒါပေမယ့် တစ်ခုကျန်ပါသေးတယ်, . . လိုရာဆုကို တောင်းနိုင်ပါတယ်”

စကားဆုံးသွားသည်နှင့် ထိုအသံသည် ပျောက်ကွယ်သွားလေတော့သည်။

◈ ◈ ◈

ည. . . .

အခန်းတစ်ခုလုံး တိတ်ဆိတ်၍နေသည်။

ဝမ်းဖုန်းသည် ထပ်မံစောင့်နေသည်။ သူသည် အတန်ကြာစောင့်နေပြီးဖြစ်သည်။

လှိုပေချိုသည် အလောင်းစစ်ဆေးသောအခန်းသို့ ဝင်သွားပြန်သည်။

ထိဟင်းလည်း ထိုအခန်းထဲသို့ရောက်နေ၏။ ဝမ်းဖုန်းက ထမ်းပို့လိုက်ခြင်း ဖြစ်သည်။

ထိဟင်း၏ခန္ဓာကိုယ်သည် အေးစိမ့်နေပြီဖြစ်သည်။

အာဏာသားများသည် ထိုအခန်းတစ်ခုလုံးကို ငြိမ်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။

ထိုဟင်း သေဆုံးခြင်းနှင့်ပတ်သက်ပြီး သံသယအဖြေ ဆုံးမှာ ဝမ်းဖုန်းပင်မဟုတ်ပါလော။

◈◈◈

လေသည် တဟူးဟူးတိုက်ခတ်နေသည်။

ဝမ်းဖုန်းသည် ဤနေရာ၌ စောင့်နေရသည်မှာ (၃)နာရီ ခန့် ကြာသွားပြီဖြစ်သည်။

ယခု သူသည် အလောင်းစစ်ဆေးသောအခန်းမှ ထွက် လာနေပြီ မဟုတ်ပါလော။

ဝမ်းဖုန်းသည် လျှိုပေချို ထွက်လာသည်ကိုတွေ့ရသော အခါ ကမန်းကတန်း သွားရောက်၍. . . .

"သူ ဘာကြောင့်သေတယ်ဆိုတာရှာလို့ တွေ့ပြီလား"

လျှိုပေချိုက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ဗျာ. . . ."

ဝမ်းဖုန်းက အံ့အားသင့်သွားသည်။

"မသိဘူး. . . ဟုတ်လား"



လျှိုပေချိုက နဖူးပေါ်မှချွေးများကိုသုတ်ရင်း. . . .

"တကယ်လို့ သူ့ကို တစ်စုံတစ်ယောက်က သတ်သွားရင် အဲ့ဒါက ဘာကြောင့်သေတယ်ဆိုတာ ရှာလို့တွေ့နိုင်ပါတယ် . . . အခုတော့. . . ."

လျှိုပေချိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုတော့ ကျုပ်လဲ မသိသေးဘူးဗျ"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

လျှိုပေချိုက. . . .

"သူ့ကိုသတ်တဲ့လူဟာ လူမှမဟုတ်ဘဲ"

◈◈◈

မိုးသည် တဖွဲဖွဲရွာသွန်းနေ၏။

လမ်းမကြီးတစ်လျှောက်လုံးမှာ လမ်းသွားလမ်းလာလူ များသည် အလွန်ကျဲသွားပြီဖြစ်သည်။

ထိုစဉ် 'ဖင်းကန်း'တည်းခိုခန်းသို့ လူသုံးယောက်သည် မြင်းကိုယ်စီဖြင့် ရောက်ရှိလာသည်။

မြင်းသည် လျင်မြန်စွာ ပြေးလာသည်။ မြင်းက ရပ်ပင်

www.burmeseclassic.com

www.burmeseclassic.com



မရပ်သေးပါ။

မြင်းပေါ်မှလူသုံးယောက်သည် အောက်သို့ခုန်ဆင်းလိုက်သည်။

သူတို့ခြေထောက်များသည် အလွန်ခိုင်မာတောင့်တင်းသည်ကို တွေ့ရလေသည်။

သိုင်းလောကတွင်. . . .

"တောင်ပိုင်းလက်ဝါး 'မြောက်ပိုင်းခြေထောက်'ဟူသော ဆိုရိုးစကားရှိသည်။

ယင်းကဲ့သို့ ဆိုရိုးစကားဖြစ်ပေါ်လာခြင်းမှာ တောင်ပိုင်းမှာရှိသော သိုင်းသမားများသည် လက်ဝါးကိုသာ အားထားကြသည်။

မြောက်ပိုင်းမှသိုင်းသမားများမှာမူ ခြေထောက်ကိုသာ အထူးအားထားကြသည်။

အချို့သောလူများသည် သိုင်းပညာရပ်များကို တူညီစွာ လေ့ကျင့်ကြသည်။

ထိုမြင်းပေါ်မှ လူသုံးယောက်အနက် 'ဖင်းကန်း'တည်းခိုခန်းသို့ ရှေ့ဆုံးမှ ဝင်လာသောသူမှာ 'ထန်ထင်းလုံ'ဖြစ်လေသည်။

◈◈◈



ထန်ထင်းလုံသည် ဆိုင်ထဲရောက်ရှိသွားသည်နှင့် ခေါင်းပေါ်မှခမောက်အား ချွတ်ချလိုက်သောအခါ ခေါင်းတစ်ခုအား တွေ့ရလေသည်။

သူသည် မျက်မှောင်ကုပ်သွားလေသည်။ ကောင်တာနားရှိရာသို့လျှောက်သွားပြီး လက်သီးဖြင့်ထုလိုက်သည်။

"ဒုန်း. . . ဒုန်း"

ဆိုင်ရှင်က အပြေးအလွှားသွားလိုက်သည်။

ထန်ထင်းလုံနောက်မှ ရပ်နေသူမှာ'ထန်စင်ဟု'ပင် ဖြစ်သည်။

သူသည် ဆိုင်ရှင်အား မျက်လုံးပြူးကြည့်ပြီး. . .

"ဒါက ဘာဆိုင်လဲဗျ"

ဆိုင်ရှင်က. . . .

"တည်းခိုခန်းပါ"

ထန်စင်ဟုက. . . .

www.burmeseclassic.com

www.burmeseclassic.com



"တည်းခိုခန်းမှာ ဘယ့်နှယ်ခေါင်းပါရောက်နေတာလဲ"

ဆိုင်ရှင်က. . . .

"ဒါက ဧည့်သည်တစ်ယောက်ပါလာတာပါ"

ထန်စင်ဟုက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဧည့်သည်ကလဲ ထူးထူးဆန်းဆန်း ခေါင်းပေါ် သယ်ယူရသလားဗျ"

◈ ◈ ◈



## ခေါင်းနှင့်လာသောဧည့်သည်

ထိုဧည့်သည်မှာ လူငယ်တစ်ယောက်ဖြစ်သည်။

သူ၏အဝတ်အစားများသည် ဟောင်းနွမ်းပြီး အဖာအထေးများကိုကြည့်ခြင်းဖြင့် အလွန်ဆင်းရဲသည်ကို ဖော်ပြနေလေသည်။

သူသည် ခေါင်းရှေ့တွင်ထိုင်လျက် လက်ထဲမှအရက်ခွက်အား မြှောက်ပြလိုက်ပြီး. . . .

"သူငယ်ချင်း. . . မင်းက ငါနဲ့အတူ အရက်မသောက်နိုင်တာ ငါ စိတ်မကောင်းပါဘူးကွာ"

သူသည် အရက်ကိုမော့ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသည် သစ်လွင်ပြီး လူငယ်၏အဝတ်အစားမှာ ဟောင်းနွမ်းနေ၏။

သူ၏ပြုမူပုံမှာ ရူးသွပ်နေသည်ဟုထင်ရသော်လည်း သူ၏ရုပ်သွင်နှင့် ဟန်မူရာမှာ လူကောင်းတစ်ယောက်ဖြစ်သည်ကို ဖော်ပြနေ၏။

ထိုညှော်သည်သည် 'ဝမ်းဖုန်း'ပင်ဖြစ်လေသည်။

❖ ❖ ❖

'ထန်'ညီအစ်ကိုသုံးယောက်ထဲ၌ ဒေါသအကြီးဆုံးနှင့် လက်အသန်ဆုံးမှာ ဒုတိယဖြစ်သော'ထန်ထင်းဟု'ပင်ဖြစ်သည်။

သူသည် ရှေ့ဆုံးမှလှမ်းသွားသည်။

မြေပေါ်မှခေါင်းအား လက်ဖြင့်ပုတ်လိုက်သည်။

"ဟေ့... ဒီခေါင်းကို မင်းယူလာတာ ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ထန်ထင်းဟုက. . . .

"အထဲမှာ ဘာတွေရှိသလဲ"

ဝမ်းဖုန်းက. . . .

"သူငယ်ချင်းရှိတယ်"



"မင်း သူငယ်ချင်းကအရှင်လား အသေလား"

ဝမ်းဖုန်းက. . . .

"သူငယ်ချင်းဆိုတာ အသေပဲဖြစ်ဖြစ် အရှင်ပဲဖြစ်ဖြစ် သူငယ်ချင်းဟာ သူငယ်ချင်းပါပဲ"

ထန်ထင်းဟုက. . . .

"သေတဲ့လူက အရက်သောက်နိုင်ပါ့မလား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

သူသည် ခေါင်းအား အရက်ခွက်မြှောက်ပြပြီး. . . .

"ဒီတစ်ခွက်တော့ မင်းသောက်ဖို့ အလှည့်ပဲ. . . မင်းအတွက် ငါသောက်လိုက်ပါ့မယ်"

သူသည် အရက်ကိုမော့ချလိုက်ပြန်သည်။

ထန်ထင်းဟုက ရယ်မောလိုက်သည်။

သူ၏ညီအား လှည့်ကြည့်ပြီး. . . .

"ဒီကောင် အရက်သမားပါပဲကွာ"

ထန်ထင်းလုံက. . . .

"သူ့ကိုပြောလိုက်. . . ခေါင်းပါထမ်းပြီး အမြန်ဆုံးထွက်သွားပါလို့"

ထန်ထင်းဟုက. . . .

"ဟေ့ကောင်. . . မင်းကြားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ဘာကြားရမှာလဲ"

ထန်ထင်းဟုက. . . .

"မင်းကို ခေါင်းထမ်းပြီးထွက်ခိုင်းတာကွ"

ဝမ်းဖုန်းက. . . .

"ထွက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ထန်ထင်းဟုက. . . .

"ဘာဖြစ်လို့လဲ"

ဝမ်းဖုန်းက. . . .

"အပြင်မှာ မိုးရွာနေတယ်. . . ကျုပ် သူငယ်ချင်း မိုးမိသွားမှာပေါ့"

ထန်ထင်းဟုက သူ့အား စိုက်ကြည့်လိုက်ပြီး. . . .

တစ်ဖန် သူ၏ညီအစ်ကိုအား လှည့်ကြည့်လိုက်သည်။

"ဒီကောင်က အရူးပဲ. . . တို့ ဘယ်လိုလုပ်ပါ့မလဲ"

ထန်ထင်းလုံက. . . .

"သူ့ကိုကန်ထုတ်လိုက်ပါ"

ထန်ထင်းဟုက. . . .

"အရူးကိုကန်ထုတ်တာ အပြစ်ရှိသလား"

ထန်ထင်းလုံက. . . .



"မရှိဘူး. . . နောက်ပြီး လူသေအလောင်းကိုလဲ ကန်ထုတ်နိုင်တယ်"

ထန်ထင်းဟုက. . . .

"ဒါဖြင့် ကောင်းပြီ. . . ကျုပ်က လူသေကို အရင်ဆုံးကန်ပြီးမှ အရူးကိုကန်ထုတ်လိုက်မယ်"

သူ့စကားမဆုံးမီ သူ့ခြေထောက်သည် ခေါင်းကို ကန်ထည့်လိုက်လေသည်။

မည်သို့မဆို တိုခေါင်းသည် ကျိုးပဲ့သွားနိုင်သည်။

သို့သော် ခြေထောက်နှင့်ကန်လိုက်သည်နှင့် ခေါင်းကိုမတွေ့ရပါ။

မြေပေါ်မှာရှိသောခေါင်းသည် စားပွဲပေါ်သို့ရောက်ရှိသွားလေသည်။

ဝမ်းဖုန်းက ခေါင်းကိုရွှေ့လိုက်ခြင်းဖြစ်သည်။

ဝမ်းဖုန်းသည် သူ့ကုလားထိုင်အား ခေါင်းအနီးသို့ရွှေ့၍ ထိုင်ချလိုက်သည်။

"ကျုပ်သူငယ်ချင်းက အသက်မသေမီ လူကိုသတ်တတ်ပါတယ်၊ သူ အခုသေသွားတဲ့အခါ သူများက သူ့ကိုကန်တာကြိုက်မှာ မဟုတ်ဘူးဗျ"

ထန်ထင်းလုံက ထိုသူငယ်မှာ သိုင်းပညာအနည်းအများ

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ထားသည်ဟု သိထားလေသည်။

ပျင်းတွဲတွဲဖြင့်ထိုင်နေသော ထန်ထင်းစုသည် မတ်တတ်ရပ်လိုက်လေသည်။

ဝမ်းဖုန်းက. . . .

"ခင်ဗျားက အရှူးကို အရင်ကန်ပြီးမှ လူသေအလောင်းကိုကန်လို့မဖြစ်ဘူးလား"

ထန်ထင်းဟုက. . . .

"ဖြစ်တယ်"

ထိုစကားထွက်သွားသည်နှင့် ညီအစ်ကိုနှစ်ယောက်သည် ဝမ်းဖုန်းကို ဝဲယာညှပ်၍ တိုက်ခိုက်လေသည်။

ဝမ်းဖုန်းသည်ရှောင်တိမ်းခြင်း မပြုပါ။ ရှောင်တိမ်း၍လည်းမရပါ။

ထိုညီအစ်ကိုနှစ်ယောက်၏ ခြေထောက်များသည် ဝမ်းဖုန်း၏ခန္ဓာကိုယ်အား တအားကန်လိုက်လေသည်။

"ဖျောက်. . . ."

ဟူသောအသံနှင့်အတူ စူးရှသောအသံများထွက်ပေါ်လာလေသည်။

❖❖❖



ထန်ထင်းဟုနှင့် ထန်ထင်းလုံတို့သည် ပြိုင်တူကန်လိုက်သည့်နောက် သူတို့သည် ပြိုင်တူစူးရှစွာ အော်လိုက်ပြီး ပြိုင်တူ[illegible]သွားလေသည်။

အကန်ခံရသောဝမ်းဖုန်းမှာမူ အကောင်းပကတိရပ်[illegible]နေသည်ကို တွေ့ရလေသည်။

ထန်ထင်းလုံက ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူ့မျက်ဝန်းအစုံမှာလည်း ထိတ်လန့်အံ့ဩသွားသည့်[illegible]အယောင်များ ပေါ်လွင်နေ၏။

ဝမ်းဖုန်းက ပြန်လည်တိုက်ခိုက်သည်ကို လုံးဝမတွေ့ရ

ဝမ်းဖုန်းကိုယ်တိုင် အံ့အားသင့်နေ၏။

သူသည် ညီအစ်ကိုနှစ်ယောက်အားခုခံရန် သိုင်းကွက်[illegible]ထားပြီး ဖြစ်သည်။

သို့သော် သူက မည်သို့မျှမတုံ့ပြန်မီမှာပင် ထိုညီအစ်ကို[illegible]ာက်သည် ရုတ်တရက် လဲကျသွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညီအစ်ကိုနှစ်ယောက်၏ ခြေထောက်အရိုးများ ကျိုးသွားသံကြားရသည်။

မည်သူလက်ချက်နည်း။ မည်သူကမျှ မသိပါ။

ဝမ်းဖုန်းသည်တွေးရင်း လက်ဝါးမှာ ခွေးမျှားပင်စိုရွှဲလာလေသည်။

ထန်ထင်းလုံက သူ့အား အံ့သြစွာ ကြည့်နေ၏။

"အဲဒါ ဘာသိုင်းကွက်လဲ"

ဝမ်းဖုန်းက. . . .

"မသိဘူး"

ထန်ထင်းလုံက. . . .

"မင်းတိုက်ခိုက်လိုက်တာ မဟုတ်ဘူးလား"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

ထန်ထင်းလုံက. . . .

"မင်းမဟုတ်ရင် ဘယ်သူလဲ"

ဝမ်းဖုန်းက. . . .

"သရဲဖြစ်ချင် ဖြစ်မှာပေါ့"

ထန်ထင်းလုံသည် ရုတ်တရက်ခုန်လိုက်ပြီး သူ့ခန္ဓာကိုယ်သည် လေထဲသို့ခုန်တက်လာသောအခါ သူ့ခြေထောက်နှစ်ဖက်သည် ဆက်တိုက်ကန်ထုတ်လိုက်လေသည်။



"ဖျောက်. . . ."

အရိုးကျိုးသံများ ကြားရလေသည်။

"အား. . . ."

ထန်ထင်းလုံသည် ယင်းသို့စူးရှစွာ အော်လိုက်ပြီး မြေပေါ်သို့လဲကျသွားလေသည်။

◈◈◈

ဆိုင်ရှင်သည်ထိတ်လန့်လွန်း၍ မျက်နှာတွင် သွေးရောင်ပင်မရှိပါ။

ဝမ်းဖုန်းက ခေါင်းမော့လိုက်ပြီး. . . .

"ခင်ဗျား ဘာတွေမြင်သလဲ"

ဆိုင်ပိုင်ရှင်က ဟန်ဆောင်ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘာမှမတွေ့ရပါဘူးဗျာ"

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

ဆိုင်ရှင်က. . . .

"ခင်ဗျားလိုသိုင်းပညာမျိုး ကျုပ်တစ်ခါမှ မတွေ့ဘူးသေးဘူး"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောပြီးပြီပဲ. . . ကျုပ်မဟုတ်ပါဘူးလို့"

ဆိုင်ပိုင်ရှင်က မယုံကြည်နိုင်စွာဖြင့်. . .

"ခင်ဗျားမဟုတ်ရင် ဘယ်သူလဲ"

ဝမ်းဖုန်းသည် ရှတ်တရက် မြေပေါ်မှ အရာဝတ္ထုတစ်ခုကို ကောက်လိုက်သည်။

ထိုအရာဝတ္ထု ကျောက်တုံးငယ်ကလေးတစ်လုံး ဖြစ်၏။ ကျောက်တုံး၏အရောင်သည် နီရဲနေ၏။

ဆိုင်ပိုင်ရှင်က ဝမ်းဖုန်းအား စိုက်ကြည့်နေသည်။

"ဒီလိုကျောက်တုံးမျိုး မြေထဲမှာသုံးလုံးကျန်သေးတယ်"

ဆိုင်ရှင်က မျက်မှောင်ကုပ်သွားသည်။

"ဟုတ်လား"

ဝမ်းဖုန်းက. . .

"ဒီကျောက်တုံးလေးတုံးကြောင့် ဟောဒီညီအစ်ကိုသုံးယောက် ခြေထောက်ကျိုးတာပေါ့"

ဆိုင်ရှင်က အံ့သြသွားသည်။

"ဒီလောက်သေးတဲ့ ကျောက်တုံးကလေးက သူများခြေထောက် အရိုးကျိုးအောင်လုပ်နိုင်တယ်"

ဝမ်းဖုန်းက. . .

"ခင်ဗျား မယုံဘူးလား"



ဆိုင်ရှင်က. . .

"ကျုပ်. . . ကျုပ်. . . ."

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်ကိုပြောပြရင် ကျုပ်လဲ ဘယ်ယုံပါ့မလဲ၊ ဒါပေမဲ့ ကျုပ်မျက်မြင်ကိုယ်တွေ့ မြင်နေလို့ မယုံလို့မရဘူးဗျ"

ဆိုင်ရှင်က. . .

"ဒါဖြင့် ဒါဟာ သိုင်းပညာလား မျက်လှည့်လား"

ဝမ်းဖုန်းက. . .

"ကျုပ်လဲမသိဘူး"

ဆိုင်ရှင်က. . .

"ဒီကျောက်တုံးလေးတွေ ဘယ်သူကပစ်လိုက်တာလဲ"

ဝမ်းဖုန်းက. . .

"ပထမတော့ ခင်ဗျားပစ်လိုက်တယ်လို့ ကျုပ်ကထင်နေတာ"

ဆိုင်ရှင်က ထခုန်မတတ် ထိတ်လန့်သွားသည်။

"ဟာ. . . မလုပ်ပါနဲ့ဗျာ. . . ကျုပ်မဟုတ်ရပါဘူး"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျားမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်. . . ဒီကျောက်တုံးကလေးဟာ ပြတင်းပေါက်အပြင်ဘက်က ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပါ"

ထိုစဉ်မှာပင် ညည်းညူသံတစ်သံ ကြားလိုက်ရသည်။

ထန်ထင်းလုံ ဖြစ်သည်။

သူသည် အိတ်ထဲမှတစ်စုံတစ်ခုကို နှိုက်ယူရန် ကြိုးစားနေ၏။

ဝမ်းဖုန်းက နှိုက်ပေးလိုက်လေသည်။

သူ့အိတ်ထဲမှသေးငယ်သောကတ္တီပါအိတ်တစ်လုံး ဖြစ်၏။

"ခင်ဗျား ဒါကိုနှိုက်မလို့ဟုတ်လား"

ထန်ထင်းလုံးသည်ကြိုးစား၍ ခေါင်းညိတ်ပြသည်။

ဝမ်းဖုန်းက. . . .

"ဘာလုပ်မလို့လဲ"

ထန်ထင်းလုံက. . . .

"မင်းကိုပေးမလို့"

ဝမ်းဖုန်းက နားမလည်ပါ။

"ဘာဖြစ်လို့ ကျုပ်ကိုပေးရမှာလဲ"

သူသည်ပြောရင်း ကတ္တီပါအိတ်ကိုဖွင့်ကြည့်လိုက်သည်။

အိတ်ထဲ၌ အလွန်ကြီးမားပြီး အရောင်တောက်ပြောင်သော ပုလဲတစ်လုံးရှိသည်ကို တွေ့ရလေသည်။



ယင်းပုလဲလုံးသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်လှပေသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ဘာဖြစ်လို့ ကျုပ်ကိုပေးရတာလဲ"

ထန်ထင်းလုံက စကားမပြောနိုင်ဘဲ မော့ဟိုက်နေ၏။

ဝမ်းဖုန်းက. . . .

"ခင်ဗျား ကျုပ်ကိုတစ်ခုခုခိုင်းမလို့ မဟုတ်လား"

ထန်ထင်းလုံက အားနည်းစွာဖြင့် ခေါင်းညိတ်လိုက်၏။

ဝမ်းဖုန်းက. . . .

"ကျုပ်က ဘာလုပ်ပေးရမှာလဲဗျ"

ထန်ထင်းလုံသည် လက်ညှိုးထောင်လိုက်ပြီး သူ့ရှေ့မှာရှိသောပြတင်းပေါက်ကို ညွှန်ပြလိုက်သည်။

ဝမ်းဖုန်းက လှည့်ကြည့်လိုက်သည်။

ပြတင်းပေါက်၏ တံခါးဘောင်ပေါ်တွင် ငှက်လှောင်အိမ် တစ်လုံးတွေ့ရသည်။

ယင်းငှက်လှောင်အိမ်ထဲ၌ ငှက်တစ်ကောင်မှမတွေ့ရပါ။

ဝမ်းဖုန်းသည် သဘောနားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြက်တူရွေး . . . ဟုတ်လား"

ထန်ထင်းလုံက အဖြေမပေးတော့ပါ။

သူသည် အသက်ရှူရပ်သွားပြီ ဖြစ်သည်။

ဝမ်းဖုန်းသည် ကျန်ရှိသော ညီအစ်ကိုနှစ်ယောက်တို့ လှည့်ကြည့်လိုက်ရာ ထိုညီအစ်ကိုနှစ်ယောက်မှာလည်း သေဆုံးသွားပြီ ဖြစ်လေသည်။

◈◈◈



## ကြက်တူရွေး

အနီရောင် ကျောက်တုံးကလေးတစ်လုံး . . .

ကြီးမားသော ပုလဲလုံးတစ်လုံး . . .

ထိုသေးငယ်သော အနီရောင်ကျောက်တုံးကလေးသည် ...သည့်တန်ဖိုးအာနိသင်များရှိနေ၍ လူသုံးယောက်အသက်ကို ...လိုက်နိုင်သနည်း။

ဤပုလဲလုံးသည် မြို့စားကြီးပျောက်ဆုံးသွားသော ရတ...များထဲက တစ်ခုအပါအဝင် ဖြစ်နေသည်လော။

"ကြက်တူရွေး"

ဤ'ကြက်တူရွေး'ဟူသော စကားလုံးသည် မည်သို့လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဇွက်ချက်များ ရှိနေပါသနည်း။

ထန်ထင်းလုံးသေခါနီးတွင် အဘယ်ကြောင့် ကြက်တူ ရွေးဟု အထူးတလည်ပြောသွားပါသနည်း။

◈◈◈

ဝမ်းဖုန်းက ခေါင်းမော့ကြည့်လိုက်သည်။

ဆိုင်ရှင်ကလည်း သူ့အား ပြန်ကြည့်နေ၏။

ဝမ်းဖုန်းက. . . .

"ခင်ဗျား ငှက်လှောင်အိမ် ဟုတ်လား"

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက. . . .

"ငှက်လှောင်အိမ်ထဲမှာ အရင်တုန်းက ဘာငှက်ထား လဲ"

ဆိုင်ရှင်က. . . .

"ကြက်တူရွေးပါ"

သူသည် ငှက်လှောင်အိမ်ကိုကြည့်ပြီး စိတ်မကောင်းဖြ ဖြင့်. . . .

"အဲဒီကြက်တူရွေးက တော်တော့ကို ချစ်စရာကောင်း



တယ်၊ တစ်နေ့ကပဲ ရုတ်တရက် သေသွားတယ်"

ဝမ်းဖုန်းက. . . .

"သူ ဘာကြောင့်သေသွားတာလဲ"

ဆိုင်ရှင်က. . . .

"ကြောက်လန့်ပြီး သေတာနဲ့တူတယ်"

ဝမ်းဖုန်းက. . . .

"ဘာလို့ကြောက်ပြီး သေတာလဲ"

ဆိုင်ရှင်က. . . .

"မသိဘူး"

ဝမ်းဖုန်းက. . . .

"ခင်ဗျားပြောတော့ ကြောက်လန့်ပြီးသေတာဆို"

ဆိုင်ရှင်က. . . .

"တစ်နေ့ည ကျုပ်အိပ်နေတုန်းမှာ ကြက်တူရွေးက ကြောက်လန့်ပြီးအော်တဲ့အသံ ကြားရတယ်၊ ကျုပ်ထွက်ကြည့်တဲ့ အခါမှာ သေနေတာကိုသာ တွေ့ရတယ်"

ဝမ်းဖုန်းက. . . .

"အဲဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

ဆိုင်ရှင်က. . . .

"ခုနှစ်လ တစ်ရက်နေ့က ဖြစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"အဲဒါ ရေပြည်တံခါးဖွင့်တဲ့နေ့ပဲ"

ဆိုင်ရှင်က. . . .

"ဟုတ်ပါတယ်. . . ကျုပ်က တချွေကြီးပူဇော်ကန်တော့ပြီး အရက်တောင် များများသောက်သေးတယ်"

ဝမ်းဖုန်းသည် ပါးစပ်ပိတ်ထားလေသည်။

အတန်ကြာမှ ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"ခင်ဗျား ဒီကြက်တူရွေးကို ဘယ်ကရလာတာလဲ"

ဆိုင်ရှင်က. . . .

"လူတစ်ယောက်က လက်ဆောင်ပေးတာပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူလဲ"

ဆိုင်ရှင်က. . . .

"အမျိုးသမီးတစ်ယောက်ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"အမျိုးသမီးတစ်ယောက် ဟုတ်လား"

ဆိုင်ရှင်၏မျက်လုံးအစုံသည် အဝေးသို့လှမ်းကြည့်ပြီး သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

"ဟုတ်ပါတယ်. . . မိန်းကလေးတစ်ယောက်ပါပဲ"



ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်ပြီး. . . .

"ဘယ်ကအမျိုးသမီးလဲ"

ဆိုင်ရှင်က. . . .

"သူက ကြေးတန်းစားမယ်တစ်ယောက်ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားပြန်သည်။

"ကြေးတန်းစားမယ် ဟုတ်လား"

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်က ရှိစုမဲ့စုငွေအားလုံး သူ့ကိုပေးလိုက်တယ်၊ ဒါပေမယ့် ကျုပ်က မနစ်နာပါဘူးဗျ"

ဝမ်းဖုန်းက. . . .

"အဲဒီကြေးတန်းစားမယ်က ဘယ်ကလဲ"

ဆိုင်ရှင်က. . . .

"ကြက်တူရွေးဂေဟာမှာ ရှိပါတယ်"

ဝမ်းဖုန်းက ရင်ခုန်လာလေသည်။

"သူ့နာမည်က ဘယ်လိုခေါ်သလဲ"

ဆိုင်ရှင်က. . . .

"ငှက်ကျွန်လို့ခေါ်ပါတယ်"

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## ငှက်ကျွန်

ငှက်ကျွန် . . . .

ငှက်ကျွန်သည် သွေးကြက်တူရွေး၏ရှေ့ပြေးငှက်တစ်ကောင်ဖြစ်သည်။

ငှက်ကျွန်ထွက်ပေါ်လာသည်နှင့် သွေးကြက်တူရွေးပါ ဆက်တိုက်ပေါ်ထွက်လာတတ်သည် မဟုတ်ပါလော။

ယခု ငှက်ကျွန်သည် ကြက်တူရွေးဂေဟာ၌ ရှိနေသည်ဟု ပြောသည်။

ကြက်တူရွေးဂေဟာသည် မည်သည့်နေရာ၌ ရှိနေပါသနည်း။



"ကြက်တူရွေးဂေဟာ ဘယ်မှာလဲဗျ"

"ဟိုဘက်လမ်းကြားထဲမှာ ရှိပါတယ်"

"အိမ်အမှတ်ကော သိသလားဗျာ"

"အိမ်အမှတ် သိစရာမလိုပါဘူး၊ အဲဒီလမ်းထဲမှာ သူတစ်အိမ်ထဲပဲ တံခါးအနီသုတ်ထားပါတယ်"

အမေးခံရသောသူက သေသေချာချာ ညွှန်ပြလိုက်သည်။

◈◈◈

လမ်းကြားထဲ၌ အဆောက်အဦတစ်ခု၏တံခါးသည် အနီရောင်ဆေးများဖြင့် ခြယ်သထားသည်။

တံခါးဖွင့်ပေးသူမှာ အနီရောင်ဝတ်ဆင်ထားသော မိန်းမလေးဖြစ်သည်။

သူမသည် ရှမ်းလဲ့သောမျက်လုံးအစုံဖြင့် ဝမ်းဖုန်းအားခြေဆုံးခေါင်းဆုံး အကဲခတ်နေ၏။

ဝမ်းဖုန်း၏ အဝတ်အစားများသည် အလွန်ဟောင်းနွမ်းပြီး စုတ်ပြတ်နေသည် မဟုတ်ပါလော။

ထို့အပြင် သူ့ပခုံးပေါ်တွင် ခေါင်းတစ်လုံးပင် ထမ်းထား

www.burmeseclassic.com

www.burmeseclassic.com



၏။

ဤနေရာသို့ရောက်ရှိလာကြသောလူများသည် ရွှေငွေများကိုသာ သယ်ဆောင်လာကြသည်။

မည်သူကမျှ ခေါင်းကိုသယ်ဆောင်လာခြင်း မရှိပါ။

မိန်းကလေးက အနည်းငယ် အံ့သြသွားခြင်းဖြစ်သည်။

"ရှင်အိမ်မှားနေပြီနဲ့ တူတယ်"

ဝမ်းဖုန်းက. . .

"မမှားပါဘူး"

မိန်းကလေးက. . .

"ဒီအိမ်ဟာ ဘာလဲဆိုတာသိလို့လား"

ဝမ်းဖုန်းက. . .

"ကြက်တူရွေးဂေဟာပါ"

မိန်းကလေးက. . .

"ဒါဖြင့် ရှင် ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

ဝမ်းဖုန်းက. . .

"ငှက်ကျွန်ပါ"

မိန်းကလေးသည် ဝမ်းဖုန်းအား ခြေဆုံးခေါင်းဆုံးထိ အကဲခတ်ကြည့်ပြန်သည်။

"ရှင် သူ့ကိုသိသလား"



ဝမ်းဖုန်းက. . .

"မသိဘူး"

မိန်းကလေးက မျက်နှာထားတင်းလိုက်သည်။

"မသိတဲ့ဧည့်သည်ကို သူ ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး"

"ကျုပ် ဘယ်သူလဲဆိုတာပြောပြရင် သူ ကျုပ်ကိုတွေ့ချင်မှာပါ"

မိန်းကလေးက. . .

"ရှင်က ဘယ်သူလဲ"

ဝမ်းဖုန်းက. . .

"ကြက်တူရွေး. . . သွေးကြက်တူရွေးပါ"

◈◈◈

တံခါးသည် ပြန်လည်ပိတ်ထားပြီး ဖြစ်သည်။

ဝမ်းဖုန်းက စိတ်ရှည်လက်ရှည်ဖြင့် စောင့်နေ၏။ ဤအကြိမ် သူကြာကြာမစောင့်ရတော့ပါ။

တံခါးပြန်ပွင့်သွားသည်။ တံခါးဖွင့်သူမှာ မိန်းကလေး မဟုတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုတစ်ယောက် ဖြစ်လေသည်။ အဘွားအို
လည်း အနီရောင်အကျီကို ဝတ်ဆင်ထားသည်။

သူမသည် ဝမ်းဖုန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်
ကြည့်နေ၏။

ဆင်းရဲနွမ်းပါးသောဧည့်သည်များအား သူမက လက်
ရန် လုံးဝခွင့်မပြုပါ။

သို့သော် အလွန်ကြေးကြီးသောငှက်ကျွန်က အဘယ်
ကြောင့် ထိုသူငယ်အား လက်ခံရန်ဖိတ်ခေါ်သည်ကို နားမလည်
နိုင်ဘဲဖြစ်နေ၏။

ဝမ်းဖုန်းက. . . .

"အခု ကျွန်ုပ်ဝင်လို့ရပါပြီလားခင်ဗျာ"

အဘွားအိုက. . . .

"ဒီအိမ်ဟာ ကြေးတန်းစားများနေတဲ့အိမ်. . . အဆင့်
ရှိတဲ့လူမှန်သမျှ ဝင်နိုင်ပါတယ်"

သူမသည် မျက်နှာထားတင်းတင်းဖြင့်. . . .

"လူသေကိုတော့ သည်းခံပါရှင်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

ထို့နောက် သူသည် တံခါးတွန်းဖွင့်လိုက်ပြီး ခေါင်း
ထမ်းကာ လှမ်းဝင်သွားလေသည်။



အဘွားအိုသည် မကျေနပ်သော်လည်း ဟန့်တားခြင်းမ
နိုင်ပါ။

ကြေးတန်းစားမယ်များ နေထိုင်သောဂေဟာတွင် နှစ်
ပေါင်း ကြာကြာနေခဲ့ဖူးသည်ဖြစ်၍ အခြေအနေအရပ်ရပ်အား
သုံးသပ်နိုင်သောဉာဏ် ရှိနေလေသည်။

လူတစ်ယောက်သည် အလွန်လေးလံသော ခေါင်းတစ်
လုံးအား လက်တစ်ဖက်တည်းဖြင့် အသာအယာမ၍ ဝင်လာ
သည်မှာ ခေသူတစ်ယောက်မဟုတ်ဟု ချက်ချင်းနားလည်လိုက်
သည်။

ဝမ်းဖုန်းက. . . .

"ကျွန်ုပ် ဘယ်သူ့ကိုတွေ့ချင်တယ်ဆိုတာ ခင်ဗျားသိတယ်
မဟုတ်လား"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"သိတယ်"

ဝမ်းဖုန်းက. . . .

"ကောင်းပြီ. . . ကျွန်ုပ်ကိုလမ်းပြပေးပါ"

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် အခန်းထဲသို့လှမ်းဝင်လိုက်ပြီး စင်္ကြံလမ်း
အတိုင်းလျှောက်သွားသည်။

လမ်းပြသောအဘွားအိုသည် နှစ်ထပ်အိမ်ကလေးရှေ့
သို့ ရောက်ရှိသွားသည်နှင့် ခြေလှမ်းရပ်တန့်သွားလေသည်။

ထိုအိမ်ကလေးသည် တံစက်မြိတ်အောက်တွင် ငှက်
လှောင်အိမ် ၁၄-၁၅လုံး ချိတ်ထားသည်ကို တွေ့ရလေသည်။

ငှက်လှောင်အိမ်တွင် ငှက်တစ်ကောင်မှ မရှိပါ။

ဤငှက်လှောင်အိမ်များတွင် ယခင်တုန်းက ကြက်
ရွှေးများ ထားရှိခဲ့သည် မဟုတ်ပါလော။

အဘွားအိုက. . . .

"ကဲ. . . ရှင်အပေါ် တက်သွားပါလို့ပြောလိုက်ပါတယ်"

ဝမ်းဖုန်းက. . . .

"ကျုပ်ကိုခေါ်လိုက်သလား. . . ဖိတ်ခေါ်လိုက်တာ
လား"

အဘွားအိုက. . .



"ဖိတ်ခေါ်လိုက်တာပါ"

အိမ်ကလေး၏တံခါးသည် စေ့ရုံသာစေ့ထားသည်။

ဝမ်းဖုန်းသည် လက်တစ်ဖက်ဖြင့် ခေါင်းအား မ,ထားပြီး
ကျန်လက်တစ်ဖက်က တံခါးတွန်းဖွင့်လိုက်ပြီး သူသည် အခန်းထဲ
သို့လှမ်းဝင်လိုက်သည်နှင့် မျက်လုံးများပြူးကျယ်သွားလေသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောနေရာ

ဝမ်းဖုန်းသည် နေရာအနှံ့ရောက်ခဲ့ဖူးသည်။

ထူးဆန်းသော နေရာများကိုလည်း သူ အတော်များများ ရောက်ခဲ့ဖူးသည်။

အချို့နေရာများသည် နတ်ဘုံနတ်နန်းကဲ့သို့ ပျော်ရွှင်စရာ ကောင်းသကဲ့သို့ အချို့နေရာများမှာမူ ငရဲဘုံကဲ့သို့ ကြောက်မက်ဖွယ် ကောင်းလှပေသည်။

ယခု သူရောက်ရှိနေသောနေရာသည် မည်သို့နှိုင်းယှဉ် ပြောဆိုရမည်ကိုပင် မပြောတတ်အောင် ဖြစ်နေလေသည်။

◈◈◈



ပထမဆုံး သူ၏မြင်ကွင်းမှာ နံရံပေါ်မှ အလွန်ကြီးမား သော ပန်းချီကားချပ်တစ်ခု ဖြစ်သည်။

ယင်းပန်းချီကားချပ်ပေါ်တွင် လူတစ်ပိုင်း တိရစ္ဆာန်တစ် ပိုင်းရှိသောရုပ်ပုံများ အပြည့်ရေးဆွဲထားသည်ကို တွေ့ရလေ သည်။

ထိုလူများ၏လက်ထဲတွင် ဓားကောက်တစ်လက်စီရှိကြ သည်။

သူတို့သွေးစက်များသည် သွေးကြက်တူရွေးတစ်ကောင် ဖန်ဆင်းထားသည့်ပုံ ရေးဆွဲထားသည်။

သွေးကြက်တူရွေး ဦးတည်ပျံသန်းသောနေရာတွင် မင်း သားလေးပမာရှိသော လူငယ်တစ်ယောက်ရပ်နေသည်ကို ရေး ဆွဲထား၏။

ယင်း မင်းသားလေးနှင့်တူသောလူငယ်သည် ထိုလူတစ် ပိုင်း တိရစ္ဆာန်တစ်ပိုင်း ရှိသောလူများ၏ အရှင်သခင်နှင့်တူလှပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးကြက်တူရွေး၏ အနီးတစ်ဝိုက်တွင် လှပပြီး ထူးဆန်းသော ငှက်ကလေး(၁၃)ကောင်ရှိသည်။

အထူးသဖြင့် သွေးကြက်တူရွေးရှေ့တွင် ပျံသန်းသော ငှက်ငယ်တစ်ကောင် တွေ့ရှိရသည်။

ယင်းငှက်ကလေး၏လည်ပင်းပေါ်၌ ခြူတစ်လုံးဆွဲထားသည်ကို တွေ့ရှိရလေသည်။

ဤငှက်ကလေးသည် ငှက်ကျွန်ဖြစ်သည်ဟု သူနားလည်လိုက်သည်။

◈◈◈

ဝမ်းဖုန်းသည် ပန်းချီကားချပ်အား ငေးမောကြည့်နေစဉ်. . . .

"ဒီပန်းချီကားကို ရှင် သိပ်သဘောကျယ် ဟုတ်လား"

မိန်းကလေးတစ်ယောက်၏ ချိုလွင်သောအသံ ဖြစ်သည်။

ဝမ်းဖုန်းက ရုတ်တရက်လှည့်ကြည့်လိုက်သည်။

အသက်(၂၀) ပတ်ဝန်းကျင်ရှိသော မိန်းကလေးတစ်ယောက်အား တွေ့မြင်ရလေသည်။



သူမ၏အလှသည် ဆိုဖွယ်ရာမရှိလောက်အောင် လှပနေ၏။

သို့သော် သူမ၏ ဝတ်စားဆင်ယင်ပုံမှာ ထူးခြားနေသည်။

သူမ၏ယာဘက်တွင် အင်္ကျီအဝတ်အစား ပြည့်စုံစွာဝတ်ဆင်ထားသော်လည်း သူမ၏ဝဲဘက်လက်မောင်းနှင့် လည်ပင်းအထိ လုံးဝအဝတ်အစားမရှိပါ။

သူမ၏ဝဲဘက်နားတွင် နားကပ်ပန်ဆင်ထားသော်လည်း ယာဘက်နားတွင် နားကပ်လုံးဝမရှိပါ။

ဝမ်းဖုန်းက အတန်ကြာစိုက်ကြည့်ပြီးမှ. . . .

"ခင်ဗျားက ငှက်ကျွန်ဟုတ်လား"

သူမသည် ပြုံးလိုက်၏။

"ဒါနဲ့ ရှင့်ကိုယ်ရှင် ကြက်တူရွေးလို့ မပြောနေပါလား"

ဝမ်းဖုန်းက. . .

"ဟုတ်တယ်လေ"

သူမက ပြုံးလိုက်သည်။

"ရှင်က လူပါရှင်"

ဝမ်းဖုန်းက. . .

"ခင်ဗျား အထင်မှားနေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်က. . . .

"ရှင် လူမဟုတ်ဘူး မဟုတ်လား"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ငှက်ကျွန်ဖြစ်ရင် ကျုပ်က ဘာဖြစ်လို့ ကြက်တူရွေးမဖြစ်ဘူးလို့ ပြောနိုင်မှာလဲ"

ငှက်ကျွန်က. . . .

"ရှင် မဖြစ်နိုင်ဘူး"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က. . . .

"ကျွန်မ သွေးကြက်တူရွေးကို သိထားလို့ပါ"

ဝမ်းဖုန်းက. . . .

"မင်း သူ့ကိုတွေ့ဖူးတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"တွေ့ဖူးတာပေါ့"

ဝမ်းဖုန်းက. . . .

"သူက မင်းကို လိုရာဆန္ဒ(၃)ခု ပေးလိုက်သေးတာ ဟုတ်လား"

ငှက်ကျွန်က. . . .



"မပေးပါဘူး"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က. . . .

"ကျွန်မက ငှက်ကျွန်ဖြစ်နေလို့"

ဝမ်းဖုန်းက ရယ်မောလိုက်လေသည်။

သူသည် ရယ်မောလိုက်သောအခါ ငှက်ကျွန်သည် အလွန်ချောမောပြီး ကိုယ်လုံးကိုယ်ပေါက်အချိုးအဆစ်ပြေပြစ်သည်ကို သတိပြုမိလိုက်လေသည်။

ငှက်ကျွန်က ပြုံးလိုက်သည်။

"ရှင် ကျွန်မကိုနှစ်သက်တယ် ဟုတ်လား"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ငှက်ကျွန်က စကားဆက်လိုက်သည်။

"ကျွန်မကိုသိရင် ကျွန်မ ဘယ်လောက်ဈေးကြီးတယ်ဆိုတာ ရှင်သိသင့်တာပေါ့"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် သိပါတယ်"

ငှက်ကျွန်က. . . .

"ရှင် ဘာတွေပါလာသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"မင်းတွေ့ပြီနဲ့ တူပါတယ်"

သူသည် ခေါင်းတစ်လုံးသာ ပါလာခြင်းဖြစ်သည်။

ငှက်ကျွန်က ပြုံးလိုက်ပြန်သည်။

"ကျွန်မဆီလာတဲ့လူတွေဟာ ခေါင်းနဲ့ငွေထည့်လာတာ ရှင်တစ်ယောက်ထဲပဲ တွေ့ဖူးတယ်"

ဝမ်းဖုန်းက. . . .

"ကျုပ် ခေါင်းထဲမှာ ငွေနည်းနည်းမှ ပါမလာဘူး"

ငှက်ကျွန်မက. . . .

"ဒါဖြင့် ခေါင်းထဲမှာ ဘာထည့်ထားသလဲ"

ဝမ်းဖုန်းက. . . .

"လူတစ်ယောက်. . . ."

ငှက်ကျွန်က. . . .

"သေတဲ့လူ ဟုတ်လား"

ဝမ်းဖုန်းက. . . .

"မသိဘူး"

ငှက်ကျွန်က မျက်မှောင်ကုပ်သွားသည်။

"ရှင်နဲ့ပါလာတဲ့လူဟာ သေသလား ရှင်သလားဆိုတာ ရှင် ဘယ့်နှယ်မသိရမှာလဲ"



ဝမ်းဖုန်းက. . . .

"သူဟာ ကျုပ်ရဲ့သူငယ်ချင်းဆိုတာပဲသိတယ်၊ သူက သလား ရှင်သလားဆိုတာ အရေးကြီးတာမဟုတ်ပါဘူး"

ငှက်ကျွန်က ပြုံးလိုက်သည်။

"ဒါပေမယ့် ရှင်တစ်ခုတော့ သိသင့်တယ်လို့ထင်ပါယ်"

ဝမ်းဖုန်းက. . . .

"ဘာများလဲ"

ငှက်ကျွန်က. . . .

"ကနေ့ညမှာ ရှင် နေခဲ့မလား. . . ဒါမှမဟုတ် သူ့ကို ခဲ့မှာလား"

ဝမ်းဖုန်းက. . . .

"ဒီလိုခွဲခြားရဦးမယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"ဟုတ်တယ်"

သူမသည် ချိုလွင်စွာ ပြုံးလိုက်ပြီး. . . .

"သက်ရှိလူဆိုရင် ကျွန်မက ပိုက်ဆံတောင်းရလိမ့်မယ်၊ တဲ့လူဆိုရင်တော့ ကျွန်မ တစ်ပြားတစ်ချပ်မှ မယူပါဘူးရှင်"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ဗျာ. . . သေလုနီးပါးရှိတဲ့လူတစ်ယောက် ဆိုရင်ကော"

ငှက်ကျွန်က အနည်းငယ်စဉ်းစားလိုက်သည်။

"ရှင်က သေလုမျောပါးဖြစ်နေတဲ့လူတစ်ယောက်ဆိုရင် ကျွန်မက ဈေးတစ်ဝက်လျှော့ဖို့ စဉ်းစားပါ့မယ်"

ဝမ်းဖုန်းက. . . .

"ငွေမယူလို့မရဘူးလား"

ငှက်ကျွန်က. . . .

"မရပါဘူးရှင့်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဖြင့်ရင်လဲ သူ့ကိုပဲထားပစ်ခဲ့ပြီး ကျုပ်ထွက်သွားမယ်"

သူသည်ပြောပြီးသည်နှင့် အခန်းထဲမှထွက်သွားရန် ခြေလှမ်းလှမ်းလိုက်ရာ ငှက်ကျွန်က ဟန့်တားလိုက်သည်။

"ရှင် ဘယ်သွားမလို့လဲ"

ဝမ်းဖုန်းက. . . .

"ကျွန်တော် အပြင်မှာစောင့်နေပါ့မယ်"

ငှက်ကျွန်က. . . .

"အခုမှ မိုးမချုပ်သေးဘဲ ရှင်နေချင်ရင် နေနိုင်ပါသေးတယ်"



ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်ထွက်သွားမှဖြစ်မယ်. . . နို့မဟုတ်ရင် ကျုပ်အိတ်ထဲမှာပါတဲ့ပစ္စည်းတစ်ခုဟာ ထွက်သွားနိုင်တယ်ဗျ"

ငှက်ကျွန်က မျက်တောင်တစ်ချက်ခတ်လိုက်သည်။

"ဘာပစ္စည်းများလဲ"

ဝမ်းဖုန်းက. . . .

"သိပ်တော့တန်ဖိုးမရှိပါဘူး. . . ပုလဲတစ်လုံးပါ"

ဝမ်းဖုန်းသည် အိတ်ထဲမှ ကတ္တီပါအိတ်ကလေးကို နှိုက်ယူလိုက်သည်။

ထို့နောက် စားပွဲပေါ်သို့ သွန်ချလိုက်လေသည်။

လှပ၍ အရောင်တောက်ပသော ပုလဲတစ်လုံးသည် စားပွဲပေါ်သို့ကျသွားလေသည်။

◈◈◈

အလွန်လှပပြီး အရောင်တောက်ပသောပုလဲကို လောကပေါ်၌ မည်သည့်မိန်းကလေးမဆို လိုချင်မက်မောနေမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်သည် မိန်းကလေးဖြစ်သည့်အလျောက် ထိုပု လုံးအား တွေ့မြင်လိုက်သည်နှင့် သူမ၏မျက်ဝန်းအစုံသည် ရွှန်း လက်တောက်ပသွားလေသည်။

သူမသည် ဖြူဖွေး၍ နုအိသောလက်ချောင်းနှစ်ချောင်း ဖြင့် ပုလဲကို ကောက်ယူလိုက်လေသည်။

ဝမ်းဖုန်းသည် တိတ်ဆိတ်စွာရပ်လျက် သူမအား အကဲ ခတ်ကြည့်နေ၏။

ငှက်ကျွန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင်. . . ကျွန်မ မထင်မိပါဘူးရှင်"

ဝမ်းဖုန်းက. . . .

"ဘာကိုမထင်မိတာလဲ"

ငှက်ကျွန်က. . . .

"ရှင့်လိုလူရဲ့ကိုယ်ပေါ်မှာ ဒီလောက်တန်ဖိုးရှိတဲ့ပုလဲတစ် လုံးပါလိမ့်မယ်လို့ မထင်မိလို့ပါ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဟုတ်တယ်. . . ဒါ ကျုပ်ပစ္စည်းမှမဟုတ်ဘဲ သူများဆီ က ခိုးလာတာပါ"

ငှက်ကျွန်က ပြုံးလိုက်သည်။

"ခိုးလာတဲ့ပစ္စည်းကို ကျွန်မ ပိုတောင်ကြိုက်သေးတယ်"



ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

"ခိုးလာတဲ့ပစ္စည်းဟာ ချားသောအားဖြင့် တန်ဖိုးရှိတဲ့မို့

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

ငှက်ကျွန်သည် သူ့အား ပြုံးပြလိုက်ပြီး. . . .

"ရှင် အခု ဒီမှာနေလို့ရပါပြီရှင်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ကျုပ်သူငယ်ချင်းတော"

ငှက်ကျွန်က. . . .

"ရှင် သဘောပါပဲလေ"

ဝမ်းဖုန်းက. . . .

"အခန်းထဲမှာ ခေါင်းတစ်လုံးထားတာကို လက်ခံတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"ဒီလိုပုလဲမျိုးပေးနိုင်တဲ့လူဆိုရင် သူကနေသည်ဖြစ်စေ သေတ်ရှင်နေသည်ဖြစ်စေ ကျွန်မ ကျေနပ်လက်ခံရမှာပဲ"

ဝမ်းဖုန်းသည် သူမအား အကဲခတ်ကြည့်နေ၏။

ဤမိန်းကလေးသည် အလွန်ချစ်စရာကောင်းသောမိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် ဖြစ်သည်။

အလွန်လည်း ကြောက်စရာကောင်းသော မိန်းကလေး ဖြစ်သည်။

◈◈◈

ထူးဆန်းသည့်အဖြစ်အပျက်. . . .

ဝမ်းဖုန်းသည် နံရံပေါ်မှပန်းချီကားချပ်အား သေချာ ကြည့်နေ၏။

ငှက်ကျွန်သည် သူ၏ရင်ခွင်ထဲသို့ တိုးဝင်နေ၏။

ဝမ်းဖုန်းက. . . .

"မင်းရဲ့နံရံပေါ်မှာ ဘာဖြစ်လို့ ဒီလောက်ကြောက်စ ကောင်းတဲ့ပန်းချီကားချပ်တွေ ရေးဆွဲထားရတာလဲ"

ငှက်ကျွန်က ပြုံးလိုက်သည်။

"ဒါကတော့ ကျွန်မအခန်းထဲဝင်လာတဲ့ ယောက် မှန်သမျှ ထိတ်လန့်တုန်လှုပ်သွားအောင် ရေးဆွဲထားတာပါ"

ဝမ်းဖုန်းက. . . .

"ဒီပန်းချီကားချပ်က ဘာကိုဖော်ပြထားတာလဲ"

ငှက်ကျွန်က. . . .



"ရှိရှိသမျှ သရဲတစ္ဆေတွေဟာ မင်းသားလေးရဲ့မွေးနေ့ကို ပြီး ပူဇော်တဲ့ပုံပါပဲ"

သူမသည် ပန်းချီကားချပ်ပေါ်မှာရှိသော လူငယ်၏ရုပ် ညွှန်ပြလိုက်သည်။

"သူဟာ ဘီလူးမင်းသားလေးပေါ့"

ဝမ်းဖုန်းက. . . .

"ဘီလူးဆိုတာ ကြောက်စရာကောင်းတယ်လို့သာ ကြား တယ်. . . မင်း ဘီလူးမင်းသားလေးက တော်တော်ရုပ်ချောပါ"

ငှက်ကျွန်က. . . .

"ဒါကတော့ ကျွန်မစိတ်ထဲမှာ ဘီလူးမင်းသားလေးရုပ် တာကိုလိုချင်လို့ ပန်းချီဆရာက ကျွန်မစိတ်ကြိုက်ဆွဲပေး တာပါ"

ဝမ်းဖုန်းက. . . .

"အဲဒီကြက်တူရွေးဟာ ဘာကြောင့်အနီရောင်ခြယ်ထား လဲ"

ငှက်ကျွန်က. . . .

"သူက သွေးအစက်ပေါက်များစွာနဲ့ ဖန်ဆင်းထားတဲ့အ အနီရောင်ကြက်တူရွေးဖြစ်တာပေါ့"

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"အဲဒီကြက်တူရွေးရဲ့အနီးတစ်ဝိုက်မှာ ငှက်ကလေး(၁၃) ကောင် ဘာဖြစ်လို့ဝိုင်းရံထားရတာလဲ"

ငှက်ကျွန်က. . . .

"ဒါတွေက ကြက်တူရွေးရဲ့ ကျေးကျွန်တွေပါပဲ"

ဝမ်းဖုန်းက. . . .

"ဒါနဲ့မင်းနာမည် ဘာဖြစ်လို့ ငှက်ကျွန်လို့နာမည်ပေး ထားရတာလဲ"

ငှက်ကျွန်က ပြုံးလိုက်သည်။

"ကျွန်မကလဲ သူ့ရဲ့ကျေးကျွန်ဖြစ်ချင်လို့ ငှက်ကျွန်လို့နာ မည်ပေးထားတာပါ"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ငှက်ကျွန်ဟာ ၁၃ ကောင်ပဲလား"

ငှက်ကျွန်က. . . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် ငှက်ကျွန်အဖြစ် ကျောက် တုံးကလေးတွေ ရှိသေးတယ်ရှင့်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုကျောက်တုံးကလေးလဲ၊ အနီရောင်ကျောက် တုံးကလေး ဟုတ်လား"



ငှက်ကျွန်က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်. . . သွေးကြက်တူရွေးဖန်ဆင်းခဲ့တဲ့ သွေး တ်များအချို့ဟာ သွေးစက်ပိုလျှံနေလို့ ကျောက်တုံးကလေးဖြစ် ွားကြတယ်လေ၊ ဒါကြောင့် ကျောက်တုံးကလေးများကလဲ နီရဲ တာပေါ့"

ဝမ်းဖုန်းသည် အနည်းငယ်စဉ်းစားလိုက်သည်။

"အတော်ပဲ. . . မင်းကို ငါပစ္စည်းတစ်ခု ပြရဦးမယ်"

ငှက်ကျွန်က. . . .

"ဘာများလဲ"

ဝမ်းဖုန်းအိတ်ထဲမှ ကျောက်တုံးကလေးကို နှိုက်ယူလိုက်

. . . .

"မင်းပြောတဲ့ကျောက်တုံးကလေးဟာ ဒါမျိုးလား"

ငှက်ကျွန်၏မျက်နှာတစ်ခုလုံးသည် ကွက်ကနဲပျက်သွား သည်။

သူမ၏မျက်လုံးအစုံသည် ဝမ်းဖုန်းအား စိုက်ကြည့်နေ

သူမစိုက်ကြည့်ပုံမှာ ဝမ်းဖုန်းအား အစိမ်းလိုက်ဝါးစား လား ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဝမ်းဖုန်းသည် ရင်ထိတ်ကာ နောက်သို့တစ်လှမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်သွားမိသည်။

ငှက်ကျွန်က အခန်းတံခါးကိုပိတ်၍ ရပ်လိုက်ပြီး. . . .

"မှန်မှန်ပြောစမ်း. . . ရှင် ဘယ်သူလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်နာမည် ဝမ်းဖုန်းပါ"

ငှက်ကျွန်က ရုတ်တရက် အားရပါးရရယ်မောလိုက်သည်။

"ရှင် ကျွန်မကိုလိမ်နေတာ"

သူမသည် တဟားဟားရယ်မောလိုက်ပြီး. . . .

"ရှင့်နာမည်က ဝမ်းတုံစိမ်းဆိုတာ ကျွန်မသိပါတယ် . . . ရှင် ဘာပြောချင်သေးလဲ"

သူမသည် ပြောရင်း သူ၏လက်နှစ်ဖက်ဖြင့် ဝမ်းဖုန်း၏ လည်ပင်းကို တအားညှစ်လိုက်သည်။

ဝမ်းဖုန်းက လက်ဝါးဖြင့်ရိုက်ချလိုက်ရာ. . . .

"ဖြန်း. . . ."

ငှက်ကျွန်သည် နောက်သို့တစ်ချက်ယိမ်းယိုင်သွားပြီး လျှင် ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

◈◈◈



ည. . . .

အေးချမ်း၍ တိတ်ဆိတ်သောညဖြစ်သည်။

ဝမ်းဖုန်းသည် ကုတင်ဘေးတွင်ထိုင်၍ သတိမေ့နေသော ငှက်ကျွန်ကို စိုက်ကြည့်နေ၏။

အတန်ကြာမှ ငှက်ကျွန်က သတိပြန်လည်ရရှိလာလေသည်။

သူမသည် မျက်လုံးဖွင့်လိုက်သောအခါ ဝမ်းဖုန်းထိုင်နေသည်ကို တွေ့လိုက်ရသဖြင့်. . . .

"ကျွန်မ. . . ကျွန်မ ဘာဖြစ်သွားတာလဲရှင်"

ဝမ်းဖုန်းက အားတုံ့အားနာဖြင့်. . . .

"မင်း ခုနက စိတ်အတော်လှုပ်ရှားနေလို့ ငါက မင်းကို ရိုက်မိတာပါ"

ယခုမှ ငှက်ကျွန်က သူမ၏ပါးပြင်ကို လက်ဝါးဖြင့် အသာအယာ ပွတ်မိသည်။

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"တော်တော် နာသွားသလား"

ငှက်ကျွန်က ခေါင်းခါယမ်းပြပြီးထထိုင်လိုက်သည်။ ရုတ်တရက် သူမသည် တစ်စုံတစ်ခု သတိရလာလေသည်။

"ရှင့်ပုလဲကော"

သူမမေးလိုက်တော့မှ ဝမ်းဖုန်းက ထိုပုလဲလုံးကို သတိရလာလေသည်။

သူသည် စားပွဲပေါ် နှင့်ကြမ်းပြင်ပေါ် သို့ ဝေ့ကြည့်လိုက်ရာ ပုလဲကို မတွေ့ရတော့ပါ။

"ဟုတ်တယ်. . . ပုလဲက ဘယ်ရောက်သွားမှန်းမသိဘူး"

ငှက်ကျွန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်က ကျွန်မကိုပေးထားပြီပဲ. . . ပျောက်သွားတာတော့ ကျွန်မကံပေါ့"

ဝမ်းဖုန်းသည် နံရံပေါ်မှ ပန်းချီကားချပ်ကို ထပ်မံကြည့်လိုက်သည်။

"ဒီပန်းချီကားချပ်ကို ဘယ်သူကဆွဲပေးတာလဲ"

ငှက်ကျွန်က. . . .

"အဘိုးကြီးတစ်ယောက်ပါ"

ဝမ်းဖုန်းက. . . .



"ဒီပန်းချီကားချပ်ပေါ်က အကြောင်းအရာတွေကို ဘယ်သူကပြောပြတာလဲ"

ငှက်ကျွန်က. . . .

"အဲဒီအဘိုးကြီးပဲ ပြောပြတာပေါ့"

ဝမ်းဖုန်းက. . . .

"အဲဒီအဘိုးကြီးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

ငှက်ကျွန်က အနည်းငယ်စဉ်းစားလိုက်ပြီး. . . .

"သူ့နာမည် ဘယ်လိုခေါ်သလဲဆိုတာ မမှတ်မိတော့ဘူး။ သူဟာ 'ကို့'အမျိုးအနွယ်ဆိုတာတော့ သိတယ်"

ဝမ်းဖုန်းက. . . .

"သူ့နာမည်က 'ကို့မင်း'မဟုတ်ဘူးလား"

ငှက်ကျွန်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး. . ဒါပေမယ့် သူ့ရဲ့ညီအစ်ကိုတစ်ယောက်က 'ကို့မင်း'လို့ခေါ်တယ်ဆိုတာတော့ မှန်တယ်"

ဝမ်းဖုန်း၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။ သူမက စကားဆက်လိုက်ပြန်သည်။

"အဲဒီ ကို့မင်းဆိုတဲ့လူဟာ သေွးကြက်တူရွေးကို တွေ့ခဲ့တယ်လို့ ပြောတယ်"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီအကြောင်းတွေသိတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"သိတာပေါ့. . . ဒွေးကြက်တူရွေးဟာ ခုနစ်နှစ်မှ တစ်ကြိမ် လူ့ပြည့်ဆင်းတယ်လို့ ပြောတယ်၊ အခုနှစ်ဆိုရင် ဒွေးကြက်တူရွေး လူ့ပြည်ဆင်းတဲ့နှစ်ပါပဲ"

ဝမ်းဖုန်းက. . . .

"ဒါကြောင့် မင်းကိုယ်မင်း ငှက်ကျွန်ဆိုပြီး သူ လူ့ပြည်ဆင်းလာတာကို စောင့်မျှော်နေတယ်ပေါ့ ဟုတ်လား"

ငှက်ကျွန်က ဝန်ခံလိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်မက ဒီအကြောင်းနဲ့ပတ်သက်ပြီး စိတ်ဝင်စားလို့ပါ"

ဝမ်းဖုန်းက. . . .

"မင်း တကယ်ယုံသလား"

ငှက်ကျွန်က. . . .

"ရှင်ကော"

ဝမ်းဖုန်းက. . . .

"ကျုပ်. . . ကျုပ်မသိဘူး"

◈◈◈



လောကပေါ်တွင် လျှို့ဝှက်ဆန်းကြယ်သောအဖြစ်အပျက်များကို သိပ္ပံနည်းဖြင့်ဖြေရှင်း၍ မရနိုင်သော အကြောင်းအရာများ များစွာရှိလေသည်။

အချို့မှာမူ အံ့ဩဖွယ်ရာကောင်းအောင် မယုံကြည်ဘဲ နေနိုင်အောင်ဖြစ်ပျက်ခဲ့သည် မဟုတ်ပါလော။

ဝမ်းဖုန်းသည် ယင်းကိစ္စအား မယုံကြည်ပါ။

သို့သော် ယုံကြည်လာသလိုလိုဖြစ်နေ၏။

◈◈◈

လေတစ်ချက်ဝှေ့ယမ်းလိုက်၏။

လွတ်နေသောငှက်လှောင်အိမ်သည် ပြတင်းပေါက်အနားတွင် ယိမ်းယိုင်နေ၏။

ငှက်ကျွန်က. . . .

"အဲဒီငှက်လှောင်အိမ်ထဲမှာ နဂိုက ကြက်တူရွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီးမွေးထားပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ကြက်တူရွေး ရာကို သွေးကြက်တူရွေးကလာလိမ့်မယ်လို့ ကျွန်မထင်လို့ပါ”

ဝမ်းဖုန်းက. . . .

“ခက်တာက သူတို့အားလုံး သေကုန်ကြပြီ”

ငှက်ကျွန်က သက်ပြင်းအသာအယာချလိုက်သည်။

“သိပ်ပြီး အံ့ဩစရာကောင်းပါတယ်ရှင်”

ဝမ်းဖုန်းက. . . .

“ခုနစ်လ လဆန်း တစ်ရက်နေ့ညမှာ သေကုန်ကြတယ် ဟုတ်လား”

ငှက်ကျွန်က ခေါင်းညိတ်လိုက်သည်။

သူမသည် ရုတ်တရက် ခေါင်းမော့လိုက်သည်။

“ရှင်က ဘယ်လိုလုပ်သိသလဲ”

ဝမ်းဖုန်းက သက်ပြင်းချလိုက်သည်။

“ကျုပ်သိထားတာတွေ အများကြီးရှိတယ်ဗျ”

ငှက်ကျွန်က. . . .

“ဒီမှာ သွေးကြက်တူရွေးရောက်လာမယ်လို့ ရှင်ထင်မှတ် မိလို့ ဒီကိုလာတာလား”

ဝမ်းဖုန်းက. . . .

“မဟုတ်ဘူး”



ငှက်ကျွန်က. . . .

“ဒါဖြင့် ရှင်က ဘာကိစ္စနဲ့လာတာလဲ”

ဝမ်းဖုန်းက. . . .

“ကျုပ် သူငယ်ချင်းအတွက်ပေါ့”

သူသည် မြေပေါ်မှခေါင်းအား တစ်ချက်ကြည့်ပြီး . . .

“သူလဲ သိပ်ပြီးသနားစရာကောင်းပါတယ်. . . ဒါ ကြောင့် သူ့အလောင်းကို သူ့ရဲ့မွေးရပ်ဌာနေကို ပို့ပေးဖို့ စိတ်ကူးမိ တယ်”

ငှက်ကျွန်က. . . .

“ရှင်က သူ့အလောင်းကို လိုက်ပို့မလို့ကိုး”

ဝမ်းဖုန်းက. . . .

“သူ့မှာ မိတ်ဆွေများများမရှိဘူး. . . ကျုပ်ကလဲ အ [illegible]ရှိ အားတယ်ဆိုတော့. . . ”

သူသည် ငှက်ကျွန်ကိုကြည့်လိုက်သည်။

“ကျုပ်ကိုတစ်ခု ကူညီပါလားဗျာ”

ငှက်ကျွန်က. . . .

“ပြောပါရှင်”

ဝမ်းဖုန်းက. . . .

“နံရံပေါ်မှာရှိတဲ့ ပန်းချီကားများကို ဖျက်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ... ဒါမှမဟုတ် ထုံးဖြူနဲ့သုတ်လိုက်ပါ”

ငှက်ကျွန်က....

“ဘာဖြစ်လို့လဲ”

ဝမ်းဖုန်းက....

“ကျုပ် မကြိုက်လို့ပါ”

ငှက်ကျွန်က သူ့ကိုစိုက်ကြည့်လိုက်သည်။

“ကျွန်မက ရှင့်စကားနားထောင်ရင် ရှင် ဒီမှာနေခဲ့မှာလား”

ဝမ်းဖုန်းက....

“ကျုပ်... ကျုပ် အနည်းဆုံး ဒီမှာ ခပ်ကြာကြာနေမှာပေါ့”

ငှက်ကျွန်က ထခုန်လိုက်သည်။

“ဒါဖြင့် ကျွန်မ အခုပဲထုံးဖြူသွားဝယ်ပါ့မယ်”

ဝမ်းဖုန်းက ဟန့်တားလိုက်သည်။

“မင်း အိပ်နေပါ... ကျုပ် သွားဝယ်ပါ့မယ်”

သူသည် ငှက်ကျွန်၏ခေါင်းကို အသာအယာပုတ်လိုက်ပြီး....

“မင်း စိတ်ချလက်ချအိပ်ပါ... ကျုပ်မိတ်ဆွေအဖော်ရှိပါတယ်၊ မည်သူကမှ မင်းကို မနှောက်ယှက်ရဲဘူး”



ငှက်ကျွန်က မျက်မှောင်ကုပ်သွားသည်။

“မဖြစ်နိုင်တာရှင်”

ဝမ်းဖုန်းက ပြုံးလိုက်သည်။

“ကျုပ် အဟုတ်ပြောနေတာ... ကျုပ်သူငယ်ချင်းက အသက်ရှင်တဲ့အချိန်မှာ အားလုံးက သူ့ကိုကြောက်တယ်၊ အခု သူသေတဲ့အခါမှာလဲ အားလုံးက သူ့ကိုကြောက်ရမှာပဲ”

ငှက်ကျွန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

“သူက ကျွန်ကိုဒုက္ခပေးမှာလားရှင်”

ဝမ်းဖုန်းက....

“မပေးပါဘူး”

သူသည်ပြုံးပြီး စကားဆက်လိုက်သည်။

“သူက ငါ့ရဲ့သူငယ်ချင်းမဟုတ်လား... မင်းကလဲ ငါ့သူငယ်ချင်းဆိုတော့ သူက ဘယ်ဒုက္ခပေးမှာလဲ”

ငှက်ကျွန်က ရယ်မောလိုက်သည်။

“ကောင်းပါပြီ... အခု သူက ခေါင်းထဲက ထလာတာတောင် ခြေထောက်မကြွပါဘူးရှင်”

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



ညနေ. . . .

မှောင်စပျိုးလာပြီဖြစ်ရာ ကြက်တူရွေးဂေဟာသည် ဧ
တင် စည်ကားလာသည်။

ခြံဝင်းထဲ၌ တူရိယာတေးသံများနှင့် ဖိုမတို့၏ရယ်မော
သံများသည် ဆူညံစွာ ထွက်ပေါ်နေ၏။

အမျိုးသမီးနှင့် အမျိုးသားတို့သည် ခြံဝင်းအတွင်း သူ့အ
တွဲနှင့်သူထိုင်ကာ စကားတီးတိုးပြောရင်း စားသောက်နေကြ
သည်။

တေးသံများသည် တငြိမ့်ငြိမ့်ပေါ်ထွက်နေသဖြင့် ထို
နေရာသို့ရောက်ရှိသောသူများသည် လောကစည်းစိမ်ကို အပြည့်
အဝ ခံစားနေကြလေသည်။

ဝမ်းဖုန်းသည် ငှက်ကျွန်အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့်
ထွက်လာသည်။

သူသည် ထိုဖိုမစုဝေးရာခြံထဲသို့ လှမ်းဝင်လိုက်သည်။

ကြုံရာစားပွဲပေါ်မှ အရက်များကိုယူ၍ သောက်လိုက်
၏။



ထို့နောက် လွတ်နေသော အရက်အိုးတစ်လုံးကို အ
ဝေးသို့ လွှင့်ပစ်လိုက်လေသည်။

"ချွမ်း. . . ."

အရက်အိုးသည် အစိတ်စိတ်အမွှာမွှာ ကွဲသွား၏။

ဥယျာဉ်ထဲ၌ ကိုယ့်စိတ်ကူးနှင့်ကိုယ် ရှိနေကြသောလူ
များသည် ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် ဝမ်းဖုန်းဘက်သို့ လှည့်
ကြည့်ကြလေသည်။

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

သူသည် အမျိုးသမီးတစ်ယောက်နှင့် တီးတိုးစကားပြော
သောလူ၏ အင်္ကျီစအား ဆွဲလိုက်သည်။

"ဟေ့. . . ထုံးဖြူ ဘယ်မှာရောင်းသလဲဗျ"

ထိုလူက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟို. . . ဟိုဘက်မှာပါ"

ဝမ်းဖုန်းက. . . .

"မင်း လိုက်ပို့"

ဝမ်းဖုန်းသည် ယင်းသို့ပြောပြီး ထိုသူအားဆွဲကာ ကြက်
တူရွေးဂေဟာမှ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဓားကောက်

လမ်းကြားကလေးမှ ထွက်လာသောအခါ လမ်းမကြီး တစ်ခုသို့ ရောက်ရှိလာသည်။

ဤလမ်းသည် ဤမြို့ကလေး၏ တစ်ခုတည်းသော လမ်းမကြီး ဖြစ်သည်။

ဝမ်းဖုန်းသည် ၎င်းမြို့ကလေးမှာ အလွန်စည်ကားပြီး အလွန်ကြီးကျယ်သော မြို့တစ်မြို့မဟုတ်မှန်း သတိပြုမိလေ သည်။

မြို့ကြီးတစ်မြို့မဟုတ်ဘဲ ကြက်တူရွေးဂေဟာကဲ့သို့ နေ ရာကြီးရှိသည်က အံ့ဩဖွယ်ရာ မဟုတ်ပါလော။



ဝမ်းဖုန်းဆွဲခေါ်လာသောလူသည် ထိတ်လန့်တုန်လှုပ် ...ရှိပါ။ အတွေ့အကြုံရင့်ကျက်သော လူတစ်ယောက်နှင့် တူ ...သည်။

ယခု သူ့ကိုယ်သူမိတ်ဆက်ပေးနေ၏။

"ကျုပ်နာမည် 'အန်ကူးဟို'ပါ"

ဝမ်းဖုန်းက မျက်နှာတင်းတင်းထားပြီး. . .

"ဒီနာမည် မကောင်းဘူး"

အန်ကူးဟိုက ပြုံးလိုက်သည်။

"ဟုတ်ကဲ့. . . ဒါပေမယ့် ဒါထက်ကောင်းတဲ့နာမည်ကို ...စဉ်းစားမရလို့ပါ"

ဝမ်းဖုန်းသည် ထိုလူ၏တည်ငြိမ်ပုံအား ကျိတ်၍ ချီးကျူး ...သည်။

"မင်း ဘာအလုပ်လုပ်သလဲ"

အန်ကူးဟိုက. . .

"ကျုပ်က သယ်ယူပို့ဆောင်ရေး ရဲစခန်းမှူးပါ"

ဝမ်းဖုန်းက အံ့ဩသွားသည်။

"မင်းပုံစံကြည့်ရတာ အရာရှိတစ်ယောက်နဲ့မတူပါလား"

အန်ကူးဟိုက. . .

"စခန်းမှူးဟာ အရာရှိမဟုတ်ပါဘူး"

ဝမ်းဖုန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



“မင်းရုပ်ရည်နဲ့ဆိုရင် အတော်ကြီးတဲ့ အရာရှိတစ်ယောက်ဖြစ်ဖို့ သင့်တာပေါ့”

အန်ကူးဟိုက ပြုံးလိုက်သည်။

“ဟုတ်ကဲ့. . . ဒါပေမယ့် အထက်က ခင်ဗျားလို စဉ်းစားမိမှာ မဟုတ်ဘူး”

ဝမ်းဖုန်းက. . . .

“စခန်းမှူးအလုပ်ဟာ သေးသေးလေးပါ. . . ခင်ဗျားလုပ်နိုင်ပါသလား”

အန်ကူးဟိုက. . . .

“ဒီနေရာမှာ ရာသီဥတုကောင်းတယ်. . . အမှုအခင်းလဲ နည်းတယ်၊ နောက်ပြီး ကျုပ်ကိုကျွေးမွေးတဲ့လူ များတယ် . . . ဒါကြောင့် စခန်းမှူးရာထူးက အဆင့်နိမ့်ပေမယ့် စားသာပါတယ်”

ဝမ်းဖုန်းက. . . .

“ဒီနေရာမှာ မင်း ရာထူးအကြီးဆုံး ဟုတ်လား”

အန်ကူးဟိုက. . . .

“ကျုပ်ထက်ကြီးတဲ့လူတစ်ယောက် ရှိသေးတယ်”

ဝမ်းဖုန်းက. . . .

“သူက ဘယ်သူလဲ”

အန်ကူးဟိုက. . . .



“ဝူးတင့်ဝမ်းပါ”

ဝမ်းဖုန်းက. . . .

“သူက ဘာရာထူးလဲ”

အန်ကူးဟိုက. . . .

“သူက ဒီမြို့ရဲ့မျက်နှာဖုံးပါ”

ဝမ်းဖုန်းက. . . .

“ဒါဖြင့် သူက အရာရှိမဟုတ်ဘူးပေါ့”

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

“သူက အရာရှိမဟုတ်ပေမယ့် ဒီမြို့ရဲ့မြေတစ်ဝက်ဟာ သူပိုင်တယ်ဗျ”

ဝမ်းဖုန်းက. . . .

“ဟုတ်လား. . . ဒါဖြင့် သူက တော်တော်ချမ်းသာတာပေါ့”

အန်ကူးဟိုက. . . .

“ဟုတ်ကဲ့ ဒီမြို့ထဲမှာ သူနဲ့တန်းတူရည်တူ ချမ်းသာတာ တစ်ယောက်ရှိသေးတယ်”

ဝမ်းဖုန်းက. . . .

“ဘယ်သူလဲ”

အန်ကူးဟိုက. . . .

“လိတလျှံပါ”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"သူက မိန်းမတစ်ယောက်မဟုတ်လား"

အန်ကူးဟိုက. . . .

"ဟုတ်တယ်. . . သူလို မိန်းမမျိုးကို ခင်ဗျားတွေ့ဖူးမှာ မဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"သူတော်တော်လှတယ် ဟုတ်လား"

အန်ကူးဟိုက. . . .

"လှရုံမကဘူး. . . အလုပ်လဲ တော်တော်လုပ်နိုင်တယ် ပြောစရာရှိတာကတော့ သူဟာ နည်းနည်းအသက်ကြီးပြီ"

ဝမ်းဖုန်းက. . . .

"အသက် ဘယ်လောက်ရှိပြီလဲ"

အန်ကူးဟိုက. . . .

"အသက် ဘယ်လောက်ကြီးသလဲဆိုရင် သူ့သမီးတောင် တော်တော်ကြီးပြီ"

ဝမ်းဖုန်းက. . . .

"သူ့မှာသမီးရှိတယ် ဟုတ်လား"

အန်ကူးဟိုက. . . .

"ရှိတယ်လေ. . . ခင်ဗျားလဲ သူ့ကိုတွေ့ဖူးမှာပေါ့"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။



အန်ကူးဟိုက စကားဆက်လိုက်သည်။

"ခင်ဗျား အခုလာတာလဲ သူ့သမီးအခန်းက ထွက်လာတာမဟုတ်လား"

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

အန်ကူးဟိုက. . . .

"ဒီမှာရှိတဲ့လူအားလုံးဟာ လိတလျှံကိုကြောက်တယ် . . . သူ့သမီးပဲ မကြောက်တာ"

ဝမ်းဖုန်းက. . . .

"သူက သူ့သမီးကိုမနိုင်ဘူး ဟုတ်လား"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"မနိုင်လို့လဲ သူ့သမီးဟာ ကြက်တူရွေးဂေဟာ ရောက်လာပေါ့"

◈◈◈

လမ်းမပေါ်တွင် လမ်းမီးများ ထိန်ထိန်လင်းနေသော်လည်း လမ်းသွားလမ်းလာသူများသည် နည်းပါးနေ၏။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့ဒီမြို့မှာ လူဦးရေတော်တော်များသလား"

အန်ကူးဟိုက. . . .

www.burmeseclassic.com

www.burmeseclassic.com



"သန်းကောင်စာရင်းအရ စုစုပေါင်း (၈၃)အိမ်ထောင်ပဲ ရှိပါတယ်"

ဝမ်းဖုန်းက. . . .

"ဗျာ. . . (၈၃)အိမ်ထောင်စုရှိတဲ့ ဒီမြို့ကလေးဟာ ကြက်တူရွေးဂေဟာလို နေရာမျိုးရှိနေတာ အံ့ဩစရာကောင်းတယ်ဗျ"

အန်ကူးဟိုက ပြုံးလိုက်သည်။

"ဒါကတော့ လူတစ်ယောက်က တာဝန်ယူထားလို့ပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူလဲဗျ"

အန်ကူးဟိုက. . . .

"ဝူးတင့်ဝမ်းပါ"

သူသည် ခြေလှမ်းရပ်တန့်ပြီး ဆိုင်တစ်ဆိုင်အား ညွှန်ပြလိုက်သည်။

"ခင်ဗျားလိုချင်တဲ့ထုံးဖြူဟာ ဒီဆိုင်မှာ ရောင်းပါတယ်ဗျာ"

ဝမ်းဖုန်းသည် အန်ကူးဟိုလက်ကိုဆွဲကာ ၎င်းဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

◈◈◈



၎င်းဆိုင်သည် ကုန်မျိုးစုံဆိုင်တစ်ဆိုင်ဖြစ်သည်။

ကုန်ပစ္စည်းများသည် အမျိုးစုံလှပေသည်။

ဝမ်းဖုန်းသည် ဆိုင်ထဲသို့ ဝင်ရောက်သွားသည်နှင့် ထို ...ပြားလှသော ကုန်ပစ္စည်းများကိုကြည့်ကာ ငေးငိုင်သွားလေ သည်။

သို့သော် ဆိုင်ထဲ၌ လူတစ်ယောက်မှ မတွေ့ပါ။

အန်ကူးဟိုက အသံကျယ်လောင်စွာဖြင့်. . . .

"ဟေ့. . . သန်ကောင် ဈေးဝယ်တဲ့လူရောက်နေတယ်

သူသည် ဝမ်းဖုန်းအား ရှင်းပြလိုက်သည်။

"သန်ကောင်ဆိုတာ ဒီဆိုင်ပိုင်ရှင်ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"သူ့နာမည်က အဆန်းပဲ. . . ဘယ့်နှယ်ကြောင့် သန် ...ကောင်လို့ ခေါ်ရတာလဲ"

အန်ကူးဟိုက. . . .

"ဒီလိုပါ သူ့မသိတာ မရှိသလောက်ဘဲ. . . ဗိုက်ထဲက

www.burmeseclassic.com

www.burmeseclassic.com



သန်ကောင်နဲ့တူလို့ သူ့ကို သန်ကောင်လို့ခေါ်ကြတာပါ"

လူတစ်ယောက်သည် ကုန်ပစ္စည်းကြားမှ တိုးထွက်လာရင်း. . .

"ကျုပ်မသိတဲ့ကိစ္စ ရှိပါသေးတယ်ဗျ"

ဝမ်းဖုန်းက လှည့်ကြည့်လိုက်သည်။

ဆံပင်ဖြူဖွေးသော အဘိုးအိုတစ်ယောက်သည် ခါးကုန်းကွကွဖြင့် ထွက်လာသည်ကို တွေ့ရလေ၏။

ယင်းအဘိုးအိုသည် သန်ကောင်နှင့်မတူပါ။ ပုစွန်ခြောက်တစ်ကောင်နှင့် တူလှပေသည်။

အန်ကူးဟိုက ပြုံးလိုက်သည်။

"ခင်ဗျား ဘာတွေကိုမသိတာလဲဗျ"

သန်ကောင်အဘိုးအိုက ရယ်မောလိုက်သည်။

"မင်းနဲ့လိတလျှံ ဘာတွေလုပ်တယ်ဆိုတာ ငါမသိဘူးကွ"

အန်ကူးဟိုသည် ပါးစပ်ပိတ်ထားလိုက်၏။

သန်ကောင်အဘိုးအိုက ဝမ်းဖုန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး. . .

"မင်း ဒီမြို့ကမဟုတ်ဘူးနဲ့ တူတယ်"

ဝမ်းဖုန်းကပြုံး၍ခေါင်းညိတ်ပြသည်။

သန်ကောင်အဘိုးအိုက. . .



"ထုံးဖြူဝယ်မှာက မင်းလား သူလား"

ဝမ်းဖုန်းက. . .

"ကျုပ်ပါ"

သန်ကောင်အဘိုးအိုက. . .

"ခင်ဗျားထုံးဖြူဝယ်ပြီး ဘာလုပ်မလို့လဲ"

ဝမ်းဖုန်းက. . .

"နံရံသုတ်မလို့ပါ"

သန်ကောင်အဘိုးအိုက. . .

"မင်း ဒီမြို့မှာနေမလို့လား"

ဝမ်းဖုန်းက. . .

"ဟုတ်ကဲ့"

သန်ကောင်အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်း ဒီနေရာမှာကြာကြာမနေနိုင်ပါဘူးကွာ. . . ဘယ်သူမှ ဒီနေရာမှာကြာကြာနေလို့ မရဘူး"

ဝမ်းဖုန်းက. . .

"ဘာဖြစ်လို့လဲ"

သန်ကောင်အဘိုးအိုက ရုတ်တရက် ပြန်လှည့်ကြည့်လိုက်၏။

"ထုံးဖြူ ဘယ်လောက်လိုချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်လဲ မသိဘူးဗျ"

သန်ကောင်အဘိုးအိုက. . . .

"မင်း သုတ်မဲ့အခန်းက ဘယ်လောက်ကျယ်လို့လဲ"

ဝမ်းဖုန်းက. . . .

"(၁၂)ပေလောက် ကျယ်မယ်လို့ထင်တယ်"

သန်ကောင်အဘိုးအိုက. . . .

"ဒါဖြင့် မင်းက နံရံတစ်ဖက်ပဲ သုတ်မှာပေါ့"

ဝမ်းဖုန်းက. . . .

"ဟုတ်ပါတယ်. . . နှစ်ခါထပ်သုတ်ရမှာပါ"

သန်ကောင်အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . လိတလျှံရဲ့သားမက်လုပ်ဖို့ သိပ်တော့ လွယ်ဘူးနော်၊ စဉ်းစဉ်းစားစား လုပ်ပါဦး"

ဝမ်းဖုန်းက. . . .

"ကျုပ်က လိတလျှံရဲ့သားမက် လုပ်မယ်လို့ ခင်ဗျား ဘာဖြစ်လို့ပြောရတာလဲ"

သန်ကောင်အဘိုးအိုက. . . .

"ကျုပ် ဘာမှမပြောပါဘူး. . . ဘာဆို ဘာမှမပြောပါဘူးဗျာ"



သူသည်လုံးဖြူများကို စက္ကူအိတ်ဖြင့်ထည့်ကာ ဝမ်းဖုန်းအား လှမ်းပေးလိုက်လေ၏။

ထိုစဉ်မှာပင် လူသုံးယောက် ထပ်မံရောက်ရှိလာသည်။

ထိုလူသုံးယောက်သည် အရက်များ လာရောက်ဝယ်ကြသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က မတ်တတ်ပင် ရပ်နိုင်အောင် မူးနေ၏။

သူသည် ဆိုင်ခန်းထဲဝင်လာသည်နှင့် ဝမ်းဖုန်းအား ဝင်ရောက်တိုက်မိလေသည်။

သူ့အဖော်များက သူ့အား ဖေးမလိုက်သည်။

"မတော်လို့ပါဗျာ"

ဟုလည်း ဝမ်းဖုန်းအား ပြုံး၍ တောင်းပန်လိုက်လေသည်။ ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ"

သူသည် ထိုအရက်မူးသမားနှင့် သူ့အား တောင်းပန်နေသောလူ၏လက်မှ ဓားနှစ်လက်သည် သူ၏ဝမ်းဗိုက်ထဲသို့ တိတ်ဆိတ်စွာ ထိုးသွင်းနေသည်ကို မသိလိုက်သည့်အလား ပြုံးနေ၏။

ထိုဓားနှစ်လက်သည် အလွန်ပါးပြီး အလွန်ထက်မြက်[illegible]

အလွန်ကျွမ်းကျင်သော လူသတ်သမားများကသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ဓားမျိုးကို အသုံးပြုတတ်ကြပေသည်။

ထိုလူနှစ်ယောက်သည် ယင်းဓားမျိုးအား အလွန်ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့်အပြင် သူတို့၏လှုပ်ရှားမှုမှာလည်း အလွန်လျင်မြန်လှသည်။

မည်သူမဆို သူတို့၏တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်မည်မဟုတ်ပါ။

သို့သော် ဤတစ်ကြိမ်သည် သူတို့က ဝမ်းဖုန်းကဲ့သို့သော သိုင်းသမားတစ်ယောက်နှင့် ရင်ဆိုင်နေရသဖြင့် သူတို့၏တိုက်ခိုက်မှုသည် မည်သို့မှ အစွမ်းမထက်တော့ပါ။

"ဝုန်း. . . ."

သူတို့၏ခန္ဓာကိုယ်သည် အဘယ်ကြောင့်မှန်းမသိ မြေပေါ်သို့ လွင့်စင်ကျသွားလေသည်။

ကျန်ရှိသော လူတစ်ယောက်သည် မျက်လုံးပြူးကျယ်စွာဖြင့် ဝမ်းဖုန်းအား ကြောင်၍ကြည့်နေ၏။

မြေပေါ်လဲကျသွားသော လူနှစ်ယောက်မှာ တစ်ယောက်က နံရိုး(၆)ချောင်းကျိုးပြီး တစ်ယောက်က(၄) ချောင်းကျိုးသွားလေသည်။

ဝမ်းဖုန်းသည် သူတို့အား ပြုံး၍ကြည့်နေတုန်းပင်. . . .

"ခင်ဗျားတို့ဟာ အတော်ကျွမ်းကျင်တဲ့ ဓားသမားတွေပါပဲ"



ရပ်နေသာလူသည် လဲကျနေသော လူနှစ်ယောက်အား သွားရောက်ဖေးမနေ၏။

ဝမ်းဖုန်းက ပြုံးလျက်. . .

"ဒါပေမယ့် ခင်ဗျားတို့အရက်မူးဟန်ဆောင်တာ သဘာဝကျဘူးကွ၊ ဘာဖြစ်လို့လဲဆိုရင် တကယ်အရက်မူးတဲ့လူရဲ့ မျက်လုံးက ကြောင်တောင်တောင်ဖြစ်ရမယ်ကွ"

ထိုလူများသည် ဆိုင်တဲမှလှမ်းထွက်မည်အပြုတွင် . . .

"ရပ်လိုက်စမ်း"

ဝမ်းဖုန်းက မျက်နှာထားတင်းတင်းဖြင့် ဟန့်တားလိုက်သည်။ ထိုလူများသည် ရပ်နေလေ၏။

ဝမ်းဖုန်းက. . .

"မင်းတို့ကို ဘယ်သူကခိုင်းတာလဲ"

ထိုစဉ်မှာပင် ဆိုင်ရှေ့မှ လူတစ်ယောက်၏အသံ ကြားရသည်။

"ကျုပ်ပါ. . . ."

ဝမ်းဖုန်းလှည့်ကြည့်လိုက်သောအခါ အနီရောင်အကျီ ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်အား တွေ့မြင်ရလေသည်။

"ခင်ဗျားက ကျုပ်ကိုသတ်ချင်တယ် ဟုတ်လား"

အဘွားအိုက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

အဘွားအိုက. . . .

"ငှက်ကျွန်ဟာ ပိုက်ဆံရှာရမယ့်ကွဲ. . . မင်းကိုယူလိုက်ရင် ဘယ်ကငွေရမှာလဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျားက သူနဲ့ဘာတော်သလဲ"

အဘွားအိုက. . . .

"ဘာတော်သလဲဆိုတော့ သူဟာ ကျုပ်ရဲ့နို့ကိုစို့ပြီး ကြီးလာတာကွဲ့"

ဝမ်းဖုန်းက အေးတိအေးစက်ဖြင့်. . . .

"ဒါနဲ့ပတ်သက်ပြီး ခင်ဗျား ကျုပ်ကိုသတ်ရလောက်အောင် အခြေအနေ မရောက်သေးပါဘူးဗျ"

ရုတ်တရက် အေးစက်သောအသံတစ်သံ ကြားရလေသည်။

"မင်းကိုသတ်ချင်တာ သူမဟုတ်ဘူး. . . ငါကွ"

◈◈◈



ဆိုင်ခန်းထဲသို့ လူတစ်ယောက် ထပ်မံဝင်ရောက်လာသည်။

လူငယ်တစ်ယောက်ဖြစ်သည်။

သူ့ကိုယ်ပေါ်တွင် အစိမ်းပုပ်ရောင် အင်္ကျီရှည်ဝတ်ဆင်ထားပြီး သူ့လက်ထဲတွင် ယပ်တောင်တစ်လက် ကိုင်ဆောင်ထားသည်။

ထိုလူငယ်သည် ရုပ်သွင်ချောမောသော်လည်း သူ့ဟန်မူမှာ အနည်းငယ် မိန်းမဆန်နေ၏။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘယ်သူလဲ"

လူငယ်က. . . .

"ကျုပ်က မေမေစုံရဲ့မွေးစားသားပါ"

ဝမ်းဖုန်းက. . . .

"မေမေစုံဆိုတာ ဘယ်သူလဲ"

လူငယ်က အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော အဘွားအိုအား ညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေစုံဆိုတာ သူပါ"

ဝမ်းဖုန်းက. . . .

"မင်းက ဘာဖြစ်လို့ ငါ့ကိုသတ်ချင်ရတာလဲ"

"ကျုပ်မနာလို ဝန်တိုဖြစ်လို့"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်သိပြီ. . . မင်းက ငှက်ကျွန်ကိုကြိုက်လို့ ဟုတ်လား"

လူငယ်က ခေါင်းညိတ်လိုက်သည်။

"သူက ကျုပ်ကိုကြိုက်နေတာကွ"

သူသည် ဝမ်းဖုန်းအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး. . . .

"အံ့ပါရဲ့ကွာ. . . မင်းက ငါ့ထက် ဘာများသာနေလို့လဲ"

ဝမ်းဖုန်းက. . . .

"နည်းနည်းတော့သာတယ်"

လူငယ်က. . . .

"ဘယ်နေရာမှာသာလို့လဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"မင်းနှာခေါင်းက ပြားလွန်းအားကြီးလို့ပါ"

လူငယ်သည် အမှတ်မထင် သူ့နှာခေါင်းအား စမ်းကြည့်လိုက်သည်။



သူ့နှာခေါင်းသည် အခြားယောက်ျားများနည်းတူ အရွယ်ရှိနေ၏။

ထိုအချိန်မှာပင် ဝမ်းဖုန်း၏လက်သီးသည် သူ့နှာခေါင်းသို့ ထိုးချလေသည်။

မေမေစုံသည် ဒေါသကြီးစွာဖြင့် ဝမ်းဖုန်းအားကြည့်ရင်း ဆိုင်ထဲမှ ထွက်လာလေသည်။

ထို့နောက် သူမသည် လမ်းမလယ်၌ ဒူးထောက်လိုက်သည်။

သူမလက်နှစ်ဖက်သည် ဆန့်တန်းလိုက်ပြီး ကောင်းကင်သို့မော့ကြည့်နေ၏။

သူမ၏နှုတ်ခမ်းမှလည်း တလှုပ်လှုပ်ဖြင့် ဝမ်းဖုန်းအားကြည့်၍ ဆိုနေသည်။

ဝမ်းဖုန်းသည် သူမအား လှည့်မကြည့်ဘဲ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားရာ လူတစ်ယောက်သည် သူနှင့်မျက်နှာချင်းဆိုင် လျှောက်လာသည်ကို တွေ့ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဝမ်းဖုန်းထံသို့ လျှောက်လာနေ၏။

သူ၏ခါးတွင် ဓားကောက်တစ်လက်ထိုးထားသည်။

သူသည် ဝမ်းဖုန်းရှေ့သို့ ရောက်ရှိသောအခါ ရပ်တန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းကလည်း ရပ်တန့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ဒီအဘွားကြီးက စုန်းကဝေမဖြစ်တယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့သူက ငှက်ကျွန်ရဲ့. . . ."

အနက်ရောင်ဝတ်ဆင်ထားသူက ကြားဖြတ်လိုက်သည်။

"သူက ဘာမှမဆိုင်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် သူက ဘာဖြစ်လို့ ကျုပ်ကို လာသတ်ချင်ရတာလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"မင်းကိုသတ်ချင်တဲ့လူဟာ သူလဲ မဟုတ်ဘူး. . . သူ့မွေးစားသားလဲ မဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘယ်သူလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"လီတလျှံပါ"

ဝမ်းဖုန်းက. . . .

"ငှက်ကျွန်ရဲ့မိခင် ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .



"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"သူက ကျုပ်ကိုသတ်မယ်ဆိုတာ မင်းသိတယ် ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ဟုတ်တယ်. . . ကျုပ်တစ်ယောက်ထဲသိတယ်"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"သူက မင်းကိုသတ်ဖို့ ကျုပ်ကို အခကြေးငွေ ပေးလိုက်လို့ပါ"

◈◈◈

လမ်းမပေါ်မှ အလင်းရောင်များသည် ရုတ်တရက် အနည်းငယ်မှောင်လာပြီဟု ထင်ရလေသည်။

လမ်းဝမှာရပ်နေသော မေမေစုံကို မတွေ့ရတော့ပါ။

ကုန်မျိုးစုံဆိုင်မှ မီးထွန်းထားသော်လည်း လူရိပ်တစ်ခုမှ မတွေ့ရပါ။

အမှန်ပြောရလျှင် အနီးတစ်ဝိုက်မှလူများသည် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှ မရှိတော့ပါ။

ဝမ်းဖုန်းနှင့် အနက်ရောင်ဝတ်ဆင်ထားသူသာ ရပ်လျက်ရှိနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"မင်းရဲ့လက်စွမ်းလက်စကို ကျုပ် ခုနက တွေ့လိုက်တယ်"

ဝမ်းဖုန်းက. . . .

"ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ခင်ဗျားရဲ့သိုင်းပညာ မညံ့ဘူး"

ဝမ်းဖုန်းက. . . .

"ကျေးဇူးတင်ပါတယ်"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"မင်းရဲ့သိုင်းပညာအခြေအနေအရ ကျုပ်ရဲ့တိုက်ကွက် (၁၀)ကွက်လောက်တော့ ရှောင်နိုင်မယ်လို့ထင်ပါတယ်"

ဝမ်းဖုန်းက. . . .

"(၁၀)ကွက်ဆိုတာ မနည်းပါလား"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"အလွန်ဆုံး(၁၂)ကွက်ပေါ့"

ဝမ်းဖုန်းက. . . .



"ဒါဖြင့်(၁၃)ကွက်မြောက်ဆိုရင် ကျုပ်က မယှဉ်နိုင်တော့ဘူးပေါ့"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ကျုပ်ရဲ့ဓားကွက်(၁၃)ကွက်မြောက်ကို ဘယ်သူကမှ ရှောင်တိမ်းလို့မရနိုင်ဘူး"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ဓားကို ကျုပ်မမှုသလိုဘဲ"

အနက်ရောင်ဝတ်ဆင်ထားသူက အံ့ဩသွားသည်။

"မင်း တကယ်မြင်ဖူးတယ် ဟုတ်လား"

ဝမ်းဖုန်းက. . . .

"မြင်ဖူးတာပေါ့. . . ဒီဓားကို ဘယ်လိုအသုံးပြုတယ်ဆိုတာ ကျုပ်သိထားပါတယ်"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ဘာကိုအသုံးပြုတယ်လို့ မင်းသိထားသလဲ"

ဝမ်းဖုန်းက. . . .

"ကိုလင်ရုပ်ကိုဖျက်ဖို့"

အနက်ရောင်ဝတ်ဆင်ထားသူသည် တည်ငြိမ်စွာ ရပ်နေ၏။ သူ၏မျက်နှာတစ်ခုလုံးမှာ အေးစက်ကြမ်းကြုတ်သည့်အသွင်များ ဆောင်နေသည်။

သူ၏မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်သောအ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်အယောင်များ ပေါ်လွင်နေသည်။

သူသည် ဝမ်းဖုန်းအား စိုက်ကြည့်နေပြီး သူ့ခါးကို ... ထုတ်လိုက်သည်။

◈◈◈

လခြမ်းပုံပမာရှိသော ဓားကောက်သည် ထူးခြားသော အလင်းရောင်တန်း ဝင်းလက်တောက်ပလာပြီး ဝမ်းဖုန်းအား ခုတ်ချလိုက်သည်။

ထိုလူ၏တိုက်ကွက်သည် အလွန်ထူးခြားပြီး တစ်မူထူး ခြားနေသည်။

အဘယ်ကြောင့်မှန်းမသိ ဝမ်းဖုန်းမှာ ကြောက်ရွံ့သော စိတ်များ ပေါ်လွင်လာလေသည်။

သူ့လက်တွင် အခြားလက်နက်မရှိပါ။ ထုံးအိတ်တစ် အိတ်သာ ကိုင်ဆောင်ထားသည်။

ထို့ကြောင့် သူက ထုံးအိတ်ဖြင့် ခံပေးလိုက်ရာ. . .

"ဖုတ်. . . ."

ဓားကောက်သည် ထုံးဖြူအိတ်ကိုခုတ်ချမိသဖြင့် ထုံးဖြူ များသည် ပလူပျံသွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် မည်သည့်အရာကို



... မမြင်မတွေ့လိုက်ရသဖြင့် သူသည် ဓားဖြင့် ကပျာကယာ ... ယမ်းကာ ကာကွယ်လိုက်ရလေသည်။

ရုတ်တရက် သူ့နောက်မှ အသံတစ်သံ ကြားလိုက်ရ သည်။

"ငါ့ရဲ့လက်နက်ပုန်းကို နည်းနည်းမြည်းကြည့်ပါဦး"

ဝမ်းဖုန်းအသံကို သူမှတ်မိသည်။

သူသည် နောက်သို့လှည့်ကြည့်မည်အပြုတွင် ကျောက် ...ာလေးတစ်တုံးသည် သူ့နောက်စေ့ကို ထိမှန်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် မြေပေါ်သို့ လဲကျ ...၏။

သူ့တစ်ကိုယ်လုံးသည် ထုံးဖြူများဖြင့် ဖြူဖွေးနေ၏။

ဝမ်းဖုန်းသည် အဝေးမှာရပ်နေသည်။

သူသည် လဲကျနေသော အနက်ရောင်ဝတ်ဆင်ထားသူ ... ပြုံးပြလိုက်သည်။

"မင်း ဒီမှာ ခဏအိပ်လိုက်ဦး. . . ဒီထုံးဖြူရဲ့တန်ဖိုးကို ...တ ခင်ဗျားဓားနဲ့သွားပြီး လဲလိုက်ဦးမယ်"

ဝမ်းဖုန်းသည် ဒုတိယအကြိမ် ကုန်စုံဆိုင်ထဲသို့ လှမ်းဝင် ...သည်။

ဆိုင်ထဲ၌ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါ။

ဝမ်းဖုန်းက အသံဩုယ်လောင်စွာဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သန်ကောင်သူဌေးကြီး ဈေးဝယ်သူလာပြီဗျ"

သူသည် ကုန်ပစ္စည်းများကြားသို့ လှမ်းကြည့်နေရာ သူ့နောက်တွင် အသံတစ်ခု ကြားလိုက်ရလေသည်။

"ခင်ဗျားက ထုံးဖြူလိုချင်ရင် တခြားနေရာမှာ သွားဝယ်ပါဗျာ"

သန်ကောင်အဘိုးအိုသည် သူ့နောက်သို့ ရောက်ရှိနေ၏။

သူသည် အိုမင်းနေသည်ဖြစ်သော်လည်း ခြေလှမ်း လွန်သွက်လက်သည်။

ဝမ်းဖုန်းက သူ့အား လှည့်ကြည့်ပြီး. . .

"ကျုပ်က ဘာဖြစ်လို့ တခြားနေရာမှာသွားဝယ်ရမှာလဲ"

သန်ကောင်အဘိုးအိုက. . .

"ကျုပ် ခင်ဗျားကိုထုံးဖြူရောင်းတာ နံရံသုတ်ဖို့ပါပဲ. . . အခုတော့ ခင်ဗျားက သူများမျက်လုံးကို သွားပက်တာ အကောင်းပါ့မလဲ"

ဝမ်းဖုန်းက. . .

"လူတစ်ယောက်သေရင် နံရံကိုသုတ်နိုင်ပါ့မလား"

သန်ကောင်အဘိုးအိုက. . .

"ဘယ်သုတ်နိုင်ပါ့မလဲကွ"

ဝမ်းဖုန်းက. . .



"ကျုပ်ကသာ ထုံးဖြူနဲ့မပက်လိုက်ရင် ကျုပ် အခုဆို သေနေပြီဗျ"

သန်ကောင်အဘိုးအိုက အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အင်း. . . မင်းပြောတာလဲ မှန်တယ်"

ဝမ်းဖုန်းက. . .

"အခု ကျုပ်မသေဘူး. . . ဒါကြောင့်နံရံကို သုတ်နိုင်သေးတယ်. . . ဒီတော့ ထုံးဖြူအိတ် ထပ်ဝယ်ရတာပေါ့"

သန်ကောင်အဘိုးအိုက. . .

"ခုနကဝယ်သွားတဲ့ထုံးဖြူမှုန့်ဟာ ငွေမချေရသေးဘူးနဲ့ တူတယ်"

ဝမ်းဖုန်းက. . .

"ခုနကအိတ်ကို ငွေချေဖို့ မလိုဘူးထင်တယ်"

သန်ကောင်အဘိုးအိုက. . .

"ဒါဖြင့် ဘယ်သူက ငွေပေးချေသင့်တာလဲ"

ဝမ်းဖုန်းက. . .

"ကျုပ်ကို ဓားနဲ့ခုတ်ချင်တဲ့မိတ်ဆွေပေါ့"

သန်ကောင်အဘိုးအိုက. . .

"သူက မပေးဘူးဆိုရင်ကော"

ဝမ်းဖုန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဓားကို သိမ်းထားလိုက်ပေါ့"

"ကျုပ်က မလိုချင်ဘူးဆိုရင်ကော"

ဝမ်းဖုန်းက. . .

"တစ်ယောက်ယောက်ဆီ သွားပေါင်လိုက်ပေါ့"

သန်ကောင်အဘိုးအိုက. . .

"ဘယ်သူကလက်ခံမှာလဲ"

ဝမ်းဖုန်းက. . .

"အနည်းဆုံး လူတစ်ယောက်ယောက်ကတော့ လက်ခံမှာပဲ"

သန်ကောင်အဘိုးအိုသည် စကားမပြောတော့ဘဲ ထိုဖြူအိတ် ထပ်မံထည့်ပေးလိုက်သည်။

"တစ်ကျပ်နဲ့ပြားငါးဆယ်"

ဝမ်းဖုန်းက. . .

"အကြွေးရမလား"

သန်ကောင်အဘိုးအိုက. . .

"မရဘူး"

ဝမ်းဖုန်းက. . .

"ကျုပ်ကို မယုံဘူးလား"

သန်ကောင်အဘိုးအိုက. . .

"ခင်ဗျားဟာ အကြွေးကိုမဆပ်ဘဲ နေနိုင်တဲ့လူမဟုတ်ဘူးဆိုတာ ကျုပ် ယုံကြည်တယ်"



ဝမ်းဖုန်းက. . .

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကိုအကြွေးမပေးတာလဲ"

သန်ကောင်အဘိုးအိုက. . .

"သေတဲ့လူတစ်ယောက်ဟာ အကြွေးဆပ်နိုင်ပါ့မလား"

ဝမ်းဖုန်းက. . .

"ဘယ်ဆပ်နိုင်ပါ့မလဲ"

သန်ကောင်အဘိုးအိုက. . .

"ကျုပ်က ခင်ဗျားကိုသတိထားကြည့်တယ်. . . နာရီ ...ဘ်အချိန်အတွင်းမှာ မင်းကိုသတ်ချင်တဲ့လူ(၃) (၄)ယောက် ...တွေ့ခဲ့တယ်၊ ဒါကြောင့် မင်းအသက်ဟာ မနက်ဖြန်အထိ ခံနိုင်မ ...လို့ ကျုပ်သံသယဖြစ်နေလို့ပါ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"စိတ်ချ. . . ခင်ဗျားရဲ့ကြွေးကို မဆပ်မချင်း ကျုပ်မ ...နိုင်သေးပါဘူး"

သန်ကောင်အဘိုးအိုသည် စကားတစ်ခွန်းမှ မပြော ...ဘဲ ထိုထုံးဖြူအိတ်အား ဝမ်းဖုန်းလက်ထဲသို့ ထည့်ပေးလိုက် ...သည်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် ကြက်တူရွေးဂေဟာသို့ ပြန်လည်ရောက်ရှိလာသောအခါ တံခါးပိတ်ထားသည်ကို တွေ့ရလေသည်။

သူသည် နောက်ဘက်သို့လှည့်သွားပြီး အုတ်နံရံကို ကျော်၍ ဝင်သွားလေသည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း မှောင်မဲနေပြီဖြစ်သည်။ ရယ်မောသံများသည် လုံးဝမကြားရတော့ပါ။

သို့သော် ဥယျာဉ်အလယ်ရှိ အိမ်ကလေးထဲ၌ လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းသည် ထိုလူထံသို့ လျှောက်သွားသည်။

"ခင်ဗျားတစ်ယောက်ထဲထိုင်ပြီး ဘာလုပ်နေတာလဲ"

ထိုလူက. . . .

"လူစောင့်နေတာပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူကိုစောင့်နေတာလဲ"

ထိုလူက. . . .

"မင်းကို"



ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်ကိုစောင့်နေတယ်ဆိုတာ ကျုပ် သိပါတယ်ဗျာ"

သူသည် အနီးသို့ရောက်သွားသည်နှင့် ထိုလူအား ပြင်ပြင် တွေ့ရလေသည်။

ထိုလူမှာ ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ထိုလူကလည်း သူ့အား အကဲခတ်ကြည့်နေလေသည်။

"ကျုပ် ဘယ်သူလဲဆိုတာ မင်းသိသလား"

ဝမ်းဖုန်းက ပြုံးလိုက်လေသည်။

"သိပါတယ်. . . ခင်ဗျားက ဝူးတင့်ဝမ်းပါ"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"မင်းမဆိုးဘူး. . . ဒါပေမယ့် ဒီမြို့ကလူတွေအားလုံး ဝူးစမ်းရယ်လို့ခေါ်တယ်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ဝူးစမ်းရယ်. . . ခင်ဗျား ဒီမှာလာပြီး ကျုပ်ကို စောင့်နေတာ ပြောစရာများရှိလို့လား"

ဝူးစမ်းရယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဉာဏ်ရှိတဲ့လူဟာ အသက်မရှည်ပါဘူးဆို့

www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့ မဟုတ်လား"

ဦးစမ်းရယ်က. . . .

"အခြေအနေပေါ်မှာ မူတည်ပြီး ပြောရပါတယ်"

ဝမ်းဖုန်းက. . . .

"ဘယ်လိုအခြေအနေမျိုးလဲ"

ဦးစမ်းရယ်က. . . .

"ခင်ဗျားဟာ သူများအတွက် အန္တရာယ်လို့ ယူဆရတဲ့ အခြေအနေမျိုးပါ"

သူသည် စကားကိုခေတ္တရပ်နားပြီးမှ စကားဆက်လိုက်ပြန်သည်။

"ခင်ဗျား ဒီကိုရောက်လာတာ နေ့တစ်ဝက်လောက်ပဲ ရှိသေးတယ်၊ ခင်ဗျားကိုသတ်ချင်တဲ့လူ ဘယ်လောက်များလဲ"

ဝမ်းဖုန်းက. . . .

"များလဲမများဘူး. . . နည်းတယ်လို့လဲ မဆိုနိုင်ဘူး"

ဦးစမ်းရယ်က. . . .

"သူတို့က ဘာဖြစ်လို့ ခင်ဗျားကိုသတ်ချင်တယ်ဆိုတာ သိသလား"

ဝမ်းဖုန်းက. . . .

"သူတို့က ကျုပ်ကို အန္တရာယ်ပေးမဲ့လူလို့ ထင်ကြလို့ပါ"

ဦးစမ်းရယ်က. . . .



"သူတို့က ဘာဖြစ်လို့ ဒီလိုထင်ကြရတာလဲ"

ဝမ်းဖုန်းက. . . .

"သူတို့မှာ လူအသိမခံနိုင်တဲ့ လျှို့ဝှက်ချက်ရှိနေလို့ပေါ့"

ဦးစမ်းရယ်က ခေါင်းခါယမ်းလိုက်၏။

"ဒါဟာ အဓိကအချက်မဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"အဓိကအချက်က ဘာများလဲ"

ဦးစမ်းရယ်က. . . .

"ကျုပ်က ခင်ဗျားကိုငွေနဲ့ငှားပြီး သူတို့ကို လာသတ်ခိုင်းဘယ်လို့များ သူတို့က ယူဆထားချင်ထားမှာပေါ့"

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

"သူတို့က ဘာဖြစ်လို့ ဒီလိုတွေးရတာလဲ"

ဦးစမ်းရယ်က. . . .

"ဒါက ကျုပ် ဘယ်သိမလဲ"

ဝမ်းဖုန်းက. . . .

"သူတို့ကို ဒီလိုထင်လာအောင် ခင်ဗျားက ဖန်တီးထားတာပဲ"

ဦးစမ်းရယ်က. . . .

"ဘာပဲဖြစ်ဖြစ် အခုတော့ သူတို့က ခင်ဗျားကိုသတ်ဖို့ ဆုံးဖြတ်ထားနေပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလေသည်။

◈◈◈

ဝူးစမ်းရယ်သည် ဆေးတံကိုတစ်ချက်ဖွာလိုက်ပြီး. . .

"မင်းကိုသတ်ချင်တဲ့လူ ဘယ်သူလဲဆိုတာသိသလား"

ဝမ်းဖုန်းက. . .

"ဘယ်သူလဲ"

ဝူးစမ်းရယ်က. . .

"လီတလျံ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်လိုက်သည်။

"သူက ဘာဖြစ်လို့ ကျုပ်ကိုသတ်ချင်ရတာလဲ"

ဝူးစမ်းရယ်က. . .

"မိန်းမဆိုတာ ယောကျ်ားထက်သံသယရှိသင့်တယ် မဟုတ်လား၊ သူ့စိတ်ထဲမှာ ကျုပ်က သူ့ကိုလုပ်ကြံလိမ့်မယ်လို့ အမြဲထင်နေတာ"

ဝမ်းဖုန်းက. . .

"ခင်ဗျားကော သူ့ကိုမသတ်ချင်ဘူးလား"

ဝူးစမ်းရယ်က ပြုံးလိုက်သည်။

"သူသာ ရုတ်တရက် သေသွားရင် ကျုပ်က ဝမ်းနည်းမှာ



တော့ မဟုတ်ဘူး"

ဝမ်းဖုန်းက. . .

"သူသာ ကျုပ်လက်ချက်နဲ့သေသွားရင်တော့ ခင်ဗျားက ကျုပ်ကိုစိတ်ဆိုးဦးမှာလား"

ဝူးစမ်းရယ်က. . .

"စိတ်မဆိုးဘူး"

ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ရှင်းရှင်းပြောစမ်းပါဗျာ. . . သူ့ကိုသတ်ပေးဖို့ ကျုပ်ကိုခိုင်းမလို့ မဟုတ်လား"

ဝူးစမ်းရယ်က ပြုံးလိုက်ပြန်သည်။

"ငါကသတ်ခိုင်းရင် မင်းက သတ်ပေးမှာလား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဝူးစမ်းရယ်က. . .

"တချို့လူဟာ လူတစ်ယောက်ကိုအချိန်မရွေး သတ်ချင်သတ်လိုက်တာပဲ၊ ဒါပေမယ့် တခြားလူခိုင်းရင်တော့ သူမလုပ်ဘူး။ ဒါကြောင့်. . . "

ဝမ်းဖုန်းက. . .

"ဒါကြောင့် ကျုပ်က သူ့ကိုသတ်ဖြစ်အောင် ပရိယာယ်ဆင်လိုက်တယ်ဆိုပါတော့"

ဝူးစမ်းရယ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ နားလည်သဘောပေါက်တဲ့ လူတစ်ယောက်ပါ. . . ကျုပ်ရှင်းအောင်ပြောဖို့ မလိုဘူးထင်တယ်"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝူးစမ်းရယ်က. . . .

"မင်းက သူ့ကိုစိတ်ဝင်စားရင် သူနဲ့ပတ်သက်ပြီး ကျုပ်က အချက်အလက်အများကြီး ပေးနိုင်တယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်လိုက်သည်။

"ဒါပဲလား. . . တခြားဘာမှ မပေးတော့ဘူးလား"

ဝူးစမ်းရယ်က. . . .

"မပေးပါဘူးဗျာ. . . ကျုပ်က ငွေပေးလိုက်တယ်ဆိုရင် ကျုပ်ကပဲ မင်းကိုသတ်နိုင်းတဲ့သဘော ဖြစ်သွားမှာပေါ့"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားပြောမယ့်စကားတွေဟာ အမှန်တရားရှိနေသလိုပဲ"

ဝူးစမ်းရယ်က ပြုံးလိုက်သည်။

"ရှိရမှာပေါ့"

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားသဘောမပေါက်တာ တစ်ခုကျန်သေးတယ်"

ဝူးစမ်းရယ်က မျက်မှောင်ကုပ်သွားသည်။

"ဘာများလဲ"



ဝမ်းဖုန်းက. . . .

"ကျုပ်က အမှန်တရားကို လက်မခံတဲ့လူတစ်ယောက်ပါ"

◈◈◈

စားပွဲပေါ်မှအရက်များသည် ကုန်ခမ်းသွားပြီဖြစ်သည်။ ဝူးစမ်းရယ်သည် အရက်ခွက်ကိုကိုင်ကာ ဝမ်းဖုန်းအား စေ့စေ့ကြည့်နေ၏။

ဝမ်းဖုန်းက. . . .

"ကျုပ်လိုလူမျိုးကို ခင်ဗျားကြိုက်မှာမဟုတ်ဘူး"

ဝူးစမ်းရယ်က ဝန်ခံလိုက်သည်။

"ဟုတ်တယ်. . . ကျုပ်မကြိုက်ဘူး"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်လိုလူမျိုးနဲ့ရင်ဆိုင်တဲ့အခါ ခင်ဗျား ဘယ်လိုလုပ်မလဲ"

ဝူးစမ်းရယ်က အေးတိအေးစက်ဖြင့်. . . .

"မင်းမှာ ဒုက္ခသုက္ခတွေ အတော်များနေပါပြီ. . . ကျုပ်က လုပ်စရာမလိုတော့ပါဘူး"

သူသည်ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ညအထိ အသက်ရှင်သေးတယ်ဆိုရင် ကျုပ်က မင်းကိုကောင်းကောင်း ကျွေးမွေးပါ့မယ်"

ဝမ်းဖုန်းက. . .

"ခင်ဗျား တကယ်ပြောနေတာလား"

ဝူးစမ်းရယ်က. . .

"တကယ်ပြောတာပါ. . . မနက်ဖြန်ည ကျုပ် ဒီမှာ စောင့်နေပါ့မယ်"

◈◈◈

အခန်းတစ်ခုလုံးတွင် တိတ်ဆိတ်၍နေ၏။

ငှက်ကျွန်သည် ကုတင်ပေါ်၌ ကွေးကွေးကလေးအိပ်နေသည်။

အခန်း၏အခြေအနေမှာ ဝမ်းဖုန်ထွက်သွားစဉ်ကအတိုင်းပင် ဖြစ်သည်။

သူသည် ငှက်ကျွန်၏မျက်နှာအား အသာအယာ ပွတ်လိုက်သည်။

"တော်တော်အိပ်လို့ ကောင်းရဲ့လား"

ငှက်ကျွန်က မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ကောင်းပါတယ်"



"ဒီနေရာမှာ တခြားလူလာသေးသလား"

"မလာကြဘူးနဲ့တူတယ်"

"မင်းကိုထိန်းတဲ့အမေစုံလဲ မလာဘူးလား"

"ရှင် သူ့ကိုတွေ့ခဲ့လို့လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဝူးစမ်းရယ်ကိုတောင် တွေ့ခဲ့သေးတယ်"

ငှက်ကျွန်က ရယ်မောလိုက်သည်။

"ရှင် အတော်အပေါင်းအသင်းကောင်းသားပဲ"

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

"ဒီမြို့ကလေးမှာ အတော်ကြောက်စရာကောင်းတဲ့ လူသုံးယောက်ရှိတယ်လို့ ပြောတယ်၊ ကျုပ်က နှစ်ယောက်တော့ တွေ့ခဲ့ပြီဗျ"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"နောက်တစ်ယောက်က ဘယ်သူလဲဆိုတာ မင်းသိသလား"

"ရှင် သူ့ကိုတွေ့ချင်လို့လား"

"ဟုတ်တယ်. . . ကျုပ် သူ့ကိုသိပ်တွေ့ချင်တယ်"

ငှက်ကျွန်သည် ရုတ်တရက် ထခုန်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လက်ချောင်းနှစ်ချောင်းသည် ဝမ်းဖုန်း၏မျက်လုံးအား ကုတ်ချလိုက်လေသည်။

ဝမ်းဖုန်းသည်ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း သူ၏ပါးပြင်တွင် လက်သည်းခြစ်ရာနှစ်ကြောင်း ထင်ထင်ပေါ်ထွက်လာလေသည်။

ငှက်ကျွန်က ရပ်နားခြင်းမရှိသေးပါ။

ရှတ်တရက် ရှူးသွပ်လာသည့်ပမာ သူမ၏လက်ချောင်းသည် ကြောင်လက်သည်းပမာ ဝမ်းဖုန်းအား တရကြမ်း ကုတ်ခြစ်ချလိုက်သည်။

"ရှင် သူ့ကိုသိပ်တွေ့ချင်တယ် ဟုတ်လား. . . တွေ့ချင်ဦး"

အော်ဟစ်ပြောဆိုလိုက်သည်။

ဝမ်းဖုန်းက မတတ်နိုင်တော့ပါ။

သူမ၏မျက်နှာသို့ လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။

သူသည် အသာအယာထိုးလိုက်ခြင်းဖြစ်သည်။

"ဝုန်း. . . "

ငှက်ကျွန်သည် မြေပေါ်သို့လဲကျသွားလေသည်။

ဝမ်းဖုန်းက သူမအား စိုက်ကြည့်လိုက်သည်။

"ကျုပ်က လီတလျှံကိုသွားတွေ့ဖို့ မင်းက ဘာဖြစ်လို့မကြိုက်တာလဲ"



ငှက်ကျွန်က မျက်ရည်ကျလျက်. . .

"ရှင်က သူ့ကိုသွားတွေ့လိုက်ရင် ကျွန်မဆီကိုလာမှာ မဟုတ်တော့လို့ပါ"

"ဘာဖြစ်လို့လဲ"

"သူ. . . သူ့ကိုတွေ့တဲ့ယောကျ်ားမှန်သမျှ သူ့ရဲ့ညွတ်ကွင်းထဲကို ဝင်သွားကြတာတဲ့လို့ပါ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"စိတ်ချ. . . ကျုပ်က ဒီလိုညွတ်ကွင်းမျိုးကို မကြောက်သေးဘူး"

ငှက်ကျွန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင် သိပ်အပြောမကြီးပါနဲ့. . . သူ့ကိုသာတွေ့ရင် ရှင်ဒုက္ခတကြီးစွာ ရလာပါလိမ့်မယ်"

◈◈◈

ဝမ်းဖုန်းသည် ထုံးမှုန့်များကိုရှေ့ဖော်ကာ နံရံပေါ်သို့ ခြယ်သနေ၏။

သူသည် ယင်းသို့ခြယ်သနေသောအခါ ထူးဆန်းသော ခြစ်အပျက်တစ်ခုကို တွေ့ရှိလာလေသည်။

ထိုပန်းချီကားချပ်တွင် သေွးကြက်တူရွှေး၏ဝန်းကျင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဌက်ကလေးတစ်ဆယ့်သုံးကောင်ရှိသည်ကို သူက သေချာစွာ မှတ်မိထားသည်။

ယခုမှာမူ ထိုငှက်ကလေး(၁၃)ကောင်သည် (၁၂) ကောင်သာ ကျန်တော့သည်။

တစ်ကောင်က ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်။

ဝမ်းဖုန်းသည် ယင်းသို့အံ့သြနေသော်လည်း သူ့လက်ထဲမှ စုတ်တံသည် အဆက်မပြတ် ခြယ်သုတ်နေသည်။

မကြာမီခြေ နံရံပေါ်မှ ပန်းချီကားချပ်တစ်ခုလုံးသည် ထုံးဖြူများက ဖုံးအုပ်သွားလေတော့သည်။

သူသည် ခြယ်သုတ်ပြီးသွားသည်နှင့် ခါးထောက်လိုက်၏။

"ကဲ. . . ဒီတစ်ခါ မင်းပြန်လာနိုင်သေးရဲ့လား"

ဟု ကြုံးဝါးလိုက်လေသည်။

ငှက်ကျွန်က သူ့အား ကြည့်လိုက်သည်။

"ရှင် ဘယ်သူနဲ့စကားပြောနေတာလဲ"

ဝမ်းဖုန်းက. . .

"ကျုပ်တစ်ယောက်ထဲ ပြောနေတာပဲ"

ထိုစဉ်မှာပင် လူတစ်ယောက်၏ မဲ့ပြုံးပြုံးပြီး ပြောလိုက်သောအသံတစ်သံ ကြားလိုက်ရလေသည်။



တစ်ချိန်တည်းမှာပင် မြေပေါ်တွင်ချထားသောခေါင်းသည် ပြင်းထန်စွာ လှုပ်ရှားလာသည်ကို တွေ့ရလေသည်။

ခေါင်းထဲတွင် လူသေအလောင်းသာရှိသည်။

လူသေအလောင်းသည် လှုပ်ရှားနိုင်မည်မဟုတ်ပါ။

ယခု ထိုခေါင်းသည် အဘယ်ကြောင့် လှုပ်ရှားလာနိုင်ပါသနည်း။

◈◈◈

ဝမ်းဖုန်းက မျက်နှာကွက်ကနဲပျက်သွားသည်။

"ဒီခေါင်းကို ဘယ်သူက လာဖွင့်ပေးသလဲ"

ငှက်ကျွန်က ခေါင်းခါယမ်းလိုက်သည်။

သူ၏မျက်လုံးအစုံသည် ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

ခေါင်းသည် ပို၍ ပြင်းထန်စွာ လှုပ်ရှားလာသည်။

ဝမ်းဖုန်းက ခေါင်းရှိရာသို့တစ်လှမ်းချင်း လျှောက်သွားသည်. . .

"သူငယ်ချင်း. . . မင်းက ငါ့ကိုပြောစရာစကားများ ရှိနေလို့လား"

ခေါင်းသည် လှုပ်ရှားမြဲ လှုပ်ရှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူသည် ခေါင်းပေါ် သို့ခုန်တက်လိုက်ပြီး တအားဖိချလိုက်လေသည်။

သူက တက်၍ ဖိထားလိုက်တော့မှ ခေါင်းက ငြိမ်သက်သွားလေသည်။

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“သူငယ်ချင်း . . . မင်း ကောင်းကောင်းမွန်မွန် အနားယူပါတော့ကွာ”

ထိုစဉ် ရုတ်တရက် အာဏာသားတစ်ယောက်သည် လက်တစ်ဖက်ကဓားကိုင်လျက် ကျန်လက်တစ်ဖက်က လက်ထိပ်များကိုင်ဆောင်ကာ အခန်းထဲသို့ဝင်လာလေသည်။

“မင်း ဘယ်သူနဲ့စကားပြောနေတာလဲ”

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ကျုပ်တစ်ယောက်ထဲ စကားပြောနေတာပါဗျာ”

◈◈◈

အာဏာသားသည် ဝမ်းဖုန်းအား အေးတိအေးစက် ကြည့်နေ၏။

“မင်း တကယ်ပြောနေတာလား”

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။



“ကျုပ်တစ်ယောက်ထဲ စကားပြောနေတာ ဘာအပြစ်ရှိလို့ ကျုပ်က လိမ်ပြောနေရမှာလဲ”

အာဏာသားက မဲ့ပြုံးပြုံးလိုက်သည်။

“မင်းက ခေါင်းထဲကအလောင်းနဲ့ စကားပြောနေတာ မဟုတ်ဘူးလား”

ဝမ်းဖုန်းက. . .

“ဟုတ်တယ်ပဲထားဦး. . . ဒါ အပြစ်ရှိလို့လား”

အာဏာသားက. . .

“ခေါင်းထဲမှာ တကယ်ပဲ လူသေအလောင်းရှိနေလို့လား”

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ခေါင်းထဲကအလောင်း မသေပါစေနဲ့လို့ ကျုပ်တောင် ဆုတောင်းချင်သေးတယ်၊ ဒါပေမယ့် သေတဲ့လူဟာ သေနေတာက ခက်တယ်”

အာဏာသား၏အသံ ခက်ထန်လာသည်။

“အဖုံးဖွင့်လိုက်စမ်း”

ဝမ်းဖုန်းက. . .

“ဘာအဖုံးဖွင့်ရမှာလဲဗျ”

အာဏာသားက. . .

“ခေါင်းရဲ့အဖုံးပေါ့ကွ”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"လူသေအလောင်းဟာ ကြည့်လို့မကောင်းပါဘူးဗျာ"

အာဏာသားက မဲ့ပြုံးပြုံးလိုက်သည်။

"ခေါင်းထဲမှာလူသေမဟုတ်ရင်တော့ သိပ်ကြည့်လို့ကောင်းမှာပဲ"

ဝမ်းဖုန်းက. . . .

"ခေါင်းထဲမှာ လူသေအလောင်းမထည့်ရင် ဘာကိုထည့်ရမှာလဲဗျ"

အာဏာသားက. . . .

"တခြားပစ္စည်းအားလုံး ထည့်နိုင်တယ်. . . ဥပမာ . . . ."

သူသည် ခေါင်း၏အနီး၌ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်ပြီး စကားဆက်လိုက်သည်။

"တရားခံပြေး ဒမြိုးရာပါပစ္စည်း စတဲ့ပစ္စည်းတွေပေါ့"

ဝမ်းဖုန်းက. . . .

"ခင်ဗျားပြောတာ မှန်တယ်"

အာဏာသားက ပြုံးလိုက်သည်။

"မင်းကမှန်တယ်ထင်ရင် အလုပ်လုပ်လို့ လွယ်တာပေါ့ဗျာ"

ဝမ်းဖုန်းက ခေါင်းညိတ်ပြလိုက်သည်။



"အခုဟာက ဒီခေါင်းက သူ့ဌာနေကို မရောက်သေးဘူး. . . သူတို့ဆွေမျိုးနဲ့ လဲမတွေ့ရဘူး၊ ဒါကြောင့် ခေါင်းရဲ့အဖုံးကို တော့ရှိသာတွေ့ထားတယ်၊ ဖွင့်ချင်ရင် လွယ်ပါတယ်. . . ဒါပေမယ့်. . . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ခေါင်းဖွင့်ပြီးတဲ့နောက် တစ်စုံတစ်ခုဖြစ်ရင် ခင်ဗျားက တာဝန်ယူရမယ်"

"ဘာတွေများ ဖြစ်ပေါ်လာနိုင်လို့လဲ"

ဝမ်းဖုန်းက အေးတိအေးစက်ဖြင့်. . . .

"လူသေတဲ့အခါမှာ သရဲဖြစ်တတ်တယ်လို့ ပြောတယ်. . သရဲဆိုတာ ဘာမဆိုလုပ်တတ်တယ်နော်"

အာဏာသားသည် မျက်နှာတွက်ကနဲပျက်သွားသည်။

"ဟော့. . . တစ်ယောက်လာစမ်း. . . ခေါင်းဖွင့်ပြီးစစ်ဆေးမယ်"

◈◈◈

ခေါင်းဖွင့်လိုက်သောအခါ ခေါင်းအတွင်း၌ ထုံးများပါးထားသည်ကို တွေ့ရသည်။

လူတစ်ယောက်သည် ငြိမ်သက်စွာ လဲလျောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့ကိုယ်ခန္ဓာသည် ပုပ်ပွခြင်းမရှိသည့်အပြင် ပတ
လူကောင်းတစ်ယောက် အိပ်နေသည်ဟုပင် ထင်မှားမည်သ
ဖြစ်သည်။

အာဏာသားက မျက်မှောင်ကုပ်သွားသည်။

"ဒီလူက တကယ်သေနေလို့လား"

ဝမ်းဖုန်းက. . . .

"ခင်ဗျားကိုယ်တိုင် စစ်ဆေးကြည့်ပါလား"

အာဏာသားသည်စကားမပြောတော့ဘဲ လူသေ၏
ခေါင်းအသက်ရှူမရှူ စမ်းကြည့်လိုက်သည်။

သွေးခုန်ခြင်းရှိမရှိကိုလည်း စမ်းသပ်ကြည့်လိုက်၏
ထိုလူမှာ အသက်ရှူခြင်းမရှိပါ။ သွေးခုန်ခြင်းလည်း မ
ပါ။

သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် အေးစိမ့်နေသည်။

အာဏာသားက မျက်မှောင်ကုပ်သွားသည်။

"ဒီလူသေကောင်ဟာ ဘယ့်နှယ်များမျက်နှာက အ
သက်ရှင်နေတာနဲ့ တူနေပါလား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

အာဏာသားက. . . .

"သူသေသွားတာ ဘယ်လောက်ကြာသွားပြီလဲ"



ဝမ်းဖုန်းက. . . .

"(၇)ရက် (၈)ရက်လောက် ရှိပါပြီ"

အာဏာသားက. . . .

"(၇)ရက် (၈)ရက်ကြာနေတဲ့လူသေဟာ ဘယ့်နှယ် ပက
တိလူကောင်းနဲ့ တူနေပါလား"

ဝမ်းဖုန်းက. . . .

"ဒါကတော့ သူ့ပါးစပ်ထဲမှာ ပုလဲတစ်လုံးငုံထားလို့ပါ"

အာဏာသားများ၏မျက်လုံးအစုံသည် ဝင်းလက်
တောက်ပသွားသည်။

သူသည် လောကပေါ်မှာ ထူးဆန်းသော ပုလဲတစ်မျိုးရှိ
သည်ကို ကြားခဲ့ဖူးသည်။

ယင်းပုလဲလုံးအား ငုံထားပါက အသားအရေ မပုပ်မသိုး
နိုင်ကြောင်း အဆိုရှိ၏။

သူသည် မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး. . . .

"ဘာရမလဲကွ. . . မင်းတို့က လူသေအလောင်းနဲ့ ခိုး
ထားတဲ့ပစ္စည်းကို သယ်ဆောင်သွားမလို့ ဟုတ်လား"

ဝမ်းဖုန်းက. . . .

"ဒီလိုဆို ခင်ဗျားက ဒီအလောင်းကိုစစ်ဆေးဖို့ ခေါ်သွား
မလို့လား"

အာဏာသားများက မျက်နှာထားတင်းတင်းဖြင့်. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ အစိုးရအလုပ်. . . ရုံးကိုတော့ ယူဆောင်သွား ရမယ်"

ဝမ်းဖုန်းက အေးတိအေးစက်ဖြင့်. . . .

"ဒါပေမယ့် သေတဲ့လူတစ်ယောက်ဟာ အစိုးရကိစ္စ ဘာတို့ဆိုတာ နားမလည်ဘူးဗျ။ သူက ခင်ဗျားကိုဒုက္ခပေးရ ကျွပ် တာဝန်မယူဘူးနော်"

အာဏာသားများသည် မျက်မှောင်ကုပ်၍ အတန်ကြ စဉ်းစားပြီးမှ အလောင်း၏ပါးစပ်ထဲ ငုံထားသောပုလဲလုံးအား နှိုက်ယူရန် ခေါင်းထဲသို့ လက်လျှိုလိုက်လေ၏။

ဝမ်းဖုန်းသည် ဟန့်တားခြင်းမပြုဘဲ အေးတိအေးစ ဖြင့် ရပ်ကြည့်နေ၏။

ထိုစဉ်မှာပင်. . . .

"အား. . . ."

အာဏာသားသည် စူးစူးဝါးဝါးအော်ဟစ်ရင်း ခေါင်း နှိုက်နေသောလက်ကို ကမန်းကတန်း ပြန်လည်ရုပ်သိမ်းလိုင် လေသည်။

စာစဉ်(၁)ပြီး၏

စာစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်

မိုးကျော်သူ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# သေသောသူပြန်ရှင်နိုင်ပါသလော

"အား. . . ."

အာဏာသားထံမှ စူးစူးဝါးဝါးအော်ဟစ်သံ ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် အာဏာသားသည် ခေါင်းထဲနှိုက်နေသောလက်ကို ကမန်းကတန်း ရုပ်သိမ်းလိုက်သည်။

လက်ချောင်းတစ်ခုလုံး ညိုမဲသွားသည်ကို တွေ့ရ၏။

ငယ်သားနှစ်ယောက်သည် ထိတ်လန့်တကြားဖြစ်သွားကြ၏။

အာဏာသားမှုကား ညိုမဲသွားသော သူ၏လက်ကို ကြည့်ကာ လန့်ဖျပ်ပြီး သတိလစ်မေ့မျောသွားတော့၏။

ငယ်သားနှစ်ယောက်လည်း မျက်စိမျက်နှာပျက်ကာ နောက်သို့ဆုတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အခန်းထဲမှထွက်ပြေးရန် ဟန်ပြင်လိုက်ကြသည်။

သို့သော် သူတို့ထွက်ပြေး၍မရအောင် ဝမ်းဖုန်းက အခန်းတံခါးဝမှပိတ်၍ ရပ်နေလိုက်သည်။

"မင်းတို့ . . ခေါင်းအဖုံးကို ပြန်ပိတ်ပြီးမှ သွားပေါ့"

ငယ်သားနှစ်ယောက်သည် လက်ချောင်းများ တုန်တုန်ယင်ယင်ဖြင့် ခေါင်း၏အဖုံးအား ပြန်လည်ဖုံးလိုက်ပြီး သံမှိုရိုက်လိုက်သည်။

ထို့နောက် အာဏာသားအားပွေ့ချီ၍ အခန်းထဲမှထွက်သွားရာ ဝမ်းဖုန်းက. . . .

"မင်းဆရာကို သမားတော်ကြီးဆီ သွားပြလိုက်ဦးကွဲ့"

ငှက်ကျွန်က ကြားဖြတ်လိုက်သည်။

"သမားတော်ကြီးဆီသွားပြလို့ အပိုပဲ. . . ဒါမျိုးဟာ 'မေမေစုံ'ဆီ သွားပြရတာရှင့်"

ငယ်သားတစ်ယောက်က. . . .

"မေမေစုံက ဘယ်မှာလဲဗျ"

ငှက်ကျွန်က. . . .

"ဟိုဘက်အခန်းမှာ ရှိပါတယ်ရှင့်"

* * *



ဝမ်းဖုန်းသည် နံရံအား ထပ်မံခြယ်သုတ်နေသည်။

ငှက်ကျွန်သည် ငယ်သားနှစ်ယောက်နှင့်အတူသွားပြီး အတန်ကြာမှပြန်လာသည်။

"ဘယ့်နှယ်လဲ. . . ဟိုအာဏာသား သက်သာသွားပြီလား"

သူက စတင်မေးလိုက်လေသည်။

ငှက်ကျွန်က ခေါင်းခါယမ်းလိုက်သည်။

"မေမေစုံနှင့် မတွေ့ဘူး"

"သူ ဘယ်သွားနေလို့လဲ"

"သူက နတ်ပူဇော်တဲ့အချိန် ရောက်နေလို့ ထွက်သွားပါပြီ"

"သူ တကယ်အိမ်မှာ မရှိဘူးလား"

"ဟုတ်ပါတယ်"

"မင်းက တံခါးခေါက်ကြည့်သလား"

"ဟုတ်တယ်"

"သူက အိပ်ပျော်ချင်ပျော်နေမှာ ဘာဖြစ်လို့ဝင်မကြည့်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူမရှိတဲ့အခါ ဘယ်သူမှ သူ့အခန်းထဲမဝင်ရဘူးရှင့်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က ပြုံးလိုက်သည်။

"သူမရှိဘဲ ဝင်သွားတဲ့လူတွေဟာ ဖျားနာကုန်ကြတယ်လို့ပြောပါတယ်"

* * *

အခန်းတံခါးသည် လုံခြုံစွာပိတ်ထားသည်။

ဝမ်းဖုန်းက တအားတွန်းလိုက်သည့်တိုင် မပွင့်သေးပါ။

သူသည်စိတ်မရှည်နိုင်တော့သဖြင့် ခြေထောက်ဖြင့် တအားကန်ဖွင့်လိုက်လေသည်။ အခန်းထဲ၌ မှောင်မဲ၍နေ၏။

ဝမ်းဖုန်းသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်။

သူသည် အခန်း၏အခြေအနေအား သေသေချာချာ မတွေ့မြင်ရမီပင် . . .

"ဝုန်း . . . "

အခန်းတံခါးသည် အလိုအလျောက် ပြန်ပိတ်သွားလေသည်။

သူသည် နောက်သို့လှည့်လိုက်ပြီး အခန်းတံခါးအား ဆွဲဖွင့်ကြည့်သည်။ ဖွင့်၍ မရချေ။



သူသည်အကြံအိုက်နေစဉ်မှာပင် ရယ်မောသံတစ်ခု ကြားလိုက်ရလေသည်။

"ဟဲ . . . ဟဲ . . . ဟဲ"

ငှက်ဆိုးတစ်ကောင်၏အော်သံနှင့်တူလှပေသည်။

ဝမ်းဖုန်းသည် ထိုရယ်မောသံအား ကြားလိုက်ရသည်နှင့်တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

အသံလာရာဘက်သို့လှည့်လိုက်သည်။ ယင်းအသံများသည် အခန်း၏ဝဲဘက်မှလည်းကောင်း၊ ယာဘက်မှလည်းကောင်း၊ ခေါင်မိုးပေါ်မှထွက်လာသည်ဟု ထင်ရလေသည်။

ရယ်မောသံများသည် အခန်းတစ်ခုလုံး လွှမ်းပျံ့နေ၏။

အခန်းတစ်ခုလုံးမှာလည်းမှောင်မဲနေသဖြင့် မည်သည့်အရာကိုမှမမြင်တွေ့ရပါ။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်သည် သူ့ထံသို့ခုန်အုပ်လိုက်သည်။

ထိုလူသည် အမျိုးသမီးတစ်ယောက်ဖြစ်သည်ဟု သူက ရုတ်ချင်းသိလိုက်သည်။

သူသည် ထိုပျော့ပျောင်းသောကိုယ်ခန္ဓာအား တွန်းဖယ်လိုက်လေသည်။

"မင်း . . . မင်း သေရမယ်၊ မင်း သေရမယ်"

အမျိုးသမီးတစ်ယောက်က သူ့အား ကြိမ်းမောင်းနေ၏။

ထိုစဉ် အခန်းတံခါးပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် မီးအိမ်တစ်လုံးကိုယူဆောင်ပြီး ရောက်ရှိလာသည်ကိုတွေ့ရလေသည်။

အလင်းရောင်ကြောင့် အလစ်တိုက်ခိုက်လာသော အမျိုးသမီးမှာ 'မေမေစုံ'ပင် ဖြစ်သည်ကို တွေ့လိုက်ရသည်။

မီးအိမ်ကိုကိုင်ပြီး အခန်းဝ၌ရပ်နေသောလူမှာ ငှက်ကျွန်ပင် ဖြစ်နေ၏။

ဝမ်းဖုန်းက အံ့ဩသွားသည်။

သူသည် အခန်းထဲမှထွက်လာစဉ်တုန်းက ငှက်ကျွန်အား အိပ်ကြောဝိတ်ခဲ့သည်။ အိပ်ပျော်စေသောသွေးကြောပိတ်ထားခဲ့သည်။ ယခုမှာမူ သွေးကြောပွင့်သွားရန် အချိန်များစွာလိုသေးသည်။

ငှက်ကျွန်သည် အဘယ်ကြောင့် အိပ်ရာမှလျင်မြန်စွာနိုးလာရသနည်း။

ဝမ်းဖုန်းက သူမအား အေးစက်စွာ ကြည့်လိုက်သည်။

"မင်းနိုးလာပြီ ဟုတ်လား"

ငှက်ကျွန်ကလည်း အေးတိအေးစက်ဖြင့်. . . .

"ရှင်သာ ကျွန်မလိုအိပ်ပျော်သွားရင် ပြန်နိုးဖို့မလွယ်တော့ဘူးရှင့်"

ငှက်ကျွန်သည် မီးအိမ်ကိုကိုင်ကာ ရှေ့မှလျှောက်နေ၏။

ဝမ်းဖုန်းက နောက်မှလိုက်နေ၏။

ယခု သူတို့သည် ငှက်ကျွန်၏အခန်းထဲသို့ပြန်လည်ရောက်ရှိလာသည်။

သူသည် အခန်းတံခါးအားတွန်းဖွင့်လိုက်ရာ ငှက်ကျွန်အခန်းထဲမှမီးအိမ်သည် ရုတ်တရက် လွတ်ကျသွားလေတော့သည်။



ॐ ॐ ॐ

အခန်းထဲ၌ မီးရောင်များလင်းနေ၏။

ခေါင်းအုံးဘေးတွင် လူတစ်ယောက်ဒူးထောက်နေ၏။

ခေါင်းအုံးသည်လည်း ပွင့်နေပြန်သည်။

ဒူးထောက်နေသောလူ၏လက်တစ်ဖက်မှာ ခေါင်းအုံးအတွင်းသို့နှိုက်လျက် သူ၏ခေါင်းပေါ်မှဦးထုပ်မှာလည်း အောက်သို့ကျနေသည်။

သူ၏မျက်နှာတစ်ခုလုံးသည် ညိုမဲ၍နေပြီး အသက်မရှိတော့ချေ။ ငှက်ကျွန်က တုန်တုန်ယင်ယင်ဖြင့်. . . .

"သူ. . . သူထိတ်လန့်ပြီး သေသွားတာဖြစ်ရမယ်"

ဟုတ်ပါ၏။

ထိုလူသည် ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာလုံးဝမရှိချေ။

ငှက်ကျွန်က မျက်မှောင်ကုပ်လိုက်သည်။

"သူဟာ ဘာတွေတွေ့လို့ အရှင်လတ်လတ်နဲ့ သေသွားရတာလဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"မင်းခေါင်းဖွင့်ပြီး ကြည့်လိုက်ပါလား"

ငှက်ကျွန်သည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ခြေထောက်ဖြင့် ခေါင်း၏အဖုံးအား ကန်လိုက်သည်။

သူမသည် ခေါင်းထဲသို့ငုံ့ကြည့်လိုက်သောအခါ. . .

"အမယ်လေး. . . ."

သူမသည် ထိတ်လန့်စွာဖြင့် စူးရှစွာ အော်လိုက်ပြီး သူမ၏ခန္ဓာကိုယ်မှာလည်း ဝမ်းဖုန်း၏ရင်ခွင်ထဲသို့ လဲကျသွားလေတော့သည်။ ခေါင်းထဲ၌ မည်သည့်အရာမှ မတွေ့ရပါ။

လူသေအလောင်းသည် ပျောက်ဆုံးသွားလေတော့၏။

ဤဤဤ

ညဥ့်နက်သန်းကောင်. . . .

စားပွဲပေါ်မှမီးအိမ်သည် ဆိမ်းသွားသည့်အလား အလင်းရောင်များ မှေးမှိန်နေ၏။

ငှက်ကျွန်သည် မျက်မှောင်ကုပ်လိုက်ပြီး. . . .

"လူတစ်ယောက်ဟာ (၇)ရက် (၈)ရက်လောက် သေပြီး ဘယ်နည်းနဲ့မှ ပြန်မရှင်နိုင်ဘူး"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားသည်။

ငှက်ကျွန်က. . . .



"အသက်ရှင်တာမဟုတ်ရင် ဖုတ်ကောင်ဖြစ်ချင်ဖြစ်နေမှာ"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားပြန်သည်။

သူ၏မိတ်ဆွေသည် ဖုတ်ကောင်ဖြစ်သည်ကို မလိုလားပါ။ သူ၏မိတ်ဆွေအလောင်းအား ခိုးယူသွားသည်ကိုလည်း မလိုလားပါ။

ငှက်ကျွန်က ရုတ်တရက် ထိတ်လန့်စွာ အော်လိုက်သည်။

"သူဟာသူ ထွက်သွားပြီနဲ့တူတယ်"

ဝမ်းဖုန်းက. . . .

"မင်း ဘယ်လိုလုပ်သိသလဲ"

ငှက်ကျွန်က. . . .

"ဟို. . . ဟို. . . ."

သူမ၏အသံသည် တုန်တုန်ယင်ယင်ဖြစ်နေပြီး မျက်လုံးအစုံကလည်း ကြမ်းပေါ်သို့ စိုက်ကြည့်နေ၏။

ကြမ်းပေါ်တွင် ခြေရာတစ်စုံ တွေ့လိုက်ရသည်။

ထုံးဖြူများ ပေကျံနေသော ခြေရာပင်ဖြစ်သည်။

ဤဤဤ

ထူးခြားသည်မှာ ထိုခြေရာသည် ဝဲနှင့်ယာ ခွာပြီးရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမဟုတ်ဘဲ ခြေရာနှစ်ခုသည် ပူးကပ်နေသည်ကို တွေ့ရသော သည်။

ထိုခြေရာအပြင် တစ်လံခန့်အကွာတွင် ခြေရာတစ်စုံ တွေ့ရသည်။ ၎င်းခြေရာများမှာလည်း ပူးကပ်နေသည်ကို တွေ့ ရလေသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။ ယင်းခြေရာ သည် လူတစ်ယောက်က ခြေထောက်စုံရပ်ပြီး ခုန်၍သွားသော ဖြစ်နေ၏။

လူသည် ယင်းကဲ့သို့ခုန်၍လျှောက်မည် မဟုတ်ပါ။ ယင်း ယင်းခြေရာသည် ခြေစုံရပ်၍ ခုန်သွားသောပုံဖြစ်နေသဖြင့် ဖုတ် ကောင်များဖြစ်နေ၍လော။

ဝမ်းဖုန်းသည် ယင်းသို့တွေးမိသည်နှင့် ကျောချမ်းသွား လေသည်။ သူတို့သည် ခြေရာနောက်သို့ လိုက်သွားကြ၏။

ထိုခြေရာများသည် ဝဲဘက်သို့ချိုးကွေ့သွားပြီးလျှင် အ ခန်းငယ်၏တံခါးဝသို့ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွား၏။

"ဒီအခန်းထဲမှာ ဘယ်သူနေတာလဲဗျ"

ငှက်ကျွန်က. . . ,

"ဧည့်သည်နေဖို့ သီးသန့်အခန်းပါ"

ဝမ်းဖုန်းက. . . .

"အခု ဧည့်သည်ရှိသလား"



ငှက်ကျွန်က ခေါင်းခါယမ်းပြလိုက်သည်။

"မရှိဘူး"

ဝမ်းဖုန်းသည် အခန်းတံခါးအား တွန်းဖွင့်လိုက်လေ သည်။

သူသည် အခန်းထဲလှမ်းဝင်လိုက်သည်နှင့် ခြေလှမ်းတို့ တန့် ရပ်တန့်သွားလေသည်။

ငှက်ကျွန်ကလည်း ထိတ်လန့်စွာ အော်မိသည်။

ထုံးဖြူခြေရာများသည် အခန်းတွင်းရှိ ကုတင်တစ်လုံးအ နီးသို့ ရောက်ရှိနေသည်။ ကုတင်ပေါ်၌ လူတစ်ယောက်လဲ လျောင်းနေသည်။

သူ၏လက်တစ်ဖက်သည် ကုတင်အောက်သို့တွဲလောင်း ကျနေသည်။

ထိုလက်တစ်ဖက်သည် ညိုမဲနေပြီး ထိုလူသည် အသက် ထွက်ခင်းမဲ့နေသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းက အနီးသို့လျှောက်သွားပြီး ထိုလူအား အသေ အချာကြည့်လိုက်သောအခါ ခေါင်းဖွင့်စစ်ဆေးခဲ့သော အာဏာ သားဖြစ်နေသည်ကို တွေ့ရလေသည်။

❀ ❀ ❀

ထုံးဖြူပေကျံနေသောခြေရာသည် တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြီး နောက်ဆုံးခြေရာကို လုံးဝမတွေ့ရတော့ချေ။

ဝမ်းဖုန်းနှင့်ငှက်ကျွန်တို့သည် မီးအိမ်ကလေးအားကိုင်ကာ သူတို့၏အခန်းထဲသို့ ပြန်လည်ရောက်ရှိလာကြသည်။

အလွန်မောပန်းနေသဖြင့် ဝမ်းဖုန်းသည် ကုတင်ပေါ်သို့လဲလျောင်းကာ အိပ်ချလိုက်လေတော့သည်။

ꩤꩤꩤ

မိုးလင်းလာပြီ ဖြစ်သည်။

ရုတ်တရက် အသံဆူညံစွာ ထွက်ပေါ်လာသောကြောင့် ဝမ်းဖုန်းသည် အိပ်ရာမှနိုးလာလေ၏။

"ဝမ်းဖုန်း. . . ဝမ်းဖုန်း. . . ခဏလေးထွက်ခဲ့ပါခင်ဗျာ"

အပြင်ဘက်မှ တစ်စုံတစ်ယောက်က အော်ကြီးဟစ်ကျယ်ခေါ်သောအသံ ဖြစ်သည်။

ဝမ်းဖုန်းသည် အိပ်ရာမှထလိုက်၏။

ငှက်ကျွန်သည် ကုတင်အနီး၌ထိုင်လျက် အိပ်ငိုက်နေသည်ကို တွေ့ရလေသည်။

"ဒီမှာဝမ်းဖုန်း. . . ခဏလေးထွက်ခဲ့စမ်းပါဗျာ"

အပြင်ဘက်မှအသံကို ထပ်မံပြီးကြားလိုက်ရသဖြင့် ဝမ်း



...သည် လသာဆောင်အခန်းသို့ထွက်လာပြီး အောက်သို့ငုံ့ကြည့်လိုက်ရာ လူတစ်ယောက်သည် ဥယျာဉ်ထဲ၌ရပ်လျက် သူ့အား လှမ်းခေါ်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် သစ်လွင်သော အမှုထမ်းတန်ဆာပလာများ ဝတ်ဆင်ထားသည်။ သူကား သယ်ယူပို့ဆောင်ရေးစခန်းအ...ရှိ အန်ကူးဟိုပင်ဖြစ်လေသည်။

ꩤꩤꩤ

အန်ကူးဟိုသည် အရာရှိ၏တန်ဆာပလာများ ဝတ်ဆင်...သဖြင့် ခါတိုင်းထက်ခန့်ညားတည်ကြည်သည်ဟု ထင်ရလေသည်။

သူသည် ဝမ်းဖုန်းအား တွေ့မြင်ရသောအခါ စကားမ...တော့ဘဲ တစ်စုံတစ်ခု တွေဝေနေသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းအောက်သို့ဆင်းလိုက်ပြီး သူ့ထံသို့လျှောက်သွား...သည်။

"စခန်းမှူးကြီး စောစောစီးစီး ဘာကိစ္စရှိလို့လဲဗျ"

အန်ကူးဟိုက မျက်မှောင်ကုပ်နေ၏။

"ကျုပ် ဘာကိစ္စလာတယ်ဆိုတာ ခင်ဗျားသိမှာပါ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ် ခေါင်းထဲကအလောင်း ဖုတ်ကောင်ဖြစ်တဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကျုပ်တို့နေရာက ကျဉ်းကျဉ်းက လေးဖြစ်ပေမယ့် ပါးစပ်ပေါက်တော်တော်များတယ်"

ဝမ်းဖုန်းက. . . .

"အာဏာသားတို့လူစုကို ခင်ဗျားတွေ့လိုက်တယ် မ ဟုတ်လား"

"မဟုတ်ဘူး. . . မြို့ကတိုက်ရိုက်လွှတ်လိုက်တဲ့လူတွေ ပါ"

သူ၏မျက်နှာထားမှာ တည်ကြည်လေးနက်လာသည်။

"ဘာပဲဖြစ်ဖြစ် သူတို့တတွေဟာ မင်းမှုထမ်းဖြစ်နေ တော့ ပြဿနာတော်တော်ရှုပ်ထွေးလာမယ်ဗျ"

ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ဘာလဲ. . . ခင်ဗျားက ကျုပ်ကိုဖမ်းမလို့ ဟုတ်လား"

အန်ကူးဟိုက. . . .

"နိုင်ငံတော်ဥပဒေဆိုတာ လူတိုင်းလူတိုင်းက စောင့် ထိန်းရမယ် မဟုတ်လား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . အချို့လူတွေက ဥပဒေကိုမလိုက် နာတာက ခက်တယ်ဗျ"

အန်ကူးဟိုက. . . .



"ဘယ်သူတွေလဲဗျ"

ဝမ်းဖုန်းက. . . .

"အာဏာသားနဲ့သူ့ရဲ့နောက်လိုက်နှစ်ယောက်ကို သတ် တဲ့လူတွေပေါ့"

အန်ကူးဟိုက သူ့အား စူးစူးရှရှကြည့်လိုက်သည်။

"သူတို့က ဘယ်သူတွေလဲ"

ဝမ်းဖုန်းက. . . .

"ဖုတ်ကောင်ပါ"

အန်ကူးဟိုက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"ကျုပ်ခေါင်းထဲမှာ ပါလာတဲ့အလောင်းဟာ ဘယ်သူလဲ ဆိုတာ ခင်ဗျားသိသလား"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"သိပါတယ်. . . နာမည်ကျော်လူဆိုးထိန်း ထိဟင်းပါ"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်. . . သူဟာ အသက်ရှိစဉ်တုန်းက ထိတ် ထိတ်ကျဲပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် သူသေသွား တော့ ဖုတ်ကောင်ဖြစ်တာပေါ့ဗျ"

အန်ဟူးဟိုကခေါင်းညိတ်ပြီး ဝန်ခံလိုက်လေသည်။

သူသည် ဝမ်းဖုန်းအား သေချာစွာ ကြည့်လိုက်သည်။

"နာမည်ကျော်လူဆိုးထိန်းထိဟင်းဟာ မပေါ်တဲ့အခါဆို

www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်မှုမှမရှိဘူးလို့ ကျော်ကြားခဲ့တယ်၊ ဒါပေမယ့် နောက်ဆုံး တော့ သူက အမှုတစ်ခုကို မဖော်ထုတ်ခဲ့နိုင်ရှာပါဘူး"

ဝမ်းဖုန်းက. . . .

"ဘယ်အမှုလဲ"

အန်ကူးဟိုသည် ဝမ်းဖုန်းအား သေချာစွာ စိုက်ကြည့် လိုက်သည်။

"နဂါးမင်းကိုသတ်သွားတဲ့အမှု အခုထိ သူက တရား ခံကို ဖော်ထုတ်မပေးသွားနိုင်ဘူးလေ"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ꩤꩤꩤ

အတန်ကြာမှ အန်ကူးဟိုသည် ဝမ်းဖုန်းအား စူးစိုက်စွာ ကြည့်လိုက်သည်။

"ခင်ဗျားနာမည်အရင်းဟာ ဝမ်းဖုန်းမဟုတ်ဘူး"

ဝမ်းဖုန်းက နားစွင့်နေသည်။

အန်ကူးဟိုက စကားဆက်လိုက်သည်။

"ခင်ဗျားနာမည်ဟာ ဝမ်းတုံစိမ်းဖြစ်တယ်"

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အန်ကူးဟိုက စကားဆက်လိုက်ပြန်သည်။

"နဂါးမင်းအသတ်ခံရတဲ့နေ့မှာ ခင်ဗျား ပင်လယ်ဂေဟာ



ခဝင်သွားတာကို လူတစ်ယောက်က တွေ့လိုက်တယ်ဗျ"

ဝမ်းဖုန်းက. . . .

"ဘယ်သူလဲ. . . သူက ကျုပ်လူသတ်တာကို တွေ့လို့ လား"

အန်ကူးဟိုက. . . .

"မင်းကကော အဲဒီတုန်းက လူသတ်ခဲ့သလား"

ဝမ်းဖုန်းက အဖြေမပေးပါ။

အန်ကူးဟိုက. . . .

"ခင်ဗျားသတ်လိုက်တဲ့လူဟာ သေသင့်တဲ့လူတစ်ယောက် ပါ၊ ဒါပေမယ့် ဥပဒေဟာ ဥပဒေပါပဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်လူသတ်တဲ့အထောက်အထားကို ခင်ဗျားရထား တယ် ဟုတ်လား"

အန်ကူးဟိုက ခေါင်းခါယမ်းလိုက်သည်။

"ပင်လယ်ဂေဟာက ဒီနေရာနဲ့နီးပေမယ့် ကျုပ်ရဲ့ပိုင် နက်မဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျား ဘာကိုဆိုလိုတာလဲ"

အန်ကူးဟိုက. . . .

"ရှင်းပါတယ်. . . ဒီနေရာဟာ ကျုပ်ပိုင်နက်ပါပဲ၊ ကျုပ် ပိုင်နက်ထဲမှာ ဥပဒေကျူးလွန်တဲ့လူမှန်သမျှ ဘယ်သူ့ကိုမှ ခွင့်မ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်နိုင်ဘူး"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ် ဒီနေရာမှာ ဥပဒေကို ကျူးလွန်ခဲ့သလား"

အန်ကူးဟိုက. . . .

"လူသတ်တာ ဥပဒေကို မကျူးလွန်ဘူးလား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

အန်ကူးဟိုက စကားဆက်လိုက်သည်။

"မနေ့က အနက်ရောင်ဝတ်ဆင်ထားတဲ့လူကို ခင်ဗျား သတ်လိုက်သလား"

ဝမ်းဖုန်းက. . . .

"ကျုပ်က ကျောက်တုံးနဲ့ပစ်လိုက်တာပဲဗျ"

အန်ကူးဟိုက. . . .

"ကျောက်တုံးမှာ အဆိပ်လူးထားရင် လူသေနိုင်တာပေါ့"

ဝမ်းဖုန်းက. . . .

"ကျောက်တုံးကလေးပေါ်မှာ အဆိပ်လူးထားတာကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

အန်ကူးဟိုက. . . .

"ကျုပ်သိတယ်လို့မပြောပါဘူး. . . ဒါပေမယ့် ခင်ဗျားက ကျောက်တုံးနဲ့ပစ်လိုက်လို့ သူလဲကျသွားပြီး သေဆုံးတာပဲ"

ဝမ်းဖုန်းက. . . .



"ခင်ဗျားတစ်ခုသိရမှာက ကျုပ်ပစ်လိုက်တဲ့ကျောက်တုံးဟာ ကျုပ်ရဲ့ကျောက်တုံးမဟုတ်ဘူး"

အန်ကူးဟိုက မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်သူ့ရဲ့ကျောက်တုံးပဲဖြစ်ဖြစ် ကျောက်တုံးဟာ လူ့ကိုထိပြီး မပေါက်နိုင်ပါဘူး"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်ကိုအန္တရာယ်ပြုမယ့်လူကို ကျုပ်ကကာကွယ်မှုမလုပ်ဘဲ အသေခံရမှာလားဗျ"

အန်ကူးဟိုက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"ခင်ဗျား နောက်ထပ်သတိထားဖို့ဟာ အနက်ရောင်ဝတ်ဆင်ထားတဲ့လူဟာ ကျုပ်ကို ဓားကောက်ကြီးနဲ့ အရင်ခုတ်တာလေ"

အန်ကူးဟိုသည် ခေါင်းခါယမ်းလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း. . . ခင်ဗျားလိုလူမျိုးက ဒီမှာနေပြီး ဥပဒေကို ကျူးလွန်မဲ့ အလုပ်တွေကိုလုပ်မယ်ဆိုရင် ကျုပ်တော့ အတော့်ကိုခေါင်းကိုက်မှာပဲဗျ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"စိတ်ချပါဗျာ. . . ကျုပ်က ဥပဒေကျူးလွန်ဖို့ ဝါသနာမပါပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက ခေါင်းခါယမ်းလိုက်သည်။

“ခင်ဗျားက ဥပဒေကျူးလွန်ပါတယ်လို့ ဝန်ခံတာတောင် ကျုပ်က ဘာတတ်နိုင်မှာလဲ၊ ဒါပေမယ့် ကျုပ်က ခင်ဗျားကို ဒီမြို့ကလေးကနေ ထွက်သွားပေးပါလို့ တောင်းပန်ရင် ရကောင်းရလိမ့်မယ်လို့ ထင်ပါတယ်”

ဝမ်းဖုန်းက. . .

“ခင်ဗျား အခုလို ဘွယ်ဝိုက်ပြီးပြောနေတာဟာ နောက်ဆုံးတော့ ကျုပ်ကို ဒီနေရာကနေ ထွက်သွားခိုင်းတာပေါ့”

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်. . . ကျုပ်တို့နေရာဟာ အလွန်အေးချမ်းတဲ့နေရာတစ်ခုပါ၊ ခင်ဗျားရောက်လာတဲ့နေ့ကစပြီး တော်တော့ကို ရှုပ်ထွေးလာလို့ပါ”

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဿ ဿ ဿ

ဤနေရာသည် အလွန်အေးချမ်းသောမြို့ကလေးတစ်မြို့ဖြစ်သည်။

သို့သော် ဝမ်းဖုန်းရောက်လာသည့်နေ့ကစပြီး ထိုတောင်းသောအချိန်အတွင်း လူခြောက်ယောက်သေဆုံးသွားခဲ့သည်။



ထိုသေဆုံးသွားသောလူများသည် ဝမ်းဖုန်းနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသည်။

ပထမဆုံး ထန်ထင်းလုံးတို့ညီအစ်ကိုနှင့် ဝမ်းဖုန်းတို့ ရန်ဖြစ်ပြီး သေဆုံးသွားခဲ့သည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ကိုလည်း သူကကျောက်တုံးဖြင့်ပစ်ပေါက်၍ သေဆုံးသွားရပြန်သည်။

အာဏာသားနှင့် သူ၏ငယ်သားတစ်ယောက်တို့ သေဆုံးသွားခြင်းမှာလည်း သူသယ်ဆောင်လာသောခေါင်းကြောင့် သေဆုံးခဲ့ရသည် မဟုတ်ပါလော။

အရေးအကြီးဆုံးမှာ သူသယ်ဆောင်လာသောခေါင်းထဲမှ လူသေအလောင်းသည် ဖုတ်ကောင်အဖြစ် ပြောင်းလဲသွားကာ ပျောက်ကွယ်သွားခြင်းဖြစ်သည်။

ယင်းဖုတ်ကောင်သည် မည်သည့်နေရာသို့ ရောက်သွားသနည်း။

အကယ်၍သာ မြို့ထဲ၌ရှိနေလျှင် ဤမြို့ကလေးထဲ၌ နေထိုင်ကြသောလူများသည် အေးအေးဆေးဆေး နေထိုင်ရတော့မည် မဟုတ်ချေ။

ဖုတ်ကောင်က အချိန်မရွေး သူတို့အား အန္တရာယ်ပြုနိုင်မည် မဟုတ်ပါလော။

ဝမ်းဖုန်းသည် ယင်းသို့တွေးရင်း တွေးရင်း ဆက်၍မ

www.burmeseclassic.com

www.burmeseclassic.com



တွေးဝံ့အောင် ဖြစ်လာလေသည်။

အန်ကူးဟို သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားကြောင့် လူတွေသေရတယ်၊ နောက်ပြီး မင်္ဂလာမရှိတဲ့ခေါင်း သယ်ဆောင်လာတယ်၊ ဒါ့အပြင် ဖုတ်ကောင်တစ်ကောင်ပါ လုပ်ထားလိုက်တယ်ဆိုတော့ ဒီကလူတွေဟာ ခင်ဗျားကို မလိုလားတော့ဘူးဗျ"

ဝမ်းဖုန်းက. . .

"ဒါဖြင့် ကျုပ်ကိုထွက်ခွာခိုင်းတာ ခင်ဗျားတစ်ယောက်ထဲရဲ့သဘော မဟုတ်ဘူးပေါ့"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"အများပြည်သူရဲ့ သဘောပါ"

ဝမ်းဖုန်းက. . .

"ဒီမြို့ကလေးမှာ တကယ့်အာဏာရှိတဲ့လူ နှစ်ယောက်ထဲပဲရှိတယ်လို့ ခင်ဗျားပြောခဲ့တာ ကျုပ်ကြားမိသလိုပဲ"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်ပြောခဲ့ပါတယ်"

ဝမ်းဖုန်းက. . .

"အဲဒီနှစ်ယောက်ထဲက ဝူးစမ်းရယ်ဟာ ကျုပ်ကိုထွက်ခွာသွားခိုင်းဖို့ မပြောဘူးနဲ့တူတယ်"

အန်ကူးဟိုက. . .

"သူက ဘာမှမပြောပါဘူး"



ဝမ်းဖုန်းက. . .

"ဒါဖြင့် လိတလျှံဖြစ်ရမယ်"

အန်ကူးဟိုက ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုန်းက အန်ကူးဟိုအား စိုက်ကြည့်လိုက်သည်။

"လိတလျှံတို့လူစုထဲမှာ နေပြည်တော်က အမှုထမ်းတစ်ယောက် ရှိနေမယ်နဲ့တူတယ်"

အန်ကူးဟိုက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဒါ ရှင်းပါတယ်. . . လိတလျှံမှာ ခင်ဗျားထက်အဆင့်မြင့်တဲ့မင်းမှုထမ်းမရှိရင် ခင်ဗျားက သူ့စကားကိုနာခံပါ့မလားဗျာ"

အန်ကူးဟိုသည် စကားမပြောတော့ဘဲ ဥယျာဉ်ထဲမှ ထွက်သွားလေသည်။

ဝမ်းဖုန်းက တံခါးဝအထိလိုက်ပို့သည်။ အပြင်သို့ရောက်သောအခါ အန်ကူးဟိုက ရပ်တန့်လိုက်ပြန်သည်။

"ခင်ဗျား ဒီမှာနေဖို့ဆုံးဖြတ်လိုက်ပြီ ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

အန်ကူးဟိုက. . .

"ဘယ်လောက်ကြာကြာနေမှာလဲ"

ဝမ်းဖုန်းက. . .

"အနည်းဆုံးတော့ ကျုပ်သူငယ်ချင်းအလောင်း ရှာတွေ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိပေါ့"

အန်ကူးဟိုက. . . .

"ခင်ဗျား သူငယ်ချင်းအလောင်းဟာ ဖုတ်ကောင်ဖြစ်သွားပြီပဲ"

ဝမ်းဖုန်းက. . . .

"သူက ဘာပဲဖြစ်ဖြစ် ကျုပ်သူငယ်ချင်းဟာ သူငယ်ချင်းပဲ"

အန်ကူးဟိုက ပြုံးလိုက်သည်။

"သူဟာ ဖုတ်ကောင်ဖြစ်သွားရင် ခင်ဗျားကို သူငယ်ချင်းရယ်လို့ မှတ်မိပါ့ဦးမလား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဿဿဿ



## နောက်တစ်ယောက်

အန်ကူးဟိုသည် ခြေလှမ်းလှမ်းပြီးမှ ရပ်တန့်လိုက်ပြန်သည်။

သူသည် ဝမ်းဖုန်းအား လှည့်ကြည့်ပြီး. . . .

"ကနေ့ည မင်း ဒီမှာပဲအိပ်မယ် မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်ပြီး. . . .

"ဟုတ်တယ်"

အန်ကူးဟိုက. . . .

"ဖုတ်ကောင်ဆိုတာ ညဘက်မှ ထွက်တယ်လို့ကြားတယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ ဒီလိုပဲကြားဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက. . . .

"ဒါဖြင့် ခင်ဗျား ဒီညမှာ ဒီမှာအိပ်ဦးမယ်ဆိုရင် ခင်ဗျားရဲ့ ဖုတ်ကောင်သူငယ်ချင်းကို မတွေ့သည့်တိုင်အောင် လူတစ်ယောက်ကိုတော့ တွေ့ရမှာ သေချာတယ်"

"ဘယ်သူ့ကိုတွေ့မှာလဲ"

"လူဆိုးထိန်းလေးယောက်ရှိတဲ့အနက် တစ်ယောက်ထောင်သေပြီး ကျန်တဲ့သုံးယောက်ထဲက တစ်ယောက်တော့ ကနေ့ညပဲရောက်လာပါလိမ့်မယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"သူက ဘယ်သူလဲ"

"သူက မြောက်ပိုင်းမှာတာဝန်ကျတဲ့ ခေါ်းသမားရှန်ရှောင်ပါ"

ဝမ်းဖုန်းက ထိုအမည်ကြားလိုက်သည်နှင့် ရှုံ့မှုန်းသွားလေသည်။

"ခေါ်းသမားရှန်ရှောင် ဟုတ်လား"

ဿဿဿ

လူဆိုးထိန်းလေးယောက်အနက် ခေါ်းသမားရှန်ရှောင်သည် ထိဟင်းထက်ပို၍ ကျော်ကြားသည်။

သို့သော် ထိဟင်းက သူ့အား အဆင့်မမှီသည်မဟုတ်ပါ။



သိုင်းပညာကလည်း ရှန်ရှောင်ထက်ပင်သာနေသေး၏။

သို့သော် ခေါ်းသမားရှန်ရှောင်မှာ အလွန်ဩဇာအာဏာရှိသော အသင်းဝင်တစ်ယောက်ရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့်လည်း သူသည် ပို၍အာဏာရှိပြီး ပို၍ ကျော်ကြားခြင်းဖြစ်သည်။ ထို့အပြင် သူက အမှုတစ်ခုကိုင်တွယ်သောအခါ နည်းဗျူဟာမျိုးစုံဖြင့် အသုံးပြုပြီး တရားခံအား မပေါ်ပေါ်အောင် ဖော်ထုတ်ခဲ့သည်။

သူ၏ဝါဒမှာ တရားခံမဟုတ်သော လူဆယ်ယောက်အား မှားယွင်း၍ သတ်မိလျှင်သတ်မိပါစေ တရားခံအစစ်ကိုတော့ အလွတ်မခံနိုင်သူ ဖြစ်လေသည်။

ထို့ကြောင့် သူအမှုတစ်ခု ကိုင်တွယ်သောအခါ အားလုံးက သူ့အား ကြောက်ရွံ့ပြီး မုန်းကြလေသည်။

ဿဿဿ

အန်ကူးဟိုသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလူရောက်တဲ့နေရာတိုင်းမှာ အဲဒီနေရာမှာရှိတဲ့လူတွေဒုက္ခရောက်တတ်ကြတယ်၊ ဒါကြောင့် သူသာ ဒီကိုရောက်မယ်ဆိုရင် ကျုပ်တော့ သက်သာမှာမဟုတ်ဘူး"

ဝမ်းဖုန်းက. . .

"သူလာမယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက. . . .

"သူ့လက်အောက်မှာ အလွန်အားထားရတဲ့ ငယ်သားဆယ့်သုံးယောက်ရှိတယ်၊ အဲဒီလူတွေဟာ အမှုရဲ့သက်သေအထောက်အထားများ၊ အချက်အလက်များကို ကြိုတင်စုဆောင်းပေးရတယ်. . . အခု အဲဒီငယ်သားဆယ့်သုံးယောက်ထဲက တချို့တောင် ဒီရောက်နေပြီခင်ဗျာ"

ဝမ်းဖုန်းက. . . .

"ဟုတ်လား. . . ဘယ်တုန်းက ရောက်လာတာလဲ"

အန်ကူးဟိုက. . . .

"မနေ့က ရောက်လာတယ်လေ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် သူတို့ အခု ဘယ်မှာလဲ"

အန်ကူးဟိုက. . . .

"ငရဲပြည်ကို သွားကြပြီလေ"

ဝမ်းဖုန်းက အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

အန်ကူးဟိုက. . . .

"သူတို့က ဖုတ်ကောင်နဲ့တွေ့တော့လဲ မသွားချင်လို့မှမရဘဲ"

ထိုသေဆုံးနေသော အာဏာသားများသည် ဓားသမားရှန်ရှောင်၏အောက်လက်ငယ်သားများဖြစ်သည်ကို ဝမ်းဖုန်း



အခုမှ နားလည်လိုက်လေသည်။

"သေဆုံးသွားတဲ့ အာဏာသားဟာ ဓားသမားရှန်ရှောင်ရဲ့ ငယ်သားဆယ့်သုံးယောက်ထဲက ဟုတ်လား"

အန်ကူးဟိုက. . . .

"ဟုတ်တယ်. . . ဒါကြောင့် သူ ကနေ့ည ရောက်လိမ့်မယ်လို့ ကျုပ်ပြောရဲတာပေါ့"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ဒီလိုဆိုရင် ဒီမှာရှိတဲ့လူတွေတော့ ဒုက္ခရောက်တော့မှာပဲ"

အန်ကူးဟိုက. . . .

"ပထမဆုံး ဒုက္ခရောက်မယ့်လူဟာ ခင်ဗျားပဲဖြစ်ရမယ်"

ဝမ်းဖုန်းက. . . .

"ဟုတ်လား"

အန်ကူးဟိုက. . . .

"သူ့လူကိုသတ်သွားတာ မင်းရဲ့သူငယ်ချင်း ဖုတ်ကောင်ဆိုတာ မင်းသိလို့လား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

အန်ကူးဟိုက ပြုံးလိုက်သည်။

"ခင်ဗျားဟာ ပါးနပ်တဲ့လူတစ်ယောက်ဆိုရင် သူရောက်မလာမီ အမြန်ဆုံးထွက်သွားရင် ကောင်းမယ်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လူပါးတစ်ယောက်မဟုတ်ပါဘူး"

အန်ကူးဟိုက စကားမပြောတော့ဘဲ လှမ်းထွက်သွားလေတော့သည်။

ဿဿဿ

ငှက်ကျွန်သည် လေသာဆောင်မှ ဝမ်းဖုန်းတို့အား တစ်ချိန်လုံး ကြည့်နေ၏။

ဝမ်းဖုန်းက အပေါ်သို့ပြန်လည်ရောက်ရှိလာသည့်တိုင်အောင် သူမကလှည့်မကြည့်သေးချေ။

ဝမ်းဖုန်းသည် ကုလားထိုင်ပေါ်၌ထိုင်ချလိုက်ပြီး. . .

"မင်း ဘာတွေကြည့်နေတာလဲ"

ငှက်ကျွန်ကပြန်လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

"ရှင် ဘယ်ဆိုးလို့လဲ. . . စခန်းမှူးကတောင် ရှင့်ကိုလာပြီး နှုတ်ဆက်ရသေးတယ်"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူကလာပြီး နှုတ်ဆက်တာမဟုတ်ဘူးဗျ. . . သတိပေးနေတာ"

ငှက်ကျွန်က. . .

"ဘာတွေသတိပေးသွားတာလဲ"



ဝမ်းဖုန်းက. . .

"ပထမ ကျုပ် ဒီမှာနေတာ လိတလျှံက သဘောမကျဘူးလို့ ပြောတယ်"

ငှက်ကျွန်က. . .

"ဒါကြောင့် သူက အန်ကူးဟိုကိုလာပြီး သတိပေးခိုင်းတယ် ဟုတ်လား"

ဝမ်းဖုန်းက. . .

"ဟုတ်ပါတယ်. . . ဒါ့အပြင် ကျော်ကြားတဲ့အာဏာသားတစ်ယောက် ဒီကိုရောက်လာလိမ့်မယ်လို့ သတိပေးထားတယ်"

"ဘယ်သူလဲ"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မားသမားရှန်ရှောင်ပါ"

ငှက်ကျွန်သည် ထိုစကားကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"မနေ့ညက ခေါင်းကိုလာဖွင့်တဲ့အာဏာသားဟာ သူ့ရဲ့အောက်လက်ငယ်သားတစ်ယောက်ပေါ့"

ငှက်ကျွန်က. . .

"ဒီကွပဲ. . . ရှင်မလွယ်တော့ဘူး ထင်တယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဖုတ်ကောင်က ကျုပ်ခေါ်လာသော သူ့အောက်လက်ငယ်သားက ဖုတ်ကောင်ရဲ့လက်ချက်ကြောင့် သေဆုံးတာ ကျုပ်မှာ တာဝန်ရှိတာပေါ့လေ"

ငှက်ကျွန်သည် လသာဆောင်မှဝင်လာပြီးလျှင် တံခါးသို့လျှောက်သွား၏။

ဝမ်းဖုန်းက. . . .

"မင်း ဘယ်သွားမလို့လဲ"

ငှက်ကျွန်က. . . .

"ဟိုဘက်ခန်းသွားမလို့"

သူမသည် စကားဆက်လိုက်ပြန်သည်။

"မမေစုံဟာ ရှင်ကြောင့် တော်တော်လေး စိတ်မချမ်းသာ ဖြစ်နေတယ်ရှင့်"

ဝမ်းဖုန်းက. . . .

"ကျုပ်က သူ့ကို အသာကလေးတွန်းလိုက်တာပါ"

ဝမ်းဖုန်းသည် ထိုင်ရာမှထလိုက်သည်။

"ကျုပ်လဲလိုက်သွားပါမယ်"

ငှက်ကျွန်က မျက်မှောင်ကုပ်သွားသည်။

"သူက ရှင့်ကို တွေ့ချင်မှာမဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"သူက မတွေ့ချင်ပေမယ့် ကျုပ်က သူ့ကိုတွေ့ချင်တာပဲဗျ"



ငှက်ကျွန်သည် ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းဖုန်းသည် စကားဆက်လိုက်သည်။

"ကျုပ်သွားတာကို မင်းမကြိုက်ဘူးလား"

ငှက်ကျွန်က. . . .

"မဟုတ်ပါဘူး. . . ရှင် တော်ကြာ ဒုက္ခရောက်မှာစိုးလို့ပါ"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က. . . .

"ရှင် မနေ့ကသွားပြီး ပြန်လာတဲ့အခါမှာ တော်တော်ကြောက်ပုံရလို့ပါ"

ဝမ်းဖုန်းက. . . .

"တစ်ခေါက်ရောက်ပြီးမှတော့ မကြောက်တော့ပါဘူး"

ꩤꩤꩤ

အနက်ရောင်ဆေးများဖြင့် ခြယ်သုတ်ထားသောတံခါးသည် မင်္ဂလာမရှိဟု ဝမ်းဖုန်းက ထင်မှတ်လေသည်။

ယင်းတံခါးမပေါ်တွင် ပန်းခက်များ၊ အင်းများထွင်းထားသဖြင့် ပို၍မင်္ဂလာမရှိဟု ဝမ်းဖုန်းက ခံစားလိုက်ရလေသည်။

ငှက်ကျွန်သည် တံခါးကို အသာအယာခေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေစုံ"

ဟု အသာအယာခေါ်လိုက်လေသည်။

အခန်းထဲမှအသံတစ်သံ ထွက်ပေါ်လာသည်။

"ငှက်ကျွန် ဟုတ်လား"

မေမေစုံအသံ ဖြစ်သည်။

ဝမ်းဖုန်းက အသံအတိုးတိုးဖြင့်. . . .

"တွေ့လား ဘာမှမဖြစ်ဘူး"

မေမေစုံအသံသည် ထပ်မံထွက်ပေါ်လာသည်။

"ဘယ်လိုလဲ. . . ဟိုကောင်ကလဲ လာပြန်ပြီလား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"သူက နားအတော်ပါးသားပဲ"

သူစကားဆုံးသွားသည်နှင့် မေမေစုံ၏ ကျိန်ဆဲသောအသံများသည် ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

ဿ ဿ ဿ

ငှက်ကျွန်သည် ဝမ်းဖုန်းဘက်သို့လှည့်လိုက်သည်။

"ရှင် သူ့ကိုတွေ့ချင်သေးသလား"

ဝမ်းဖုန်းကစကားမပြောဘဲ လှည့်ထွက်သွားလေတော့သည်။

ငှက်ကျွန်က ဟန့်တားလိုက်သည်။



"ရှင် ဘယ်သွားမလို့လဲ"

"ခြေဦးတည့်ရာလျှောက်သွားမလို့"

"ဘာလုပ်မလို့လဲ"

"လူသေအလောင်းကို လိုက်ရှာမလို့"

ငှက်ကျွန်က အေးတိအေးစက်အသံဖြင့်. . . .

"လူသေအလောင်းက ဖုတ်ကောင်ဖြစ်နေပြီဆိုတာ ရှင်မေ့နေပြီလား"

ဝမ်းဖုန်းက. . . .

"ဘာပဲဖြစ်ဖြစ် လိုက်ရှာရမှာပဲ"

ငှက်ကျွန်က. . . .

"ဖုတ်ကောင်ဆိုတာ ညမှထွက်လာတတ်တယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် နေ့ဆိုရင် သူက လူသေအလောင်းပြန်ဖြစ်နေမှာပေါ့"

ထိုစဉ်မှာပင် အခန်းတံခါးပွင့်သွားပြီး မေမေစုံ၏ခေါင်းပြူထွက်လာလေသည်။

ဝမ်းဖုန်းက မေမေစုံအား တွေ့မြင်လိုက်သည်နှင့် အောက်သို့ ကမန်းကတန်း ပြေးဆင်းသွားလေသည်။

မေမေစုံသည်ပြေးဆင်းသွားသော ဝမ်းဖုန်းကိုကျိန်ဆဲဆိုက်ပြန်သည်။

"မင်းဟာ အသေဆိုးနဲ့သေသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူစကားမဆုံးမီမှာပင် ငှက်ကျွန်က သူမအား အခန်းထဲသို့တွန်းလိုက်ပြီး သူမသည် အခန်းထဲသို့လှမ်းဝင်ကာ တံခါးကို တင်းကျပ်စွာ ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းသည် အောက်သို့ရောက်ရှိသွားသည်နှင့် မေမေစုံ၏အခန်းတံခါးအား အကဲခတ်ကြည့်နေ၏။

သူ၏မျက်လုံးအစုံသည် သံသယဖြစ်နေသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူသည် အတန်ကြာတွေဝေပြီးမှ အပေါ်ထပ်သို့ပြေးတက်လာလေသည်။ ထို့နောက် ငှက်ကျွန်၏အခန်းထဲသို့ လျှပ်တစ်ပြက် ဝင်ရောက်သွားလေသည်။

ငှက်ကျွန်က သူမ၏အခန်း၌မရှိမှန်း သူသိထားသည်

သူက အဘယ်ကြောင့် ထိုအခန်းထဲသို့ တိတ်တဆိတ် ဝင်ရောက်ရပါသနည်း။

ငှက်ကျွန်သည် အခန်းထဲသို့ ပြန်လည်ရောက်ရှိလာလေသည်။

အခန်းထဲမှပစ္စည်းများသည် ခြေရာလက်ရာ ပျက်ယွင်းသည့်ပုံဟန် လုံးဝမရှိပါ။ ထို့ကြောင့် ဝမ်းဖုန်း တစ်ခေါက်ဝင်လာသည်ကို သူမက မသိလိုက်ရပါ။



မှန်တင်ခုံပေါ်တွင် ကြေးမုံပြင်တစ်ချပ်ရှိသည်။ သူမသည်ကြေးမုံပြင်ထဲမှ သူမ၏လှပသောရုပ်သွင်အား ကြည့်နေ၏။

သူမသည် ရုတ်တရက် သူ့ကိုယ်ပေါ်မှဝတ်ဆင်ထားသော အဝတ်အစားများကိုချွတ်လိုက်ပြီးလျှင် အစိမ်းရောင်လက်ရှည်အင်္ကျီတစ်ထည်ယူ၍ ဝတ်ဆင်လိုက်သည်။

ထို့နောက် မှန်တင်ခုံရှေ့၌ထိုင်ကာ အလှပြင်နေလေသည်။ သူသည် အဘယ်ကြောင့် ယခုကဲ့သို့ အလှပြင် ဆင်ရပါသနည်း။

ဓားသမားရှန်ရှောင်သည် ရောက်သည့်နေရာတိုင်းမှာ တစ်ယောက်ထဲမဟုတ်ပါ။ သူသည် သွေးကြက်တူရွေးကဲ့သို့ ကျေးကျွန်ဆယ့်သုံးယောက်ရှိသည်။

သူသည် လက်ရွေးစင်ဓားသမားဆယ့်သုံးယောက်အား ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ခဲ့သည်။

ယင်းဓားသမားဆယ့်သုံးယောက်တို့သည် သိုင်းပညာတော်သည်။ ဉာဏ်ကောင်းသည်။ အလုပ်လုပ်သောနေရာမှာ ထိကျပြတ်သားလှသည်။

ထိုဓားသမားဆယ့်သုံးယောက်တို့သည် တစ်ဝက်ခန့်က သူ့အား ဝိုင်းရံထားသည်။ တစ်ဝက်ခန့်က လိုအပ်သောပြင်ဆင်မှု

www.burmeseclassic.com

www.burmeseclassic.com



များ ကြိုတင်ပြုလုပ်ပေးရသည်။

ထိုဓားသမားဆယ့်သုံးယောက်တို့သည် အတတ်ပညာ တစ်မျိုးစီ ထူးချွန်ကြသည်။

တချို့က အမဲလိုက်ခွေးကဲ့သို့ အနံ့ခံကောင်းသည်။

တချို့က ကျောက်သံပတ္တမြားအတုများကို ပြုလုပ်တတ်သည်။ တချို့က အတုနှင့်အစစ် ခွဲခြားတတ်သည်။

တချို့မှာမူ ဒဏ်ရာကြည့်သည်နှင့် မည်သည့်လက်နက်ကြောင့်ဖြစ်သည်ကို သေချာစွာ ပြောတတ်သည်။

ထိုဓားသမားဆယ့်သုံးယောက်ကြောင့်လည်း ဓားသမားရှန်ရှောင်မှာ ကျော်ကြားသော လူဆိုးထိန်းတစ်ယောက် ဖြစ်လာလေသည်။ ထို့ပြင် သူသည် အမြဲတမ်းပြုံးတတ်သည်။

ရှန်ရှောင်၏အဓိပ္ပာယ်မှာ အမြဲတစေ ပြုံးနေခြင်းဟု အဓိပ္ပာယ်ရသည်။

ဿဿဿ

မွန်းတည့်နေရောင်ခြည်သည် ပူလောင်စွာ ထိုးကျနေ၏။

သစ်ပင်ထိပ်မှအရွက်များသည် လေ၏ တိုက်ခိုက်မှုကြောင့် ကြွေကျနေ၏။

ထိုစဉ် မြင်းခွာသံများသည်ဟိန်း၍ ထွက်လာသည်ကို



ကြားလိုက်ရသည်။

မြင်းခွာသံများသည် ဆူညံစွာ ထွက်ပေါ်နေ၏။

မကြာပါချေ မြင်းဆယ့်လေးကောင်သည် လမ်းမပေါ်သို့ မောင်းနှင်ဝင်ရောက်လာသည်။

ထိုမြင်းများဝင်ရောက်လာသည်နှင့် မြင်းပေါ်မှလူများသည် ရှည်လျားသောကျာပွတ်များဖြင့် လမ်း၏ဝဲယာတစ်ဖက်တစ်ချက်တွင် သွားလာနေသောလူများ၊ ဈေးသည်များ လမ်းဖယ်ရန် ရိုက်ချနေ၏။

မြင်းများသည် လမ်းအလယ်ဗဟိုသို့ရောက်ရှိသောအခါ အရှိန်လျှော့ချလိုက်သည်။

လူတစ်ယောက်သည် လူအုပ်ကြားမှရှေ့သို့တိုးထွက်လာသည်။

သူ၏ကိုယ်ပေါ်၌ နီရဲပြီး တောက်ပသောမင်းမှုထမ်းအဝတ်အစားများ ဝတ်ဆင်ထား၏။

သူ၏မျက်နှာတစ်ခုလုံးမှာ ချိုလွင်စွာပြုံးနေလေသည်။

သူ၏မျက်နှာသည် ကြင်နာသောရုပ်သွင် ရှိ၏။

သို့သော် သူ၏အသည်းနှလုံးနှင့် သူ့ဓားသည် အဆိပ်ပြင်းသောမြွေထက် ရက်စက်ကြမ်းကြုတ်နေလေသည်။

ယခု သူသည် အသက် ၃၆ နှစ်ရှိပြီဖြစ်သည်။

လူဆိုးထိန်းရာထူးရရှိခဲ့သည်မှာလည်း ၁၀ နှစ်ခန့်သာရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့လက်ထဲ၌ အသက်သေဆုံးသွားသူမှာ ထောင်ချီ၍ရှိနေ၏။

သင်္ချာနည်းနှင့် တွက်မည်ဆိုပါက. . . .

သူသည် သုံးချက်အတွက် လူတစ်ယောက်သတ်သည်ဟု အဖြေပေါ်လာမည်ဖြစ်သည်။

သို့သော် သူ့ကိုမသိသောလူသည် သူ့ရုပ်သွင်ကြည့်ပြီး ကြည်ညိုလေးစားမည်ဟု ထင်မှတ်လေသည်။

သူ့နောက်တွင် ဓားသမားဆယ့်သုံးယောက်နှင့်အဘိုးအို တစ်ယောက်ပါလာသည်။ ယင်းအဘိုးအိုမှာ သမားတော်ကြီးလျှိုပေချိုပင်ဖြစ်သည်။

အသက်ကြီးရင့်လှသောသမားတော်ကြီးအား ရှန်ရှောင် အဘယ်ကြောင့် ခေါ်ဆောင်လာရပါသနည်း။

ခေါ်ဆောင်လာခြင်းဆိုရမည့်အစား ဖမ်းဆီးလာသည် ဟုပြောလျှင် ပို၍မှန်ကန်ပေမည်။

အကြောင်းမှာ လျှိုပေချိုအား မြင်းပေါ်၌ ကြိုးဖြင့် တုတ်နှောင်လာသောကြောင့် ဖြစ်လေသည်။

ဿ ဿ ဿ

လမ်းမပေါ်၌ လူများသည် ရှောင်တိမ်းကုန်ကြပြီဖြစ်သည်။ လူနှစ်ယောက်ထဲသာ လမ်းနံဘေး၌ရပ်လျက်နေ၏။



ထိုလူနှစ်ယောက်မှာ တစ်ယောက်က စခန်းမှူးအန်ကူးဟိုဖြစ်သည်။ ကျန်တစ်ယောက်မှာမူ အန်ကူးဟို၏လက်အောက်ငယ်သား ဖြစ်လေသည်။

ဓားသမားရှန်ရှောင်သည် အန်ကူးဟိုရှေ့သို့ရောက်ရှိလာသောအခါ မြင်းကိုရပ်တန့်လိုက်သည်။

အန်ကူးဟိုကဦးညွှတ်၍ အလေးပြုလိုက်သည်။

ရှန်ရှောင်က. . . .

"မင်းက အန်ကူးဟိုဟုတ်လား"

အန်ကူးဟိုသည် ရှန်ရှောင်က မိမိအမည်သိထားသည်ကို အံ့ဩသွားသည်။ စိတ်ထဲတွင်လည်း သာယာမိသည်။

"ဟုတ်ကဲ့. . . ကျွန်တော် အန်ကူးဟိုပါ"

ရှန်ရှောင်မျက်လုံးအစုံသည် အန်ကူးဟို၏ကိုယ်ပေါ်မှ တန်ဆာပလာများကို ကြည့်လိုက်သည်။

"မင်းက စခန်းမှူး ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ဒီနေရာမှာ မင်းမှုထမ်း အဆင့်အမြင့်ဆုံးဟာ မင်းပဲပေါ့"

"ဟုတ်သလိုပါပဲခင်ဗျာ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တယ်ဆိုရင် ဟုတ်တယ်လို့ ပြတ်ပြတ်သားသား ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက ဦးညွတ်လိုက်ပြန်သည်။

"ဟုတ်ကဲ့. . . ကျွန်တော့်ကိုခွင့်ပြုပါ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"မင်းမှာ ဘာအပြစ်ရှိလို့ ခွင့်ပြုရမှာလဲ"

အန်ကူးဟိုက. . . .

"ဟုတ်ကဲ့. . . ဒါဖြင့် ကျေးဇူးတင်ပါတယ်ဗျာ"

ရှန်ရှောင်က. . . .

"ဒီနယ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်သမျှကိစ္စအားလုံးကို မင်းသိထားတယ်ဟုတ်လား"

"ဟုတ်ကဲ့. . . သိထားပါတယ်"

ရှန်ရှောင်က ကျေနပ်သွားသည်။

"ကောင်းတယ်. . . အခုအချိန်ကစပြီး မင်းက ငါ့အနားမှာနေရမယ်၊ မရှင်းတဲ့ကိစ္စများကို မင်းကိုမေးရလိမ့်မယ်"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ရှန်ရှောင်က စကားဦးလှည့်လိုက်သည်။

"ကျုပ်လာမယ်ဆိုတာ ဝမ်းထုံက သတင်းပေးလိုက်လို့လား"

ဝမ်းထုံဆိုသူမှာ ရှန်ရှောင်၏ဘေးသမားဆယ့်သုံးယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်သည်။

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့. . . ဒါကြောင့် ကျွန်တော် အခုလိုထွက်ကြိုနေတာပါ"

ရှန်ရှောင်က မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

"ဝမ်းထုံ အခု ဘယ်မှာလဲ"

အန်ကူးဟိုက ထစ်ထစ်ငေါ့ငေါ့ဖြင့်. . . .

"သူ. . . သူ ဟိုမှာရှိပါတယ်"

"သူက ဘာတွေအလုပ်များနေတာလဲ"

"အလုပ်မများပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကိုလာမတွေ့တာလဲ"

"သူမလာနိုင်လို့ပါ"

"သူက ဘာဖြစ်လို့မလာနိုင်တာလဲ"

"သူ သေသွားလို့ပါ"

ရှန်ရှောင်သည် သူ့အား အေးတိအေးစက်ဖြင့် စိုက်ကြည့်လိုက်သည်။

"သူ ဘာကြောင့်သေသွားတာလဲ"

အန်ကူးဟိုက တုန်တုန်ယင်ယင်ဖြစ်နေ၏။

"မနေ့ညက သူရောက်လာပြီး ကျွန်တော်မျိုးဆီက ငယ်သားနှစ်ယောက်ခေါ်သွားပြီး ခေါင်းကိုဖွင့် အလောင်းကိုစစ်ဆေးပါတယ်"

"ဘယ်သူ့အလောင်းကို စစ်ဆေးတာလဲ"

"လူဆိုးထိန်းထိဟင်းရဲ့ အလောင်းလို့ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုတွေ့သလဲ"

"ဖုတ်ကောင်ကိုပဲ တွေ့ရတယ်"

ရှန်ရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်လို. . . ထိဟင်းက ဖုတ်ကောင်ဖြစ်သွားတယ် ဟုတ်လား"

အန်ကူးဟိုက မျက်မှောင်ကုပ်သွားသည်။

"ဟုတ်ကဲ့. . . ဒါကြောင့် သူနဲ့ငယ်သားတစ်ယောက်ကို ပြန်လွှတ်လိုက်ပါတယ်"

"နေပါဦး ဒီခေါင်းက ဘယ်သူကယူလာတာလဲ"

"ဝမ်းဖုန်းဆိုတဲ့ လူငယ်တစ်ယောက်ပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့ဒီသူငယ် ဝမ်းဖုန်းရောက်လာမှ အမှုတွေ တော်တော်များများဖြစ်တယ်ဆိုတာ ဟုတ်ရဲ့လား"

အန်ကူးဟိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လူကြီးမင်းက သိပြီးပြီ ဟုတ်လား"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ကျုပ် အကြမ်းအားဖြင့် သိထားတယ်. . . မင်းကော အားလုံးသိထားတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

"ဒါဖြင့် အကျိုးအကြောင်းအားလုံး အသေးစိတ်ပြောပြပါဦး"



အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဒီကိစ္စကိုပြောရမယ်ဆိုရင် ဖန်းအန်းတည်းခိုခန်းကစပြီး ပြောရလိမ့်မယ်"

"အဲဒီတည်းခိုခန်းက ဘယ်မှာလဲ"

"အဲဒီလမ်းရဲ့ရှေ့မှာပါ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ဒါဖြင့် ဟိုရောက်မှပဲပြောပြပါ"

သူတို့သည် ရှေ့သို့ဆက်၍လျှောက်သွားပြီး ဖန်းအန်းတည်းခိုခန်းရှေ့၌ ရပ်တန့်လိုက်ကြလေသည်။

ဿ ဿ ဿ

ဖန်းအန်းတည်းခိုခန်းပိုင်ရှင်သည် အလွန်ပါးနပ်သော လူတစ်ယောက်ဖြစ်သည်။

သူသည် အသက်အိုမင်းရင့်ရော်ပြီဖြစ်သော်လည်း အတွေ့အကြုံ ရင့်ကျက်သည်။

အန်ကူးဟိုခေါ်ဆောင်လာသော အောက်လက်ငယ်သား ဆယ့်နှစ်ယောက်ကို တွေ့မြင်ရသည်။

ရှန်ရှောင်သည် နှယ်နှယ်ရရလူမဟုတ်မှန်း သိထား၏။

ထို့ကြောင့် သူသည် ဖြစ်ပျက်ခဲ့သောမှုခင်းများကို အသေးစိတ် ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်သည် သေချာစွာ နားထောင်ပြီးမှ. . . .

"အခင်းဖြစ်ပွားတဲ့နောက်ပိုင်းမှာ မင်းက သန့်ရှင်းဖြစ် သေးလား"

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်သည်။

"အာဏာသားတစ်ယောက် ရောက်လာပါတယ်ဗျာ. . . သူက အားလုံးကို ဒီအတိုင်းထားပြီး နေရာမရွှေ့ပါနဲ့လို့ ပြောထားလို့ပါ"

ရှန်ရှောင်က. . . .

"အခင်းဖြစ်ပွားပြီးနောက် ခင်ဗျားက သွားပြီးတိုင်ကြား တာလား. . . သူက ရောက်လာတာလား"

ဆိုင်ရှင်က. . . .

"ကျွန်တော်မျိုးကသွားပြီး တိုင်မလို့အထွက်မှာ သူ ရောက်လာပါတယ်"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဝမ်းထုံက ခေါင်းနောက်ကိုလိုက်ပို့ရင်း ဒီကိုရောက်လာ တာနဲ့တူတယ်"

သူသည် ဆိုင်ရှင်အား ပြုံးပြလိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ကျောက်တုံးဟာ လေး တုံးရှိတယ်၊ ဝမ်းဖုန်းက တစ်တုံးယူသွားရင် သုံးတုံးတော့ကျန်ခဲ့ရ ပေါ့"

သူစကားဆုံးသွားသည်နှင့် သူ့လက်အောက်ငယ်သား



များသည် စတင်ရှာဖွေကြလေတော့သည်။

ꩤꩤꩤ

မကြာပါချေ။ သူတို့သည် ကျန်ရှိသော ကျောက်တုံးသုံး တုံးကို ရှာဖွေတွေ့ရှိသည်။

ရှန်ရှောင်သည် နီနေသောကျောက်တုံးတစ်တုံးကို နှာ ခေါင်းထဲထည့်၍ အနံ့ခံကြည့်သည်။ ထိုကျောက်တုံးပေါ်၌ သွေး အနံ့ရရှိသည်ဟု အနံ့ခံမိသည်။

ထိုစဉ် သူ့လက်အောက်ငယ်သားတို့သည် အသင့်ပါလာ သော ဆေးသေတ္တာများကို ဖွင့်လိုက်သည်။

သူတို့သေတ္တာထဲတွင် ကိရိယာများ စုံလင်လှသည်။

သူတို့သည် ကျောက်တုံးကလေးများအား စတင်စစ် ဆေးကြည့်ကြလေသည်။

အချိန်သိပ်မကြာပါ။ သူတို့သည် ထိုကျောက်တုံးက လေးအပေါ်တွင် တွေ့ရှိရသော အချက်များကို တင်ပြလိုက်လေ သည်။

ယင်းနီရဲသောကျောက်တုံးကလေးများသည် တိဘက် ဒေသမှ အနီရောင်လင်းနို့များ၏သွေးဖြင့် စိမ်ထားသောကြောင့် ဖြစ်သည်။

ယင်းကျောက်တုံးကလေးများပေါ်တွင် အဆိပ်လုံးဝမ

www.burmeseclassic.com



ရှိသည့်အကြောင်းများကို တင်ပြထားလေသည်။

ဿဿဿ

ရှန်ရှောင်သည် အောက်လက်ငယ်သားများ၏တင်ပြ လာသောအချက်အလက်များကို သေချာစွာလေ့လာပြီးနောက်

"ကဲ. . . အဲဒီအလောင်းသုံးလောင်းကို ခွဲစိတ်ပြီး စစ် ဆေးပေတော့"

အတူပါလာသော အောက်လက်ငယ်သားများအနက် ငယ်သားနှစ်ယောက်က အလောင်းခွဲစိတ်ရာ၌ အလွန်ကျွမ်းကျင် သူများဖြစ်ကြသည်။

ထိုငယ်သားနှစ်ယောက်သည် ရှန်ရှောင်၏အမိန့်ကို ကြားလိုက်သည်နှင့် သူတို့၏ကိရိယာများထုတ်လိုက်ပြီး ထန် ထင်းလုံတို့၏ အလောင်းများကိုခွဲစိတ်ရန် ပြင်ဆင်ကြလေသည်။

ရှန်ရှောင်သည် သမားတော်ကြီး လျှိုပေချိဘက်သို့လှည့် လိုက်ပြီး. . .

"ကဲ. . . အလောင်းသုံးလောင်းရှိတယ်၊ ခင်ဗျားက ကျန်တဲ့အလောင်းတစ်လောင်းကို တာဝန်ယူပြီး ခွဲစိတ်ပေးပါ"

လျှိုပေချိသည် တစ်ချိန်လုံး ကြိုးဖြင့်တုပ်နှောင်ခြင်းခံရ သဖြင့် ခါးပင်မဆန့်နိုင်ပါ။

"ကျုပ်က အသက်လဲကြီးပါပြီ. . . မျက်လုံးလဲမှေးလာ



း မလုပ်ပါရစေနဲ့"

ရှန်ရှောင်က ပြုံးလိုက်သည်။

"စကားမများနဲ့ ကျုပ်ခိုင်းသလိုသာ လုပ်ပါ"

လျှိုပေချိသည် မငြင်းဝံ့တော့ဘဲ အလောင်းတစ်လောင်း ယူ၍ ခွဲစိတ်ရလေသည်။

ဿဿဿ

တစ်နာရီခန့်ကြာသွားပြီးနောက် ထန်ထင်းလုံတို့သည် အဆိပ်မိ၍ သေဆုံးသွားရခြင်းဖြစ်ကြောင်း ခွဲစိတ်သောငယ်သား ယောက်က တင်ပြနိုင်ခဲ့လေသည်။

ရှန်ရှောင်က လျှိုပေချိဘက်သို့လှည့်လိုက်ပြီး. . .

"ခင်ဗျားကော ဘာကိုတွေ့သလဲ"

လျှိုပေချိသည် နဖူးပေါ်မှချွေးများကိုသုတ်ရင်း. . .

"ဟုတ်ကဲ့. . . သူတို့ဟာ အဆိပ်မိလို့ သေသွားရတာ ပါ"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ. . . ဘာအဆိပ်မိတာလဲ၊ ဘယ်လိုလုပ်လို့ မိ သွားတာလဲ"

ငယ်သားနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ကာ အတန်ကြာမှ ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးခင်ဗျာ"

ရှန်ရှောင်က လျှိုပေချီဘက်သို့လှည့်လိုက်ပြန်သည်။

"ခင်ဗျားကော သိသလား"

လျှိုပေချီက. . . .

"ကျုပ်လဲ မသိဘူး"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"အို. . . သိကိုသိရမယ် မသိရင် သူတို့ရဲ့ခေါင်းကိုခွဲကြည့်ပေါ့"

လျှိုပေချီသည် အလောင်း၏တကောက်ကွေးအား ညွှန်ပြလိုက်သည်။

"ဟောဒီမှာတော့ အပေါက်ကလေးတစ်ခုတွေ့တယ် . . . ဒါပေမယ့် ခွဲစိတ်ကြည့်တဲ့အခါ ဘာကိုမှ မတွေ့ရဘူး"

ရှန်ရှောင်က မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျားဆိုလိုတာက တစ်ယောက်ယောက်က အဆိပ်လူးထားတဲ့အပ်နဲ့ ပစ်လိုက်လို့ ဟုတ်လား"

ငယ်သားနှစ်ယောက်သည် ထိုစကားကြားလိုက်ရသောအခါ သူတို့ခွဲစိတ်ထားသောအလောင်းများအား ထပ်မံခွဲစိတ်ကြည့်လိုက်သည်။

လျှိုပေချီပြောသည့်အတိုင်း အလောင်း၏တကောက်ကွေးတွင် အပ်ပေါက်ရာကလေးများ တွေ့ရှိရလေသည်။

ယင်းအပ်ပေါက်ကလေးများသည် အလွန်သေးငယ်နေ



သဖြင့် သတိပြု၍မကြည့်လျှင် တွေ့နိုင်မည်မဟုတ်ပါ။

ရှန်ရှောင်က. . . .

"ဒါဖြင့် ဒီအပ်ကလေးဟာ ကိုယ်ခန္ဓာထဲမှာပဲ ကျန်ရှိရပါမယ်"

လျှိုပေချီက. . . .

"ဟုတ်ပါတယ်. . . အမှန်အတိုင်းက အဲဒီလိုဖြစ်ရမှာပဲ. . . . ဒါပေမယ့် ကျုပ်က ခွဲစိတ်တဲ့အခါမှာ အပ်တစ်ချောင်းမှ မတွေ့ရဘူးဗျ"

ရှန်ရှောင်သည် ငယ်သားနှစ်ယောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"မင်းတို့ကော"

ငယ်သားနှစ်ယောက်က ပြိုင်တူဦးညွတ်လိုက်သည်။

"ကျွန်တော်တို့လဲ မတွေ့ရဘူးခင်ဗျာ"

ရှန်ရှောင်က မျက်မှောင်ကုပ်လိုက်သည်။

"မတွေ့လို့မဖြစ်ဘူး. . . ရအောင်ကိုရှာရလိမ့်မယ်"

ငယ်သားနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်နှာညှိုမဲသွားကြလေသည်။

လျှိုပေချီက ရုတ်တရက် တစ်စုံတစ်ခု သတိရလာ

း. . . .

"ဟုတ်ပြီ. . . အပ်ကလေးပစ်လိုက်တဲ့အချိန်မှာ သွေးကြောထဲရောက်သွားလိမ့်မယ်ထင်တယ်၊ အပ်ကလေးဟာ သွေး

www.burmeseclassic.com



ကြောလမ်းအတိုင်း နှလုံးထဲရောက်သွားတာ ဖြစ်ရမယ်"

ရှန်ရှောင်၏မျက်လုံးအစုံသည် ဝင်းလဲ့တောက်ပသွား၏။

"ဒါဖြင့် အသည်းနှလုံးကို ခွဲစိတ်ကြည့်ကြပါလား... ဘာငေးနေကြတာလဲ"

ꩦꩦꩦ

အလောင်း၏နှလုံးအား ခွဲစိတ်ပြီးသည့်နောက် ၎င်းနှလုံးထဲမှ အလွန်သေးငယ်သော အပ်(၁၇)ချောင်းအား ရရှိလိုက်လေသည်။

ရှန်ရှောင်သည် ထိုအပ်ကလေးများအား အဖြူရောင်စက္ကူပေါ်တွင်တင်ထားပြီး ညှပ်ကလေးဖြင့်ညှပ်ကာ သေချာစွာ လေ့လာကြည့်သည်။

"အင်း... ဒီလူသုံးယောက်သေသွားရတဲ့အကြောင်းရင်းကိုတော့ ရှာလို့တွေ့ပြီ၊ အဲဒီအပ်ကလေးဟာ ဘယ်သူပစ္စည်းလဲဆိုတာ သိဖို့လိုလာပြီဗျ"

သို့သော် သူတို့သည် ထိုအပ်ကလေးများအား အကြိမ်ကြိမ်လေ့လာကြည့်ရှုသော်လည်း အပ်ကလေးများ၏ပိုင်ရှင်သည် မည်သူမည်ဝါဖြစ်သည်ကို မသိရချေ။

ရှန်ရှောင်သည် အတန်ကြာစဉ်းစားလိုက်ပြီးမှ ရုတ်တ



ရက် တစ်စုံတစ်ခုအား သတိရလာလေသည်။

လူဆိုးထိန်းထိဟင်းသည် လွန်ခဲ့သောတစ်နှစ်တုန်းက တစ်ကိုယ်တော် ဒမြတစ်ယောက်အား ဖမ်းမိခဲ့လေသည်၊

ယင်းတစ်ကိုယ်တော်ဒမြ၏ကိုယ်ပေါ်တွင် အဆိပ်လူးထားသော အပ်ကလေးများပါရှိလာသည်ကို သူကောင်းစွာ မှတ်မိလိုက်လေသည်။

သူသည် မျက်မှောင်ကုပ်သွားလေ၏။

ထိုအပ်ကလေးများသည် ထိဟင်း၏လက်ထဲသို့ရောက်ရှိလိမ့်မည်ဟုလည်း သူက ယုံကြည်ထားလေသည်။

ယင်းသို့တွေးမိသည်နှင့် သူက အားရပါးရ ရယ်မောလိုက်လေသည်။

"မဟုတ်မှလွဲရော... တရားခံဟာ ထိဟင်းပဲဖြစ်နိုင်တယ်"

သူ့စကားကြောင့် အားလုံးသောလူများသည် ဒ၊အားသင့်သွားကုန်လေသည်။

ထိဟင်းသေဆုံးသွားသည်မှာ (၇)ရက် (၈)ရက်ခန့်ပင်ရှိပြီဖြစ်သည်။

(၈)ရက်ခန့်က သေဆုံးသွားသောလူတစ်ယောက်သည် အဘယ်ကြောင့် လူသတ်နိုင်ဦးမည်နည်း။

သို့သော် မည်သူကမှ ပြန်လည်ချေပခြင်းမပြုပါ၊

အန်ကူးဟိုကလည်း ပြန်လည်ချေပရန် ပါးစပ်ဟလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ပြန်ပိတ်ထားလိုက်လေသည်။

ॐ ॐ ॐ

ရန့်ရှောင်သည် တဟားဟားရယ်မောနေ၏။

သို့သော် သူ၏မျက်လုံးအစုံမှာမူ ရယ်မောသည့်အရိပ်အယောင် စိုးစိမျှမရှိပါ။

ထို့ကြောင့် သူ၏ရယ်မောသံသည် ခြောက်ကပ်ကပ်နိုင်လှပြီး ကျောချမ်းဖွယ်ရာ ကောင်းလှသည်ဟု ထင်မိလေသည်။

လျှို့ပေချို့က မနေနိုင်ဘဲ. . .

"ထိုဟင်းကိုခေါင်းထဲမှာထည့်ပြီး အဖုံးနဲ့သေသေချာချာ ဖုံးပြီး သံရိုက်ထားတာကို ကျုပ်ကိုယ်တိုင်တွေ့ခဲ့ပါတယ်"

ရန့်ရှောင်က ရယ်မောရာမှရပ်တန့်လိုက်သည်။

"ခေါင်းဟာ သေတဲ့လူအတွက်ဖြစ်သော်လည်း အသက်ရှင်တဲ့လူကလည်း အသုံးပြုလို့ရပါတယ်"

လျှို့ပေချို့က. . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် ထိုဟင်းဟာ လွန်ခဲ့တဲ့ (၇)ရက် (၈)ရက်လောက်က သေဆုံးနေပါပြီ"

ရန့်ရှောင်က. . .

"သူက ဘာရောဂါနဲ့သေတာလဲ"

လျှို့ပေချို့က ပါးစပ်ပိတ်ထားလိုက်သည်။



ယင်းမေးခွန်းသည် ရန့်ရှောင်က(၁၁)ကြိမ်တိတိ မေးခဲ့ပြီးဖြစ်သည်။ သူကလည်း (၁၁)ကြိမ်တိတိ သေသေချာချာ ရှင်းပြခဲ့သည်။

မေးခွန်းတစ်ခုအား(၁၁)ကြိမ်တိတိ ဖြေဆိုရသည်မှာ အလွန့်ခြောက်သွေ့ပြီး ပျင်းရိဖွယ်ရာမဟုတ်ပါလား။

ထို့ကြောင့် လျှို့ပေချို့က ထပ်မံဖြေကြားရန် လုံးဝစိတ်မ ဘူးတော့ပါ။

ရန့်ရှောင်က အတန်ကြာစောင့်ဆိုင်းပြီးမှ. . .

"ခင်ဗျား မဖြေနိုင်တော့ဘူးလား"

လျှို့ပေချို့က. . .

"ကျုပ်(၁၁)ကြိမ် တိတိဖြေခဲ့ပြီးပါပြီ"

ရန့်ရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"လူတစ်ယောက်သေဆုံးတယ်ဆိုတာ သေဆုံးတဲ့အကြောင်းရင်းရှိရမှာပဲ၊ ခင်ဗျားက မသိဘူးဆိုတော့ သူ့ရဲ့ခန္ဓာကိုယ်ကိုဖွင့်ခွဲပြီး မစစ်ဆေးလို့ဖြစ်ရမယ်၊ ဒါမှမဟုတ် သူဟာ မသေဘာဘဲဖြစ်ရမယ်"

လျှို့ပေချို့က ပါးစပ်ပိတ်ထားလိုက်ပြန်သည်။

ရန့်ရှောင်သည် လျှို့ပေချို့အား အေးတိအေးစက်ဖြင့် စိုက်ကြည့်လိုက်သည်။

"အလောင်းစစ်ဆေးတဲ့အခန်းမှာ ခင်ဗျားတစ်ယောက် ထဲပဲရှိတယ်၊ ခေါင်းထဲထည့်တဲ့အထိ ခင်ဗျားတစ်ယောက်ထဲပဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သွားတယ်. . . အဲဒီတော့ သူ့အလောင်းကိုခွဲစိတ်တယ် ဖျေ
စိတ်ဘူးဆိုတော ခင်ဗျားကပဲသိမှာပါ"

လျှိုပေချိုသည် တိတ်ဆိတ်နေလိုက်သည်။

ရှန်ရှောင်က. . . .

"ထိဟင်းဟာ ခင်ဗျားရဲ့မိတ်ဆွေမို့ သူ့ရဲ့ဗိုက်ကိုမခွဲရဲ
တာ မဟုတ်လား"

လျှိုပေချိုက အသံမထွက်ပါ။

ရှန်ရှောင်က ထပ်မံမေးလိုက်သည်။

"ဒါမှမဟုတ်ရင် သူသေတဲ့အကြောင်းရင်းကို သိလျှက်နဲ့
အကြောင်းအမျိုးမျိုးကြောင့် မပြောရဲလို့လား"

လျှိုပေချိုသည် မျက်လုံးများပင် မှိတ်ထားလေသည်။

ရှန်ရှောင်က စကားဦးလှည့်လိုက်လေသည်။

"ဒါနဲ့တစ်ကိုယ်တော်ဒမြ မန်းထင်ဝေ့နဲ့ ထိမင်းတို့ရဲ့
အစ်ကိုအလောင်းကို 'ထိဟင်း'က ခင်ဗျားကို ခွဲစိတ်ဖို့အပ်လိုက်
တယ် မဟုတ်လား"

လျှိုပေချိုက. . . .

"ဟုတ်တယ်"

"သူတို့က ဘာကြောင့်သေဆုံးရတာလဲ"

"အဆိပ်မိလို့"

"ဘာအဆိပ်များမိလို့လဲ"

"သေသေချာချာ မခွဲခြားနိုင်ပါဘူး"



"မင်းရဲ့အစီရင်ခံစာကို ကျုပ်ဖတ်ကြည့်ပြီးပါပြီ. . . ဒီ
အတိုင်းပဲရေးထားတာ တွေ့ရတယ်"

"ခင်ဗျားဖတ်မယ်ဆိုတာ ကျုပ်သိထားပါတယ်"

"ဒါနဲ့အကြောင်းတစ်ခုကို ခင်ဗျားသိလား မသိလား
တော့ မပြောတတ်ဘူး"

ရှန်ရှောင်က ရုတ်တရက် ပြုံးလိုက်သည်။

လျှိုပေချိုက မျက်လုံးဖွင့်ကြည့်သောအခါ ရှန်ရှောင်၏
ပြုံးနေသည်မှာ လျှို့ဝှက်သည့်အသွင် ဆောင်နေလေသည်။

"ဘာအကြောင်းများလဲ"

ရှန်ရှောင်က. . . .

"မန်းထင်ဝေ့နဲ့ ထိမင်းတို့အလောင်းများကို ကျုပ်က
ပြန်ဖော်ပြီး စစ်ဆေးခဲ့တယ်လေ"

လျှိုပေချိုက မျက်နှာကွက်ခနဲ ပျက်သွားသည်။

ရှန်ရှောင်က ပြုံးလိုက်သည်။

"ကျုပ်ပြန်တူးဖော်ပြီး စစ်လိုက်တဲ့အခါမှာ တစ်ခုတော့
သိထားလိုက်တယ်"

လျှိုပေချိုက မမေးတော့ပါ။

ရှန်ရှောင်က. . . .

"အဲဒီအလောင်းကို ခွဲစိတ်တဲ့အခါမှာ ခင်ဗျားဟာ ပေါ့
ပေါ့တန်ခွဲစိတ်လိုက်ပြီး ဘာကိုမှ မစစ်ဆေးဘူးလို့ ကျုပ်တွေ့ရှိ
ခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



လျှိုပေချိုက မျက်နှာပို၍ ပျက်သွားသည်။

ရှန်ရှောင်ကပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"အဲဒီတုန်းကတော့ ပြီးပြီးသားကိစ္စမို့ ခင်ဗျားရဲ့အစီရင်ခံစာကို လက်ခံခဲ့ရတယ်၊ အခုတော့ လက်မခံနိုင်တော့ပါဘူးဗျာ"

သူသည်ပြုံးပြီး စကားဆက်လိုက်ပြန်သည်။

"ဘာဖြစ်လို့လဲဆိုရင် အခု ကျုပ်က နောက်ထပ်အချက်တစ်ချက် တွေ့ရပြန်တယ်၊ အဲဒါဘာလဲဆိုရင် သေဆုံးသွားတဲ့ မန်းထင်ဝေ့တို့အလောင်းနဲ့ အခု ထန်ထင်းလုံတို့ရဲ့အလောင်း ခွဲစိတ်တဲ့အခါမှာ သူတို့ရဲ့သေဆုံးတဲ့အကြောင်းဟာ အတူတူဖြစ်နေလို့ပါပဲ"

လျှိုပေချို၏မျက်နှာမှာ ညှိုမဲလာလေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"အခု ခင်ဗျားဟာ ဒီလောက်သေးတဲ့အပ်ပေါက်တောင်မှ ရအောင်ရှာနိုင်တာပဲ၊ ဘာကြောင့် မန်းထင်ဝေ့အလောင်းကို ဘာမှရှာလို့မတွေ့ရမှာလဲ"

လျှိုပေချိုသည် စကားတစ်လုံးမှ မပြောတော့ပါ။

သူ၏မျက်လုံးအစုံသည် ချီးကျူးသည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

ရှန်ရှောင်က. . .

"နေပါဦး. . . ခင်ဗျားက ဘာဖြစ်လို့သိလျက်နဲ့ ဖုံးကွယ်ထားရတာလဲ"



လျှိုပေချိုသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

သို့သော် ရှန်ရှောင်ကတစ်ယောက်တည်း မေးခွန်းများ ဆက်တိုက်မေးသွားလေတော့သည်။

"ထိဟင်းက ခင်ဗျားကို ဖုံးကွယ်ခိုင်းထားလို့လား"

"ထိဟင်းက ဘာတွေကို ဖုံးကွယ်ချင်ရတာလဲ"

"ခင်ဗျားနဲ့ထိဟင်း ဘာတွေပတ်သက်နေလို့လဲ"

"သူက တကယ်သေသွားတာမှန်သလား. . . မှန်ရင် သူက ဘာကြောင့်သေရတာလဲ"

"အဆိပ်အပ်ပိုင်ရှင်က တစ်ကိုယ်တော်ဒမြဖြစ်တယ်၊ ထိဟင်းရဲ့လက်ထဲမှာ ဖမ်းမိထားတယ်၊ အဲဒီတော့ သူ့မှာပါရှိတဲ့အဆိပ်အပ်ကလေးတွေဟာ ထိဟင်းလက်ထဲမှာ ကျန်ရစ်သလား"

"မန်းထင်ဝေ့နဲ့မင်းတို့ဟာ လွန်ခဲ့တဲ့(၇)နှစ်တုန်းက မြို့စားကြီးရဲ့ ရတနာသိုက်ဖောက်ထွင်းမှုနဲ့ ပတ်သက်တဲ့လူဖြစ်လို့ ထိဟင်းက သူတို့ကိုသတ်လိုက်လို့လား"

"ထိဟင်းက အဲဒီဖောက်ထွင်းမှုနဲ့ ပတ်သက်နေလို့လား. . . ခင်ဗျားကော ဒီထဲမှာပါဝင်နေသလား"

"ခင်ဗျားတို့ဟာ ဘာတွေကြံစည်နေတာလဲ. . . ဘယ်လိုအကြံအစည်မျိုး ကြံစည်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ သွေးကြွက်တူရွှေးရဲ့ ကျွန်တစ်ယောက်များ ဖြစ်နေသလား"

မေးခွန်းများသည် ကြိမ်လုံးများပမာ လှိုင်ပေချို၏နှလုံးသားအား ရိုက်ခတ်နေ၏။

လှိုင်ပေချို၏ပါးစပ်သည် တင်းကျပ်စွာ ပိတ်ထားသည်။

သူ့နှုတ်ခမ်းသည် တဆတ်ဆတ်တုန်ခါနေ၏။

သူ၏ခန္ဓာကိုယ်သည် တုန်တုန်ယင်ယင်ဖြစ်ပြီး မတ်တတ်ပင် မရပ်နိုင်တော့ဘဲ ကုလားထိုင်ပေါ်သို့ ရုပ်သေးကြိုးပြတ်ပမာ ဝင်ချလိုက်သည်။

ရှန်ရှောင်က ရယ်မောလိုက်သည်။

"ကျုပ်မေးချင်တာကို မေးရမှာပဲ. . . ကျုပ်ရဲ့မေးခွန်းတွေကို အဖြေမှန်ရရှိအောင် ကျုပ်က ဘယ်လိုနည်းမျိုးမဆို အသုံးပြုရမှာပဲ"

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ရှေ့မှာ လိမ်ညာပြောဖို့တော့ စိတ်မကူးကြနဲ့. . . ကျုပ်ရဲ့လက်အောက်ငယ်သားများဟာ လူတစ်ယောက်ကို စစ်ဆေးတဲ့နေရာမှာ အတော်ကို အားကိုးရတယ်ဆိုတာ ခင်ဗျားနားလည်ထားဖို့ကောင်းတယ်"

သူသည် ရှေ့သို့တိုးလိုက်ပြီး လှိုင်ပေချိုအား စိုက်ကြည့်လိုက်သည်။

"တဲ့. . . ခင်ဗျားကို အချိန်နည်းနည်းပေးလိုက်မယ်



. . . သေသေချာချာ စဉ်းစားလိုက်ပါ"

လှိုင်ပေချိုက ကုလားထိုင်ပေါ်တွင် မတ်တတ်ရပ်လိုက်၏။

"ကျုပ်ကို အချိန်ပေးစရာ မလိုတော့ပါဘူး"

ရှန်ရှောင်က. . . .

"ခင်ဗျား အမှန်အတိုင်းပြောတော့မယ် ဟုတ်ရဲ့လား"

လှိုင်ပေချိုက ပြန်မေးလိုက်သည်။

"ကျုပ် အခု အသက်ဘယ်လောက်ရှိပြီလဲဆိုတာ ခင်ဗျားသိသလား"

ရှန်ရှောင်က ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်လောက်ရှိပြီလဲ"

"(၈၀). . . ."

"ဟုတ်လား. . . ခင်ဗျားကြည့်ရတာ(၈၀)ရှိမယ် မထင်ပါဘူး"

လှိုင်ပေချိုက မချိပြုံးပြုံးလိုက်သည်။

"အသက်(၈၀)ရှိတဲ့လူဟာ နောက်ထပ် ဘယ်လောက်ကြာကြာနေရမှာလဲ"

ရှန်ရှောင်က. . . .

"ခင်ဗျားကိုကြည့်ရတာ အနည်းဆုံး(၁၀)နှစ်လောက်နေရဦးမယ်၊ ကနေ့ ခင်ဗျားက အမှန်အတိုင်းမပြောဘူးဆိုရင်ပြီးတော့မှခက်သွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



လျှိုပေချိုက ပြုံးလိုက်သည်။

"လူတစ်ယောက်ဟာ အသက်(၈၀)အထိ နေနိုင်တယ်ဆိုတာ လုံလောက်သွားပါပြီ၊ နောက်ထပ်(၁၀)နှစ် နေဖို့ဟာ အဓိပ္ပာယ်မရှိပါဘူးဗျ၊ ဒါကြောင့် ခုသေသွားလဲ ကျုပ်က အရေးထားတော့ပါဘူး"

ရှန်ရှောင်က. . . .

"ခင်ဗျားသေချင်တိုင်း သေလို့ရမယ်များ မှတ်သလား"

လျှိုပေချိုက ပြုံးလိုက်ပြန်သည်။

"လူတစ်ယောက်ဟာ ကိုယ့်ကိုကိုယ် သေမယ်လို့ဆုံးဖြတ်ထားတာပဲ၊ ဘာဖြစ်လို့ မသေနိုင်မှာလဲ"

ရှန်ရှောင်က. . . .

"ကျုပ်က သေခွင့်မပေးဘူးဆိုရင် ခင်ဗျား သေလို့မရဘူးဗျာ"

လျှိုပေချိုက ရယ်မောလိုက်သည်။

"ခင်ဗျားဟာ အစစအရာရာ တော်တဲ့လူတစ်ယောက်ပါ . . . ဒါပေမယ့် ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းပါတယ်"

လျှိုပေချိုက ယင်းသို့ပြောပြီးသည်နှင့် သူ့ခန္ဓာကိုယ်သည် တစ်ချက်လှည့်လိုက်ပြီး သူ၏လက်ဝါးသည် ရှန်ရှောင်ထံသို့ တွန်းထုတ်လိုက်သည်။

ရှန်ရှောင်က မဲ့ပြုံးပြုံးလိုက်ပြီး အသာအယာ ရှောင်တိမ်းလိုက်သည်။



ရုတ်တရက် သူသည် တစ်စုံတစ်ခု အားသတိရလာပြီး မျက်နှာကွက်ခနဲပျက်သွားကာ သူ့ခန္ဓာကိုယ်အား မြေပေါ်သို့ တမန်းကတန်း လှဲချလိုက်ပြီး အဝေးသို့ လိမ့်သွားလေသည်။

လျှိုပေချို၏အတွင်းအားမှာ ထက်မြက်ခြင်း မရှိပါ။

သူ့သိုင်းပညာမှာလည်း အသင့်အတင့်သာရှိသည်။

ရှန်ရှောင်က အဘယ်ကြောင့် ဤမျှ ထိတ်လန့်တုန်လှုပ်သွားသနည်း။

အကြောင်းမှာ လျှိုပေချိုက လက်ဝါးနှင့်တွန်းလိုက်သောအခါ သူ၏လက်ချောင်းကြားမှ ညှပ်ထားသော အဆိပ်လူးမြားသုံးခုသည် ရှန်ရှောင်ထံသို့ ပစ်လွှင့်သွားလေသည်။

သူသည် အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သော်လည်း သူ့နောက်မှာရပ်လျက်နေသော အောက်လက်ငယ်သားတစ်ယောက်ထံသို့ ထိမှန်သွားလေသည်။

"အား. . . ."

ထိုငယ်သားသည် စူးရှစွာ တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

ရှန်ရှောင်သည် မတ်တတ်ရပ်လိုက်လေသည်။

လျှိုပေချိုမှာ အလောင်းခွဲစိတ်သောဓားဖြင့် မိမိလည်မျိုသို့ ခွဲချလိုက်သည်ကိုတွေ့ရလေသည်။

ရှန်ရှောင်က လျှပ်တစ်ပြက်ထခုန်လိုက်ပြီး လျှိုပေချို၏ဓားကိုင်ထားသောလက်ကောက်ဝတ်အား ဖမ်းဆုပ်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဘာရမလဲ... ခင်ဗျား ဒီလိုသေလို့ဘယ်ဖြစ်မလဲ"

သို့သော် လျှို့ပေချို၏ မျက်နှာတစ်ခုလုံးမှာ ညှိုးမဲလာပြီး မြေပေါ်သို့လဲကျသွားသည်ကို တွေ့မြင်ရလေသည်။

သူသည် မြေပေါ်သို့လဲကျသည့်တဒင်္ဂအချိန်အတွင်း..

"ကြက်တူရွေး...."

ဟု နောက်ဆုံးပြောသွားလေတော့သည်။

ရှန်ရှောင်သည်မျက်လုံးပြူးကျယ်စွာဖြင့် လျှို့ပေချိုအား ကြည့်လိုက်သည်။

"ကြက်တူရွေး... ဘာကြက်တူရွေးလဲ"

သူသည် လျှို့ပေချိုသေဆုံးသွားမှန်း သိလိုက်သည်။

သို့သော် သူ၏မေးခွန်းသည် လွှတ်ကနဲ မေးလိုက်ခြင်း ဖြစ်၏။

သူသည်လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက် ပြီး....

"ကြက်တူရွေး... ကြက်တူရွေး"

ဟု တစ်ယောက်တည်း ညည်းညူနေလေသည်။

ꩻ ꩻ ꩻ

ကြက်တူရွေး....



ကြက်တူရွေးသည် မည်သည့်အရာကို ကိုယ်စားပြုထား ပါသနည်း။

ငှက်တစ်ကောင်လား... လူတစ်ယောက်လော။ သို့ တည်းမဟုတ် လျှို့ဝှက်ချက်တစ်ခုလော။ အကြံအစည်တစ်ခု လော။

လျှို့ပေချိုသည် အသက်ကိုသာ အသေခံသွား၏။ ရှန် ရှောင်၏မေးခွန်းအား လုံးဝမဖြေခဲ့ပါ။

ရှန်ရှောင်သည် သူ၏ဦးခေါင်းမှာ သုံးဆခန့်ကြီးသွား သည်ဟု ခံစားလိုက်ရလေသည်။

သူသည် ထူးဆန်းထွေလာသော အဖြစ်အပျက်များ အ မျိုးမျိုးကြုံတွေ့ခဲ့ရသည်။

သွေးကြက်တူရွေး ထွက်ပေါ်သည့်ကိစ္စ....

မြို့စားကြီး၏ ရတနာသိုက် ဖောက်ထွင်းခံရသည့်အမှု သည် ယခုထိ အစအနပင် မတွေ့ရသေးပါ။

ယင်းအမှုကို ဖော်ထုတ်နိုင်ရန် နေပြည်တော်က သူ့အား တာဝန်ပေးခဲ့သည်မှာ သုံးနှစ်နီးပါးရှိပြီ ဖြစ်သည်။

ယင်းအမှုသည် အလွန်ထူးဆန်းပြီး လျှို့ဝှက်လှသဖြင့် သူသည် သုံးနှစ်နီးပါး စုံစမ်းစစ်ဆေးခဲ့ရလေသည်။

ယခုမှ လျှို့ပေချိုထံမှ သဲလွန်စ ရခဲ့လေသည်။

သို့သော် ယခု လျှို့ပေချိုသေဆုံးသွားပြန်သဖြင့် သူရရှိ ထားသော သဲလွန်စများသည် ပျောက်ကွယ်သွားပြီ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လော။ ထို့ကြောင့် သူ၏စိတ်ထဲတွင် အလွန်ခံပြင်းနေ၏။

သူသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

သူ၏မျက်လုံးအစုံသည် တံခါးဘောင်ပေါ်တွင် ချိတ်ထားသော ငှက်လှောင်အိမ်ကို စိုက်ကြည့်နေ၏။

ထိုငှက်လှောင်အိမ်တွင် ငှက်တစ်ကောင်မှ မတွေ့ရပါ။

သူသည် အန်ကူးဟိုဘက်သို့လှည့်လိုက်ပြီး. . .

"ဒီငှက်လှောင်အိမ်ထဲမှာ ပထမ ဘာငှက်တွေမွေးထားလို့လဲ"

အန်ကူးဟိုက. . .

"ကြက်တူရွေးပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"အင်း. . . လျှိုပေချိုပြောသွားတဲ့ ကြက်တူရွေးဟာ ဒီငှက်လှောင်အိမ်ထဲက ကြက်တူရွေးကိုပြောတာ မဟုတ်ဘူး"

သူသည် ဆိုင်ရှင်ဘက်သို့လှည့်လိုက်သည်။

"ခင်ဗျားက ကြက်တူရွေးမွေးတာ ဝါသနာပါသလား"

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ငှက်မွေးဖို့ ဝါသနာမပါပါဘူးဗျာ"

ရှန်ရှောင်က. . .

"ဒါဖြင့် ဘာဖြစ်လို့ ကြက်တူရွေးမွေးထားရတာလဲ"

ဆိုင်ရှင်က. . .

"ကျုပ်မွေးတာ မဟုတ်ဘူး. . . သူများက လက်ဆောင်



ပေးထားတာပါ"

"ဘယ်သူများပါလိမ့်"

"ငှက်ကျွန်ပါ"

"ငှက်ကျွန်ဆိုတာ ယောကျ်ားလား မိန်းမလား"

"မိန်းမပါ"

"သူ့အသက် ဘယ်လောက်ရှိပြီလဲ"

"အသက်နှစ်ဆယ်မပြည့်သေးဘူး ထင်ပါတယ်"

"ခင်ဗျားကော အသက်ဘယ်လောက်ရှိပြီလဲ"

"၆၅ နှစ်ရှိပါပြီ"

ရှန်ရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီအသက် ဒီအရွယ်ဟာ ငှက်ကျွန်ရဲ့အဖိုးလောက်ရှိနေပြီပဲ၊ သူက ဘာဖြစ်လို့ ကြက်တူရွေးကို လက်ဆောင်ပေးရတာလဲ"

ဆိုင်ရှင်က ပါးစပ်ပိတ်ထားလိုက်လေသည်။

အန်ကူးဟိုက ကြားဖြတ်လိုက်သည်။

"သူစုထားတဲ့ငွေအားလုံးဟာ ငှက်ကျွန်ကိုပေးလိုက်လို့ ငှက်ကျွန်က ကျေးဇူးဆပ်တဲ့အနေနဲ့ ကြက်တူရွေးကိုလက်ဆောင်ပေးလိုက်တာပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ငှက်ကျွန်က ဘယ်သူလဲ. . . ဘယ်မှာနေတာလဲ"

အန်ကူးဟိုက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကြက်တူရွေးဂေဟာမှာ နေပါတယ်"

ရှန်ရှောင်က. . . .

"မင်းပြောခဲ့တဲ့ ဝမ်းဖုန်းဆိုတဲ့သူငယ်က ခေါင်းတစ်လုံးနဲ့ သွားပြီးတည်းခိုတဲ့ ကြက်တူရွေးဂေဟာ ဟုတ်လား"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကြက်တူရွေးဂေဟာက ဘယ်မှာလဲ"

"ဟောဒီအနီးအနားမှာပဲ ရှိပါတယ်"

ရှန်ရှောင်သည် သူ၏လက်အောက်ငယ်သားဘက်သို့ လှည့်လိုက်သည်။

"လင်းဖင်နဲ့ချမ်းထိ ဒီမှာနေခဲ့၊ ကျန်တဲ့လူ ငါနဲ့လိုက်ခဲ့"

အန်ကူးဟိုက. . . .

"လူကြီးမင်း. . . ဘယ်ကြွမလို့လဲ"

ရှန်ရှောင်က. . . .

"ကျုပ်ကို ကြက်တူရွေးဂေဟာလိုက်ပို့"

❀ ❀ ❀

ညဉ့်နက်လှပြီဖြစ်သည်။

ညဉ့်နက်လာသည်နှင့် အသံဗလံများသည် ပို၍ စူးရှလာသည်ဟု ထင်ရလေသည်။



ပရစ်အော်သံများသည် နားကွဲမတတ် ဆူညံနေ၏။

သစ်ရွက်များသည် လေတိုးလိုက်သောကြောင့် အသံများ တရှဲရှဲမြည်နေ၏။ တစ်ချက်တစ်ချက် ဇီးကွက်အော်သံများကို ကြားရသည်။

ချမ်းထိနှင့် လင်းဖင်တို့သည် အခန်းထဲ၌ထိုင်ကာ ထိုအသံဗလံများကို နားစွင့်ရင်း စိတ်ထဲ၌ ထိတ်လန့်နေ၏။

ခွဲစိတ်ပြီးသောအလောင်းများကို အဝတ်ဖြူဖြင့်ဖုံးအုပ်ထားသည်။

ထို့ပြင် လျှို့ပေချိန်နှင့် အာဏာသား၏အလောင်းများကိုလည်း အခန်းထောင့်တွင် ထားရှိသည်။

ညဉ့်နက်သန်းခေါင်အချိန်တွင် ယင်းကဲ့သို့လူသေအလောင်းများနှင့် အတူရှိနေသည်မှာ မည်မျှသတ္တိကောင်းသောသူဖြစ်ပါစေ စိတ်ထဲမှာ ချောက်ချားနေမည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ချမ်းထိနှင့်လင်းဖင်တို့သည် စိတ်ထဲ၌ အလွန်ချောက်ချားနေလေသည်။

ထိုစဉ် ချမ်းထိက ဗိုက်နာ၍ အိမ်သာတက်သွားသည်။

ထို့ကြောင့် လင်းဖင်တစ်ယောက်ထဲသာ ကျန်ရစ်ခဲ့သည်။ သူသည် ပို၍ ချောက်ချားလာလေတော့သည်။

အခန်းထဲတွင် လူသေအလောင်း စုစုပေါင်း(၇)လောင်းရှိသည်။

အချို့အလောင်းများသည် အပုပ်နံ့များပင် တထောင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်းထနေသည်။

ချမ်းထိအိမ်သာသွားသည်မှာ တစ်ခဏမျှသာ ရှိသော်လည်း လင်းဖင်၏စိတ်ထဲတွင် အလွန်ကြာသည်ဟု ထင်မိသေးသည်။

သူသည် အလွန်ကြောက်ရွံ့နေသဖြင့် နဖူးပေါ်မှချွေးများပင် စီးကျနေ၏။

ထိုစဉ်မှာပင် သူ့နောက်တွင် ခြေသံတစ်သံကြားလိုက်ရသည်။

ချမ်းထိကပြန်လာပြီဟုထင်မှတ်ကာ လင်းဖင်က စိတ်သက်သာရာရသွားသည်။

သို့သော် ထိုခြေသံသည် အလွန်လေးလံပြီး တစ်လှမ်းချင်း လှမ်းလာနေသော ခြေထောက်ဖြစ်သဖြင့် ချမ်းထိ၏ခြေသံဖြစ်နိုင်ဟု သူက ယူဆလိုက်သည်။

"ဘယ်သူလဲ"

သူသည် ယင်းသို့မေးရင်း နောက်သို့လှည့်လိုက်သည်။

ရုတ်တရက် အလွန်အေးစိမ့်သော လက်တစ်ဖက်သည် သူ့နောက်မှနေပြီး သူ၏လည်ပင်းကို ညှစ်ထားလိုက်သည်။

ဤလက်သည် လူတစ်ယောက်၏လက်နှင့် မတူပါ။ အသက်ရှိသောလူတစ်ယောက်သည် ဤမျှအေးစိမ့်နေမည် မဟုတ်ပါ။ လင်းဖင်၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"အား. . . "



သူသည်စူးရှစွာ အော်ဟစ်လိုက်လေသည်။

---

တည်းခိုခန်း၏နောက်ဘက်တွင် မှောင်မဲနေသည်။

မီးအိမ်များမရှိသော်လည်း ကောင်းကင်ပေါ်မှ လခြမ်းတလေး၏ အလင်းရောင်ရှိနေသောကြောင့် ဝိုးတဝါးဖြင့် မြင်တွေ့နိုင်လေသည်။

ချမ်းထိသည် အိမ်သာတက်ရန် နောက်ဖက်သို့ထွက်သည်။ သူသည်ရင်တထိတ်ထိတ်ဖြင့် ဓားကိုဆွဲထုတ်လိုက်ပြီး အိမ်သာရှိရာသို့ လျှောက်သွားသည်။

သူ၏မျက်လုံးအစုံသည် ဝဲယာသို့အကဲခတ်ကြည့်နေ၏။

ဝန်းကျင်တစ်ခုလုံးသည် ပရစ်အော်သံမှအပ ပကတိ တိတ်ဆိတ်နေသည်။ သူသည် အတန်ကြာမှ အိမ်သာရှိရာသို့ လျှောက်သွားသည်။

အိမ်သာထဲသို့လှမ်းဝင်မည်အပြုတွင် ရုတ်တရက် လင်းဖင်၏ သည်းထိတ်ရင်ဖိုအော်လိုက်သောအသံများ ကြားလိုက်ရ၍ သူ၏မျက်နှာ ကွက်ကနဲပျက်သွားပြီး အခန်းထဲသို့ ပြန်လည်ပြေးသွားလေတော့သည်။

---

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခန်းထဲတွင် မီးအိမ်မှထွက်ပေါ်လာသော မီးရောင်များသည် ပို၍ မှေးမှိန်သွားသည်ဟု ထင်ရသည်။

လင်းဖင်သည် မြေပေါ်သို့ လဲကျနေ၏။

သူ၏မျက်နှာသည် ညှိုမဲနေပြီး မျက်လုံးအစုံမှာလည်း ထိတ်လန့်တုန်လှုပ်စွာ ပြူးကျယ်နေသည်ကို တွေ့ရသည်။

ချမ်းထိ၏တစ်ကိုယ်လုံးသည် တောင့်တင်းသွားသေသည်။

အေးစိမ့်သောအငွေ့အသက်များသည် သူ၏ခြေဖျား တစ်ဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်ဟု ထင်ရသည်။

လင်းဖင်မှာ သေဆုံးနေပြီဖြစ်သည်။

ချမ်းထိသည် မလှုပ်မယှက်ဘဲရပ်လျက် လင်းဖင်အား ငေးကြည့်နေမိ၏။

ယင်းသို့ငေးကြည့်နေစဥ်မှာပင် သူ့နောက်တွင် တစ်စုံ တစ်ယောက် လာရောက်၍ရပ်နေသည်ဟု စိတ်ထဲတွင် ထင် လိုက်မိသည်။

သူသည် ချာကနဲလှည့်ကြည့်လိုက်သည်။

လူတစ်ယောက်သည် မလှုပ်မယှက် ရပ်နေသည်ကို



တွေ့လိုက်ရသည်။ ထိုလူသည် အသက်ရှိသော လူတစ်ယောက်နှင့် မတူပါ။

သူ၏မျက်နှာတစ်ခုလုံးသည် သွေးရောင်လုံးဝမရှိဘဲ ဖြူ ဖွေးပြီး အစိမ်းရောင်သန်းနေသည်။

သူ၏ မျက်လုံးအစုံသည် လုံးဝလှုပ်ရှားခြင်းမပြုဘဲ ရှေ့ ဆိုသာ အဓိပ္ပာယ်ကင်းမဲ့စွာ ကြည့်နေ၏။

သူ၏ကိုယ်ခန္ဓာပေါ်မှာလည်း လူသေများ ဝတ်ဆင်လေ့ ရှိသော အဝတ်အစားများ ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

ချမ်းထိသည် ဝမ်းဖုန်း၏ခေါင်းထဲတွင်ရှိနေသော ထိ ဟင်း၏အလောင်းကို ရုတ်တရက် သတိရလာသည်။

ထိဟင်း၏အလောင်းသည် ဖုတ်ကောင်အဖြစ် ပြောင်း လဲသွားပြီး ခေါင်းထဲမှထွက်သွားသည်ဟု တစ်မြို့လုံးက သတင်း ဖြစ်နေသည်ကို သူ ကြားသိခဲ့ရသည်။

သူသည် ယင်းသို့တွေးလိုက်သည်နှင့် ခေါင်းနားပန်းကြီး သွားလေသည်။

"ဟင်. . . ခင်ဗျားက လူဆိုးထိန်းထိဟင်း ဟုတ်လား"

သူသည်ထိတ်လန့်စွာ မေးလိုက်သည်။

ယင်းသို့မေးလိုက်ရသော်လည်း သူ၏အသံသည် ပင် ကိုယ်အသံမဟုတ်ဘဲ တစ်မျိုးဖြစ်နေ၏။

ထိဟင်းသည် စကားမပြောဘဲ သူ၏လက်နှစ်ဖက်ကို နှေးကွေးစွာ မြှောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချမ်းထိ၏လည်မျိုကိုညှစ်ရန် ဟန်ပြင်နေ၏။

ချမ်းထိသည် လက်ထဲတွင် ဓားကိုဆုပ်ကိုင်ထားသော်လည်း မည်သည့်အကြောင်းကြောင့်မှန်းမသိ ပြန်လည်ခုခံရန်ပင် မေ့လျော့နေသည်။

ထိဟင်း၏လက်နှစ်ဖက်သည် သူ့လည်မျိုကိုညှစ်လိုက်ရာ. . . .

"အား . . ."

ချမ်းထိသည် ယင်းသို့တစ်ချက်အော်လိုက်ပြီး မျက်လုံးအစုံသည်ပြူးထွက်ကာ သေဆုံးသွားလေတော့သည်။

ဖုတ်ကောင်အဖြစ် ပြောင်းလဲသွားသောထိဟင်းသည် နှေးကွေးစွာ နောက်သို့လှည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် လှုပ်ရှားလာလေသည်။

သူ၏မျက်လုံးများသည် လျှို့ပေချို၏အလောင်းပေါ်သို့ ရောက်ရှိသွားသောအခါ သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များ ထူးခြားစွာ ပေါ်လွင်လာလေသည်။

ဖုတ်ကောင်သည် ဟန်မူရာများရှိနိုင်မည်လော။

ဖုတ်ကောင်သည် ဝမ်းနည်းကြေကွဲမှု ခံစားနိုင်၍လော။

---

ကြက်တူရွေးဂေဟာသည် အခန်းတံခါးဖွင့်ထားပြီးဖြစ်



လေသည်။

တံခါးကိုလာရောက်ဖွင့်သူမှာ အနီရောင်အဝတ်အစားဝတ်ဆင်ထားသော မိန်းကလေးပင်ဖြစ်သည်။

သူမသည် ရှန်ရှောင်တို့လူစုအား တွေ့မြင်လိုက်သည်နှင့် အနည်းငယ် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"ဘယ်သူ့ကို. . . ."

သူမ၏စကားမဆုံးမီ အန်ကူးဟိုက ကြားဖြတ်လိုက်လေသည်။

"ကျုပ်တို့က အမှုကိစ္စကို စုံစမ်းစစ်ဆေးဖို့လာကြတာပါ"

ယခုမှ မိန်းကလေးသည် အန်ကူးဟိုအား သတိပြုမိလေသည်။

အန်ကူးဟိုက. . . .

"ငှက်ကျွန်ရှိသလားကွယ်"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ်ရှင်. . . ကျွန်မသွားပြီး အကြောင်းကြားပေးမယ်"

ရှန်ရှောင်က လက်ကာပြလိုက်သည်။

"မလိုပါဘူး. . . ကျုပ်တို့ ကိုယ့်ဖာသာကိုယ် သွားတွေ့မယ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လှမ်းဝင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက ကပျာကယာ ရှေ့ဆုံးမှဝင်ပြီး လမ်းပြခေါ်ဆောင်သွားလေသည်။

မိန်းကလေးသည် ဘေးသို့ရှောင်တိမ်းပေးလိုက်လေ၏။

ရှန်ရှောင်မှာ အန်ကူးဟိုထက် အဆင့်များစွာ မြင့်သောမင်းမှုထမ်းတစ်ယောက်ဖြစ်သည်ဟု သူမက နားလည်လိုက်လေသည်။

ॐ ॐ ॐ

အန်ကူးဟိုသည် ရှေ့ဆုံးမှလမ်းပြခေါ်သွားသည်။

သူတို့သည် ယင်းသို့လျှောက်သွားရင်း ရှန်ရှောင်က သူ့အား မေးလိုက်သည်။

"လူတစ်ယောက်သေတယ်ဆိုရင် ဖုတ်ကောင်ဖြစ်တယ်ဆိုတာ မင်းယုံသလား"

အန်ကူးဟိုက. . .

"ကျွန်တော်မျိုးရဲ့ငယ်သားတစ်ယောက်ဟာ အကြောက်လွန်ပြီးသေသွားတာ လက်တွေ့ပဲမဟုတ်လား"

ရှန်ရှောင်က. . .

"မင်းရဲ့လက်အောက်ငယ်သားဟာ ဘာဖြစ်လို့ တစ်ယောက်ပြန်သွားရတာလဲ"

အန်ကူးဟိုက. . .



"သူဟာ တစ်ခုခုတွေ့ထားလို့ ဖြစ်မယ်ထင်ပါတယ်"

ရှန်ရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"သူဟာ ထိုဟင်းအလောင်းထဲက ပုလဲကိုလိုချင်လို့ တစ်ခေါက်ပြန်သွားတာလို့ မဆိုနိုင်ဘူးလား"

အန်ကူးဟိုက ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"အဲဒီပုလဲဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မင်းသိသလား"

အန်ကူးဟိုက. . .

"သိပါတယ်ခင်ဗျာ. . . အဲဒီပုလဲဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်ပါတယ်"

ရှန်ရှောင်က. . .

"ဒီလောက်တန်ဖိုးရှိတဲ့ပုလဲမို့ မင်းရဲ့လက်အောက်ငယ်သားက လောဘတက်လာမှာပေါ့"

သူသည် တစ်ချက်ပြုံးလိုက်ပြီး. . .

"သူက ပုလဲပြန်ယူတဲ့အခါမှာ သေတဲ့လူဟာ ခေါင်းထဲကထလာတာကို တွေ့လိုက်တော့ အကြောက်လွန်ပြီး သေသွားတာပေါ့ဗျ"

အန်ကူးဟိုက ထစ်ထစ်ငေါ့ငေါ့ဖြင့်. . .

"ဒါပေမယ့် ခေါင်းထဲမှာရှိတဲ့အလောင်းဟာ လူဆိုးထိန်ဆိဟင်းဖြစ်နေတယ် ခင်ဗျာ၊ သူသေဆုံးသွားတာ(၇) (၈)ရက်

www.burmeseclassic.com

www.burmeseclassic.com



လောက် ရှိနေပါပြီ၊ ခေါင်းထဲမှာ(၇)ရက် (၈)ရက်လောက် အပိတ်ခံရသူဟာ အသက်ရှိနေသည့်တိုင်အောင် အသက်ရှူကျပ်ပြီး မသေ တောင် အစာရေစာငတ်ပြီး သေနိုင်ပါတယ်ခင်ဗျာ"

ဟုတ်ပါ၏။ လူတစ်ယောက်သည် ခေါင်းထဲ၌(၇)ရက် (၈) ရက်ခန့် အဖုံးအလုံပိတ်ထားလျှင် သေဆုံးမည် မဟုတ်ပါလော။

သို့သော် ရှန်ရှောင်ကလက်မခံနိုင်သေးပါ။

"ထိုဟင်းဟာ ခေါင်းထဲမှာ တစ်ချိန်လုံးရှိနေမယ်ဆိုတာ ဘယ်သူကပြောနိုင်သလဲ"

အန်ကူးဟိုက. . . .

"ဒါတော့ ခေါင်းသယ်လာတဲ့လူက ပိုပြီးသိမှာပဲ"

ရှန်ရှောင်က. . . .

"မင်းပြောတဲ့ဝမ်းဖုန်း ဟုတ်လား"

အန်ကူးဟိုက. . . .

"ဟုတ်တယ်. . . သူကတော့ အမှန်သိမှာပဲ၊ ဒါပေမယ့် သူက အမှန်အတိုင်းပြောပါ့မလား"

ရှန်ရှောင်က. . . .

"ကျုပ်နဲ့တွေ့ရင်တော့ ဘယ်သူမှအမှန်မပြောလို့ မရပါဘူးဗျာ"

အန်ကူးဟိုသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။



"သူ အခု ဒီမှာရှိနေသလား"

အန်ကူးဟိုက. . .

"ဒီကနေ့စောစောတုန်းက ကျွန်တော်မျိုး သူ့ကိုတွေ့လိုက်ပါသေးတယ်"

ꩮꩮꩮ

ယခု ဝမ်းဖုန်းသည် ကြက်တူရွေးဂေဟာတွင် မရှိတော့ပါ။ ငှက်ကျွန်တစ်ယောက်တည်းသာ ရှိနေ၏။

ဤနေရာသည် နံရံပေါ်မှ ပန်းချီကားချပ်များအား ဝမ်းဖုန်းက ထုံးဖြူဖြင့် ခြယ်သုတ်ထားလိုက်သဖြင့် သာမန်အခန်းမျှသာ တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် ယင်းအခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် ရှန်ရှောင်၏မျက်လုံးအစုံသည် ငှက်ကျွန်၏မျက်နှာပေါ်သို့ ရောက်ရှိသွားလေသည်။

ငှက်ကျွန်သည် ကုတင်ပေါ်၌ထိုင်နေသည်ကို တွေ့ရလေသည်။

ရှန်ရှောင်၏မျက်လုံးအစုံသည် သူမ၏မျက်နှာပေါ်မှ တစ်ဆင့် အခန်းတစ်ခုလုံးသို့ ရွေ့လျားသွားသည်။

ထို့နောက် ငှက်ကျွန်၏မျက်နှာပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငှက်ကျွန်ဆိုတာ မင်းလား"

"ဟုတ်ကဲ့ပါ"

ငှက်ကျွန်၏မျက်နှာသည် ပြုံးနေ၏။ သူမ၏အသံသည် ချိုလွင်နေ၏။

ရှန်ရှောင်သည် သူမအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး. . . .

"မင်းက အကျီကို တစ်ဝက်ပဲဝတ်တယ်လို့ ပြောသံကြားတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ရှင့်"

"အခုတော့ မင်းအဝတ်အစားဟာ ပြည့်ပြည့်စုံစုံဝတ်ထားနေပါလား"

"ကျွန်မ အအေးမိမှာကြောက်လို့ပါ"

"ဒီတစ်ရက်နှစ်ရက်မှာ ရာသီဥတုကမအေးပါလား"

ငှက်ကျွန်က ပြုံးလိုက်သည်။

"ဒီနေရာမှာ မနေ့ညက ဖုတ်ကောင်သောင်းကျန်းတယ်လို့ကြားမိတာနဲ့ အလိုလိုချမ်းလာသလို ခံစားနေရလို့ပါ"

"မင်းလဲဖုတ်ကောင်ကို ကြောက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မက မိန်းမသားတစ်ယောက်ပါ"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ တစ်ယောက်ထဲ ဒီမှာနေတာလဲ"



"ကျွန်မမှာ သွားစရာနေရာမှ မရှိတာရှင့်"

ရှန်ရှောင်က ပြုံးလိုက်သည်။

"လီတလျှံဆီကို ဘာဖြစ်လို့သွားမနေတာလဲ"

ငှက်ကျွန်၏မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

"ကျွန်မ သူ့ဆီမှာမနေချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူသာဒိခင်စိတ်ရှိရင် ကျွန်မ ဒီလိုနေရာမျိုးမှာ လာနေမှာ မဟုတ်ဘူး"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

သူ၏မျက်လုံးအစုံသည် အခန်းထောင့်တွင်ရှိနေသော ခေါင်းအား တစ်ချက်ကြည့်လိုက်၏။

"ဘာပဲဖြစ်ဖြစ် ဒီခေါင်းကိုတော့ မင်းရွှေ့ပစ်ဖို့ကောင်းတယ်၊ ခေါင်းက ဒီမှာရှိနေရင် ဖုတ်ကောင်ပြန်လာမှာကို မင်းမကြောက်ဘူးလား"

ငှက်ကျွန်၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ဒါက ကျွန်မပစ္စည်းမှမဟုတ်တဲ၊ ကျွန်မရွှေ့ပြောင်းခွင့်မရှိပါဘူးရှင်"

"ဝမ်းဖုန်းက ခေါင်းကိုဘာဖြစ်လို့ သယ်မသွားတာလဲ"

"ကျွန်မအိပ်ရာကနိုးတဲ့အခါမှာ သူမရှိတော့ပါဘူးရှင်"

"သူ ဘယ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မသိပါဘူးရှင်"

"သူက ဘာမှာခဲ့သေးသလဲ"

"သူကတော့ သူငယ်ချင်းရဲ့အလောင်းကို လိုက်ရှာမယ်လို့ ပြောသွားပါတယ်"

"ထိဟင်းရဲ့အလောင်း ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"နေပါဦး. . . သူ့အလောင်းဟာ ဖုတ်ကောင်ဖြစ်သွားတယ်လို့ ပြောကြတယ် ဟုတ်လား"

"ဟုတ်ကဲ့ရှင့်. . . ဒီလိုပဲပြောကြပါတယ်၊ ဒါကြောင့် သူက သူ့သူငယ်ချင်းဖုတ်ကောင်မဖြစ်ရအောင် အမြန်ဆုံးလိုက်ရှာနေတာပါ"

ရှန်ရှောင်က မဲ့ပြုံးပြုံးလိုက်၏။

"ဘာလဲ. . . သူက သရဲတစ္ဆေကိုနိုင်တဲ့ဆရာကြီးလား"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှန်ရှောင်က စကားဆက်လိုက်ပြန်သည်။

"သူက ဖုတ်ကောင်ကိုရှာလို့တွေ့ရင် ပြန်သယ်လာပြီး ခေါင်းထဲမှာပြန်ထည့်ထားမလို့ ဟုတ်လား"

ငှက်ကျွန်ကစကားမပြောဘဲ ပါးစပ်ပိတ်ထား၏။

ရှန်ရှောင်က စကားဆက်လိုက်ပြန်သည်။

"သူဟာ အလောင်းရှာမတွေ့လို့ပြန်မလာတာ ဖြစ်နေမယ်"



အန်ကူးဟိုက. . .

"သူဟာ ဖုတ်ကောင်ကိုတွေ့ပြီး ဖုတ်ကောင်ရဲ့လက်ချက်နဲ့သေသွားလို့ ပြန်မလာတာဖြစ်ချင်ဖြစ်နေမယ်"

ငှက်ကျွန်၏မျက်နှာတစ်ခုလုံးသည် ပို၍ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

ရှန်ရှောင်သည် ပကတိတည်ငြိမ်စွာဖြင့် ခေါင်းအားတစ်ချက်ကြည့်လိုက်သည်။

"ခေါင်းပေါ်မှာ သံရိုက်ထားတဲ့အပေါက်တွေကို စစ်ဆေးကြည့်ရင် ဒီခေါင်းဟာ သေသေချာချာ ရိုက်ထားတယ်မဟုတ်ဘူးဆိုတာ သိနိုင်လိမ့်မယ်"

သူ့စကားဆုံးသွားသည်နှင့် ငယ်သားနှစ်ယောက်သည် ခေါင်းဆီသို့ လျှောက်သွား၏။

ရှန်ရှောင်က ဟန့်တားလိုက်သည်။

"တစ်ယောက်ထဲဆိုလုံလောက်ပြီ. . . ကျန်တဲ့တစ်ယောက်က ဝမ်းတုန်အလောင်းကိုစစ်ဆေးပါ"

အန်ကူးဟိုသည် ရှေ့ဆုံးမှလမ်းပြခေါ်သွားလေ၏။

ꩤꩤꩤ

မီးရောင်များသည် ထိန်လင်းနေ၏။

ရှန်ရှောင်၏ငယ်သားတစ်ယောက်သည် ခေါင်း၏အဖုံး

www.burmeseclassic.com

www.burmeseclassic.com



အားစစ်ဆေးရန် အနီးသို့ချဉ်းကပ်သွား၏။

ခေါင်းအဖုံးသည် သံမှိုဖြင့် ရိုက်ထားခြင်းမရှိပါ။

အကြောင်းမှာ လူသေအလောင်းက ဖုတ်ကောင်ဖြစ်၍ ထွက်သွားပြီဖြစ်ရာ ခေါင်းအဖုံးအား ဤအတိုင်းဖုံးထားခြင်းဖြစ်သည်။

ထို့အပြင် ခေါင်းအဖုံးသည် လုံခြုံစွာပိတ်ထားခြင်းမဟုတ်ဘဲ သုံးလက်မခန့်ကွာနေ၏။

ရှန်ရှောင်၏ငယ်သားသည် ခေါင်းအဖုံးအား ဖယ်ရှားလိုက်သည်နှင့် ရုတ်တရက် လူတစ်ယောက်သည် ခေါင်းထဲမှရုတ်ခြည်းထလာလေ၏။ ဖုတ်ကောင်များ ဖြစ်နေမည်လော။

✤ ✤ ✤

ခေါင်းသည် လူသေအလောင်းထားသော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ခေါင်းထဲ၌ လူသေသာရှိသင့်သည် မဟုတ်ပါလော။

ခေါင်း၏အဖုံးအား ဖယ်ရှားလိုက်သော အာဏာသားသည် ထိတ်လန့်လွန်း၍လားမသိ မျက်လုံးပြူးပြီး ပါးစပ်ဟောင်းလောင်းဖြစ်ပြီး ကျောက်ရုပ်ပမာ ရပ်တန့်သွားသည်။

"အမယ်လေး . . ."

ငှက်ကျွန်၏ ထိတ်လန့်သောအော်သံသည် ကြောင်မ



တစ်ကောင် အားနှင့်ဖိ၍ထွက်ပေါ်လာသောအသံနှင့် တူလှပေသည်။

ခေါင်းထဲမှထွက်လာသောလူသည် အဖြူရောင်အကျႌများဝတ်ဆင်ထားသဖြင့် မီးရောင်အောက်တွင်ပို၍ ကြောက်မက်ဖွယ်ရာကောင်းနေလေသည်။

ထိုလူသည် လက်များနှင့်မျက်နှာဖုံးထားပြီး ခေါင်းထဲမှ ခုန်ထွက်လာသည်။

မလှုပ်မယှက် ငေးငိုင်နေသောအာဏာသားသည် ရုပ်သေးကြိုးပြတ်ပမာ မြေပေါ်သို့ ပုံလျက်သားကျသွားလေသည်။

ကျန်ရှိသော အာဏာသားများမှာလည်း ကြက်သီးများထသွားကြလေသည်။ အလွန်သတ္တိကောင်းသော ရှန်ရှောင်ပင် ရင်ထိတ်သွားသည်။

ထိုလူသည် ခေါင်းထဲမှခုန်ထွက်ပြီးနောက် မျက်နှာပေါ်မှ ဖုံးကွယ်ထားသည့်လက်ကို ပြန်ချလိုက်လေသည်။

"ဟား . . . ဟား . . . ဟား"

သူသည် အားရပါးရရယ်မောလိုက်သည်။

သူ့ရယ်မောသံကြောင့် ပို၍ တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းလှပေသည်။

ဖုတ်ကောင်သည် ရယ်မောနိုင်ပါသည်လော။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတို့သည် ယောက်ျားထက် များစွာ ကြောင် [illegible] တတ်ကြသည်။

ယခုမှာမူ ငှက်ကျွန်က ကြောက်ရွံ့ခြင်းလုံးဝမရှိတော့ [illegible] ကြောက်ရွံ့ခြင်းမရှိသည့်ပြင် သူမသည် ဖုတ်ကောင်ထံသို့ပြေး [illegible] ပြီး လက်သီးဖြင့်ပင် ထုရိုက်နေ၏။

ရှန်ရှောင်သည် ချက်ချင်းပင် သဘောပေါက်နားလည် [illegible] လိုက်လေသည်။

"ရပ်လိုက်"

သူ၏အသံသည် အခန်းတစ်ခုလုံး ဟိန်းထွက်သွား သည်။

သူ့အသံကြောင့် သူ့ငယ်သားများမှာလည်း စိတ်တည် [illegible] ငြိမ်မှုရလာပြီး သတ္တိရှိလာသည်ဟု ထင်ရလေသည်။

ငှက်ကျွန်သည် ဖုတ်ကောင်အား ထုရိုက်ရာမှ ရပ်တ [illegible] လိုက်လေသည်။

သူမသည် ယင်းကဲ့သို့ထုရိုက်နေသည်မှာ ခေါင်းထဲ [illegible] ထွက်လာသောလူသည် ဖုတ်ကောင်မဟုတ်ဘဲ ဝမ်းဖုန်းဖြစ်သော [illegible] ကြောင့်ဖြစ်သည်။



သူမသည်ထုရိုက်ခြင်းမှ ရပ်တန့်လိုက်ပြီး. . . .

"ရှင် ဘယ်တုန်းက ဖုတ်ကောင်ဖြစ်ရတာလဲ"

ဝမ်းဖုန်းကရယ်မောရာမှ ရပ်တန့်လိုက်ပြီး. . . .

"မနက်စောစော ငါပြန်ရောက်တဲ့အခါမှာ မင်းအိပ်နေသေးတာကိုတွေ့လို့ ငါလဲအိပ်ချင်တာနဲ့ ဒီခေါင်းထဲမှာ ဝင်အိပ်နေတာပါ"

ငှက်ကျွန်က သူ့အား ထုရိုက်လိုက်ပြန်သည်။

"ကြည့်စမ်း. . . ရှင် တော်တော်ဆိုးတယ်"

ဝမ်းဖုန်းသည် ဟားဟားဟား ရယ်မောလိုက်ပြန်သည်။

"ရပ်လိုက်"

ရှန်ရှောင်အသံသည် ပို၍ဟိန်းထွက်လာ၏။

ဝမ်းဖုန်းသည် ရှန်ရှောင်အား ကြည့်လိုက်သည်။

"ခင်ဗျားကြည့်ရတာ မင်းမှုထမ်းတစ်ယောက်နဲ့တူတယ်"

ရှန်ရှောင်က အေးတိအေးစက်ဖြင့်. . . .

"ကျုပ် မင်းမှုထမ်းခဲ့တာ(၁၀)နှစ် ရှိပြီကွ"

ဝမ်းဖုန်းက. . . .

"ဒါကြောင့် ခင်ဗျားအသံက သိပ်မာတာကိုး ဗျ"

ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက ဒစိုးရမင်းမှုထမ်းကို မကြောက်ဘူးလား"

"ကျုပ်က ဥပဒေမှမကျူးလွန်ဘဲ ဘာဖြစ်လို့ကြောက်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ခေါင်းထဲမှာ ဘာလုပ်နေတာလဲ"

"အိပ်နေတာ"

"ဘာဖြစ်လို့ ကုတင်ပေါ် မအိပ်တာလဲ"

"ခေါင်းထဲမှာအိပ်တာ ဥပဒေကျူးလွန်လို့လား"

"လူများကိုခြောက်လန့်တာ ဥပဒေကျူးလွန်တာပေါ့"

ဝမ်းဖုန်းသည်သတိရလာပြီး လူးလိမ့်ထလာသောငယ် သားအား တစ်ချက်ကြည့်လိုက်သည်။

"ကျုပ်က အိပ်တဲ့နေရာက ထလာတာပါ"

သူသည်ပြုံးလိုက်ပြီး စကားဆက်လိုက်၏။

"ခင်ဗျားလူက သတ္တိမကောင်းဘူးနဲ့ တူတယ်"

"မင်းကတော့ သတ္တိမနည်းဘူးပေါ့"

"ဟုတ်ကဲ့. . . ကျုပ်က မကြောက်တတ်ပါဘူး"

"ဒါကြောင့် မင်းက ခေါင်းထဲမှာအိပ်ဝံ့တာကိုး"

"ဒါကတော့ အခြေအနေအရပါ"

"ခေါင်းဆိုတာ လူသေအလောင်းထည့်တာပဲ မဟုတ် လား"

"ဟုတ်ကဲ့. . . ကျုပ်သိပါတယ်"

"ဒီခေါင်းထဲမှာလဲ လူသေအလောင်းတစ်ခါထည့်ဖူး တယ် မဟုတ်လား"

"ဟုတ်ကဲ့. . . ထည့်ဖူးပါတယ်"

"မင်း ဒါတွေကိုသိရက်သားနဲ့ခေါင်းထဲမှာ အိပ်တယ်ဆို



တော့ မင်းက ခေါင်းကိုသိပ်ပြီး သဘောကျတယ် ဟုတ်လား"

ဝမ်းဖုန်းက ချက်ချင်းခေါင်းခါယမ်းလိုက်သည်။

"သဘောမကျပါဘူး"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ ခေါင်းထဲမှာဝင်အိပ်ရတာလဲ"

"ကျုပ် အိပ်စရာနေရာ မရှိလို့ပါ"

ရှန်ရှောင်၏မျက်လုံးအစုံသည် အခန်းထောင့်မှ ကုတင် ရှိရာသို့ ရောက်သွားသည်။

"ဒီကုတင်မှာ ဘာဖြစ်လို့မအိပ်တာလဲ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က မသေချင်သေးလို့ဒီခေါင်းထဲမှာ လာအိပ်တာ ပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"မင်းကို အန္တရာယ်ပြုတဲ့လူရှိလို့လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"မနေ့တုန်းက လေးယောက်လောက်ရှိသွားပြီ"

"မင်းက သူတို့နဲ့ဘယ်လိုရန်ငြိုးများရှိလို့လဲ"

"ဘာရန်ငြိုးမှမရှိပါဘူးခင်ဗျာ"

"ဒါဖြင့် သူတို့က ဘာဖြစ်လို့ မင်းကို သတ်ဖို့ကြိုးစားနေ တာလဲ"

"သူတို့က ကျုပ် ဒီမှာနေတာကို မလိုလားလို့ပါ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လူပါးတစ်ယောက်မို့ပါ"

"ဟုတ်လား. . . ကျုပ်ကြားဖူးတာကတော့ ပါးတဲ့သူဟာ အသက်မရှည်ဘူးလို့"

"ဟုတ်ကဲ့. . . ဒီစကားဟာ တစ်ခါတလေ မှန်တတ်ပါတယ်"

ရှန်ရှောင်က ပြုံးလိုက်သည်။

"တစ်ခါတလေဆိုတာ ဘယ်အချိန်လဲ"

"တစ်ခါတလေဆိုတာ သူများက ကျုပ်ရှိရင် သူတို့အတွက် အန္တရာယ်ဖြစ်လိမ့်မယ်လို့ ယူဆတဲ့အခါမျိုးမှာပါ"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဒါ မှန်တယ်"

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"လူတစ်ယောက်ကို မလိုလားတော့ဘူးဆိုရင် ဘယ်လိုနည်းမျိုးသုံးရမယ်ဆိုတာ ခင်ဗျား နားလည်မှာပေါ့"

ရှန်ရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ဒါပေမယ့် ခေါင်းထဲမှာ ဝင်အိပ်နေတာလဲ စိတ်မချရဘူးဗျ"

"ဘာဖြစ်လို့လဲ"

"တကယ်လို့များ မင်း ခေါင်းထဲမှာရှိတာကိုသိသွားရင် မင်းကို အရှင်လတ်လတ် မြေမြှုပ်ပစ်မှာပေါ့ကွ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။



"ခင်ဗျားပြောတာ မှန်ပါတယ်. . . ဒါပေမယ့် ဒီခေါင်းဟာ ဖုက်ကောင်တစ်ကောင်ရှိတယ်လို့ သတင်းဖြစ်နေတော့ ဒီခေါင်းအနီးကို ဘယ်သူမှ လာချင်ကြမှာမဟုတ်ဘူး"

ရှန်ရှောင်က သူ့အား အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"မင်း သေရမှာ ကြောက်လို့လား"

ဝမ်းဖုန်းက ခေါင်းခါယမ်းပြလိုက်သည်။

ရှန်ရှောင်က မဲ့ပြုံးပြုံးပြီး. . .

"မင်းကိုကြည့်ရတာ သေတာကိုသိပ်ကြောက်တယ်နဲ့တူတယ်"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က သေတာကိုကြောက်နေတာ မဟုတ်ဘူး၊ မရှင်းမရှင်းနဲ့သေတာကို ကြောက်တယ်"

ꩠ ꩠ ꩠ

ဝမ်းဖုန်းသည် အဟုတ်သေရမည်ကို မကြောက်ပါ။

သေခြင်းတရားသည် အမှန်အားဖြင့် လူတစ်ယောက်၏ လွတ်ရာကျွတ်ရာလမ်းတစ်ခု မဟုတ်ပါလော။

လူတစ်ယောက်သေဆုံးသွားသောခါ နေပူသည်ကို မကြောက်ရတော့ပါ။ မိုးစိုသည်ကို မကြောက်ရတော့ပါ။ စိတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာလည်း မရှိပါ။

မည်သည့်အရာကိုမှ တပ်မက်မောစရာ မလိုတော့ပါ။

အထူးသဖြင့် ဝမ်းဖုန်းအသက်ရှင်နိုင်သည်မှာ ရက်ပေါင်း ၁၀၀ သာရှိသည်။

ရက်ပေါင်း ၁၀၀ တွင် သူက ၄၉ ရက် ကျော်လွန်ခဲ့ပြီဖြစ်သည်။ ယခု သူ့အသက်သည် ၅၁ ရက်သာကျန်တော့သည်။

၅၁ ရက်သည် ၅၁ နှစ်မဟုတ်ပါ။ ထို့ကြောင့် သူ့အဖို့ ၅၁ ရက်ထက် ပိုစော၍ သေတာတောင် သူ့အဖို့ မထူးခြားတော့ပါချေ။

ꩧꩧꩧ

"ဒါနဲ့ မင်းကိုသတ်ချင်တဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ မင်း သိထားပြီလား"

"ဒါ အရေးမကြီးပါဘူးခင်ဗျာ"

"ဒါဖြင့် မင်းက ဘာအရေးကြီးတာလဲ"

"အခုလောလောဆယ် ကျုပ်အဖို့ အရေးကြီးတာက လူသေအလောင်း ပြန်ရအောင်ရှာဖို့ပါပဲ"

ရှန်ရှောင်သည် သူ့အား စိုက်ကြည့်လိုက်သည်။

"ထိုဟောင်းက မင်းရဲ့မိတ်ဆွေ ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။



ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်ပြီး. . .

"မင်းတို့မိတ်ဆွေဖြစ်တာ တော်တော်ကြာပြီလား"

"မကြာသေးပါဘူး"

"ဒါဖြင့် ဘယ်လောက်ကြာပြီလဲ"

"(၈)ရက် (၉)ရက်လောက်ပဲ ရှိပါတယ်"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"သူသေသွားတာလဲ (၈) (၉)ရက်ရှိပြီ မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျုပ်နဲ့သူနဲ့သိခဲ့တာ တစ်ရက်ပဲရှိသေးတယ်၊ အဲဒီနေ့မှာပဲ သူ သေသွားပါတယ်"

"သူက ဘာကြောင့်သေသွားတာလဲ"

"သူ့ဆန္ဒအတိုင်း သွေးကြက်တူရွေးက အကောင်အထည်ဖော်ပေးတာပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"သွေးကြက်တူရွေး ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ခင်ဗျားက သွေးကြက်တူရွေးနဲ့ပတ်သက်ပြီး ကြားဖူးထားသလား"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ကြားဖူးပါတယ်. . . သွေးကြက်တူရွေးဟာ ၈ နှစ်တစ်ကြိမ် လူ့ပြည်ကိုဆင်းလာတယ်၊ သူ့ကိုတွေ့တဲ့လူကို လိုရာဆန္ဒသုံးခုတောင်းရင် ဆန္ဒဖြည့်ပေးတယ်လို့ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်. . . ထိဟင်းက သွေးကြက်တူရွေးကို တွေ့ခဲ့ပါတယ်၊ သူ ပထမဆုံးတောင်းတဲ့ဆုဟာ သွေးကြက်တူရွေးတွေ့ရင် သေရပါစေလို့ တောင်းခံထားပါတယ်”

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

“ဒါကြောင့် သူသေတယ်ဆိုပါတော့”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

ရှန်ရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“မင်း သူနဲ့အသိဖြစ်တာ တစ်ရက်တောင် မပြည့်သေးဘူး။ သူ့အတွက် ဒီလောက်တောင် ဆောင်းရွက်ရသလား”

ဝမ်းဖုန်းက. . . .

“ကျုပ် သူနဲ့တွေ့တာ တစ်ရက်မပြည့်ပေမယ့် သူ့နာမည်ကြားဖူးခဲ့တာ. . . အတော်ကြာပါပြီ”

“ဒါကြောင့် မင်းက သူ့ကိုကြည်ညိုလေးစားပေါ့ ဟုတ်လား”

“ဟုတ်ပါတယ်”

“ဘာဖြစ်လို့လဲ”

“သူက လူကောင်းတစ်ယောက်ပါ. . . သူတာဝန်ယူဆောင်ရွက်တဲ့အမှုတွေဟာ ဘယ်တော့မှ အပြစ်မဲ့တဲ့လူတစ်ယောက်ကို ဒုက္ခမပေးဘူး”



ရှန်ရှောင်က ပြုံးလိုက်သည်။

“ငါ့အကြောင်းကိုကော မင်းသိထားသလား”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

“ခင်ဗျားဟာ ဓားသမားရှန်ရှောင်ဆိုတာ ကျုပ်သိပါတယ်”

“နောက်ကော ဘာသိထားသေးသလဲ”

“ခင်ဗျာဟာ အလွန်ရက်စက်ကြမ်းကြုတ်တယ်. . . ဓားပညာတော်တယ်. . . အမှုဖော်ထုတ်ဖို့ကို အဓိကထားတယ်၊ တရားခံနဲ့ပတ်သက်ပြီး ခင်ဗျားဟာ လူကောင်း(၁၀)ယောက်သေသွားပါစေ၊ လူဆိုးတစ်ယောက်မလွတ်ပါစေနဲ့လို့ ကြားဖူးပါတယ်”

ရှန်ရှောင်က ပြုံးလိုက်သည်။

“ဘယ်ဆိုးလို့တုန်း. . . မင်းက ငါ့အကြောင်းကို အတော်သိထားသားပဲ”

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားသည်။

ရှန်ရှောင်က စကားစလိုက်သည်။

“ငါ့အကြောင်းနဲ့ပတ်သက်ပြီး မင်းမသိတာ တစ်ချက်ရှိသေးတယ်”

“ဘာများလဲ”

“ကျုပ်က တရားခံစစ်ဆေးတဲ့အခါမှာ ခပ်ကြမ်းကြမ်းစစ်ဆေးတတ်တယ်”

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်ကိုစစ်ဆေးမယ် ဟုတ်လား"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ကျုပ်မေးတာ မှန်မှန်မပြောရင်တော့ ကျုပ်က နည်းမျိုးစုံနဲ့ စစ်ဆေးရမှာပေါ့"

သူသည် အနီးရှိ ငယ်သားဘက်သို့လှည့်လိုက်သည်။

"အကြောင်းသိရအောင် သူ့ကို ပညာနည်းနည်းပြလိုက်စမ်းပါ"

သူ့ငယ်သားသည် ဝမ်းဖုန်းကြောင့် မိမိအရှက်ရလိုက်သဖြင့် ဝမ်းဖုန်းအပေါ် မကျေမနပ်ဖြစ်နေရာမှ ယင်းသို့အမိန့်ရသည်နှင့် သူသည် သဘောအလွန်ကျသွားသည်။

ဝမ်းဖုန်းအား အစွမ်းကုန်ဆုံးမရန် ဆုံးဖြတ်လိုက်သည်။

သူသည် ဝမ်းဖုန်းအနီးသို့ ရောက်ရှိသွားသည်။

ထို့နောက် သူသည် လက်သီးဖြင့် ဝမ်းဖုန်း၏မျက်နှာကို တအားထိုးလိုက်လေသည်။

ဝမ်းဖုန်းမျက်နှာသည် မည်သို့မျှမဖြစ်ပါ။

ငယ်သား၏လက်သီး သူ့မျက်နှာပေါ်မရောက်မီမှာပင် သူက ပြန်၍ ထိုငယ်သားမျက်နှာကို လက်သီးဖြင့်ထိုးလိုက်သည်။

ထိုငယ်သား၏မျက်နှာတစ်ခုလုံး ဖူးရောင်သွားပြီး အဝေးသို့ လွင့်စင်သွားလေတော့သည်။

ဿ ဿ ဿ



အနီးရှိ ငယ်သားနှစ်ယောက်သည် ကိုယ့်ဘက်က လူအသိနာသွားသည်ကို တွေ့လိုက်ရသည်နှင့် ရှန်ရှောင်၏အမိန့်ကိုမစောင့်တော့ဘဲ ဝမ်းဖုန်းအား ပြိုင်တူတိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းဖုန်းသည် ထိုငယ်သားနှစ်ယောက်၏လက်သီးများကို ဖမ်းဆုပ်ပြီး ကိုင်ပေါက်လိုက်ရာ ထိုလူနှစ်ယောက်လည်း အဝေးသို့ လွင့်စင်ကျသွားပြီး အတန်ကြာမျှ မထနိုင်ဘဲဖြစ်သွားလေသည်။ ရှန်ရှောင် မနေနိုင်တော့ပါ။

"ချွမ်. . . ."

လက်ထဲမှဓားကို ဆွဲထုတ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူသည် ဝမ်းဖုန်းအား ဝင်ရောက်တိုက်ခိုက်လေသည်။

ဝမ်းဖုန်းကလည်း ဓားကိုဆွဲထုတ်လိုက်သည်။

တစ်ပေခန့်ရှည်သော ဓားတစ်လက်ပင် ဖြစ်သည်။

သူသည် ရှန်ရှောင်တိုက်ခိုက်လာသည်ကိုပင် ရှောင်တိမ်းခြင်းမရှိဘဲ ရှေ့သို့သာတိုးသွားသည်။

ရှန်ရှောင်၏ဓားသည် လျှပ်တစ်ပြက် သူ့ရင်ဝသို့

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားသည်။ ထို့အတူ ဝမ်းဖုန်း၏ဓားကလည်း ရှန်ရှောင်၏ရင်ဝသို့ ချိန်ရွယ်ထားသည်။

ရှန်ရှောင်က ပြုံးလိုက်ပြီး. . . .

"ငါ့ဓားက မင်းရဲ့ရင်ဝကိုထိုးသွင်းမိမယ်ဆိုတာ မင်း မသိဘူးလား"

"သိသားပဲ"

"သိရင် ဘာဖြစ်လို့ မင်က နောက်မဆုတ်တာလဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်ဓားကလဲ ခင်ဗျားဗိုက်ကို ချိန်ရွယ်ထားတာကို တွေ့တယ် မဟုတ်လား"

"ဘာလဲ. . . မင်းက အသေခံပြီး ငါ့ကိုထိုးမယ်ပေါ့ ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်အသက်နဲ့ခင်ဗျားအသက် လဲမလို့"

ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းကိုကြည့်ရတာ အရူးတစ်ယောက်တော့ မဟုတ်ပါဘူးနော်"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ခေါင်းတော်တော်ကောင်းတယ်"

ရှန်ရှောင်က ပြုံးလိုက်သည်။



"ဘာပဲဖြစ်ဖြစ်. . . ငါ မင်းနဲ့အသက်ချင်း မလဲချင်ပါဘူး"

သူသည် ပြောပြီးသည်နှင့် ဝမ်းဖုန်း၏ရင်ဝကိုထောက်ထားသောဓားကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး နောက်သို့ခြေတစ်လှမ်း ဆုတ်သွားလေသည်။

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ကျုပ်ကိုမစစ်ဆေးတော့ဘူးလား"

ရှန်ရှောင်က. . . .

"မလိုတော့ပါဘူးကွာ"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ရှန်ရှောင်က. . . .

"သေရမှာမကြောက်တဲ့လူဟာ လိမ်ပြောမယ်မဟုတ်ဘူးလို့ ကျုပ်ယုံကြည်လို့ပါ"

ဝမ်းဖုန်းက. . . .

"အနည်းဆုံးတော့ ကျုပ်ကိုဖမ်းချုပ်သင့်တယ်"

ရှန်ရှောင်က. . . .

"ဘာဖြစ်လို့လဲ"

ဝမ်းဖုန်းက. . . .

"အခု ကျုပ်ဥပဒေကိုကျူးလွန်ခဲ့ပြီ မဟုတ်လား"

ရှန်ရှောင်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ အခုလိုအရိုက်ခံရတာ မင်းအပြစ်လို့ လုံးဝပုံချလို့ မရပါဘူးကွာ"

သူသည် ပြုံးလိုက်ပြီး. . . .

"ကျုပ်က တရားမျှတတဲ့ လူတစ်ယောက်ပါ"

ဝမ်းဖုန်းသည်အံ့သြစွာဖြင့် မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"မင်းကိုသတ်ဖို့တောင်မလွယ်ဘဲ့ဥစ္စာပဲ. . . မင်းကိုဖမ်းဖို့ဟာ ဦးနှောက်ပိုခြောက်သွားမှာပေါ့ဗျာ"

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

"ဒီစကားဟာ အမှန်ဆုံးပဲလို့ ကျုပ်ယူဆမိတယ်"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ. . . နောက်ပြီး တခြားကိစ္စမှာလဲ ခင်ဗျားရဲ့အကူအညီ အများကြီးလိုနေသေးတယ် မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားနဲ့တော့ မဖြစ်ဘူးဗျ"

ရှန်ရှောင်က. . . .

"ကျုပ် အခု ဘာအမှုစုံစမ်းနေတယ်ဆိုတာ သိသလား"

ဝမ်းဖုန်းက. . . .

"သွေးကြွက်တူရွှေ ဟုတ်လား"

ရှန်ရှောင်က. . . .



"ဟုတ်တယ်. . . လွန်ခဲ့တဲ့(၇)နှစ်လောက်တုန်းက ဖြစ်ပွားခဲ့ရတဲ့ရတနာသိုက် အဖောက်ခံရတဲ့အမှုကို စုံစမ်းနေတာဗျ"

ဝမ်းဖုန်းက. . . .

"ဒီအမှုနဲ့ကျုပ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ရှန်ရှောင်က. . . .

"ခင်ဗျားနဲ့တော့ မပတ်သက်ပါဘူး. . . ခင်ဗျားရဲ့မိတ်ဆွေထိဟင်းနဲ့ ပတ်သက်နေတာ"

"ထိဟင်းက သေဆုံးသွားပြီပဲ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ဒါပေမယ့် အမှုကမပြတ်သေးဘူး ဟုတ်လား"

ဝမ်းဖုန်က ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်မှာပင် ဝမ်းတုံ၏အလောင်းအား သွားရောက်စစ်ဆေးသောလူများ ပြန်လာကြလေသည်။

အန်ကူးဟိုက ရှေ့ဆုံးမှဝင်လာသည်။

ရှန်ရှောင်က သူတို့အား အကဲခတ်ကြည့်ရင်း. . . .

"မင်းတို့ ဘာတွေတွေ့ခဲ့သလဲ"

တန်ချမ်းအရာရှိ၏ငယ်သားတစ်ယောက်က. . . .

"ဝမ်းတုံကအဖုံးဖွင့်ပြီး ခေါင်းထဲသို့လက်နှိုက်လိုက်တဲ့အခါမှာ သူ့ရဲ့လက်ခလယ်ထိပ်မှာ အဆိပ်အပ်ကလေးထိုးမိသွားလို့ အဆိပ်မိပြီး သေဆုံးသွားတယ်လို့ ယူဆရပါတယ်ခင်ဗျာ"

ရှန်ရှောင်သည် တိတ်ဆိတ်စွာ နားစွင့်နေပြီးနောက် ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဘက်သို့ လှည့်လိုက်လေသည်။

"တဲ့. . . ခင်ဗျား ဘယ်လိုသဘောရသလဲ"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"တကယ်လို့ ကျုပ်ကကိုယ်တိုင် ထိဟင်းကို ခေါင်းထဲ ထည့်ရင် သူမသေသေးဘူးလို့ ယူဆမှာပဲ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ဒါဖြင့် ဝမ်းတုံက ခေါင်းထဲကို လက်နှိုက်တဲ့အခါမှာ အဆိပ်အပ်ဟာ မတော်တဆ ဝမ်းတုံရဲ့လက်ခလယ်ထိပ်တည့် တည့် ထိုးစိုက်လိုက်တာ ဖြစ်မှာပေါ့ဟုတ်လား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှန်ရှောင်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကိုင်တွယ်ခဲ့တဲ့အမှုဟာ မနည်းတော့ဘူး. . . ဒါ ပေမယ့် အခုလိုအမှုမျိုးကိုတော့ မတွေ့ခဲ့သေးဘူး"

သူသည် ခေါင်းကိုထပ်မံ ခါယမ်းလိုက်ပြန်သည်။

"ကျုပ် ဒီအမှုကိုလက်ခံပြီး စုံစမ်းနေတာ သုံးနှစ်နီးပါးရှိ သွားပြီဗျ"

ဝမ်းဖုန်းက ယုံကြည်သည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"ခင်ဗျားတို့ပြောနေတဲ့သွေးကြက်တူရွေးကိစ္စတွေဟာ ယုံကြည်စရာမဟုတ်ပါဘူး၊ သရဲတစ္ဆေဆိုတာလဲ လောကမှာမရှိ ပါဘူးဗျာ"



ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ကျုပ်လဲ မယုံတတ်ပါဘူးဗျာ. . . ဒါပေမယ့် လက် တွေ့ဖြစ်နေတော့လဲ မယုံလို့မဖြစ်ဘူး"

ရှန်ရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီကိစ္စတွေဖြစ်ပွားတုန်းက ကျုပ်မရှိတာ နာတာပဲဗျ၊ သို့မဟုတ်ရင် ကျုပ်ကအဖြစ်မှန်ကိစ္စတွေကို တွေ့မှာပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျား လုံးလုံးမယုံဘူး ဟုတ်လား"

ရှန်ရှောင်က. . . .

"မယုံနိုင်စရာအချက်အလက်တွေ အများကြီးဗျ၊ ဥပမာ ဖုတ်ကောင်က လူသတ်တယ်ဆိုရင် အမှန်က လူက သတ်သွား တာပါ"

ဝမ်းဖုန်းက. . . .

"ဖုတ်ကောင်လူသတ်တာကို ခင်ဗျားမတွေ့ဖူးဘူးလား"

ရှန်ရှောင်က. . . .

"ကျုပ်က ဖုတ်ကောင်ကိုတွေ့ချင်လျက်နဲ့ မတွေ့နိုင်ဘူး . . . သူလူသတ်တာကို ဘယ်သူတွေ့ဖူးပါ့မလဲ"

ဝမ်းဖုန်းက. . . .

"ဖုတ်ကောင် လူကိုသတ်တာလဲ လူလိုပဲဖြစ်မှာပေါ့"

ရှန်ရှောင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခင်ဗျား မြင်တွေ့ဖူးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ကျုပ်လဲမမြင်ဖူးဘူး. . . ဒါပေမယ့် ခင်ဗျားတွေ့ချင်တယ်ဆိုရင် စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်ရလိမ့်မယ်ဗျ"

ရှန်ရှောင်က. . . .

"ကျုပ်စောင့်နေမှာပါ. . . နောက်ပြီး သူ့နောက်ကိုလဲ လူလွှတ်ပြီးလိုက်ရှာခိုင်းမှာပေါ့ဗျာ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက သတ္တိမနည်းပါလား"

ရှန်ရှောင်က ပြုံးလိုက်သည်။

"မင်းလောက်တော့ သတ္တိမရှိဘူးကွာ. . . ဒါပေမယ့် မင်းက ငါ့အနားမှာရှိတော့ စိတ်ရဲတာပေါ့"

ဝမ်းဖုန်းက. . . .

"ကျုပ်က ခင်ဗျားနဲ့အတူတူ မနေချင်ဘူးဗျာ"

"ဒါနဲ့မင်းက ထိဟင်းရဲ့အလောင်းကို လိုက်ရှာမယ်ဆို"

"ဟုတ်တယ်လေ"

"ဒါဖြင့် တို့အတူတူသွားရင် တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်နိုင်မယ် မဟုတ်လား"

"ခင်ဗျားစေတနာကို ကျုပ် ကျေးဇူးတင်ပါတယ်ဗျာ"

ရှန်ရှောင်က ဝမ်းဖုန်းအား လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။



"အမှန်ပြောရရင် ကျုပ်တလဲ သတ္တိမကောင်းဘူး. . . အလောင်းရှာမတွေ့ခင် သေမှာကိုကြောက်လို့ပါ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"မင်းက ငါ့ကိုကြောက်နေတယ် ဟုတ်လား"

"ဟုတ်ကဲ့. . . သိပ်ကြောက်ပါတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက လူဆိုးထိန်းခေါင်းသမားရှန်ရှောင်မို့လို့ပါ"

ရှန်ရှောင်က ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"ဖုတ်ကောင်ကလူသတ်တာဟာ သူနဲ့ထိပ်တိုက်တွေ့လို့ပါ။ ခင်ဗျားကတော့ ဘာအကြောင်းမှမရှိတဲ့လူတစ်ယောက်ကို စိတ်မထင်ရင် သတ်ချင်သတ်မှာဗျ။ ဒါကြောင့် ခင်ဗျား အနားမှာ ကျုပ်မနေဝံ့ဘူးဗျ"

ရှန်ရှောင်ကရယ်မောလိုက်သည်။

"အဲဒီစကားမျိုးကို ကျုပ် ဒီတစ်ခါ ပထမဆုံးအကြိမ် ကြားဖူးတာပဲ"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကိုယ့်အန္တရာယ်ကို မကြည့်ဘဲပြောတဲ့လူဟာ အလွန်နည်းပါတယ်ဗျာ"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ဟုတ်တယ်. . . ဒီလိုလူမျိုးဟာ အလွန်နည်းပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းကို ငါသတ်ချင်ရင် ရှင်းရှင်းပြောပြီးမှ သတ်မယ်ဆိုတာ ကျုပ်ကတိပေးပါတယ်ဗျာ”

သူ၏ပြောပုံဆိုပုံသည် တကယ်ပင် စိတ်ပါလက်ပါပြောလိုက်သည်နှင့် တူလှပေသည်။

သို့သော် ဝမ်းဖုန်းက လုံးဝရည်ရွယ်ချက်မရှိပါ။

ရှန်ရှောင်၏မျက်လုံးအစုံသည် အမှတ်မထင် နံရံပေါ်သို့ ရောက်သွားသည်။

“ဘယ့်နှယ် ဒီနေရာဟာ ဆေးဖြူတွေသုတ်ထားတာ မကြာသေးပါလား”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့. . . မနေ့ညကပဲ သုတ်ထားတာပါ”

“ဘယ်သူသုတ်တာလဲ”

“ကျုပ်ပါပဲ”

“မင်းက တော်တော်အားနေလို့ သုတ်တာလား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ဒီနံရံကို ဘာကြောင့်သုတ်ထားတာလဲ”

“ဒီနံရံပေါ်မှာ ကျုပ်မကြိုက်တဲ့ပန်းချီတွေ ဆွဲထားလို့ပါ”

ရှန်ရှောင်က မျက်မှောင်ကုပ်သွားလေသည်။

“ဘယ်လိုပန်းချီမျိုးလဲ”

“ငှက်(၁၃)ကောင်က သွေးကြက်တူရွေးကိုခြံရံပြီး ပျံသန်းတဲ့ပုံတွေပါ”



သူသည်ပခုံးတစ်ချက်တွန့်ပြီး. . .

“နောက်ပြီးတော့ တော်တော်ထူးဆန်းတဲ့ အရိပ်တွေလဲ ပါတယ်ဗျ”

ရှန်ရှောင်က မျက်မှောင်ကုပ်သွားပြန်သည်။

“နေပါဦး. . . အဲဒီပန်းချီကားတွေကို ဘာကြောင့်သဘောမကျတာလဲ”

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“သွေးကြက်တူရွေးရဲ့ အနီးမှာရှိတဲ့ငှက်ဟာ ငှက်ကျွန်လို့ ခေါ်တယ်”

“ငှက်ကျွန်”

ရှန်ရှောင်သည် ငှက်ကျွန်ဘက်သို့လှည့်လိုက်ပြီး. . .

“မင်းနာမည်က ငှက်ကျွန်ဟုတ်လား”

ငှက်ကျွန်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

ရှန်ရှောင်က သူမအား ကြည့်လိုက်သည်။

“နံရံပေါ်က ပန်းချီကို မင်းဆွဲထားတာဟုတ်လား”

ငှက်ကျွန်က. . .

“မဟုတ်ရပါဘူး”

“ဒါဖြင့် ဘာဖြစ်လို့ ဒီပန်းချီတွေကိုဆွဲထားရတာလဲ”

“ကျွန်မက ဒီပုံပြင်ကလေးကို အလွန်သဘောကျလို့ ပန်းချီဆရာကို ရေးဆွဲခိုင်းတာပါ”

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်သည် ဝမ်းဖုန်းဘက်သို့လှည့်လိုက်၏။

"မင်းက ဒီပန်းချီကားကို ဘာကြောင့်မနှစ်သက်ရတာလဲ"

"ဒီပန်းချီကားဟာ ထူးထူးခြားခြား ဖြစ်နေလို့ပါ"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဟုတ်လား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ပန်းချီကားပေါ်မှာ သွေးကြက်တူရွေးကို ဝိုင်းရံထားတဲ့ ငှက်ကလေးတွေဟာ(၁၃)ကောင်ဖြစ်လိုက် (၁၂)ကောင်ဖြစ်လိုက်နဲ့ မျက်စိရှုပ်သွားတာပဲ"

ရှန်ရှောင်က ပြုံးပြလိုက်သည်။

"မင်း မျက်စိမှားလို့နဲ့ တူတယ်"

ဝမ်းဖုန်းက. . .

"မမှားပါဘူးဗျာ"

ရှန်ရှောင်က စကားဦးလှည့်လိုက်သည်။

"နံရံရဲ့ဟိုဘက်မှာ ဘာတွေရှိသလဲ"

"အခန်းရှိပါတယ်"

"ဘယ်သူ့အခန်းလဲ"

"မေမေစုံအခန်းပါ"

"မေမေစုံဆိုတာ ဘယ်သူလဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။



"သူက နတ်ကတော်တစ်ယောက်ပါ"

"နတ်ကတော် ဟုတ်လား"

ရှန်ရှောင်၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

"ဒီနေရာမျိုးမှာ ဘယ့်နှယ်နတ်ကတော်ကလာပြီး နေထိုင်ရတာလဲ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"သူက ငှက်ကျွန်းကို ဝေယံကထိန်းလာတဲ့အထိန်းတော်ပါ"

သူသည် စကားဆက်လိုက်ပြန်သည်။

"ခင်ဗျား သူ့ကိုတွေ့ချင်သလား"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"သိပ်ကိုတွေ့ချင်ပါတယ်"

"ဒါဖြင့် တစ်ယောက်ယောက်လွှတ်ပြီး ခေါ်ခိုင်းလိုက်ပါ"

"မလိုပါဘူး. . . ကျုပ်ကိုယ်တိုင်ဖဲသွားကြည့်ပါ့မယ်"

"ခင်ဗျားမသွားရင် ကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ်တစ်ခေါက်သွားဖူးတယ်. . . တစ်ခေါက်ထဲနဲ့လုံလောက်သွားပြီ၊ နောက် ဘယ်တော့မှ သွားချင်စိတ်မရှိတော့ဘူး"

ရှန်ရှောင်သည် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

သို့သော် သူသည်မဲ့ပြုံးပြုံးလိုက်ပြီး တစ်ဖက်ခန်းသို့ခြေ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းလိုက်လေသည်။

ꩤꩤꩤ

လခြမ်းကလေးသည် ကောင်းကင်ပေါ်၌ရှိနေ၏။

လရောင်ကလေးသည် မေမေစုံ၏တံခါးပေါ်သို့ ထိုးကျနေသည်။

အခန်းတံခါးသည် တင်းကျပ်စွာ ပိတ်ထားသည်။

ရှန်ရှောင်သည် အခန်းဝ၌မတ်တတ်ရပ်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

သူ၏ငယ်သားတစ်ယောက်က တံခါးခေါက်လိုက်သည်။ တံခါးသည် အသံမကြားရဘဲ ပွင့်သွားသည်။

ထိုငယ်သားသည် တိတ်တဆိတ်ထွက်လာသောအဘွားအို၏မျက်နှာအား တွေ့မြင်လိုက်သည်နှင့် တံခါးခေါက်သောလက်သည် မြှောက်လျက်သားနှင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုအဘွားအိုမှာ မေမေစုံဖြစ်လေသည်။

ꩤꩤꩤ

မေမေစုံ၏မျက်နှာတစ်ခုလုံးမှာ ဟန်မူရာကင်းမဲ့စွာဖြင့်



ဝမ်းဖုန်းအား စိုက်ကြည့်နေ၏။

ဝမ်းဖုန်းသည် တစ်ဖက်သို့ မျက်နှာလွှဲထားလေသည်။

ရှန်ရှောင်၏မျက်လုံးအစုံမှာမူ မေမေစုံ၏မျက်နှာအား စိုက်ကြည့်နေသည်။ သူ၏မျက်လုံးအစုံသည် ဓားသွားပမာထက်မြက်လှပေ၏။

မေမေစုံသည်မျက်လုံးချင်းမဆိုင်ဝံ့တော့ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

အတန်ကြာမှ ရှန်ရှောင်က မေးလိုက်သည်။

"မေမေစုံဆိုတာ ခင်ဗျားလား"

"ဟုတ်ကဲ့"

မေမေစုံ၏အသံသည် ခြင်တစ်ကောင်၏အသံကဲ့သို့တိုးလှပေသည်။

ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက နတ်ကတော်လို့ ကျုပ်ကြားခဲ့တယ်. . . ဟုတ်သလား"

"ဟုတ်ပါတယ်"

"မင်းအခန်းဟာ အခြားအခန်းထက် ထူးခြားတယ်လို့ ကြားသိရတယ်"

"အမှန်တော့ သိပ်လဲမထူးခြားပါဘူးရှင်"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ လေ့လာချင်သေးတယ်"

မေမေစုံက ထစ်ထစ်ငေါ့ငေါ့ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အခန်းမှာ ဘာမှ လေ့လာစရာမရှိပါဘူးရှင်"

ရှန်ရှောင်က အေးတိအေးစက်ဖြင့်. . . .

"ဘာလဲ. . . ကျုပ်တို့ မင်းအခန်းထဲဝင်မှာကို မကျေနပ်ဘူးလား"

မေမေစုံက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးရှင်"

ရှန်ရှောင်သည် နောက်ထပ်စကားမပြောတော့ဘဲ လတ်တစ်ချက်ဝှေ့ယမ်းလိုက်ရာ သူငယ်သားတစ်ယောက်သည် အခန်းထဲသို့ရှေးဦးစွာ လှမ်းဝင်လိုက်လေသည်။

မေမေစုံက ကပျာကယာ လမ်းဖယ်လိုက်ရလေသည်။

✿✿✿

လူ(၁၀)ယောက်. . . မီးအိမ်(၆)လုံး. . . .

ရှန်ရှောင်တို့လူစုသည် မီးအိမ်(၆)လုံးယူဆောင်လာသဖြင့် အခန်းတစ်ခုလုံးမှာ ထိန်ထိန်လင်းသွားစေလေသည်။

ဝမ်းဖုန်းသည် ယခုမှထိုအခန်းအား သေချာစွာ တွေ့မြင်ရလေသည်။

ယင်းအခန်းနံရံများသည် မဲနက်သောအရောင်များ ခြယ်သထားသည်။ ကြမ်းပြင်မှာလည်း မဲနက်နေ၏။

ပြတင်းပေါက်ပေါ်တွင် အနက်ရောင်အဝတ်ကာထား



သည့်အပြင် အခန်းတွင်းရှိ ကုတင်၊ စားပွဲ၊ ကုလားထိုင်စသည်များကိုလည်း အနက်ရောင်သုတ်ခြယ်ထား၏။

တံခါးဝနှင့်တည့်တည့် နံရံရှေ့တွင် ကန်တော့ပွဲတင်ထားသည့် စားပွဲရှည်တစ်လုံးရှိသည်။

နံရံပေါ်၌ အနက်ရောင်အဝတ်တစ်ခု ကာရံထားသဖြင့် မည်သည့်နတ်ရုပ်များ ကိုးကွယ်ထားသည်ကို မသိရပါချေ။

စားပွဲပေါ်၌ မုန့်များ၊ သစ်သီးဝလံများ တင်ထားလေသည်။

ရှန်ရှောင်သည် မေမေစုံအား တစ်ချက်ကြည့်ပြီး. . .

"ဒါနဲ့ခင်ဗျားက မနှစ်သက်တဲ့လူကို မှတ်တိုင်ပေါ်ပြီး ပြစ်ဒဏ်ခတ်တယ်ဆို ဟုတ်ရဲ့လား"

မေမေစုံမျက်နှာတစ်ခုလုံးမှာ ဒေါသရောင်သန်းလာလေသည်။

သူမသည် ရုတ်တရက် နတ်စင်ရှိရာသို့လျှောက်သွားပြီးလျှင် လက်နှစ်ဖက်ဆန့်ကာ သူ့နှုတ်ခမ်းမှလည်း တလှုပ်လှုပ်တရွရွဖြင့် ရွတ်ဆိုနေလေသည်။

ကန်တော့ပွဲများထားရှိသော စားပွဲရှည်ပေါ်၌ အနက်ရောင်အိုးနှစ်လုံးရှိသည်။

ယင်းအိုးထဲမှ ရုတ်တရက် အစိမ်းရောင် မီးခိုးလုံးများ ထွက်လာသည်ကို တွေ့ရလေသည်။

ထိုမီးခိုးလုံးများသည် မွှေးကြိုင်သော အနံ့အသက်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



ပျံ့နေသည်ဟု အနံ့ခံလိုက်ရလေသည်။

အခန်းတစ်ခုလုံးတွင် မီးခိုးလုံးများလွင့်ပျံ့နေ၏။

လက်အောက်ငယ်သားများသည် မေမေစုံပြုမူပုံများကို ကြည့်ကာ မျက်မှောင်ကုပ်သွားကြလေသည်။

မေမေစုံသည် လက်နှစ်ဖက် အပေါ်သို့မြှောက်ကာ ခေါင်းကိုမော့၍ ရွတ်ဆိုနေပြန်သည်။

ဝမ်းဖုန်းကပြုံးလိုက်ပြီး ရှန်ရှောင်ဘက်သို့လှည့်လိုက်၏။

"သတိထားပေတော့. . . သူက ခင်ဗျားကိုကျိန်ဆိုတော့မယ်"

ရှန်ရှောင်သည် မေမေစုံအား စက်ဆုပ်ရွံ့မုန်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"သူကပဲကျိန်ဆိုနိုင်မလား. . . ငါကပဲ သူ့အသက်ကို ချွေနိုင်မလားဆိုတာ ကြည့်သေးတာပေါ့"

ဝမ်းဖုန်းသည် မေမေစုံအား မနှစ်သက်သော်လည်း ရှန်ရှောင်က အလွန်ရွံ့မုန်းသည်ကိုတွေ့ရသဖြင့် သူသည် မေမေစုံအား သနားလာလေသည်။

"ကဲ. . . မေမေစုံ၊ ခင်ဗျားကျိန်ဆိုတာကို ရပ်လိုက်စမ်းပါ"

မေမေစုံသည် လက်နှစ်ဖက်မြှောက်ကာ ရွတ်ဆိုလျက် သူမသည် ဝမ်းဖုန်းစကားအား လုံးဝမကြားပါချေ။

သူမသည် တဖြည်းဖြည်း အသံကျယ်လောင်လာလေ



၏။

"ကျုပ်ကို ခွင့်မတောင်းဘဲ အခန်းထဲဝင်လာတဲ့လူအားလုံး သေပါစေ၊ ခြေလက်များ ပြတ်သွားပါစေ. . . သူတို့ရဲ့အသည်းတွေ အူတွေ ခွေးကျွေးပါစေ"

ဟု တတွတ်တွတ်ကျိန်ဆိုနေလသည်။

လက်အောက်ငယ်သားများသည် မေမေစုံကျိန်ဆိုသည်ကို ကြားလိုက်ရသဖြင့် ကြက်သီးများထကုန်ကြလသည်။

ရှန်ရှောင်သည် မေမေစုံအား စိုက်ကြည့်ရင်း. . .

"ဒီမိန်းမ ဒီလောက်တောင် ကျိန်ဆိုနေရင် သူ့လည်ချောင်းမှာ အပေါက်ကလေး ဖြစ်လိမ့်မယ်"

ထိုစကားကို ကြားလိုက်သည်နှင့် မေမေစုံသည် ကျိန်ဆိုရာမှရပ်တန့်လိုက်သည်။

သို့သော် ရှန်ရှောင်သည် သူမထံသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

မေမေစုံကထိတ်လန့်ကာ ထခုန်လိုက်လေသည်။

ရှန်ရှောင်သည် သူမထံသို့လျှောက်သွားရင်း. . .

"ကျိန်ဆိုတာကိုရပ်တန့်သွားစေဖို့ နည်းလမ်းတစ်ခုတော့ရှိတယ်၊ အဲဒါဘာလဲဆိုရင် မင်းကို အမြန်ဆုံး သတ်လိုက်ရုံပဲ"

သူ့စကားဆုံးသွားသည်နှင့် ဓားရှောင်တစ်ချက် ဖွေးကနဲ ဝင်းလက်သွားသည်။

ရှန်ရှောင်၏ဓားသည် မေမေစုံ၏လည်မျိုသို့ ထိုးသွင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ဝမ်းဖုန်းသည် မေမေစုံအား မနှစ်မြို့သော်လည်း ယခုကဲ့သို့ ရက်ရက်စက်စက် အသတ်ခံလိုက်ရသည်ကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားလေ၏။

သူသည် မျက်နှာတစ်ဖက်သို့လွှဲထားလေသည်။

ယင်းကဲ့သို့မျက်နှာလွှဲလိုက်သောအခါ သူ့မျက်လုံးအစုံသည် အမှတ်မထင် နံရံပေါ်သို့ ရောက်ရှိသွားလေ၏။

သူ့မျက်လုံးအစုံမှာလည်း အံ့သြသည့်အရိပ်အယောင်များ ပေါ်လာလေတော့သည်။

ဘ ဘ ဘ

အနက်ရောင်ခြယ်သထားသောနံရံပေါ်တွင် မီးခိုးရောင်ကွက်လပ်တစ်ခု ကျန်ရှိနေသည်ကို တွေ့ရလေသည်။

ယင်းကွက်လပ်သည် တစ်ပေခန့်ရှိသည်ဟုထင်ရသည်။

ထိုကွက်လပ်ပေါ်တွင် တစ်စုံတစ်ခု ရေးဆွဲထားသည်ကို တွေ့လိုက်ရသဖြင့် သူသည် အနီးသို့ကပ်၍ ကြည့်ရသည်။

ထိုအဖြူကွက်လပ်ပေါ်၌ ငှက်တစ်ကောင်ရေးဆွဲထား၏။

ယင်းငှက်သည် သွေးကြက်တူရွေးအား ပိုင်းရုံထားသော ငှက်ကလေးများထဲမှ ဖြစ်သည်။



ဤငှက်ကလေးတစ်ကောင်သည် တစ်ဖက်နံရံပေါ်၌ ပျောက်ကွယ်သွားသော ငှက်ကလေးပင်ဖြစ်နေမည်လော။

ဝမ်းဖုန်းသည် ထိုနေရာသို့ လက်ဖြင့်စမ်းသပ်ကြည့်သည်။ သစ်သားဖြင့် ကပ်ထားသည်ကိုတွေ့ရလေ၏။

သူသည် ထိုပျဉ်ပြားအားခွာချလိုက်ရာ နံရံပေါ်၌ အပေါက်ကလေးတစ်ခုအား တွေ့ရလေသည်။

မီးရောင်သည် ထိုအပေါက်အတွင်းသို့ထိုးဝင်လာသည်။

ဝမ်းဖုန်းသည် ထိုအပေါက်ကလေးမှ အပြင်သို့လှမ်းကြည့်လိုက်ရာ တစ်ဖက်ခန်းတွင် ငှက်ကျွန်ရပ်နေသည်ကို တွေ့ရလေ၏။

ဝမ်းဖုန်းသည် လက်ထဲမှပျဉ်ပြားအားကြည့်ပြီး ရယ်မောမိလေသည်။

သူသည် သွေးကြက်တူရွေးအား ပိုင်းရုံထားသောငှက် (၁)ကောင်အနက် တစ်ကောင်မှာထူးဆန်းစွာ ပျောက်ဆုံးသွားသော ယခု သူ့လက်ထဲတွင် ကိုင်ထားသောပျဉ်ပြားငယ်ကြောင့်ဖြစ်သည်ကို သဘောပေါက်လာသည်။

ထိုပျဉ်ပြားငယ်မှရေးဆွဲထားသော ငှက်တစ်ကောင်သည် မူလငှက်ကျွန်နေထိုင်ရာဘက်၌ မျက်နှာပြုထားသည်။

ထို့နောက် ယင်းပျဉ်ပြားအား ပြောင်းပြန်လှန်၍ထည့်ထားသဖြင့် နံရံပေါ်မှငှက်တစ်ကောင် ပျောက်ဆုံးခြင်းဖြစ်သည်။

ထိုစဉ် ရှန်ရှောင်၏အသံထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီအခန်းထဲကိုဝင်လာရင် တစ်ခုခုတော့ တွေ့လိမ့်မယ်လို့ ငါပြောခဲ့တယ် မဟုတ်လား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ရှန်ရှောင်က. . . .

"ကဲ . . . ပြောနေတာကြာတယ်၊ နောက်ထပ် သဲလွန်စ ရအောင် အခန်းတစ်ခုလုံးရှာဖွေရလိမ့်မယ်"

သူစကားဆုံးသည်နှင့် လက်အောက်ငယ်သား(၁၀) ယောက်သည် ချက်ချင်းပင် တစ်ခန်းလုံး ရှာဖွေကြလေသည်။

ထိုစဉ် ရှန်ရှောင်၏ငယ်သားတစ်ယောက်ဖြစ်သော ထန်ချီးက တစ်စုံတစ်ခုကို တွေ့ရှိလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

"သတိထား . . . မီးခိုးထဲမှာ အဆိပ်ငွေ့တွေပါတယ်ဗျ"

သူသည် ယင်းသို့ပြောပြီး အိတ်ထဲမှကြွေဘူးငယ်တစ်လုံးကိုထုတ်ယူလိုက်ပြီး . . . အဖုံးဖွင့်မည်ပြုစဉ် ရုတ်တရက် လူတစ်ယောက်က သူ့အား ဓားဖြင့် မိုး၍ခုတ်ချလိုက်သည်။

"အား . . . "

ထန်ချီးသည် ယင်းသို့တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့ လဲကျသေဆုံးသွားလေသည်။

"ဟား . . . ဟား . . . ဟား"

ထန်ရှန်သည် မျက်လုံးပြူးကျယ်စွာဖြင့် အားရပါးရရယ်မောလိုက်သည်။



ထန်ချီးအားသတ်သူမှာ ထန်ရှန်ပင်ဖြစ်လေသည်။

ထန်ရှန်၏မျက်လုံးအစုံသည် ပြူးကျယ်နေ၏။

သူ့မျက်လုံးများမှာလည်း နီရဲနေ၏။ သူ့မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သူသည် ထန်ချီးအားခုတ်ပြီးနောက် ကျန်ရှိသောသူ၏ အဖော်များအား လိုက်လံတိုက်ခိုက်လေသည်။

အခြားလူများမှာလည်း ရုတ်တရက် ရူးသွပ်လာသည့်အသား လက်ထဲမှဓားဖြင့် တွေ့မြင်သမျှသောလူအား လိုက်လံတိုက်ခိုက်နေလေသည်။

꩜ ꩜ ꩜

ရှန်ရှောင်၏လက်အောက်ငယ်သား (၁၀)ယောက်တို့သည် ထန်ချီးတစ်ယောက်အသတ်ခံလိုက်ရသဖြင့်(၉)ယောက်သာ ကျန်တော့သည်။

ယင်းကျန်ရှိသောငယ်သားကိုးယောက်မှာ ရူးသွပ်နေကြသောလူများပမာ သူတို့အချင်းချင်း တိုက်ခိုက်နေကြကုန်လေသည်။

ထို့ကြောင့်လည်း (၉)ယောက်စလုံး ဒဏ်ရာများရသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည်ဒဏ်ရာရသွားကြသည်ဖြစ်သော်လည်း တိုက်ခိုက်ခြင်းကို ရပ်တန့်ခြင်းမပြုဘဲ ဆက်လက်ပြီး ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

ရှန်ရှောင်သည် သူ့ငယ်သားများ၏ အပြုအမူအားကြည့်ကာ အံ့သြသွား၏။

သူက ဟန့်တားရန်ပါးစပ်ဟလိုက်ရာ ရုတ်တရက် သူ၏ တစ်ကိုယ်လုံးမှာ အင်အားလုံးဝမရှိသည်ကို ခံစားလိုက်ရလေသည်။

သူသည် ကပျာယာထိုင်ချလိုက်ပြီး တင်ပျဉ်ခွေထိုင်ကာ မီးခိုးမှတစ်ဆင့် ရှူရှိုက်နေရသောအဆိပ်များအား အတွင်းအားဖြင့် ဖယ်ထုတ်နေရသည်။

ဝမ်းဖုန်းသည် နံရံကိုမှီ၍ ခွေခွေကလေးကျသွားသည်။

လက်ထဲမှပျဉ်ပြားမှာလည်း လွတ်ကျသွားလေသည်။

သူတို့၏အတွင်းအားများသည် အလွန်အဆင့်မြင့်ကြသဖြင့် လက်အောက်ငယ်သားများကဲ့သို့ ရူးသွပ်သွားခြင်းမရှိကြသော်လည်း သူတို့၏အင်အားသည် အလိုလိုကုန်ခမ်းသွားသည်ဟု ခံစားလိုက်ရသည်။

ရှန်ရှောင်သည် ယင်းကဲ့သို့ ဆိုးဝါးသောအခြေအနေနှင့် ရင်ဆိုင်နေရသော်လည်း အလွန်သတိကောင်းသည်။

သူသည် အချင်းချင်းတိုက်ခိုက်နေကြသော သူ့ငယ်သားများအား သတိကြီးစွာဖြင့် ကြည့်နေရသည်။



သူ့ငယ်သားများသည် အချင်းချင်းတိုက်ခိုက်ပြီးနောက် မိမိဘက်သို့ဦးတည်လာမည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူသည် မည်သို့ရှောင်တိမ်းရမည်ကို အကြံထုတ်နေလေသည်။

သူသည် အခန်းထဲမှထွက်သွားနိုင်လျှင် အသက်အန္တရာယ်ကင်းမည်ဟု သိထား၏။

သို့သော် လက်ရှိအခြေအနေအရ သူသည် လုံးဝရွေ့လျားနိုင်ခြင်းမရှိချေ။

သူသည် ယင်းသို့တွေးနေစဉ်မှာပင် လက်အောက်ငယ်သား(၉)ယောက်အနက် နောက်ထပ်(၃)ယောက် သွေးအိုင်ထဲလဲကျသည်ကို တွေ့ရလေသည်။

ထိုစဉ် သူ့မျက်လုံးအစုံသည် အမှတ်မထင် သူ့အနီးတွင် လဲကျနေသော တုံချန်းဘက်သို့ ရောက်သွား၏။

ကြွေဗူးကလေးတစ်လုံးသည် သူ့ခြေရင်း၌ ကျရောက်နေသည်ကို တွေ့ရှိရသည်။

ယင်းကြွေဗူးထဲတွင် အဆိပ်ဖြေဆေး လုံးများထည့်ထားသည်ဟု သူကယုံကြည်သည်။

သူသည် ထိုကြွေဗူးအား ကြိုးစား၍ကောက်ယူလိုက်ပြီး အဖုံးဖွင့်ကာ ဆေးလုံး(၂)လုံး (၃)လုံးခန့်ကို ပါးစပ်ထဲသို့ထည့်လိုက်လေသည်။

ထိုစဉ်မှာပင်. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဝူး . . . ဝူး"

ဝမ်းဖုန်း၏ စူးရှသောအော်သံများကို ကြားလိုက်ရသည်။

ဝမ်းဖုန်းသည်လဲကျနေရာမှ ထလိုက်ပြီးဖြစ်သည်။ သူ့လက်ထဲတွင် သွေးစွန်းသောဓားတစ်လက်ပါလာသည်။

သူ့မျက်လုံးအစုံမှာလည်း ပြူးကျယ်နေ၏။ သူသည် ဓားကိုဆွဲကာ ရှန်ရှောင်ထံသို့ပြေးဝင်လာလေသည်။

ရှန်ရှောင်သည် ထိတ်လန့်တုန်လှုပ်သွား၏။ ထိုင်ရာမှ ကမန်းကတန်းထလိုက်ပြီး အခန်းတံခါးဆီသို့ ပြေးသွားပြီးလျှင် အခန်းတံခါးအား ခြေထောက်ဖြင့် တအားကန်လိုက်သည်။ အခန်းတံခါးမှာ ကျိုးပဲ့သွားလေသည်။

ရှန်ရှောင်သည် ယင်းကျိုးပဲ့သောတံခါးကြားမှ ကိုယ်လုံးဖြင့်ဆောင့်ကာ ခုန်ထွက်သွားလေသည်။

ဝမ်းဖုန်းသည် တံခါးဆီသို့ရောက်ရှိသွားသောအခါ ထိုတံခါးအား ဓားဖြင့် အချက်ပေါင်းများစွာခုတ်ပြီးမှ တိုးထွက်သွားလေသည်။

သူသည် အပြင်သို့ရောက်သောအခါ ရှန်ရှောင်၏အရိပ်ကိုပင်မတွေ့ရပါ။

သူသည်ခြေလှမ်းရပ်တန့်လိုက်ပြီး ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

လခြမ်းကလေးသည် အနောက်ယွင်းယွင်းဘက်သို့ရွေ့လျားသွားသည်။

ဝမ်းဖုန်းသည် လခြမ်းကလေးအားကြည့်ကာ ရှေ့သို့ဆက်၍ လျှောက်သွားလေတော့သည်။

❀❀❀

လခြမ်းကလေးသည် အနောက်ယွင်းယွင်းမှာရှိနေသည်။

ဝမ်းဖုန်းသည် အနောက်ဘက်သို့ဦးတည်၍ အဓိပ္ပာယ်ကင်းမဲ့စွာ လျှောက်သွားနေ၏။

မြို့ကလေး၏အနောက်ရပ် မြို့ပြင်ဘက်၌ သုသာန်တစပြင်ရှိနေ၏။

ဝမ်းဖုန်းသည် ယင်းသို့လျှောက်လာရာ မကြာမီ သုသာန်တစပြင်ထဲသို့ ရောက်ရှိလာသည်။

အေးစိမ့်သောလေတစ်ချက် ဝှေ့ယမ်းတိုက်ခိုက်လိုက်ရာ ဝမ်းဖုန်းသည် ခြေလှမ်းရပ်တန့်သွားလေသည်။

သူ့လက်ထဲမှဓားသည် အုတ်ဂူတစ်ခုပေါ်သို့ချထားလိုက်ပြီး သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်း ယိမ်းယိုင်လာသည်။

သူ့တစ်ကိုယ်လုံးမှာ သွေးများစိုရွှဲပြီး အင်အားကုန်ခမ်းသွားလေသည်။

ရုတ်တရက် လျှပ်စီးတစ်ချက်လက်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း . . ."

မိုးခြိမ်းသံများ ဟိန်းလာသည်။

တစ်ဆက်တည်းမှပင် မိုးများ သဲသဲမဲမဲရွာချလိုက်သည်။

ဝမ်းဖုန်းသည် မတ်တတ်ပင်မရနိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားပြီး မောဟိုက်နေ၏။

ဿဿဿ

လျှပ်စီးတစ်ချက် လက်လိုက်ပြန်သည်။

လျှပ်စီးလက်လိုက်သော တဒင်္ဂအချိန်တွင် အုတ်ဂူကြားမှ ရုတ်တရက် အရိပ်တစ်ခုထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

ယင်းကြောက်မက်ဖွယ်ရာကောင်းသော သုသာန်တစပြင်တွင် မည်သူက လာရောက်ဝံ့ပါသနည်း။

ထိုလူရိပ်သည် လူသေအလောင်းမှ ပြောင်းလဲသော ဖုတ်ကောင်များဖြစ်သလော။

မှောင်မဲသောကောင်းကင်ပေါ်၌ လျှပ်စီးတစ်ချက်လက်လိုက်ပြန်သည်။

လျှပ်စီးအလင်းရောင်ကြောင့် ထိုလူရိပ်သည် ဝမ်းဖုန်းအနီး၌ ရပ်နေသည်ကို တွေ့မြင်နိုင်ခဲ့လေသည်။

လူရိပ်သည် ဝမ်းဖုန်းအား ငုံ့ကြည့်လိုက်ပြီး သူ့လက်ထဲမှ



ဆေးလုံးတစ်လုံးကို ဝမ်းဖုန်း၏ပါးစပ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် ဝမ်းဖုန်းအား မြေပေါ်သို့ပြန်ချပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်။

ဿဿဿ

မိုးသည် သဲသဲမဲမဲရွာသွန်းလျက် . . .

ဝမ်းဖုန်းသည် သုသာန်ထဲမှာ လဲလျောင်းနေ၏။

အတန်ကြာမှ သူက သတိရလာသည်။

သူသည် လဲလျောင်းရာမှထထိုင်သောအခါ သုသာန်တစပြင်သို့ ရောက်ရှိနေသည်ကို တွေ့ရှိရသည်။

သူသည် ဝဲယာသို့တစ်ချက်ကြည့်ပြီး ရုတ်တရက် ရယ်မောလိုက်သည်။

"ဟား . . . ဟား . . . ဟား . . . ငါသေသွားပြီမှတ်လို့ ဒီမှာလာပြီးပစ်ထားတာနဲ့ တူတယ်"

သူသည် ယင်းသို့ပြောပြီး လက်နှစ်ဖက်ဖြင့် ခေါင်းကို ဖက်ထားသည်။

ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကို သူက စဉ်းစားနေသည်။

သို့သော် သူသည် မေမေ့စုံအခန်းထဲသို့ ရောက်သွားသည်အထိသာ မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းတွင် သူ့ဦးနှောက်ထဲမှာ ကွက်လပ်များသာ ကျန်ရစ်ခဲ့သည်။ အတန်ကြာမှ သူက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"တော်တော့ကို ဒုက္ခပေးတဲ့အဆိပ်ပဲ"

သူသည် ယင်းသို့ပြောပြီး မျက်မှောင်ကုပ်သွားပြန်သည်။

"အင်း. . . အဆိပ်များဟာ မီးခိုးထဲကပါလာလိမ့်မယ်။ ဒီအဆိပ်ငွေ့ကိုရှူမိတဲ့လူဟာ ရူးသွားနိုင်တဲ့သတ္တိရှိတာဖြစ်ရမယ်"

သူသည် ယင်းသို့ဆင်ခြင်တွေးတောနေရင်း ကြက်တူရွေးဂေဟာကို သတိရလာလေသည်။

ယင်းသို့သတိရလာသည်နှင့် ထိုင်ရာမှထခုန်လိုက်ပြီး ထိုနေရာမှထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရလေတော့သည်။

ၾၾၾ

မိုးများသည် ရွာသွန်းလျက်. . .

လေသည် တဟူးဟူးတိုက်ခတ်နေ၏။

မြင်းခွာသံများသည် သူသာန်ရှိရာသို့ ဦးတည်လာသည်ကိုကြားလိုက်ရသဖြင့် ဝမ်းဖုန်းက အသံများလာရာသို့လှမ်းကြည့်လိုက်သည်။

မိုးရေထဲ၌ လူ(၇)ယောက်၊ မြင်း(၇)ကောင်နှင့် ရောက်



လာသည်ကို တွေ့လိုက်ရသည်။

သူသည် အုတ်ဂူနှစ်ခုကြားသို့လှဲချလိုက်ပြီး အပြင်သို့ ချောင်းကြည့်နေလေသည်။

မြင်းများသည် သုသာန်အတွင်းသို့ မောင်းနှင်ဝင်ရောက်ပြီး ရပ်တန့်သွားကြသည်။ မြင်းပေါ်မှလူများသည် အောက်သို့ ခုန်ဆင်းလာကြလေသည်။

ဝမ်းဖုန်းသည် ရှည်လျားသောမြက်ပင်များကြားတွင် မှောက်လျက်လဲကာ သူတို့အား ချောင်းကြည့်နေလေသည်။

မိုးများကပြင်းထန်စွာ ရွာသွန်းနေသဖြင့် မျက်စိပင်ဖွင့်၍ ရပါ။ ထို့ကြောင့် ရောက်ရှိလာသောလူများကို ပီပီပြင်ပြင် မတွေ့နိုင်ပါချေ။ ထိုလူများသည်လည်း ဝမ်းဖုန်းအား မတွေ့ရပါ။

ထိုစဉ် လူတစ်ယောက်၏အက်ကွဲသောအသံထွက်ပေါ်လာသည်။

"စမ်းရယ် မလာသေးဘူးလား"

အခြားတစ်ယောက်က. . .

"ရောက်ဖို့အချိန်တော့ သင့်ပြီထင်တယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

လူများသည် ချိန်းဆိုထား၍ လာရောက်ကြခြင်းဖြစ်သည်။ သူတို့ပြောသော 'စမ်းရယ်'ဆိုသူသည် မည်သူများဖြစ်သနည်း။

ဝမ်းဖုန်းသည် စူးစမ်းလိုသောစိတ်များပို၍ ပြင်းထန်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစဉ်မှာပင် အုတ်ဂူကြားမှ လူတစ်ယောက်ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

ခေါင်းပေါ်၌ ခမောက်တစ်လုံးဆောင်းထားသည်။

သူ၏ကိုယ်ပေါ်တွင် လယ်သမားများ ဝတ်ဆင်ထားသော မိုးကာတစ်ထည်ခြုံထားသည်။

မြင်းသည်တော်(၇)ယောက်သည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် သတိအနေအထားဖြင့် စောင့်ကြည့်နေကြသည်။

ခမောက်ဆောင်းထားသောလူသည် မြင်းသည်တော်များရှေ့ တစ်လံခန့်အကွာတွင် ရပ်လိုက်သည်။

သူ၏လက်နှစ်ချောင်းဖြင့် ခမောက်အား အပေါ်သို့ အနည်းငယ် ပင့်တင်လိုက်သည်။

ဝမ်းဖုန်းသည် ထိုလူ၏မျက်နှာကိုမတွေ့ရသော်လည်း မြင်းသည်တော်များကတွေ့ရသဖြင့် အသင့်ပြင်ထားသောအနေအထားမှ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားကြလေသည်။

ထိုခမောက်ဆောင်းထားသောလူသည် သူတို့ချိန်းဆိုထားသော လူပင်ဖြစ်သည်ဟု ဝမ်းဖုန်းက အကဲခတ်မိသည်။

"ဟော့. . . မင်းတို့အားလုံး ရောက်လာကြပြီဟုတ်လား"

ထိုအသံကြားသည်နှင့် ဝမ်းဖုန်းက အံ့အားသင့်သွားသည်။ ဤလူသည် ဗူးတင့်ဝမ်းဖြစ်သည်ကို ချက်ချင်းပင်သိလိုက်လေသည်။



ဗူးတင့်ဝမ်းသည် ဤမြို့ကလေးတွင် အာဏာအရှိဆုံးနှင့် ချမ်းသာကြွယ်ဝဆုံးသော လူတစ်ယောက် ဖြစ်သည်။

အနက်ကူးဟိုကဲ့သို့သောအရာရှိကပင် သူ၏အမိန့်အားနာခံရသည် မဟုတ်ပါလား။

ဤကဲ့သို့ အာဏာနှင့်ငွေကြေးများ ပြည့်စုံသောပုဂ္ဂိုလ်တစ်ယောက်သည် ယခုကဲ့သို့ အချိန်မတော် မိုးညထဲမှာ ယင်းကဲ့သို့ လူသူမရောက်သော သုသာန်ထဲသို့ မည်သည့်ကိစ္စကြောင့် ရောက်လာရပါသနည်း။

သူသည် ထိုမြင်းသည် ခုနစ်ယောက်နှင့်ချိန်းတွေ့ပြီး မည်သည့်အကြံအစည်များ ကြံစည်နေပါသနည်း။

ဝမ်းဖုန်း၏မျက်လုံးအစုံသည် ပို၍ပြူးကျယ်လာသည်။

သူ့နားကိုလည်း အစွမ်းကုန်ဖွင့်ထားလေသည်။

ဘဘဘ

မြင်းသည်တော်များထဲမှ လူတစ်ယောက်သည် ရှေ့သို့ ခြေလှမ်းတစ်လှမ်းတိုးလာပြီး လက်နှစ်ဖက်ဆုပ်ကာ အလေးပြုလိုက်သည်။

"စမ်းရယ်. . . အရေးကြီးတဲ့ကိစ္စရှိတယ်ဆိုပြီး ခေါ်ခိုင်းလိုက်လို့ ကျုပ်တို့ရောက်လာကြတာပါ"

ဗူးတင့်ဝမ်းက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ကျုပ်မှာ အလွန်အရေးကြီးတဲ့ကိစ္စ ရှိလို့ ခင်ဗျားတို့လို ကျော်ကြားတဲ့ ကြေးတန်းစားလူသတ်သမား ခုနစ်ယောက်ကို ခေါ်ခိုင်းတာပါဗျာ"

"ဟုတ်ကဲ့. . . ကိစ္စကိုသာပြောပါ"

"ဒီလိုပါ. . . ငွေလုံလောက်အောင်ပေးရင် ခင်ဗျားတို့က ဘာမဆိုလုပ်ပေးမယ်လို့ ကြားပါတယ်"

"ဒါကတော့ ဟုတ်ပါတယ်"

"ကနေ့ညမှာ ခင်ဗျားတို့ကို ဖိတ်ခေါ်ရတဲ့အကြောင်းတတော့ ကိစ္စတစ်ခုကိုအကူအညီတောင်းပြီး ဖြေရှင်းခိုင်းမလို့ပါဘဲ"

ကြေးတန်းစားလူသတ်သမားခုနစ်ယောက်တို့သည် ပြိုင်တူရယ်မောကြကုန်သည်။

"ဟား. . . ဟား. . . ဟား"

ဏ ဏ ဏ

ကြေးတန်းစားလူသတ်သမား ခုနစ်ယောက်. . . .

ယင်းမြင်းသည်တော်ခုနစ်ယောက်တို့သည် တာဟိုမြစ်၏ အနောက်တောင်ပိုင်းနယ်မြေတွင် အလွန်ကျော်ကြားသော လူသတ်သမားခုနစ်ယောက် ဖြစ်သည်။

မည်သူမဆို ငွေပေးနိုင်လျှင် သူတို့သည် ကျေနပ်အောင် ဆောင်ရွက်ပေးတတ်လေသည်။



ထို့ကြောင့် သူတို့၏အမည်များမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။

သိုင်းလောကမှ တရားမျှတသောပုဂ္ဂိုလ်များသည် သူတို့အား မနှစ်မြို့ကြသော်လည်း သူတို့မှာ သေဖော်သေဖက်ခုနစ်ယောက်ရှိနေသဖြင့် သည်းခံနေကြရလေသည်။

ထိုကြေးတန်းစား လူသတ်သမားခုနစ်ယောက်တို့သည် အမည်နာမ မရှိကြပါ။ အမှတ်စဉ်များဖြင့်သာ ခေါ်ဝေါ်ကြလေသည်။

ခေါင်းဆောင်ဖြစ်သူမှာ အမှတ်တစ်ဖြစ်သည်။ ကျန်ရှိသောလူများသည် အစဉ်အတိုင်း(၂-၃-၄-၅-၆-၇) ဖြစ်သည်။

ဝူးတင့်ဝမ်းသည် သူတို့ရယ်မောသည်ကို အေးတိအေးစက်ဖြင့် ကြည့်နေသည်။

သူတို့ရယ်မောခြင်း ရပ်တန့်သွားတော့မှ. . . .

"ကျုပ်က ရယ်စရာပြောတာမဟုတ်ဘူးကွ"

အမှတ်(၁)က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . စမ်းရယ်က ရယ်စရာပြောတာမဟုတ်မှန်း သိပါတယ်၊ ဒါပေမယ့် စမ်းရယ်ရဲ့သိုင်းပညာနဲ့ ဩဇာအာဏာပြည့်စုံတဲ့လူတစ်ယောက်က မဖြေရှင်းနိုင်တဲ့ကိစ္စများ ရှိနေတယ်လို့ကြားရတော့ ရယ်ချင်လာလို့ပါ"

ဝူးတင့်ဝမ်းက ပြုံးလိုက်သည်။

"ကျုပ်က မဖြေရှင်းနိုင်လို့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၁)က အံ့အားသင့်သွားသည်။

"ဒါဖြင့်. . . ."

ဦးတင့်ဝမ်းက. . . .

"ဒီလိုပါ. . . ကျုပ်က ဒီလူနဲ့ရင်မဆိုင်ချင်လို့ပါ"

အမှတ်(၁)က ခေါင်းညိတ်လိုက်သည်။

"ကဲ. . . ထားလိုက်ပါတော့လေ၊ ကျုပ်တို့က ဘယ်သူနဲ့ ရင်ဆိုင်ရမှာလဲ ပြော"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က သူ့ကိုရက်ရက်စက်စက် မလုပ်ချင်ဘူး၊ ဒါပေမယ့် ကျုပ်ကမလုပ်ရင် သူက ကျုပ်ကိုတိုက်ခိုက်လာမှာမို့ပါ"

အမှတ်(၁)က အံ့ဩသွားသည်။

"နေပါဦး. . . အဲဒီလူက ဘယ်သူလဲ"

ဦးတင့်ဝမ်းက. . . .

"အဲဒီလူက လိတလျှံပါ"

အမှတ်စဉ်(၁)က ကြောင်အမ်းအမ်းဖြစ်ပြီးမှ ရယ်မောလိုက်လေသည်။

"ဒီအမျိုးသမီးက အလွန်တော်ပါတယ်. . . ဒါပေမယ့် ကျုပ်တို့က မမှုပါဘူးဗျာ"

ဦးတင့်ဝမ်းက အေးတိအေးစက်ဖြင့်. . . .

"ဖြစ်ရင်တော့ အကောင်းဆုံးပေါ့လေ"

အမှတ်စဉ်(၁)က. . . .



"ကဲ. . . ခင်ဗျားက ကျုပ်တို့ကို ဘာခိုင်းမလို့လဲ"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"သူ့သမီး ငှက်ကျွန်ကိုဖမ်းပေးဖို့ပါပဲ"

အမှတ်စဉ်(၁)က မျက်မှောင်ကုပ်သွားသည်။

"ငှက်ကျွန် ဟုတ်လား"

ဦးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

အမှတ်စဉ်(၁)က. . . .

"ဒီငှက်ကျွန်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့နာမည်ပဲ၊ လိတလျှံရဲ့သမီးလဲဖြစ်တယ်"

"ဘာဖြစ်လို့ သူ့ကိုဖမ်းချင်ရတာလဲဗျ"

အမှတ်စဉ်(၂)က ကြားဖြတ်လိုက်သည်။

"ကျုပ်သိပြီ. . . သူ့သမီးကိုဖမ်းပြီးမှ လိတလျှံကိုခြိမ်းခြောက်လို့ရမှာပေါ့"

ဦးတင့်ဝမ်းက ပါးစပ်ပိတ်ထားလိုက်သည်။

အမှတ်စဉ်(၁)က အနည်းငယ်စဉ်းစားလိုက်သည်။

"ကောင်းပြီ. . . ကျုပ်က သူ့ကိုသွားဖမ်းပြီး ဘာလုပ်မလို့လဲ"

ဦးတင့်ဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဒါပြောလို့မဖြစ်ဘူး. . . ခင်ဗျားတို့ အလုပ်လုပ်တာ အကြောင်းအရာကို အသေအချာမေးပြီးမှ လုပ်တတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဟုတ်လား"

အမှတ်စဉ်(၁)က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး. . . ကျုပ်တို့က ငွေရှိရင်လုပ်ပေးတာပဲ"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ကောင်းပြီလေ. . . ကျုပ်ကိစ္စကိုလုပ်ပေးရင် မင်းတို့လူတစ်ယောက်ကို ရွှေတစ်ကျပ်သားပေးမယ် ဘယ့်နှယ်လဲ"

ကြေးတန်းစားလူသတ်သမား(၇)ယောက်သည် မျက်လုံးများ ဝင်းလက်လာကြသည်။

ꩤꩤꩤ

ရွှေတစ်ကျပ်သားသည် နည်းသောလုပ်အားခမဟုတ်ပါ။

သူတို့သည် ထိုရွှေတစ်ကျပ်သား လောဘတက်နေကြသဖြင့် အားလုံးမှာ ဦးတင့်ဝမ်း၏ခိုင်းစေချက်ကို သဘောတူလိုက်ကြလေသည်။

ဦးတင့်ဝမ်းက သူတို့အား တစ်ချက်ဝေ့ကြည့်ပြီး. . . .

"မင်းတို့ ငှက်ကျွန်ကိုဖမ်းမိတာနဲ့ မင်းတို့ဆီကို တစ်ခါထဲခေါ်သွားပါ။ ကျုပ်အလိုရှိတဲ့အခါ လာပြီးအကြောင်းကြားပါ့မယ်"

အမှတ်စဉ်(၁)က. . . .

"နေပါဦးဗျာ. . . အမျိုးသမီးတစ်ယောက်ကို ကျုပ်တို့က ကြာကြာထိန်းနိုင်မှာ မဟုတ်ဘူးဗျ။ ဘယ်လောက်ကြာကြာထားရမှာလဲ"



ဦးတင့်ဝမ်းက. . . .

"သိပ်ကြာမယ်မထင်ဘူး. . . တစ်ရက်နှစ်ရက်ထဲပဲဖြစ်ချင်ဖြစ်မယ်၊ (၁၄) (၁၅)ရက်လဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါကြောင့် သူ့ကိုထိန်းသိမ်းရတဲ့အတွက် နောက်ထပ်ရွှေတစ်ကျပ်သား ထပ်ပေးပါ့မယ်ဗျာ"

အမှတ်စဉ်(၁)က ကျေနပ်သွားသည်။

"ကောင်းပြီ. . . ကျုပ်တို့လက်ခံတယ်"

ဦးတင်ဝမ်းက လက်ကာပြလိုက်သည်။

"တစ်ခုတော့ မင်းတို့သိထားရမှာက သူ့ကို အရှင်လတ်လတ်ပဲ လိုချင်တယ်၊ တစ်စုံတစ်ခုဖြစ်ရင်တော့ ကျုပ်တစ်ပြားမှ မပေးနိုင်ဘူး"

အမှတ်စဉ်(၁)က သူ့ရင်ဘတ်ကိုပုတ်ပြလိုက်သည်။

"ဒီအတွက် စိတ်ချပါ. . . ကျုပ်တို့ သူ့ကိုကောင်းကောင်းမွန်မွန် ထိန်းထားပါ့မယ်"

ဦးတင့်ဝမ်းက. . . .

"သူ့အကြောင်းကိုပြောထားရဦးမယ်. . . သူကတစ်မျိုးဗျ. . . သူမလုပ်ချင်တဲ့အလုပ်ဆိုရင် အသက်အသေခံချင်ခံမယ်၊ လုပ်မှာမဟုတ်ဘူး"

အမှတ်စဉ်(၁)က ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ. . . ကျုပ်တို့က သူ့ကိုလက်ဖျားနဲ့တောင် မတို့ပါဘူး"

ဦးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ. . . အချိန်ကျလို့မှပြောတဲ့အတိုင်း မဖြစ်ရင်တော့ ကျုပ်အကြောင်းလဲ မင်းတို့သိတယ်မဟုတ်လား"

အမှတ်စဉ်(၁)က ခေါင်းညိတ်လိုက်သည်။

"သိပါတယ်ဗျာ"

ဦးတင့်ဝမ်သည် အိတ်ထဲမှ ငွေလွှဲစာရွက်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ဟောဒီမှာ ရွှေ(၁၄)ကျပ်သား ထုတ်ယူတဲ့လက်မှတ်ပဲ"

အမှတ်စဉ်(၁)က လှမ်းယူလိုက်ပြီး အိတ်ထဲသို့ထည့်လိုက်လေသည်။

"ကဲ. . . ဘယ်အချိန်လောက် လုပ်ငန်းစရမယ်ဆိုတာကိုပြောပါ"

ဦးတင့်ဝမ်းက. . . .

"အခုပါ. . ."

အမှတ်စဉ်(၁)က အံ့အားသင့်သွားသည်။

"အခု ဟုတ်လား"

ဦးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"အခု မိုးကလဲရွာနေတယ်. . . အချိန်ကလဲ အတော်ညဉ့်နက်နေတယ်၊ သူ့ကိုအလွယ်တကူဖမ်းဖို့ အချိန်ကောင်းဖြစ်တယ် မဟုတ်လား"



အမှတ်စဉ်(၁)က လက်ခံလိုက်လေသည်။

ဦးတင့်ဝမ်းသည် အဝတ်ဖြူတစ်ခု ထုတ်ပေးလိုက်ပြန်သည်။

"ဟောဒီမှာ ငှက်ကျွန်နေထိုင်တဲ့အခန်းမြေပုံပဲ. . . ဒီမြေပုံအတိုင်းသာ အလုပ်လုပ်ရင် မင်းတို့အလွယ်တကူနဲ့ အောင်မြင်နိုင်တယ်"

အမှတ်စဉ်(၁)က ထိုအဝတ်အား လှမ်းယူပြီး သိမ်းထားလိုက်လေသည်။

ဦးတင့်ဝမ်းသည် စကားဆက်လိုက်ပြန်သည်။

"ငှက်ကျွန်ရဲ့အခန်းမှာ သေရမှာကိုမကြောက်တဲ့ လူငယ်တစ်ယောက်ရှိတယ်၊ ဒါပေမယ့် အခုတစ်ရက်နှစ်ရက်အတွင်းမှာတော့ မတွေ့ရဘူး၊ လိတလျှံမှာလဲ အလွန်ကြောက်စရာကောင်းတဲ့ လူဆိုးထိန်းတစ်ယောက်ကို ရင်ဆိုင်နေရတဲ့အတွက် ငှက်ကျွန်ကိုကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်က အချိန်ကောင်းလို့ပြောတာ"

အမှတ်စဉ်(၁)က ရယ်မောလိုက်၏။

"ကောင်းပြီ. . . ကျုပ်တို့အခုပဲ လုပ်ငန်းစပါ့မယ်"

ဦးတင့်ဝမ်းက. . . .

"နောက်ဆုံး ကျုပ်ပြောချင်တာက တကယ်လို့များ မတော်တဆ မင်းတို့ကိုမိသွားရင် ကျုပ်နာမည်လုံးဝမပါဖို့ သတိ

www.burmeseclassic.com



ထားရမယ်နော်"

အမှတ်စဉ်(၁)က. . . .

"စိတ်ချ. . . ကျုပ်တို့လုပ်ငန်းဟာ ဥပဒေနဲ့ဆန့်ကျင်ပေမယ့် သစ္စာတော့ရှိကြပါတယ်ဗျာ"

ဦးတင့်ဝမ်းသည် တစ်စုံတစ်ခုကို သတိရလိုက်ပြီး. . . .

"နောက်တစ်ခုပြောဖို့ကျန်သေးတယ်"

အမှတ်စဉ်(၁)က နားစွင့်နေ၏။

ဦးတင့်ဝမ်းသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး. . . .

"ကြက်တူရွေးဂေဟာမှာ တံခါးဖွင့်ပေးတဲ့ မိန်းကလေးတစ်ယောက်ကို မင်းတို့တွေ့ဖူးမှာပေါ့"

"ဟုတ်ကဲ့. . . တွေ့ဖူးပါတယ်၊ အဲဒီမိန်းကလေးက အနီရောင်အင်္ကျီကို အမြဲဝတ်တတ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"သူဟာ(၁၄) (၁၅)နှစ်လောက်ပဲ ရှိတယ်မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီမိန်းကလေးဟာ သိုင်းပညာနည်းနည်းပါးပါးတတ်လိမ့်မယ်လို့ ကျုပ်ယူဆတယ်. . . ဒါပေမယ့်. . . ."

ဦးတင့်ဝမ်းက ကြားဖြတ်လိုက်သည်။

"သူ့ကိုလဲ သိပ်အထင်သေးလို့မရဘူး. . တချို့လူတွေဟာ အသက်ငယ်ငယ်နဲ့သိုင်းပညာအတော်ကြောက်စရာကောင်းတယ်ကွဲ့"



အမှတ်စဉ်(၁)က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့. . . ကျုပ်တို့သတိထားပါ့မယ်ဗျာ"

ဦးတင့်ဝမ်းသည် ခမောက်အား အောက်သို့ဆွဲချပြီး. . .

"ကဲ. . . မင်းတို့အောင်မြင်ပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့် တစ်ဘက်သို့လှည့်ကာ ထွက်သွားလေတော့သည်။

ဝမ်းဖုန်းသည် သူတို့အားလုံး ထွက်ခွာသွားပြီးမှ မတ်တတ်ရပ်လိုက်လေ၏။

ယခု သူသည် အဆိပ်များပြေသွားသော်လည်း တစ်ကိုယ်လုံးမှာ အင်အားချိနဲ့နေ၏။

ကြေးတန်းစားလူသတ်သမားတို့သည် မြင်းများကို ဤနေရာ၌ထားခဲ့၍ ခြေလျင်လျှောက်သွားကြခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည်မြင်းတစ်ကောင်ပေါ်သို့ အားယူ၍ တက်လိုက်ပြီး ထိုနေရာမှထွက်ခွာသွားလေတော့၏။

ဿဿဿ

www.burmeseclassic.com

www.burmeseclassic.com



# အနက်ရောင်ဝတ်ဆင်ထားသော လူသတ်သမား

မိုးသည် ပြင်းထန်စွာ ရွာသွန်းနေ၏။

စင်ကန်းတည်းခိုခန်းရှေ့၌ ထွန်းညှိထားသောမီးအိမ်မှာ ထိုမိုးဒဏ်ကြောင့် ငြိမ်းသွား၏။

တည်းခိုခန်းတစ်ခုလုံးတွင် မီးအိမ်တစ်လုံးမျှသာ ထွန်းထားသည်။ ယခု မီးအိမ်တစ်လုံးသာ ကျန်တော့သည်။

မိုးသံလေသံကြောင့် တည်းခိုခန်းတစ်ခုလုံးသည် ခြောက်သွေ့နေသည်ဟု ထင်ရသည်။

ရှန်ရှောင်သည် တစ်ယောက်ထဲထိုင်နေသည်။

သူ့စိတ်ထဲ၌ ဖော်မပြနိုင်သောကြောက်ရွံ့ခြင်းက လွှမ်းမိုးထားသည်။ သူသည် အားထားရသော ငယ်သား(၁၃)ယောက်ပါလာသည်။ ယခုမှာမူ တစ်ယောက်မှ မကျန်တော့ပါ။



တည်းခိုခန်းတစ်ခုလုံးမှာ အသက်ရှင်သောလူသည် သူ တစ်ဦးသာရှိလေသည်။

ယခု သူသည် မျက်မှောင်ကုပ်၍ တွေးနေ၏။

ရုတ်တရက် အန်ကူးဟိုတစ်ယောက်အား သတိရလာလေသည်။

သူသည် မေမေစုံ၏အခန်းထဲ ဝင်သွားစဉ်ကတည်းက အန်ကူးဟိုအား မတွေ့မိချေ။

မေမေစုံ၏အခန်းတွင် သေဆုံးသွားသောအလောင်းများထဲတွင် အန်ကူးဟိုအလောင်းအား မတွေ့ရချေ။

ဤသို့ဆိုလျှင် အန်ကူးဟိုသည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

သူသည် အန်ကူးဟိုအား တွေ့လိုသောဆန္ဒများ ပြင်းပြသာသည်။

ခါတိုင်းဆိုလျှင် သူ၏အနီး၌ လက်အောက်ငယ်သားများ ခြံရံနေသဖြင့် အလိုရှိသည်ဆိုလျှင် ပါးစပ်ဟလိုက်သည်နှင့် အားလုံးအဆင်သင့်ဖြစ်နေသည် မဟုတ်ပါလော။

ယခုမှ သူသည် သူလုပ်ခဲ့သမျှ အလုပ်များမှာ သူသည်မပင်ပန်းဘဲ အမိန့်သာထုတ်ရသည်။

တကယ် အလုပ်လုပ်သွားကြသူများမှာ သူ၏လက်အောက်ငယ်သား(၁၃)ယောက်ဖြစ်သည်ကို နားလည်သဘောပေါက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

ထိုစဉ်မှာပင်. . . .

"ဝုန်း. . . ."

ဟူသောအသံကြားလိုက်ရလေသည်။

ပိတ်ထားသောပြတင်းတံခါးသည် ပွင့်သွားလေတော့၏။

ရှန်ရှောင်သည် သူ၏ဓားကို လျင်မြန်စွာ ဆွဲထုတ်လိုက်၏။ ပြတင်းပေါက်အား စိုက်ကြည့်လိုက်သည်။

မိုးရေများသည် အခန်းထဲသို့ပက်ဝင်လာသည်။

လူတစ်ယောက်မှမတွေ့ပါ။ ရှန်ရှောင်၏မျက်ဝန်းအစုံသည် ပြတင်းပေါက်တံခါးအား စိုက်ကြည့်လိုက်သည်။

မင်းတုပ်ကျိုးနေသည်ကို တွေ့လိုက်ရသည်။

သူက မဲ့ပြုံးပြုံးလိုက်သည်။

ထိုစဉ်မှာပင် လူသုံးယောက်သည် ပြတင်းပေါက်အပြင်ဘက်၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်တို့သည် အနက်ရောင်အင်္ကျီများ ဆင်တူဝတ်ဆင်ထားကြသည်။

သူတို့၏ခါးတွင် ဓားတစ်လက်စီချိတ်ထားသည်။

ထိုဓားများသည် ဓားကောက်များဖြစ်ကြသည်။

ဓားအိမ်ပေါ်၌ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း ပုံဖော်



ထားသည်ကို တွေ့ရလေသည်။

ရှန်ရှောင်သည် ပြတင်းပေါက်မှခုန်ထွက်သွားသည်။

"ဟေ့. . . မင်းတို့က ဘယ်သူတွေလဲ"

ထိုလူသုံးယောက်အနက် အလယ်တွင်ရပ်နေသောလူက. . . .

"ကျုပ်တို့က လီတာလျံက လွှတ်လိုက်တဲ့လူတွေပါ"

ရှန်ရှောင်က. . . .

"ဘာလဲ. . . လီတာလျံက ငါ့ကိုတွေ့ချင်လို့တဲ့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် မင်းတို့ကို ဘာလာလုပ်ခိုင်းတာလဲ"

"မင်းကိုသတ်ဖို့ ခိုင်းလိုက်တာ"

ရှန်ရှောင်က ရယ်မောလိုက်သည်။

"ကျုပ်က လီတာလျံကို မသိပါဘူး"

အနက်ရောင်ဝတ်ဆင်ထားသောလူက ပြုံးလိုက်သည်။

"သူကလဲ မင်းကို သိမှာမဟုတ်ဘူး"

"ဒါဖြင့် သူက ဘာဖြစ်လို့ ကျုပ်ကိုသတ်ချင်ရတာလဲ၊ ကျုပ်က ဥပဒေကိုကျူးလွန်နေလို့လား"

"ဒါကတော့ သူ့ကိုမေးပါ"

"ဒါနဲ့သူက ငါ့ကိုမတွေ့ချင်ဘူးဆို"

"မင်းက သူ့ကိုသွားတွေ့ချင်လို့လား"

ရှန်ရှောင်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်မှာနေတာလဲ"

အနက်ရောင်ဝတ်ဆင်ထားသောလူက အေးတိအေးစက်ဖြင့်. . . .

"မင်း ဒီနေရာကနေ ထွက်သွားမှ မေးပေါ့"

ရှန်ရှောင်က ရယ်မောလိုက်သည်။

"မင်းတို့က ငါ့ကိုသတ်ဖို့လာတာပဲ. . . ကျုပ်က ဘယ်လိုလုပ် သူ့ဆီသွားနိုင်မှာလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"မင်းက ငါတို့ကိုသတ်လိုက်ရင် သူ့ကိုသွားတွေ့နိုင်မယ် မဟုတ်လား"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်သားပဲ"

သူသည်ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"ကျုပ် စကားနည်းနည်းမေးချင်ပါတယ်. . . မင်းတို့ဖြေနိုင်မလား"

အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က လူသတ်ဖို့လာတာပဲ တခြားဘာမှမသိဘူး"

ရှန်ရှောင်ကဆက်၍ မေးလိုက်ပြန်သည်။

"မင်းတို့က ကြက်တူရွေးဂေဟာကနေ လိုက်လာကြတယ် မဟုတ်လား"



အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"သူတို့နှစ်ယောက်က ဟုတ်တယ်. . . ကျုပ်က မဟုတ်ဘူး"

ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်ပြီး. . . .

"မင်းက ဒီတည်းခိုခန်းမှာပဲ တစ်ချိန်လုံးရှိနေတယ် ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ဟုတ်တယ်"

ရှန်ရှောင်က မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် ကျုပ် ဒီဆိုင်ထဲမှာထားခဲ့တဲ့ အမှုထမ်းနှစ်ယောက်ကို မင်းက သတ်လိုက်တယ်ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်လာတုန်းက သူတို့ကိုသတ်ဖို့လာတာမှန်တယ်. . . ဒါပေမယ့် ကျုပ် ဒီကိုရောက်လာတော့ သူတို့ကသေနေကြပြီ"

"ဒါဖြင့် သတ်တဲ့လူက ဘယ်သူလဲ"

"မသိဘူး"

"အဲဒီအချိန်က ဆိုင်ထဲမှာ ဘယ်သူရှိသလဲ"

"ဘယ်သူမှမရှိပါဘူး. . . အဲဒီလူကို ကျုပ်ကလိုက်ရှာသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မနေ့ကပဲ ကျုပ်တို့ဆီကလူတစ်ယောက် အသတ်ခံလိုက်ရလို့ပါ"

ရှန်ရှောင်က ပါးစပ်ပိတ်ထားလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူသုံးယောက်သည် ခါးမှဓားကောက်များကို ဖြည်းညင်းစွာ ထုတ်လိုက်ကြလေသည်။

သူတို့သည် ရှန်ရှောင်အား တြိဂံအနေအထားဖြင့် ဝိုင်းရံထားကြသည်။

အလယ်ဗဟိုတွင် ရပ်နေသောလူက. . . .

"မင်းရဲ့ဓားပညာဟာ မဆိုးဘူးလို့ကြားတယ်"

ရှန်ရှောင်က ပြုံးလိုက်သည်။

"မင်းတို့ ဘယ်ကကြားလာကြတာလဲ"

ထိုလူက စကားမပြောတော့ဘဲ ဓားကိုဖြည်းညင်းစွာ မြှောက်ထားလေသည်။

ရှန်ရှောင်သည် မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် ထိုလူသုံးယောက်၏ ဓားကောက်များကို အကဲခတ်ကြည့်နေ၏။

ထိုလူသုံးယောက်၏ဓားကောက်ပညာကိုလည်း သိလိုစိတ်များ တဖွားဖွားပေါ်လာသည်။

❀ ❀ ❀



"ယား. . . ."

အသံများသည် တိတ်ဆိတ်သော ဝန်းကျင်တစ်ခုလုံးကို ဖြိုခွဲလိုက်လေသည်။

ဓားကောက်သုံးလက်သည် စက်ဝိုင်းပုံသဏ္ဍာန်ဖြင့် ရှန်ရှောင်အား တိုက်ခိုက်လိုက်သည်။

ထိုလူသုံးယောက်၏တိုက်ခိုက်ပုံများမှာ တစ်ပုံစံတည်း ဖြစ်နေသည်။

ရှန်ရှောင်သည် ခုနစ်စင်ကြယ်သိုင်းကွက်ဖြင့် နောက်သို့ ရှောင်တိမ်းလိုက်လေသည်။

သူသည် ပထမလူ၏ဓားချက်ကိုရှောင်တိမ်းလိုက်သည်။

ထို့နောက် ဒုတိယနှင့် တတိယလူ၏ တိုက်ကွက်ကိုလည်း ရှောင်တိမ်းလိုက်ပြန်သည်။

ထိုလူများ၏တိုက်ကွက်(၅)ကွက်အထိ ရှန်ရှောင်က လုံးဝပြန်လည်တိုက်ခိုက်ခြင်း မပြုသေးပါ။

သူသည် ဓားကိုကိုင်ထားသော်လည်း အသုံးမပြုပါ။သူ တရှောင်တိမ်းရင်း သူတို့၏ဓားသိုင်းများကို အကဲခတ်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူများက သတ္တမမြောက်တိုက်ခိုက်လိုက်သောအခါမှ သူက ဓားကိုအသုံးပြုလိုက်သည်။

ထိုသုံးယောက်၏ဓားများသည် နွယ်ကြိုးများပမာ ရှန်ရှောင်၏တစ်ကိုယ်လုံးကို လွှမ်းခြုံထားပေသည်။

တိုက်ကွက်(၇)ကွက်ရောက်လာသောအခါ သူတို့၏ဓားကွက်များသည် တစ်ကွက်ထက်တစ်ကွက် အားမာန်ပြင်းထန်လာသည်ကို တွေ့ရလေသည်။

ဓားတစ်လက်ချင်းဆိုလျှင် ရှန်ရှောင်သည် ကြောက်စရာမလိုသော်လည်း ဓားသုံးလက်ပေါင်းလာသဖြင့် အခက်ကြုံနေရလေသည်။

ထို့ကြောင့် သူသည် ပြန်လည်တိုက်ခိုက်နိုင်ရန် ကြိုးစားလိုက်လေသည်။

ရှန်ရှောင်သည် လျှပ်တစ်ပြက် ပြန်လည်တိုက်ခိုက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ဓားချက်(၁၅)ချက်တိတိ တိုက်ခိုက်လိုက်သည်။

ဤသည် သူ၏ပထမဆုံး ပြန်လည်တိုက်ခိုက်ခြင်းဖြစ်၏။

သူ့ဓားသည် ဝဲဘက်မှနှစ်ချက်ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ယာဘက်မှလည်း နှစ်ချက်တိုက်လိုက်သည်။ အလယ်ပ



ဟိုသို့ ၁၂ ချက်တိတိ တိုက်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်ကလည်း တစ်ပြိုင်တည်း ပြန်လည်တိုက်ခိုက်ကြလေသည်။

"ချွမ် . . . ချွမ် . . . ချွမ်"

သူ့ရှေ့တွင် ရပ်နေသော အနက်ရောင်ဝတ်ဆင်ထားသောလူသည် နောက်သို့ခြေသုံးလေးလှမ်းခန့် ဆုတ်သွားရ၏။

သို့သော် ဝဲယာတွင်ရှိနေသော အနက်ရောင်ဝတ်ဆင်ထားသူတို့ကမူ ခြေငါးလှမ်းခန့် တိုးလာလေသည်။

ရှန်ရှောင်သည် ရင်ထိတ်သွား၏။ ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

သူ့မျက်လုံးအစုံသည် ကြောက်ရွံ့သော အရိပ်အယောင်များ ပေါ်လွင်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ ဓားများသည် (၁၀)ကြိမ်မြောက် တိုက်ခိုက်မိသောအခါ ပို၍ ပြင်းထန်လာလေသည်။

ရှန်ရှောင်က မျက်နှာကွက်ကနဲပျက်သွားပြီး သူ၏ခန္ဓာကိုယ်ကိုလည်း အပေါ်သို့ခုန်တက်လိုက်သည်။

သို့သော် ဓားတောက်နှစ်လက်သည် သူ၏ဝဲယာနှင့်ထိပြီး သူ့ဖိနပ်များသည် ထက်ပိုင်းပြတ်သွားလေသည်။

ရှန်ရှောင်သည် လေထဲတွင် ကျွမ်းတစ်ပတ်ပစ်ကာ အဝေးသို့ ခုန်သွားသည်။

www.burmeseclassic.com

သူ၏ခြေထောက် မြေပေါ်သို့ကျသွားသည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူများသည် သူ့အား ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

ရှန်ရှောင်မှာ နောက်သို့ဆုတ်နေရသည်။

ရုတ်တရက် သူသည် သူ၏အင်္ကျီအိတ်ထဲသို့ လက်တစ်ဖက်ဖြင့် နှိုက်လိုက်သည်။

လက်ပြန်ထုတ်လိုက်သောအခါ စက္ကူထုပ်ကလေးတစ်ထုပ် ပါလာသည်ကို တွေ့ရလေသည်။

သူသည် ထိုစက္ကူထုပ်ကို လက်ဝါးပေါ်တင်၍ ဖြေလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် ခြေလှမ်းကို အနည်းငယ်တုံ့ဆိုင်းလိုက်ပြီး အကဲခတ်ကြည့်လိုက်ကြသည်။

ယင်းစက္ကူအိတ်ထဲတွင် မည်သည့်အရာကိုမှ မတွေ့ရပါ။

သူတို့သည် ရှန်ရှောင်အပြုအမူကိုနားမလည်ဘဲဖြစ်သွားကြသည်။

သူတို့သည် စက္ကူထုပ်ထဲမှ သေးငယ်သောအပ်ကလေးများကို မတွေ့ရကြပေ။

ယင်းအပ်ကလေးများသည် လူသေအလောင်းမှ ခွဲစိတ်၍ရရှိထားသော အဆိပ်လူးထားသည့် အပ်ကလေးများ ဖြစ်၏။

အနက်ရောင်ဝတ်ဆင်ထားသောသူများသည် မည်သို့မျှ



မထူးခြားသည်ကိုတွေ့ရသဖြင့် ရှန်ရှောင်အား ဆက်လက်တိုက်ခိုက်ရန် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

"အား. . . ."

စူးရှသောအသံများသည် ဝဲယာတွင် ရပ်နေသောလူနှစ်ယောက်၏ပါးစပ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အဆိပ်လူးထားသောအပ်ကလေးများသည် သူတို့နှစ်ယောက်ကိုယ်ပေါ်သို့ စိုက်ဝင်သွားခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သည် မြေပေါ်သို့လဲကျသွား၏။

အလယ်တွင်ရပ်နေသောလူသည် တုန်လှုပ်ချောက်ချားသွားလေသည်။

အခွင့်အရေးကိုအလွန်အသုံးပြုတတ်သော ရှန် ရှောင်က လျှပ်တစ်ပြက် သူ၏ဓားဖြင့် ထိုလူ၏လည်ချောင်းကို ထိုးသွင်းလိုက်လေသည်။

ॐ ॐ ॐ

မိုးသည် သည်းထန်စွာ ရွာသွန်းနေ၏။

မိုးရေများသည် ရှန်ရှောင်၏ကိုယ်ပေါ်မှ သွေးများကို ဆေးကြောပေးနေ၏။

ရှန်ရှောင်သည် မောဟိုက်စွာဖြင့် မိုးရေထဲ၌ ငေးငိုင်၍ ရပ်နေလေသည်။

www.burmeseclassic.com



အတန်ကြာမှ သူသည် ဓားကို ဓားအိမ်ထဲသို့ ထည့်လိုက်သည်။

သူ၏မင်းမှုထမ်း တန်ဆာပလာများသည် မိုးများစိုရွှဲနေသော်လည်း အရောင်အနည်းငယ်မှိန်သည်မှအပ မည်သို့မှထူးခြားခြင်းမရှိပါ။

သို့သော် သူ၏အောက်လက်ငယ်သား(၁၃)ယောက် မရှိတော့သဖြင့် သူသည် ခန့်ညားထည်ဝါခြင်း မရှိတော့ပါ။

တစ်ချက်တစ်ချက် လေများသည် ဝှေ့ယမ်းတိုက်ခိုက်လာသဖြင့် သူ၏တစ်ကိုယ်လုံးသည် ချမ်းစိမ့်လာလေသည်။

လမ်းမကြီးတစ်ခုလုံးမှာမှောင်မဲပြီး တိတ်ဆိတ်နေ၏။

ထိုအမှောင်ထုထဲတွင် အန္တရာယ်မည်မျှ ပုန်းအောင်းနေမည်နည်း။

ရှန်ရှောင်သည် ယင်းသို့တွေးမိသည်နှင့် သူ၏ခန္ဓာကိုယ်သည် ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် လမ်းကြားတစ်ခုသို့ ပြေးဝင်သွားလေသည်။

ထို့နောက် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

သူကမည်သည့်နေရာသို့ သွားရမည်နည်း။ လိတလျှံထံသို့ သွားရမည်လော။ အန်ကူးဟိုထံ သွားရမည်လော။



မိုးသည်းထန်စွာ ရွာချပြီးနောက်. . . .

လူသတ်သမားသုံးယောက်သည် ကြက်တူရွေးဂေဟာရှိရာသို့ ရောက်ရှိလာလေသည်။

မြေပုံပေါ်တွင် ဝင်ရောက်ရမည့်လမ်းများအား သေချာစွာဖော်ပြထားသဖြင့် သူတို့သည် အလွယ်တကူဖြင့် ရောက်ရှိသွားလေသည်။

သူတို့ဝင်ရောက်ရမည့်နေရာ၏အနီးတွင် ငှက်ကျွန်နေထိုင်သောနေရာ ဖြစ်သည်။

သူတို့သည် အခန်းတံခါးတွန်း၍ ဝင်သွားမည်အပြုတွင် သူတို့မတွေ့လိုသောလူအား တွေ့မြင်လိုက်ရလေသည်။

အခန်းဝတွင် အနီရောင်အကျီဝတ်ဆင်ထားသော မိန်းတလေးတစ်ယောက် ရပ်နေ၏။

ငှက်ကျွန်သည် အပေါ်ထပ်၌ရပ်လျက် နေလေသည်။

သူတို့ ဘာမှမပြောမီမှာပင် ငှက်ကျွန်၏အသံ ထွက်ပေါ်လာလေသည်။

"အခု ဘယ်အချိန်ရှိပြီလဲ"

သူမ၏အသံသည် ဟိန်းထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အုန်းမောင်းလေးချက်တိတိ ရှိနေပါပြီ"

မိန်းကလေးကခေါင်းငုံ့ကာ အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အုန်းမောင်းခေါက်သံလေးချက်ဆိုတာ အိပ်ရာဝင်သင့်တဲ့အချိန် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ဘာဖြစ်လို့ပြန်မအိပ်သေးတာလဲ"

ငှက်ကျွန်သည် ဒေါသကြီးစွာဖြင့် အောက်သို့ဆင်းလာပြီး လှေကားထိပ်တွင်ရပ်ကာ မိန်းကလေးအား ကြိမ်းမောင်းနေလေသည်။

အမှတ်(၁)က ရယ်ချင်လာသည်။

ဤမိန်းကလေးက အလွန်ကြောက်စရာကောင်းသည်ဟု ဂူးတင့်ဝမ်းကမှာခဲ့သည် မဟုတ်ပါလား။

ယခုမှာမူ ငှက်ကျွန်၏ ပြစ်တင်ပြောဆိုနေသည်ကို တစ်ခုမှ တုံ့ပြန်ဝံခြင်းမရှိသည်ကို တွေ့လိုက်ရလေသည်။

ထိုစဉ်မှာပင် မိန်းကလေး၏ခန္ဓာကိုယ်သည် ရုတ်တရက် ထခုန်လိုက်ပြီး သူတို့၏ဘေးနားမှ ကျော်လွှားသွားလေသည်။

အမှတ်(၁)သည် အသက်မရှူဝံ့ဘဲ မလှုပ်မယှက်ရပ်နေ၏။

ကျန်ရှိသော လူသတ်သမားခြောက်ယောက်တို့က လည်း မလှုပ်မယှက်ရပ်နေ၏။



မိန်းကလေး၏ ကိုယ်ဖော့ပညာမှာ အလွန်အဆင့်မြင့်သည်ကိုတွေ့ရသဖြင့် အံ့ဩသွားခြင်းဖြစ်သည်။

သူတို့သည် မိန်းကလေးအား လှည့်ကြည့်လိုက်သောအခါ ထိုမိန်းကလေးသည် အမှောင်ထုကြားသို့ ကွယ်ပျောက်သွားသည်ကို တွေ့လိုက်ရလေသည်။

ငှက်ကျွန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လူသတ်သမားများအား မတွေ့မြင်လိုက်သည့်အလား လှေကားပေါ်သို့ ပြန်လည်တက်သွားလေသည်။

အမှတ်(၁)သည် ယခုမှစိတ်သက်သာရာရသွားလေသည်။

၏၏၏

ငှက်ကျွန်သည် သူ၏အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

ထို့နောက် အလွန်ကျယ်ဝန်းသော ကုတင်ပေါ်သို့လဲလျောင်းလိုက်လေသည်။

သူမသည် မည်သည့်အကြောင်းများတွေးနေသည်မှန်းမသိ မျက်မှောင်ကုပ်နေ၏။

ထိုစဉ် အပြင်ဘက်မှမြူနှင်းများသည် အခန်းထဲသို့ လွင့်ပျံ့လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမြူနှင်းများသည် မြူနှင်းမဟုတ်တော့ဘဲ မီးခိုးများဖြစ်

www.burmeseclassic.com



သည်ကို တွေ့ရသည်။

ယင်းမီးခိုးများသည် ပြတင်းပေါက်မှသေးငယ်သော အပေါက်ကလေးတစ်ခုသို့ တိုးဝင်လာလေသည်။

အမှန်မှာ လူတစ်ယောက်က အပြင်ဘက်မှနေပြီး သေးငယ်သောပြွန်တစ်ခုဖြင့် မှုတ်နေခြင်းဖြစ်သည်။

အခန်းထဲ၌ မီးခိုးလုံးများသည် တဖြည်းဖြည်းများ၍ များ၍လာလေသည်။

ငှက်ကျွန်သည် ရုတ်တရက် သတိပြုမိလိုက်သည်။

သူမသည် နံရံပေါ်မှဓားကိုဆွဲလိုက်ပြီး ကုတင်ပေါ်မှခုန်ဆင်းလိုက်သည်။

ကုတင်အောက်သို့ရောက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် ယိမ်းယိုင်ကာ မြေပေါ်သို့လဲကျသွားလေသည်။

❀ ❀ ❀

ထိုစဉ် ပြတင်းပေါက်၏မင်းတုပ်အား ချွန်ထက်သောဓားတစ်လက်က ဝင်ရောက်လာပြီး ခုတ်ပိုင်းလိုက်လေသည်။

ထို့နောက် ပြတင်းပေါက်ပွင့်သွားသည်။

ကြေးတန်းစားလူသတ်သမားခုနစ်ယောက်တို့သည် တစ်ယောက်ပြီးတစ်ယောက် တိတ်ဆိတ်စွာဖြင့် အခန်းထဲသို့ခုန်ဝင်လိုက်ကြလေသည်။



အမှတ်တစ်က ရှေ့ဦးစွာလျှောက်သွားပြီးလျှင် ငှက်ကျွန်အား ပွေ့ချီရန် တန်ပြင်လိုက်ရာ အခြားတစ်ယောက်က သူ့ထက်ဦးစွာ သွားရောက်ပွေ့ချီလိုက်ပြီး ဖြစ်လေသည်။

ငှက်ကျွန်၏မျက်လုံးများသည် ရုတ်တရက် ဖွင့်လိုက်သည်။

သူမ၏လက်ဝါးသည် ထိုလူ၏လည်မျိုသို့ ခုတ်ချလိုက်လေသည်။

"ဒုတ်. . . ."

သူမအား ပွေ့ချီထားသောလူသတ်သမားသည် မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်ရှိသောလူများသည် အံ့အားသင့်သွားကြ၏။

အမှတ်တစ်က သူ့လည်မျိုအား လက်ဖြင့်ပွတ်နေ၏။

အကယ်၍ သူကသာငှက်ကျွန်အား ပွေ့ချီမိလျှင် ယခုသေဆုံးသွားသူမှာ မိမိပင်ဖြစ်ရမည်ဟုတွေးမိကာ ကျောချမ်းသွားလေသည်။

ငှက်ကျွန်က မတ်တတ်ရပ်လိုက်ပြီး ဖြစ်သည်။

သူမသည် ကျန်ရှိသောလူသတ်သမားခြောက်ယောက်အား အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"ရှင်တို့ကို ဘယ်သူကခိုင်းလိုက်တာလဲ. . . ဦးတင့်ဝမ်းတုတ်လား"

ကြေးတန်းစားလူသတ်သမားများက အံ့အားသင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။

သူတို့၏မျက်နှာပေါ်၌ အနက်ရောင်အဝတ်များဖုံးကွယ်ထားကြသဖြင့် သူတို့၏မျက်နှာ၏ဟန်မူရာကို မတွေ့မြင်နိုင်သော်လည်း သူတို့၏မျက်လုံးထဲမှာ ဖြစ်ပေါ်လာသောဟန်မူရာအား တွေ့မြင်နိုင်လေသည်။

ငှက်ကျွန်က အေးစက်သောအသံဖြင့်. . .

"ဥူးတင့်ဝမ်းက သည်းမခံနိုင်တာတောင် ကျွန်မကိုသတ်ဖို့မသင့်ဘူး"

ကြေးတန်းစားလူသတ်သမားများက ပါးစပ်ပိတ်မြဲ ပိတ်ထားလိုက်သည်။

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကိုသတ်ချင်ရင် နည်းနည်းပါးပါးတတ်တဲ့လူတွေကို ခိုင်းဖို့ကောင်းတယ်၊ အခုတော့ အသုံးမကျတဲ့လူကိုမှ ခိုင်းတာ အံ့ပါရဲ့ရှင်"

သူမသည်ခေါင်းခါယမ်းလိုက်ပြီး စကားဆက်လိုက်သည်။

"ကျွန်မက လူကိုမသတ်ချင်ဘူး. . . ရှင်တို့ကိုလဲ သတ်ဖို့စိတ်မကူးဘူး. . . ဒါပေမယ့်. . . "

သူမသည် ယင်းသို့ပြောပြီးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သူမ၏ဝဲဘက်လက်သည် ကြောင်ခြေသည်းကဲ့သို့ ကွေးထားသည်။



ယာဘက်လက်သည် လက်ညှိုးနှင့်လက်ခလယ်အားကွေးထားလိုက်သည်။

ကြေးတန်းစားလူသတ်သမားခြောက်ယောက်အနက် ငါးယောက်က ငှက်ကျွန်အား စိုက်ကြည့်နေ၏။

အမှတ်စဉ်တစ်၏မျက်လုံးအစုံသည် သူ၏လူများကို တစ်ချက်ကြည့်ပြီး ငှက်ကျွန်၏မျက်နှာပေါ်သို့ ရွှေ့လျားလိုက်၏။

တစ်ဆက်တည်းမှာပင် သူသည် ငှက်ကျွန်အား ခုန်၍ တိုက်ခိုက်လိုက်လေသည်။ ကျန်ရှိသောလူငါးယောက်ကလည်း တစ်ပြိုင်တည်း လှုပ်ရှားလိုက်သည်။

အမှတ်စဉ်တစ်၏မျက်လုံးမှာ အချက်ပြခြင်းဖြစ်သည်။

သူတို့၏ခြောက်ယောက်သည် ဓားကိုအသုံးမပြုဘဲ လက်ဝါးများဖြင့် ငှက်ကျွန်အား နေရာခြောက်ခုမှ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သူတို့ခြောက်ယောက်၏ ပြိုင်တူလှုပ်ရှားမှုမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ငှက်ကျွန်သည် တစ်ယောက်တည်းဖြစ်၏။ လက်မှာလည်း နှစ်ဖက်ထဲဖြစ်သည်။

ထို့ကြောင့် သူမတစ်ယောက်တည်း တစ်ပြိုင်တည်း လူခြောက်ယောက်အား ခုခံနိုင်လိမ့်မည်မဟုတ်ဟု သဘောပေါက်လာလေသည်။ ငှက်ကျွန်သည် မည်သို့မှမတတ်နိုင်ပါ။

သူမ၏ခြောက်ယောက်သည် ဝင်ရောက်လာသောလူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အား ကန်ထည့်လိုက်သည်။

သူမ၏ ဝဲဘက်တတောင်ဆစ်သည် အခြားလူတစ်ယောက်၏ရင်ဝသို့ ဆောင့်သွင်းလိုက်သည်။

ဝဲဘက်လက်ချောင်းနှစ်ချောင်းသည် အမှတ်တစ်၏ မျက်လုံးနှစ်လုံးသို့ ထိုးချလိုက်သည်။

အမှတ်တစ်က ကပျာကယာ ရှောင်တိမ်းလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ဝဲဘက်လက်သည် ငှက်ကျွန်၏ယာဘက်လက်မောင်းအား ဖမ်းထားလိုက်လေသည်။

သူ၏ဝဲဘက်လက်သည် ငှက်ကျွန်၏သွေးကြောအား ထောက်လိုက်သည်။ အခြားလူတစ်ယာက်က ငှက်ကျွန်၏ဝဲဘက်လက်အား ဖမ်းထားလိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူမ၏ခြေထောက်တစ်ဖက်အား အခြားလူတစ်ယောက်က ဖမ်းဆွဲထားလိုက်သည်။

သူမသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် အကူအညီတောင်းရန် အော်ခေါ်မည်အပြုတွင် အခြားလူသတ်သမားတစ်ယောက်က နောက်မှနေပြီး သူမ၏ပါးစပ်ကို ပိတ်ထားလိုက်လေသည်။

အမှတ်စဉ်တစ်သည် သူမ၏သွေးကြောများကို အနည်းဆုံးခုနစ်နေရာခန့် ပိတ်ထားလိုက်လေသည်။

ငှက်ကျွန်သည် တစ်ကိုယ်လုံး ပျော့ခွေသွားလေသည်။

အမှတ်စဉ်တစ်က ငှက်ကျွန်အား ပွေ့ချီလိုက်သည်။



ထို့နောက်. . . .

"ကဲ. . . အမှတ်စဉ်သုံးက အမှတ်စဉ်ခုနစ်ရဲ့အလောင်းကိုသယ်ခဲ့လိုက်"

သူသည် ယင်းသို့ပြောပြီးနောက် အခန်းဝသို့ပြေးသွားလေသည်။

ဖ ဖ ဖ

မိုးလင်းလုလုအချိန် ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးသည် ပို၍မှောင်မဲနေ၏။ မိုးလင်းလုလုအချိန်သည် တစ်ညလုံး၏ အမှောင်ဆုံးသောအချိန်ဖြစ်သည်။

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် လူနှစ်ယောက်အား ပွေ့ချီ၍ လာလမ်းအတိုင်း ကြက်တူရွေးဂေဟာမှထွက်လာပြီးလျှင် လမ်းပေါ်သို့ရောက်သွားလေ၏။

လမ်းမပေါ်တွင် မီးရောင်အနည်းငယ်မျှပင် မရှိပါ။

ဝန်းကျင်တစ်ခုလုံးမှာမှောင်မဲပြီး တိတ်ဆိတ်နေ၏။

ကြောက်မက်ဖွယ်ရာ အငွေ့အသက်များသည် လမ်းမတစ်ခုလုံးအား ဖုံးလွှမ်းသွားသည်ဟု ထင်ရပေသည်။ ကြေးတန်းစားလူသတ်သမားခြောက်ယောက် ကျောချမ်းသွားသည်။

သူတို့သည် အပေါ်သို့ ပြိုင်တူခေါင်းမော့ကြည့်သည်။

ယင်းသို့မော့ကြည့်လိုက်သောအခါ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သည် ခေါင်မိုးပေါ်မှ ပြုတ်ကျလာလေသည်။

ထိုလူသည် အဖြူရောင်အင်္ကျီများ ဝတ်ဆင်ထားသည်။

သူ၏ဆံကေသာများသည်ရှုပ်ပွပြီး ပခုံးပေါ်သို့ဝဲကျနေ၏။ ထိုသူမှာ လူလော သို့မဟုတ် အားလုံးကကြောက်ရွံ့ နေကြသော ဖုတ်ကောင်ပင်ဖြစ်နေသလော။

ငှက်ကျွန်၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ဟား . . . ဟား . . . ဟား"

ထိုလူက ထပ်မံရယ်မောလိုက်သည်။

ထိုရယ်မောသံကြားလိုက်သည်နှင့် သူမ၏မျက်ဝန်းအစုံတွင် ပြုံးရောင်သန်းလာလေသည်။ ထိုရယ်မောသံအား သူမက ရင်းနှီးခဲ့သည်မဟုတ်ပါလော။

❀ ❀ ❀

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် လူတစ်ယောက် ခေါင်မိုးပေါ်မှ ပြုတ်ကျလာသည်ကို တွေ့မြင်လိုက်သည်နှင့် သူ၏ခြေထောက်နှစ်ဖက်သည် ကြေးတန်းစား လူသတ်သမားနှစ်ယောက်အား တစ်ဆက်တည်း ကန်ထည့်လိုက်လေ၏။

"ဝုန်း . . . ဝုန်း"

ကြေးတန်းစားလူသတ်သမားနှစ်ယောက်သည် အဝေး



သို့လွင့်သွားသည်။ ထိုလူသည် တစ်ဆက်တည်း ကျွမ်းတစ်ပတ်ပစ်ပြီးလျှင် အမှတ်စဉ်တစ်၏ရှေ့သို့ ရောက်သွားသည်။

သူ၏လက်သီးနှစ်လုံးသည် အမှတ်စဉ်တစ်၏မျက်နှာသို့ ထိုးသွင်းလိုက်လေသည်။ အမှတ်စဉ်တစ်က ခေါင်းကိုငုံ့ပြီး ရှောင်တိမ်းလိုက်သည်။

ထိုလူသည် လက်သီးနှစ်လုံးတိုက်ခိုက်ပြီးနောက် ရပ်နားခြင်းမပြုဘဲ ထပ်မံပြီး လက်သီးနှစ်လုံး ပစ်သွင်းလိုက်ပြန်လေ၏။

ထို့ပြင် ခြေထောက်ဖြင့် ကန်လိုက်သေး၏။ အမှတ်စဉ်တစ်သည် ငှက်ကျွန်အား ဆက်၍ ဖမ်းချုပ်နိုင်စွမ်း မရှိတော့ပါ။

သူသည် ငှက်ကျွန်၏ခန္ဓာကိုယ်အား တွန်းထုတ်လိုက်သည်။ တစ်ဆက်တည်းမှာပင် ခါးမှဓားကိုဆွဲထုတ်လိုက်သည်။

ထိုလူသည် ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ ငှက်ကျွန်အား ဖမ်းထားလိုက်ပြီး ခေါင်မိုးပေါ်သို့ခုန်တက်သွားလေသည်။

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် ခေါင်မိုးပေါ်သို့မော့ကြည့်လိုက်ရာ အဖြူရောင်ဝတ်ဆင်ထားသောလူမှာ ထွက်ပြေးသွားခြင်းမရှိဘဲ ခေါင်မိုးပေါ်၌ ထိုင်နေ၏။

ငှက်ကျွန်သည် သူ၏ရင်ခွင်ထဲ၌ပြုံးလျက် ထိုင်နေသည်ကို တွေ့ရလေသည်။ အဖြူရောင်ဝတ်ဆင်ထားသောလူက ငှက်ကျွန်၏သွေးကြောများကို ဖြေပေးလိုက်လေသည်။

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် ကြောင်အမ်းအမ်းဖြင့် ငေး၍ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်က ရယ်မောလိုက်သည်။

"ရှင် တော်တော်ဆိုးတာပဲ"

ဟု ပြောလိုက်သည်။

အဖြူရောင်ဝတ်ဆင်ထားသောလူက စကားမပြောဘဲပြုံး နေ၏။ ငှက်ကျွန်က စကားဆက်လိုက်သည်။

"အရင်တစ်ခါတုန်းက ရှင် ခေါင်းထဲကထွက်လာတယ် ... အခုကျတော့ မိုးပေါ်ကပြုတ်ကျလာတယ်၊ ဘယ်လိုလဲရှင့်"

အဖြူရောင်ဝတ်ဆင်ထားသောလူက ပြုံးနေ၏။

ထိုလူကား ဝမ်းဖုန်းပင်ဖြစ်လေသည်။

ဖီဖီဖီ

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် ထိုအဖြူရောင်ဝတ်ဆင်ထားသောလူမှာ ဝူးတင့်ဝမ်းပြောပြသော ငှက်ကျွန်အနီးမှာရှိသည့် လူငယ်ဖြစ်သည်ဟု သိလိုက်ရလေ သည်။

သူတို့သည် မည်သို့လုပ်ရမည်ကို အမှတ်စဉ်တစ်၏အ မိန့်ကို စောင့်နေကြသည်။

အမှတ်စဉ်တစ်မှာ စကားတစ်ခွန်းမှမပြောဘဲ ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် ကြက်တူရွေးဂေဟာဘက်သို့ ရောက်ရှိသွားလေသည်။



လမ်း၏တစ်ဖက်၌ မိန်းကလေးတစ်ယောက်ရပ်နေ သည်။ ထိုမိန်းကလေးသည် ကြက်တူရွေးဂေဟာတွင် တံခါးဖွင့် ပေးသော မိန်းကလေးပင်ဖြစ်သည်။

ထိုမိန်းကလေးက ခါးထောက်ရပ်နေပြီး သူတို့အား စိုက် ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ကြေးတန်းစားလူသတ်သမားများသည် ရင်ထဲ၌ လေး လံသွားကြသည်။

ထိုစဉ်မှာပင် မီးရောင်တစ်ခုသည် လမ်းမပေါ်သို့ ထိုးကျ လာသည်။ ဆိုင်တစ်ဆိုင်၏တံခါးမှာ ပွင့်သွားပြီး ဆိုင်ထဲမှမီး ရောင်များက ဖြာထွက်လာခြင်း ဖြစ်သည်။

ယင်းဆိုင်သည် ကုန်မျိုးစုံဆိုင်ဖြစ်သည်။

ကုန်မျိုးစုံဆိုင်ထဲမှ လူတစ်ယောက်သည် ခြေလှမ်းတစ် လှမ်းချင်းလှမ်း၍ ထွက်လာသည်ကို တွေ့ရလေသည်။ ထိုလူ ကား ကုန်မျိုးစုံပိုင်ရှင် အဘိုးအိုသန်ကောင်ပင်ဖြစ်၏။

သူသည် လက်တစ်ဖက်က မီးအိမ်ကိုကိုင်လျက် ကျန် လက်တစ်ဖက်တွင် အိတ်တစ်လုံးကို ကိုင်ထားသည်။

အပြင်သို့ရောက်သောအခါ သူက ကြေးတန်းစားလူ သတ်သမားများကိုမကြည့်ဘဲ ခေါင်မိုးပေါ်မှ ဝမ်းဖုန်းကိုသာ မော့ ကြည့်လိုက်သည်။

"ဟေ့ . . . သူငယ်၊ မင်း ထုံးဖြူဝယ်ဦးမလို့လား"

ခေါင်မိုးပေါ်၌ မဲမောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်အဘိုးအိုက ယင်းကဲ့သို့ မျက်လုံးလျှင်သည်ကို ဝမ်းဖုန်းက အံ့သြသွားသည်။

"မလိုတော့ပါဘူးဗျာ. . . ကျုပ် နံ့ရုံကိုသုတ်ပြီးပြီပဲ"

အဘိုးအိုသန်ကောင်က. . . .

"မင်း ထုံးဖြူဝယ်တာ နံရုံသုတ်ဖို့မှ မဟုတ်ဘဲ"

ဝမ်းဖုန်းက. . . .

"တော်ပါတော့ဗျာ. . . အခု ကျုပ်က သူများ မျက်လုံးကန်းအောင်မလုပ်ချင်ပါဘူး"

အဘိုးအိုသန်ကောင်က ခေါင်းခါယမ်းလိုက်သည်။

"မဝယ်ချင်နေပေါ့"

သူသည် လမ်း၏တစ်ဘက်မှာရပ်နေသော မိန်းကလေးကို လှမ်းမေးလိုက်ပြန်သည်။

"အဲဒီက ကလေးမကော ထုံးဖြူမဝယ်ဘူးလား"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

အဘိုးအိုသန်ကောင်က စိတ်မပျက်သေးပါ။

"ကျုပ် ဈေးလျှော့ပေးပါ့မယ်၊ စောစောစီးစီး ဝယ်စမ်းပါဗျာ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ပေါင်ဒါတို့. . . ပါးနီတို့ဆိုရင် ကျွန်မက စဉ်းစားဦးမယ်. . . နံရုံသုတ်တဲ့ထုံးဖြူဆိုတော့ ကျွန်မ အသုံးမတဲ့လို့ပါ"

အဘိုးအိုသန်ကောင်က. . . .



"နံရုံသုတ်တဲ့ထုံးဖြူဟာ အခြားမှာလဲ အသုံးဝင်ပါတယ်"

သူသည် ခေါင်မိုးပေါ်သို့ညွှန်ပြလိုက်သည်။

"ဥပမာ ခေါင်မိုးပေါ်က မိတ်ဆွေကြီးက ဒီထုံးဖြူကို သူများမျက်လုံးကန်းအောင် အသုံးပြုလိုက်တာဗျ"

မိန်းကလေးက. . . .

"အခြားလူရဲ့ မျက်လုံးကန်းသွားအောင်လုပ်ဖို့ဟာ ကျွန်မမှာပိုပြီး လွယ်ကူတဲ့နည်းတစ်ခု ရှိပါတယ်"

သန်ကောင်အဘိုးအိုက. . . .

"ဟုတ်လား"

မိန်းကလေးက. . . .

"မယုံရင်တော့ ဒီမှာကြည့်ပါ"

သူမ၏ခန္ဓာကိုယ်သည် ပျံလွှားတစ်ကောင်ပမာ ခုန်တက်လိုက်ပြီး ကြေးတန်းစားလူသတ်သမားရှေ့သို့ ကျရောက်သွားလေသည်။

ထိုကြေးတန်းစားလူသတ်သမားမှာ အမှတ်စဉ်(၃)ဖြစ်၏။ အမှတ်စဉ်(၃)၏ပခုံးပေါ်တွင် အမှတ်စဉ်(၇)၏အလောင်းကို ထမ်းထားသည်။

သူသည် ကျန်သောလက်တစ်ဖက်ဖြင့် ရှေ့သို့ရောက်ရှိလာသောမိန်းကလေးအားခုတ်ချလိုက်သည်။ သူ၏ဓားမရောက်မီ မိန်းကလေး၏ခန္ဓာကိုယ်သည် ထပ်မံခုန်တက်သွားသည်။

ဓားသည် မိန်းကလေး၏ခြေထောက်အောက်ပိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ချလိုက်ရာ မိန်းကလေး၏ခန္ဓာကိုယ်သည် အမှတ်စဉ်(၃)၏ နောက်သို့ ရောက်သွားလေသည်။

အမှတ်စဉ်(၃)၏မျက်လုံးအစုံသည် ရုတ်တရက် စူး၍ သောဝေဒနာတစ်ခုကို ခံစားလိုက်ရသည့်အလား ဖြစ်သွား၏။

"အား. . . ."

သူသည် လက်တစ်ဖက်ဖြင့် မျက်လုံးအားပိတ်ထားပြီး လျှင် လက်ထဲမှဓားကိုလည်း(၈)ချက်တိတိ ခုတ်ချလိုက်လေ သည်။ သို့သော် မိန်းကလေးအား မထိပါ။

မိန်းကလေးသည် အမှတ်စဉ်(၃)၏ခေါင်းပေါ်သို့ ထပ် မံကျော်သွားပြီး မူလနေရာသို့ ပြန်လည်ရောက်ရှိသွားလေသည်။

သူ့လက်ထဲတွင် အပ်ကလေးတစ်ချောင်းပါနေ၏။

ယင်းအပ်ကလေး၏အဖျားတွင် သွေးများစွန်းနေသည်။

သူမသည် ပြုံးလိုက်ပြန်သည်။ သူမ၏အပြုံးသည် ကြမ်း ကြုတ်သည့်အပြုံး ဖြစ်နေသည်။

ကျန်ရှိသော လူသတ်သမားငါးယောက်တို့သည် ထိတ် လန့်တုန်လှုပ်သွားလေသည်။

ထိုစဉ် သူတို့နောက်မှ ခြေသံကြားလိုက်ရ၏။ သူတို့က လှည့်ကြည့်ရာ အဘိုးအိုသန်ကောင်သည် သူတို့နှင့် တစ်လံခန့် အကွာသို့ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

အဘိုးအိုသန်ကောင်သည် သူတို့လှည့်ကြည့်လိုက်သည် နှင့် ခြေလှမ်းတုံ့ကနဲ ရပ်သွားသည်။



ယခု ကြေးတန်းစားလူသတ်သမားခြောက်ယောက်တို့ မှာ မျက်လုံးငါးစုံသာ ကျန်တော့သည်။ ထိုမျက်လုံးငါးစုံသည် အဘိုးအိုသန်ကောင်အား သေချာစွာ ကြည့်လိုက်မိလေသည်။

အဘိုးအိုသန်ကောင်သည် အနည်းငယ်ထူးခြားနေ သည်ဟု ခံစားလိုက်ရလေသည်။

အဘိုးအိုသန်ကောင်က အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးဘက်သို့ လှည့်လိုက်သည်။

"ကျုပ်ထုံးဖြူဟာ မင်း အပ်ကလေးထက် မညံ့ပါဘူး ကွာ"

သူ၏စကားဆုံးသွားသည်နှင့် သူသည် အမှတ်စဉ်တစ် ထံသို့ ရောက်ရှိသွားလေ၏။

သူ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်လှပေသည်။

အမှတ်စဉ်တစ်က ကြိုတင်သတိရှိနေ၏။သူ့လက်ထဲ တွင် ဓားတစ်လက်အသင့်ပြင်ထားလေသည်။

အဘိုးအိုသန်ကောင် သူ့ရှေ့သို့ရောက်ရှိလာသည်နှင့် ဓားသည် အဘိုးအိုသန်ကောင်၏ခေါင်းပေါ်သို့မိုး၍ ခုတ်ချလိုက် လေသည်။

အဘိုးအိုသန်ကောင်သည် ထိတ်ထိတ်ပျာပျာဖြစ်သွား သည်ကို တွေ့ရလေသည်။ သို့သော် သူ၏ဓားသည် အဘိုးအို သန်ကောင်အား မခုတ်မိပါ။

ထုံးဖြူအိတ်ပေါ်သို့သာ ခုတ်ချမိလေသည်။ ထုံးဖြူအိတ်

www.burmeseclassic.com

www.burmeseclassic.com



သည် နှစ်ပိုင်းကွဲသွား၏။ ထုံးမှုန့်များသည် ပလူပျံသွားသည်။

အမှတ်စဉ်တစ်သည် ဖြူဖွေးသောထုံးဖြူမှုန့်များအကြား တွင် မည်သည့်အရာကိုမှ မတွေ့ရပါ။

ကြောက်ရွံ့တုန်လှုပ်သောစိတ်များသည် ရုတ်တရက် ဖြစ်ပေါ်လာသည်။

သူသည် ကိုယ့်ကိုယ်ကိုကာကွယ်ရန် ဓားအား ဝှေ့ယမ်း လိုက်သည်။

ဓား၏ဝှေ့ယမ်းခြင်းကြောင့် ဖြစ်ပေါ်လာသောလေများ သည် ထုံးဖြူမှုန့်များပို၍ လွင့်ပျံ့သွားစေလေသည်။

ကြေးတန်းစား လူသတ်သမားခြောက်ယောက်တို့သည် မည်သည့်အရာကိုမှမမြင်ရဘဲ ဓားကိုသာဝှေ့ယမ်းနေလေသည်။

သန်ကောင်အဘိုးအိုသည် လက်ထဲတွင်တစ်ပိုင်းစီဖြစ် နေသော ထုံးဖြူအိတ်အား ပစ်သွင်းလိုက်လေသည်။

"ဝုန်း . . ."

ကြေးတန်းစားလူသတ်သမားနှစ်ယောက်သည် မြေပေါ် သို့ လဲကျသွားသည်။

အခြားလူသတ်သမားတစ်ယောက်မှာလည်း ဒူးထောက် ၍ လဲကျသွားလေသည်။

မကြာပါချေ။ နောက်ထပ် ကြေးတန်းစားလူသတ်သမား နှစ်ယောက်သည် ထုံးဖြူမှုန့်များကြားမှ ထိုးဖောက်ထွက်သွားပြီး လျှင် မြေပေါ်သို့လဲကျသွားလေသည်။



အမှတ်စဉ်တစ်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားကြီးဟာ တော်တော်ရက်စက်ပါလား"

သူသည် ယင်းသို့ပြောပြီး သူ၏ခန္ဓာကိုယ်ဖြင့် သိန်းငှက် တစ်ကောင်ပမာ သန်ကောင်အဘိုးအိုအား ခုန်အုပ်လိုက်လေ၏။

သူသည် သန်ကောင်အဘိုးအိုရှေ့သို့ရောက်ရှိလာသည် နှင့် မီးရောင်အောက်တွင် သိန်းငှက်ခြေသည်းပမာ လက်တစ်ခု သည် သူ၏လည်မျိုကိုညှစ်ပြီး အဝေးသို့ပစ်လိုက်ရာ အမှတ်စဉ် တစ်၏ခန္ဓာကိုယ်သည် နှင်းဖြူများကြားသို့ လဲကျသွားလေသည်။

ဝမ်းဖုန်းသည် မျက်မှောင်ကုပ်ပြီး အတန်ကြာကြည့်နေ လေသည်။

သူ၏မျက်လုံးအစုံတွင် အံ့ဩသည့်အရိပ်အယောင် များ ပေါ်လွင်လာလေသည်။

ယခုမှပင် သန်ကောင်အဘိုးအိုမှာ သိုင်းပညာရှင်တစ် ဦးဖြစ်မှန်း သိရလေသည်။

ငှက်ကျွန်သည် သူမနှင့်မဆိုင်သည့်အလား အေးဆေး စွာ ရပ်နေ၏။

သူမသည် သန်ကောင်အဘိုးအိုအား သေချာစွာ အကဲ ခတ်ကြည့်နေ၏။

သန်ကောင်အဘိုးအိုမှာ ပျင်းရိစွာဖြင့် ဝမ်းဖုန်းဘက်သို့ လှည့်လိုက်သည်။

"တို့နှစ်ယောက်ရဲ့နည်းဟာ ဘယ်သူ့နည်းက ပိုကောင်း

www.burmeseclassic.com

www.burmeseclassic.com



သလဲဗျာ"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"နှစ်မျိုးစလုံး မကောင်းဘူး"

သူ့စကားဆုံးသွားသည်နှင့် အနီရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေးမှာ သူ့ထံသို့ရောက်ရှိလာသည်။

ဝမ်းဖုန်းက သူမအား လှည့်ကြည့်လိုက်သည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

မိန်းကလေးက ပြုံးလိုက်သည်။

"ရှင် ပြောကြည့်လေ"

ဝမ်းဖုန်းက. . . .

"(၁၄) (၁၅)နှစ်ပဲရှိမယ်ထင်တယ်"

မိန်းကလေးက ရယ်မောလိုက်သည်။

ဝမ်းဖုန်းက မကျေမနပ်ဖြင့်. . . .

"(၁၅)နှစ်သာရှိတဲ့မိန်းကလေးက အခုထဲက လူသတ်ရင်းကြီးလာတော့ ဘယ်လိုလုပ်မလဲ"

မိန်းကလေးက မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး. . . .

"ကျွန်မ နောက်ထပ်ငါးနှစ်နေလဲ ဒီအတိုင်းပဲတွေ့မှာပဲ"

ဝမ်းဖုန်းက. . . .

"မင်းအသက် ဒီအတိုင်းပဲရှိနေမယ် ဟုတ်လား"

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မရှိလို့ကော ဘာတတ်နိုင်မှာလဲ"



ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းဟာ ဘယ်အချိန်ကစပြီး လူသတ်ဖူးခဲ့သလဲ"

မိန်းကလေးက. . . .

"လွန်ခဲ့တဲ့(၁၅)နှစ်တုန်းကပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"မင်း အခု(၁၅)နှစ်ပဲရှိသေးတယ်. . . လွန်ခဲ့တဲ့(၁၅)နှစ်ဆိုရင် မင်းမှမမွေးသေးဘဲ"

ငှက်ကျွန်က ရုတ်တရက် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်က သူ့ကို(၁၅)နှစ်ပဲရှိတယ်လို့ ထင်နေတာ. . . ကျွန်မကော အသက်ဘယ်လောက်ရှိပြီလို့ထင်သလဲ"

ဝမ်းဖုန်းက သူမအား စိုက်ကြည့်လိုက်၏။

"(၂၁)နှစ်"

ငှက်ကျွန်က. . . .

"တော်သေးတာပေါ့. . . ကျွန်မကို အခါလည်သမီးလောက်ပြောမလားလို့ပါ"

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဒီမှာ မင်းခေါင်းဟာ ကောင်းသေးရဲ့လား"

ငှက်ကျွန်က. . . .

"ကောင်းပါတယ်"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်နည်းနဲ့မှ အခါလည်သမီးမဖြစ်နိုင်ဘူး"

ဌက်ကျွန်က ပြုံးလိုက်သည်။

"ရှင်းရှင်းပြောရရင် သူ့အသက်ဟာ (၃၅)နှစ်တောင် ရှိပြီရှင့်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားလေတော့သည်။

ဝမ်းဖုန်းသည် မိန်းကလေးဘက်သို့လှည့်လိုက်ပြန်လေ၏။ သူသည် သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် ခေါင်းခါယမ်းလိုက်ပြီး. . .

"ဘာပဲပြောပြော သူဟာ (၃၅)နှစ်ဆိုတာ ကျုပ်မယုံနိုင်ဘူး"

ဌက်ကျွန်က ပြုံးလိုက်သည်။

"မယုံရင် သူ့မျက်နှာကိုခွာကြည့်လိုက်ပါလား"

ဝမ်းဖုန်းကလှည့်ကြည့်လိုက်သောအခါ ထိုမိန်းကလေးအား မတွေ့ရတော့ပါ။

သူ၏အနီး၌ အမျိုးသမီးကြီးတစ်ယောက်ရပ်နေသည်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးကြီး၏ကိုယ်ပေါ်တွင် အနီရောင်အကျီဝတ်ဆင်ထားသေး၏။

သူမ၏လက်ထဲတွင် သားရေဖြင့်ပြုလုပ်ထားသောမျက်နှာဖုံးတုတစ်ခုကိုင်ထားသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းက သူမအား သေချာစွာ ကြည့်လိုက်သည်။



"ခင်ဗျားနဂိုရုပ်က မဆိုးပါဘူး. . . ဘာဖြစ်လို့မျက်နှာအတုတပ်ထားရတာလဲ"

အမျိုးသမီးက. . .

"ကျွန်မသာ ဒီမျက်နှာအတုတပ်မထားရင် အားလုံးက ကျွန်မကိုသိကြတော့မှာပေါ့"

"ခင်ဗျားက ဘယ်သူတုန်း"

"ဝေ့ချီလို"

ဝမ်းဖုန်းက အံ့သြသွားလေသည်။

"ခင်ဗျားက အပ်ဝိဇ္ဇာဝေ့ချီလိုကိုး"

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ဝမ်းဖုန်းက. . .

"ခင်ဗျားက သူများမျက်လုံးတွေကိုကန်းအောင် အပ်နဲ့ထိုးဖောက်တတ်တယ် ဟုတ်လား"

ဝေ့ချီလိုက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . ဒါပေမယ့် ကျွန်မက ဒီလူတွေရဲ့မျက်လုံးကိုဖောက်လိုက်တာဟာ နောက်ထပ်မတရားသဖြင့် မလုပ်နိုင်အောင်လို့ပါ"

သူမသည် သန်ကောင်အဘိုးအိုဘက်သို့လှည့်လိုက်သည်။

"ရှင်လဲ ဒီအတိုင်းပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သန်ကောင်အဘိုးအိုသည် သူမ၏စကားကို မကြားသည့်အလား ဆိတ်ဆိတ်နေလိုက်သည်။

ဇေ့ချိုလုံက စကားဆက်လိုက်သည်။

"ဒီလူတွေဟာ ကြေးတန်းစားလူသတ်ကောင်တွေဖြစ်တယ်ဆိုတာ ကျွန်မအကဲခတ်မိပါတယ်"

ဝမ်းဖုန်းက. . .

"အင်း. . . ခင်ဗျားလိုလူမျိုးဟာ သိုင်းလောကမှာလှုပ်ရှားဖို့ ကောင်းပါတယ်"

ဇေ့ချိုလုံက. . .

"ကျုပ် သိုင်းလောကမှာ(၇)နှစ်တိတိ လှုပ်ရှားခဲ့ပါပြီ. . . မောလဲမောလှပါပြီရှင်"

ဝမ်းဖုန်းက. . .

"ဒါကြောင့် ခင်ဗျားက ကြက်တူရွေးဂေဟာကိုလာပြီး အနားယူတာဟုတ်လား"

ဇေ့ချိုလုံက. . .

"ကျွန်မအနားယူတယ်လို့ ဘယ်သူပြောသလဲ. . . ကျွန်မအလုပ်လုပ်နေတာကို ရှင်တွေ့တယ်မဟုတ်လား"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"တံခါးစောင့်တဲ့အလုပ်ဟာ သင့်တော်တဲ့အလုပ်တစ်ခုလို့ ကျုပ်မထင်မိဘူးဗျ"

ဇေ့ချိုလုံက. . .



"ဟုတ်ပါတယ်ရှင့်"

ဝမ်းဖုန်းက. . .

"ခင်ဗျားလဲ ဒီအလုပ်ကိုမကြိုက်ဘူး မဟုတ်လား"

ဇေ့ချိုလုံက. . .

"မကြိုက်ပါဘူး"

ဝမ်းဖုန်းက သူမအား အကဲခတ်ကြည့်လိုက်သည်။

"ဒါဖြင့် ခင်ဗျားက ရန်သူကို ဒီမှာလာပြီး ရှောင်တိမ်းနေတယ် ဟုတ်လား"

ဇေ့ချိုလုံက. . .

"ကျွန်မရဲ့ရန်သူတွေဟာ မျက်မမြင်ဖြစ်ကုန်ကြပါပြီရှင်"

ဝမ်းဖုန်းက. . .

"ဒါဖြင့် ဘာကိစ္စနဲ့ဒီကိုရောက်လာရတာလဲ"

ဇေ့ချိုလုံက. . .

"ကျွန်မတံခါးစောင့်တဲ့အလုပ်ဟာ ကျုပ်လုပ်ရမယ့်အလုပ်ကို ကာကွယ်ရအောင် တမင်တကာလုပ်နေတာပါ"

ဝမ်းဖုန်းက. . .

"ဒါဖြင့် ခင်ဗျားတာဝန်ယူထားတဲ့အလုပ်က ဘာလဲ"

ဇေ့ချိုလုံက. . .

"ကျွန်မအလုပ်က ကာကွယ်စောင့်ရှောက်တဲ့အလုပ်ပါပဲ"

"အော်. . . ခင်ဗျားက ကြက်တူရွေးဂေဟာကိုလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်စောင့်ရှောက်တာကိုး"

ဝေ့ချိုလုံက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး. . . ကျုပ်တာဝန်က ငှက်ကျွန်ကို ကာကွယ်စောင့်ရှောက်ဖို့ပါပဲ"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကို စောင့်ကြပ်နေတယ်လို့ပြောရင် ပြီးတယ်မဟုတ်လား"

ဝေ့ချိုလုံက ပါးစပ်ပိတ်ထားလေတော့သည်။

ဝမ်းဖုန်းက ကြားဖြတ်လိုက်၏။

"ခင်ဗျားနဲ့ငှက်ကျွန်က ဘယ်လိုပတ်သက်နေသလဲ"

ဝေ့ချိုလုံက. . .

"အခုထိတော့ ဘာမှမပတ်သက်ပါဘူး၊ သူ့မိခင်က ကျွန်မအသက်ကို ကယ်ခဲ့ဖူးပါတယ်"

ဝမ်းဖုန်းမှာ သဘောပေါက်သွားလေသည်။

"ကျုပ်သိပြီ. . . လိတလျှံကခိုင်းလိုက်လို့ မဟုတ်လား"

ဝေ့ချိုလုံက ခေါင်းညိတ်လိုက်လေသည်။

ဝမ်းဖုန်းက. . .

"ကျုပ်အမြင်နဲ့ပြောရမယ်ဆိုရင် ခင်ဗျားဟာ တာဝန်မကျေဘူးလို့ထင်တယ်"

ဝေ့ချိုလုံသည် မြေပေါ်မှအလောင်းခုနစ်လောင်းအား ကြည့်လိုက်ပြီး. . .



"သူတို့တိတ်တဆိတ်ဝင်လာကတည်းက ကျွန်မတွေ့ရှိပြီးပြီ"

ဝမ်းဖုန်းက. . .

"ဒါဖြင့် သူတို့ဝင်ထွက်ရဲတာကိုသိလျက်နဲ့ ဘာမှမလုပ်ပါလား"

ဝေ့ချိုလုံက. . .

"ခုနက သူ့အမေက လူလွှတ်ပြီး အကြောင်းကြားပါတယ်"

ဝမ်းဖုန်းက. . .

"ဘာအကြောင်းများ ကြားထားလို့လဲ"

ဝေ့ချိုလုံက. . .

"သူ့အမေကမှာလိုက်တယ်. . . သူ့ကို ကြက်တူရွေးဂေဟာကနေ ပြန်ခေါ်ခဲ့ပါလို့"

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဒါပေမယ့် သူကမလိုက်ဘူးလို့ ငြင်းနေတယ်လေ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဒါကြောင့် လူသတ်သမား သူ့ကိုလာခေါ်တာကို ခင်ဗျားက အားပေးအားမြှောက်လုပ်နေတာကိုး"

ငှက်ကျွန်က ကြားဖြတ်လိုက်၏။

"ကျွန်မ အိမ်ပြန်မလိုက်ဘူး"

ဝေ့ချိုလုံက. . .

www.burmeseclassic.com

www.burmeseclassic.com



"စကားမများနဲ့ အခုချက်ချင်းပဲ ကျုပ်က မင်းကိုလိုက်ပို့ရလိမ့်မယ်"

ငှက်ကျွန်က. . . .

"ကျွန်မက မပြန်ချင်ဘူးဆိုရင်. . . ."

ဝေ့ချီလုံက. . . .

"မင်းမပြန်ဘူးဆိုရင် ကျုပ်က မင်းရဲ့သွေးကြောပိတ်ပြီး ထမ်းခေါ်သွားမှာပေါ့"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းက အပ်ပညာအလွန်ကျွမ်းကျင်တယ်. . . တခြားသိုင်းပညာလဲမဆိုးဘူး. . . ဒါပေမယ့် ညည်းက ကျုပ်ကို သွေးကြောပိတ်တာ ညံ့ပါသေးတယ်"

ဝေ့ချီလုံက ပြုံးလိုက်သည်။

"ကျုပ်ကမနိုင်တော့ အဘိုးအိုသန်ကောင်ဆီက အကူအညီယူရမှာပဲ"

ငှက်ကျွန်၏မျက်နှာသည် ကွက်ကနဲပျက်သွားသည်။

အတန်ကြာမှ သူမက ဝမ်းဖုန်းရင်ခွင်ထဲသို့တိုးဝင်သွား၏။

"အသက်စွန့်ပြီး ကျွန်မကိုကယ်မဲ့ သူ့ရဲကောင်းတစ်ယောက်ရှိသေးတယ်ရှင့်"

သူမသည်ပြောရင်း ဝမ်းဖုန်းလက်ကိုဆွဲကာ ထိုင်ရာမှထလိုက်လေသည်။



"ဒီမှာလေတိုက်ပါတယ်ရှင်. . . ကျွန်မကို ကြက်တူရွေးဂေဟာပြန်ပို့ပေးပါ"

ရုတ်တရက် ဝေ့ချီလုံက ရှေ့သို့လျှောက်လာသည်။

သူမသည် ဝမ်းဖုန်းအား စိုက်ကြည့်လိုက်သည်။

"ရှင့်နာမည်ဝမ်းဖုန်း မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝေ့ချီလုံက. . . .

"ရှင့်မှာ အခြားနာမည်တစ်ခုက ဝမ်းတုံစိမ်းလို့ခေါ်တယ် မဟုတ်လား"

ဝမ်းဖုန်းက အံ့အားသင့်သွားသည်။ သူသည် ဝမ်းဖုန်းအမည်ဖြင့် အခြားလူများမလုပ်ဝံ့သော အလုပ်များကို(၇)ခု (၈)ခုခန့် လုပ်ခဲ့၏။

သို့သော် သူ့ကို ဝမ်းတုံစိမ်းဖြစ်မှန်း မည်သူကမှမသိပါ။

ယခုတော့ သူ့အား ဝမ်းတုံစိမ်းဟုသိထားသောသူမှာ လူဆိုးထိန်း ထိဟင်း၊ အရာရှိအန်ကူးဟို၊ နောက်ပြီး အပ်ဝိဇ္ဇာဝေ့ချီလုံတို့သုံးယောက် ရှိခဲ့လေသည်။

ထိဟင်းသည် လူဆိုးထိန်းတစ်ယောက်ဖြစ်သည့်အတွက် မိမိအား စုံစမ်း၍ရနိုင်သည်။

ယခု အန်ကူးဟိုနှင့် ဝေ့ချီလုံတို့က သိရှိသည်မှာ အလွန်အံ့ဩဖွယ်ရာကောင်းသည်ဟု ထင်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့တွေးနေစဉ်မှာပင် ဝေ့ချီလုံက စကားဆက်လိုက်ပြန်သည်။

"ဝမ်းတုံစိမ်းဆိုတာ လက်ရုံးရည်ကော နှလုံးရည်ပါထူးချွန်တဲ့ သိုင်းသမားတစ်ယောက်လို့ ကျုပ်ကြားခဲ့ဖူးတယ်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျားပြောမှပဲ ကျုပ်ကိုယ်ကျုပ် အထင်ကြီးလာတယ်"

ဝေ့ချီလုံက. . .

"အခုလို ငှက်ကျွန်ရဲ့အမေဟာ သူ့ကိုပြန်ခေါ်တဲ့ကိစ္စက သူ့အတွက်လုံခြုံမှုရှိအောင်ဆိုတာ ရှင်လဲနားလည်မှာပေါ့"

ဝမ်းဖုန်းက. . .

"ကြက်တူရွေးဂေဟာမှာလဲ လုံခြုံပါတယ်ဗျာ"

ဝေ့ချီလုံက. . .

"အခုလိုကြက်တူရွေးဂေဟာမှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ရှင်သိမှာပေါ့"

ဝမ်းဖုန်းက. . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် ခင်ဗျားနဲ့ကျုပ် နှစ်ယောက်ထဲရှိမှတော့ ငှက်ကျွန်ကို ကာကွယ်နိုင်မယ်လို့ထင်ပါတယ်"

ဝေ့ချီလုံက. . .

"ရှင်ကထင်တာပဲလား. . . ဘာကယ်ကာကွယ်နိုင်သ



လား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဝေ့ချီလုံက စကားဆက်လိုက်သည်။

"ဥပမာ ကြေးတန်းစားလူသတ်သမား(၇)ယောက်တို့နဲ့ အရေးကြုံခဲ့ရင်ကော"

ဝမ်းဖုန်းက. . .

"အခု ကျုပ်တို့လဲကာကွယ်ခဲ့နိုင်တယ်မဟုတ်လား"

ဝေ့ချီလုံက. . .

"ကောင်းပါပြီ. . . ဒီလူ(၇)ယောက်ကို ဘယ်သူက လွှတ်လိုက်သလဲဆိုတာ သိသလား"

"ခင်ဗျားက ဘယ်သူကလွှတ်လိုက်တယ်ထင်လို့လဲ"

"ဦးတင့်ဝမ်းကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ"

ဝမ်းဖုန်းက ဆိတ်ဆိတ်နေလိုက်သည်။

* * *

အတန်ကြာမှ ဝေ့ချီလုံက စကားဆက်လိုက်သည်။

"ဦးတင့်ဝမ်းဟာ ဘယ်လိုလူမျိုးဆိုတာ ရှင်သိသလား"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

ဝေ့ချီလုံက. . .

"သူဟာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ရန်သူကိုအလဲထိုးရာမှာ သူက ဘယ်လိုနည်းမျိုးမဆို အသုံးပြုတတ်တဲ့လူရှင့်”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ဝေ့ချီလုံက. . . .

“အခု သူက ဘာဖြစ်လို့လူလွှတ်ပြီး ငှက်ကျွန်ကိုဖမ်းသွားကြတာလဲ”

ဝမ်းဖုန်းက. . . .

“သူက လိတလျှံကိုအကျပ်ကိုင်ဖို့ မဟုတ်လား”

ဝေ့ချီလုံက. . . .

“သိပ်ဟုတ်တာပေါ့. . . ဒါကြောင့် ရှင်ဟာ ဉာဏ်ကောင်းပါတယ်လို့ ပြောတာ”

သူမသည်တစ်ချက်ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

“အခု သူက အကြံအစည်မအောင်မြင်ဘူး၊ နောက်ထပ်ဘာတွေကြံစည်ဦးမယ်ဆိုတာ ရှင် သိနိုင်ပါ့မလား”

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလေသည်။

ဝေ့ချီလုံက. . . .

“နောက်တစ်ခေါက်ဆိုရင် သူက ငှက်ကျွန်ကိုသတ်ပစ်ချင်သတ်ပစ်မှာရှင့်”

ဝမ်းဖုန်ကလက်မခံဘဲ မနေနိုင်တော့ပါ။

ဝေ့ချီလုံက. . . .

“ရှင်က ငှက်ကျွန်ရဲ့ အသက်အန္တရာယ်မဖြစ်ရလေ



အောင် ဘယ်လောက်တာဝန်ယူနိုင်သလဲ”

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ကျုပ်နည်းနည်းမှတာဝန်မယူရဲဘူး. . . ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုရင်တော့ လွယ်သေးတယ်၊ သူကချောင်းမြောင်းသတ်ပစ်မယ်ဆိုရင်တော့ ဘယ်လိုမှ မကာကွယ်နိုင်ဘူး”

ဝေ့ချီလုံက. . . .

“ဒါဖြင့် အခု ကျုပ် သူ့ကိုခေါ်သွားရင် ရှင်ကန့်ကွက်မလား”

ဝမ်းဖုန်းက. . . .

“နေပါဦး. . . လိတလျှံဆီမှာကော လုံခြုံရဲ့လား”

ဝေ့ချီလုံက. . . .

“ဟိုမှာမလုံခြုံရင် ဝူးတင့်ဝမ်းက လိတလျှံဆီကို တိုက်ခိုက်သွားမှာပေါ့၊ ငှက်ကျွန်ကိုဖမ်းစရာ ဘာလိုတော့မှာလဲ”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

“ဒါဖြင့် သူ့ကိုခေါ်သွားပါတော့”

ငှက်ကျွန်သည် ဒေါသကြီးစွာဖြင့် သူ၏ရင်ခွင်ထဲမှ ထခုန်လိုက်လေသည်။ ဝမ်းဖုန်းက ပြုံးလိုက်သည်။

“သူ့နေရာမှာ ဒီလောက်လုံခြုံရင် ကျုပ်တောင်လိုက်သွားချင်သေးတယ်”

ငှက်ကျွန်က သူ့အား အေးတိအေးစက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကတော့ သွားချင်မှာပေါ့. . . သူ့ကို ရှင်သိပ်တွေ့ချင်တယ် မဟုတ်လား"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ငှက်ကျွန်က ပို၍ဒေါသထွက်သွားသည်။

"ရှင်မငြင်းနိုင်တော့ဘူး မဟုတ်လား. . . ရှင့်ကို ကျွန်မသတ်ပစ်ရလိမ့်မယ်"

သူမသည် လက်ခလယ်နှင့်လက်ညှိုးနှစ်ချောင်းအား ကွေးထားပြီး ဝမ်းဖုန်းအား တိုက်ခိုက်လိုက်လေသည်။

ဝမ်းဖုန်းက လက်ဖြင့်ကာ၍ ဖယ်လိုက်သည်။

ငှက်ကျွန်၏ကျန်လက်တစ်ဖက်က ဆက်လက်တိုက်ခိုက်လာလေသည်။

ဝမ်းဖုန်းကလည်း ကျန်သောလက်တစ်ဖက်ဖြင့် ကာထားလိုက်သည်။

သို့သော် ငှက်ကျွန်က ခြေထောက်ဖြင့် လျှပ်တစ်ပြက် ကန်လိုက်ရာ ဝမ်းဖုန်း၏ခန္ဓာကိုယ်သည် ခေါင်မိုးပေါ်မှပြုတ်ကျသွားလေသည်။

သို့သော် သူသည်အောက်သို့ရောက်သောအခါ ခြေထောက်နှစ်ဖက်ဖြင့် အေးဆေးစွာ မတ်တတ်ရပ်နိုင်ခဲ့လေသည်။

ငှက်ကျွန်က အသံကျယ်လောင်စွာဖြင့်. . . .

"ကျွန်မပြန်လိုက်သွားမယ်. . . ရှင်လိုက်ခဲ့ရင်တော့ ရှင့်ခေါင်းကို ကျွန်မဖြတ်ပစ်လိုက်မှာပဲ"



ဝမ်းဖုန်းသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး အပေါ်သို့မော့ကြည့်နေ၏။

ငှက်ကျွန်၏အသံသည် ပြန်လည်ပျော့ပျောင်းလာသည်။

"ကြက်တူရွေးဂေဟာက အန္တရာယ်ရှိပေမယ့် ရှင်က သတ္တိရှိပါတယ်. . . အဲဒီအခန်းထဲမှာပဲ နေနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဝမ်းဖုန်းက. . . .

"မင်း ဘယ်အချိန် ငါ့ကိုလာကြည့်ဦးမှာလဲ"

ငှက်ကျွန်က. . .

"ကျွန်မလဲမပြောတတ်ဘူး"

ဝမ်းဖုန်းက. . . .

"မင်းပြန်လာတဲ့အခါမှာ ငါက လူသေအလောင်းများဖြစ်နေမလား မသိဘူး"

ငှက်ကျွန်က. . . .

"လူသေအလောင်းဖြစ်တာ အရေးမကြီးဘူး. . . တော်ကြာ ဖုတ်ကောင်ဖြစ်မှဖြင့် ကျွန်မကြောက်တယ်"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က. . . .

"လူသေအလောင်းက အန္တရာယ်မရှိဘူး. . . ဖုတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်က လူကိုသတ်တယ်ရှင့်"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

အဘိုးအိုသန်ကောင်က. . . .

"ဖုတ်ကောင်နဲ့လူသေလောင်း ဘယ်လိုကွာခြားလို့လဲ"

ဝမ်းဖုန်းက. . . .

"ဘာမှမကွာခြားပါဘူးဗျာ"

အဘိုးအိုသန်ကောင်က. . . .

"ဘယ်သူပဲဖြစ်ဖြစ် လူသေအလောင်းပဲဖြစ်ဖြစ် ဖုတ်ကောင်ပဲဖြစ်ဖြစ် လူသေတစ်ယောက်ပါပဲ"

ဝမ်းဖုန်းက. . . .

"ဟုတ်ပါတယ်"

အဘိုးအိုသန်ကောင်က. . . .

"ဒါဖြင့် သူပြောတဲ့စကားဟာ မင်း သေသေ ရှင်ရှင် အရေးမကြီးဘူးဆိုတဲ့သဘော မသက်ရောက်ဘူးလား"

ဝမ်းဖုန်းက. . . .

"ဒါကတော့ ကျုပ်ကိုယ်တိုင်ပဲ အရေးမထားတာကိုး"

အဘိုးအိုသန်ကောင်က. . . .

"ဒါကြောင့် မင်းကသတ္တိရှိရှိနဲ့ ရင်ဆိုင်ဝံ့တာကိုး"

ဝမ်းဖုန်းက စကားဦးလှည့်လိုက်သည်။

"အကြောင်းတစ်ခုက တော်တော်အံ့သြစရာကောင်းတယ်"



အဘိုးအိုသန်ကောင်က. . . .

"ဘာများလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်တို့ခေါင်မိုးပေါ်မှာ ဒီလောက်တောင် ဆူဆူညံညံ လုပ်တာ အိမ်ထဲက ဘာသံမှမကြားရပါလား"

အဘိုးအိုသန်ကောင်က. . . .

"ဟုတ်တယ်. . . ဒီအနီးတစ်ဝိုက်မှာတော့ ဒီလိုပဲကွယ်"

ဝမ်းဖုန်းသည် တစ်ချက်ငေ့ကြည့်လိုက်သည်။

လမ်း၏တစ်ဖက်တစ်ချက်တွင်ရှိသော ဆိုင်များသည် တံခါးပိတ်လျက်ရှိ၏။

သူက ပြုံးလိုက်သည်။

"ဒီအနီးအနားကလူတွေက နားထိုင်းတွေများလား"

သန်ကောင်အဘိုးအိုက ပြုံးလိုက်သည်။

"နားထိုင်းကြတာတော့ မဟုတ်ဘူး. . . သူတို့က ပါးနပ်လို့ပေါ့"

ဝမ်းဖုန်းက အပေါ်သို့မော့ကြည့်လိုက်၏။

"ကျုပ်မိတ်ဆွေရဲ့အလောင်းဟာ ခေါင်းထဲမှာပြန်ရောက်နေပြီလားဟေ့"

ငှက်ကျွန်က. . . .

"ကျွန်မထွက်လာတုန်းကတော့ ပြန်မလာသေးဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



အခုရောက်ပြီလားဆိုတာ မသိဘူးရှင့်"

ဝမ်းဖုန်းက. . . .

"ကျုပ် ပြန်ကြည့်လိုက်မယ်"

ငှက်ကျွန်က. . . .

"ရှင့်ခေါင်းကိုသတိထား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဟား. . . ဟား. . . ဟား ကျုပ်ကိုတော့ ဂရုစိုက်သား"

"ဂရုစိုက်တာ မဟုတ်ဘူးရှင့်. . . ရှင်အသေဆိုးနဲ့သေသွားလို့ ကျွန်မတွေ့မြင်ရရင် အန်မိမှာစိုးလို့ပါ"

ဝမ်းဖုန်းက. . . .

"စိတ်ချနေ. . . ကျုပ်မိတ်ဆွေက ဒီလောက်ဘော့ မရက်စက်တတ်ပါဘူး"

စာစဉ်( ၂ )ပြီး၏။

စာစဉ်( ၃ )ကို ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com